
www.burmeseclassic.com

# မမသဉ္ဇါမောင်

ရင်နှင့်ရင်း၍...



model : Naung Naung
photo : Ye Lin Mon

www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်၊
၂၀၁၄၊ မတ်။
ထုတ်ဝေသူ - ဦးအေးလွင် (၀၄၁၅၂)
ရွှေဥစာပေတိုက်
အမှတ် (၃၃)၊ ကျိုက်တော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ - ဦးအေးလွင် (၀၈၂၁၀)
ရွှေပဒေသာအော့ဖ်ဆက်
အမှတ် (၃၃)၊ ကျိုက်တော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
မျက်နှာဖုံး **Model** - Naung Naung
မျက်နှာဖုံး **Photo** - Ye' Lin Mon
ဖြန့်ဈေး - ၁၆၀၀ ကျပ်
အုပ်ရေ - ၅၀၀ အုပ်

မမသဒ္ဒါမောင် ၈၉၅.၈၃
ရင်နှင့်ရင်း၍ /မမသဒ္ဒါမောင်။ - ရန်ကုန်
ရွှေဥစာပေ ၊ ၂၀၁၄ ။
၃၀၆ - စာ ၊ ၁၂.၃ × ၁၈ စင်တီ ။
(၁) ရင်နှင့်ရင်း၍

**မမသဒ္ဒါမောင်**

# ရင်နှင့် ရင်း၍

www.burmeseclassic.com

## ည....

ရင်ခုန်သံတွေ
ထိန်းမရအောင် ခုန်ပေါက်ခဲ့တဲ့ည...
အဲဒီညမှာပေါ့
ဟိုး... မိုးမြင့်ထက်ဆီက
နတ်သမီးလေးတစ်ပါး
မြေပြင်ကို သက်ဆင်းရင်း
အမှတ်မထင်
ငါ့ရင်ခွင်ထဲ ကျခဲ့ရတဲ့ည....
ရုတ်ချည်းဖြစ်တည်လာခဲ့တဲ့
ဆန်းသစ်တဲ့ခံစားမှုတွေက
ငါ့ရင်ထဲ ထည့်ပေးလိုက်တာ
အဲဒီ "အချစ်" တဲ့...
ဘရလိုနတ်သမီးရဲ့
ခက်နက်နက်အကြည့်တွေက
တလက်လက်တောက်ပသွားရသလို

ငါ့ရင်ကို ရိုက်ဖိုစေပြီး
ဝင်းမှုံ့ ပါးပြင်ထက်
နှင်းဆီခင်းဖြစ်သွားပုံက
နှလုံးသားကို ဆုပ်ကိုင်နှိုးခဲ့တာလေ....
သေချာပါတယ်
မြေပြင်ထက် ရပ်နေတဲ့ငါ့ကို
ဝေဒနာတွေ ကမ်းပေး
ဖြေဆေးမရှိတဲ့ ရုမှာ
ဒီရင်မှာ ခံစား
အတွေးများခဲ့ရတဲ့ ည....
အချစ်နတ်သမီးရဲ့
ပြုစားတတ်တဲ့ ကျိန်စာအောက်
မျက်စိလည် လမ်းမှားပြီး
ငါရောက်ခဲ့ရတာပေါ့....

www.burmeseclassic.com



# အခန်း (၁)

ကားဟွန်းသံကြောင့် အမေ့ကို ထမင်းကျွေးနေရာမှ ဆရပ်လိုက်ရပါ၏။ ဒီဟွန်းသံကို သူ့အလွတ်ရနေတာ မဟုတ်ပါ သား။ အမေက ကန်စွန်းရွက်သင်နေရာမှ မရိုးမရွဖြစ်နေသည့် သူ့ကိုကြည့်ရင်း ပြုံးလေ၏။ ဆန်ဆေးလက်စကို အပြီးသပ်ကာ ဒန်အိုးလေးကို မီးသွေးမီးဖိုထက် တင်လိုက်ပါသည်။

''ကဲပါ သားရယ်၊ အမေပဲ ချက်လိုက်ပါ့မယ်။ သွားချင်နေတာ သွားပါတော့''

''မဟုတ်ပါဘူး အမေရယ်၊ ဒီအချိန် အမေ့ကိုကျွေးနေမှန်း ဒီကောင်သိလျက်နဲ့''

''သွားစရာရှိလို့ လာခေါ်တာနေမှာပေါ့ သားရယ်၊ သိခ်



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းသိရဲ့သားနဲ့။ သွားမှာသာ သွားပါ''

''ကျွန်တော်က အမေပင်ပန်းမှာစိုးလို့ပါ''

''အိမ်ရှင်မပါ သားရယ်၊ သားအမိနှစ်ယောက်စာလေး ကို အမေချက်နိုင်ပါသေးတယ်။ သွားသွား. . .''

အမေ နှင်လွှတ်နေပြီမို့ လက်သုတ်ဝတ်ဖြင့် လက်ကို မခြောက်တခြောက်သုတ်ကာ အိမ်ရှေ့သို့ထွက်လာခဲ့၏။ ဝရံတာ လေးမှာ ထွက်ရပ်ရင်း အပြင်ကိုလှမ်းကြည့်မိစဉ် ကားသော့ကို ဝှေ့ရမ်းလျှက် ဆော့ကစားနေသည့်သိခ်က သူ့ကို လက်ခေါက် မှုတ်ကာ ခေါ်လေပြီ။

''ရှီး. . . မှူးရေ. . . ဟော့ကောင်!''

''ဘာလဲကွာ. . . စောစောစီးစီး''

''သွားစရာရှိလို့ လာခေါ်တာပေါ့ကွ''

''ငါမှမအားတာ''

''မအားရအောင် မင်းက ဘာများလုပ်နေလဲ''

''အမေ့ကို ကူပေးနေရတယ်ကွ''

''အဲဒါ မိန်းမအလုပ်တွေလေကွာ၊ ဘာလဲ. . . မင်းက မိန်းမလား''

''မင်းကြီးဒေါ်ကြီးပဲ မိန်းမ''





သိခ်က သူ့ဒေါပွမှန်းသိတော့ သဘောကျသလို တီးတိုး ရယ်လိုက်လေ၏။ ခေါင်းမော့လျှက် ရယ်လိုက်တာမို့ ဆံပင်ပျော့ ပျော့လေးတွေက လေအတိုက်နှင့်တိုးကာ နဖူးခပ်ပြေပြေကို ပေါ် သွားစေပါ၏။ ဝတ်ထားသည့် Sport shirt ခဲရောင်နှင့် Style pants အနက်က သိန်းကျော်တန် Doctor Martin Walking Show နဲ့လိုက်ဖက်လွန်းကာ၊ Model Boy တစ်ယောက်လို ကြည့်ကောင်းနေတာပါလေ။ 'တောင်းမှာ အကွပ်၊ လူမှာ အဝတ်' ဆိုသည့်စကားပုံက ကွက်တိမှန်နေတာကိုး။

''ဟာ! မလိုက်ဘူးလား''

''မင်းကလည်းကွာ. . . ပိတ်ရက်လေးရတုန်း အမေ့ကို ကူနေပါတယ်ဆိုမှ''

''OFF... ရက် ဘယ်လောက်လိုချင်လဲပြောလေ၊ ငါ ဒက်ဒီ့ကို ပြောပေးမှာပေါ့ကွ''

သူ ခေါင်းကို ခါရမ်းပြလိုက်မိ၏။ သိခ်လိုလူအတွက် ငွေဆိုတာ မြေနှင်းတိုင်း ခင်းပေးထားလို့ရအောင် ရှိနေတာမဟုတ် ပါလား။ စားမယ်ဆို Ready... ဝတ်မယ်ဆို အဆင်သင့်၊ သွား မယ်ဆိုလည်း ဆေးကြောသန့်စင်ပြီးသားကားက ရှေ့မှာရပ်ပြီး အလုပ်သမားရဲ့ရိုရိုသေသေ သော့ကမ်းအပေးကို စောင့်ယူရုံသာ။



www.burmeseclassic.com

www.burmeseclassic.com



အိုက်တယ်ဆိုရင် Aircon ကိုမြှင့်ရုံသာ။ အေးတယ်ဆိုရင်လည်း ဇီရိုထဲက ဘယ်လိုအနွေးထည်ဝတ်ချင်သလဲဆိုတာကို ထယူစရာမလိုဘဲ ညွှန်ပြရုံနဲ့ ယူပေးမယ့်လူက အဆင်သင့်စောင့်နေတာမျိုးပါ။ သွားရင် ဘာတံဆိပ်စီးမယ်လို့သာ ကြိုပြောထားရုံနဲ့ ပြောင်လက်နေအောင် တိုက်ထားပေးသည့်ဖိနပ်က လှေကားအဆုံးမှာ စီလျက်သားလေး ရှိနေမည်သာ။ 'လက်ညှိုးညွှန်ရာရေဖြစ်တယ်'ဆိုတာ 'မင်းမြတ်သိခ်'ရဲ့ဘဝမျိုးပါလေ။

''လာပါ မှူးရာ၊ မင်းကလည်း ဈေးကိုင်လိုက်တာ။ ငါဝေါနဲ့လာပင့်ရမှာလား''

''ဘယ်သွားမှာလဲ၊ ဘယ်နှနာရီ ပြန်ရောက်မယ်ဆိုတာ အမေ့ကိုပြောခဲ့မလို့''

''မင်းအသက် ဘယ်လောက်ရှိနေပြီလဲ၊ ကလေးကျနေတာပဲ မှူးရာ''

''အမေစိတ်ပူမှာစိုးလို့ပါကွာ''

''ကျစ်! ညမိုးမချုပ်ဘူးလို့ပဲ ပြောခဲ့ကွာ''

ကောင်းရော. . . ဒါဖြင့် တစ်နေကုန်ပေါ့။ ကုမ္ပဏီပိတ်ရက်လေး ရှားရှားပါးပါးလေးရတာကို ဒီကောင် လာဖဲ့ယူတာနဲ့ သူချထားတဲ့ Plan တွေ ပျက်ကုန်တော့မှာလေ။ ခက်တာပဲ၊





ငယ်သူငယ်ချင်းလည်းဖြစ်၊ ကိုယ့်အလုပ်ရှင်ရဲ့သားလည်း ဖြစ်နေတာမို့ ငြင်းရခက်ခက်နဲ့ လိုက်လျောခဲ့ရပေါင်းလည်း မနည်းတော့ပြီ။ အမြဲ Yes! လုပ်ခဲ့ပြီးမှ No! လို့ ရုတ်တရက်ပြောင်းမိရင် ရှိရင်းစွဲသံယောဇဉ်တွေ ပျက်ကုန်တော့မှာလေ။

''အဲဒါဆို ခဏစောင့်''

''အေး''

သူ အိမ်လေးထဲ ပြန်ဝင်လိုက်ရပါ၏။ အမေက သူအပြင်ထွက်တော့မှာကို ကြိုသိနေမှာပါ။ ထမင်းအိုးလေးကို ယောင်းမခြင်းမွှေနေရင်း လှည့်ကြည့်လိုက်လေ၏။ အိမ်မှာက အမေတစ်ခုသားတစ်ခု နှစ်ယောက်တည်း အေးအေးလူလူနေကြတာမို့ ဆူငယ်ပူမယ့်သူ မရှိပါချေ။ သို့သော် အပြင်က ပြန်မရောက်လာသည့်သားကို ပူပန်စွာ စောင့်မျှော်တတ်တာက မိခင်တို့ရဲ့ထုံးစံမဟုတ်လား။

''အမေ၊ ကျွန်တော် သိခ်နဲ့လိုက်သွားရဦးမယ်။ တစ်နေကုန်မှာပဲထင်ပါရဲ့''

''သွားပါ သားရယ်၊ အမေနားလည်ပါတယ်ကွယ့်''

''ကျွန်တော့်အဝတ်တွေ လျှော်မနေနဲ့ဦးနော်''

မှာနေပေမယ့်လည်း ထူးမည်မထင်ပါ။ တစ်ပတ်စာဝတ်



www.burmeseclassic.com

www.burmeseclassic.com



ထားသည့်အဝတ်တွေကို စွပ်ကျယ်နှင့်အင်္ကျီက တစ်ဖလုံ၊ ပုဆိုးနှင့်ဘောင်းဘီကို တစ်ဖလုံ စိမ်ထားတာမဟုတ်ပါလား။ အမေ့ကိုကူပြီးရင် အဝတ်လျှော် ရေချိုးဖို့ပြင်ထားတာကို ဒီကောင်လာခေါ်တာနဲ့ အလုပ်ကပျက်ပြီ။ ညဘက်ပြန်ရောက်မှလျှော်ရင် ဘယ်အချိန်မှခြောက်ပြီး မီးပူထိုးလို့ရမှာလဲ။ အမြင်မတော် မနေတတ်တဲ့အမေကပဲ လုပ်ပေးတော့မှာ အသေအချာပါလေ။

မနက်က မျက်နှာသစ် သွားတိုက်ထားပေမယ့် မျက်နှာထပ်သစ် ပလုတ်ကျင်း ခြေလက်ဆေးကာ အဝတ်အစားလဲရန် အခန်းထဲဝင်လိုက်ပါ၏။ မျက်နှာသုတ်ပြီးနောက် တဘက်ကို ကြိုးတန်းပေါ် လွှားတင်လိုက်ပါသည်။ ဗီရိုကိုဖွင့်လိုက်စဉ် အနည်းအကျဉ်းသာရှိသည့် သူ့အဝတ်တို့ကြောင့် သက်ပြင်းကို ကျိတ်ရှိုက်လိုက်မိ၏။

ဘယ်တတ်နိုင်ပါ့မလဲ၊ 'ကိုယ်ပြုသည့်ကံ ကိုယ့်ထံပြန်' ဆိုတဲ့ ဒီဘဝမှာ လူဖြစ်လာရတာ မဟုတ်ပါလား။ အရင်ဘဝက ကောင်းမှုကုသိုလ်ပြုတာ နည်းခဲ့ရလို့ ဒီဘဝမှာ လိုအပ်ချက်တွေ များနေရတာပါလေ။ ခပ်လတ်လတ် ရှပ်အင်္ကျီကို ယူဝတ်လိုက်ပြီး၊ အိမ်နေရင်းဝတ်ထားသည့် Jeans Quater ကိုချွတ်ကာ အရောင်နည်းနည်းလွင်နေသည့် Jeans နက်ပြာနှင့် လဲဝတ်လိုက်





ပါ၏။

ရှပ်ကြယ်သီးတပ်ရင်း မှန်ထဲမှာ ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်လိုက်မိသည်။ ခပ်တင်းတင်းမျက်နှာတစ်ခု၊ ခပ်တိုတိုညှပ်ထားသည့်ဆံပင်တို့က ဆီမထည့်ဘာမထည့် ဖြစ်သလိုထားထားတာမို့ ကြမ်းတမ်းနေသယောင်။ သိပ်လို Gel တွေ Haircoat တွေလူးပြီး ပုံကျကျဖြီးဖို့မလိုပါ။ လက်ဖြင့်ထိုးဖွလိုက်ရုံနဲ့ သူ့ပြင်ဆင်မှုက အပြီးပါပဲ။

''ကျွန်တော် သွားပြီနော် အမေ''

''အေးအေး . . . သား''

''ဘာဝယ်လာပေးရမလဲ''

''မနက်ဖြန် ဆွမ်းတော်တင်ချင်လို့ သစ်သီးလေးရရင် ဝယ်လာပေး သားရယ်။ လပြည့်နေ့မို့ပါ''

''ဟုတ်ကဲ့ အမေ''

အိမ်ရှေ့ဝရံတာမှာ ရှိနေသည့်ဖိနပ်စင်မှ ခပ်မွဲမွဲဖြစ်နေသည့် ကတ္တီပါဖိနပ်ကိုယူလိုက်ပြီး ဖိနပ်ချင်း တဖျပ်ဖျပ်ရိုက်လိုက်၏။ သူ့ Brush က မဖိုက်ဘူးလား။ ဒီနည်းမျိုးနဲ့ ဖုန်ခါရင်လည်း သန့်သွားတာပါပဲ။ သစ်သားလှေကားသုံးစင်းကိုဆင်းရင်း လက်ဝါးကို တဖြန်းဖြန်းရိုက်ခါလျက် သန့်စင်စေလိုက်ပါ၏။ အပေါက



www.burmeseclassic.com

www.burmeseclassic.com



ရွှက်လုပန်းပင်လေးတွေ စီတန်းစိုက်ထားကာ ခြံတံခါးအသေးလေးအထိ လမ်းသေးသေးလေးပုံစံ လုပ်ထားတာမို့ ခြံရှေ့ဖြတ်သွားတဲ့လူတိုင်း သူတို့ခြံကို လှည့်ကြည့်လေ့ရှိကြတာပါ။

သံဇကာတံခါးအသေးကလေးကိုဖွင့်ကာ အပြင်ဘက်မှ လက်နှိုက်၍ ကလန့်ပြန်ထိုး၍ ပိတ်လိုက်ပါ၏။ သိပ်အလုံကြီး မဟုတ်ပေမယ့် အဟန့်တော့ ရှိရမှာလေ။ စကားပုံတောင် ရှိသေးတာပဲ။ ''သူခိုးသဘောမှောက်တာထက် သူတောင်းစား ခွက်မပျောက်ဖို့က ပိုအရေးကြီးတာပါ'တဲ့။

သိခ်က ကားသော့ Keychain ကိုလှုပ်ကာ သူ့ကို မေးဆတ်ပြလိုက်လေ၏။ မောင်းမလားဟူသည့်သဘောပါပဲ။ သိခ်ရဲ့ဒက်ဒီ ဦးမင်းသိင်္ဂါရဲ့ကုမ္ပဏီမှာ သူက Boss ကားကိုမောင်းရတဲ့ driver ပါပဲ။ ပိတ်ရက်ရယ်လို့ သတ်သတ်မှတ်မှတ်မရှိ။ ဟိုက Phone နဲ့ခေါ်တာနဲ့ ဆတ်ခနဲကောက်ထသွားရတာမျိုးပါ။

အန်ကယ်ကလည်း သူ့ကိုသားလိုပင် သဘောထားကာ ဘာမဆို ယုံယုံကြည်ကြည်နှင့် အပ်တာ၊ ခိုင်းတာမျိုး လုပ်လေ့ရှိတာပါ။ ပိတ်ရက်လေးရတုန်း ကားပေါ်မှာ ခါးညောင်း ဖင်ပူအောင် မထိုင်ရတာဆိုနေမှ ဒီကောင်က ကားမောင်းခိုင်းနေပြန်ပါပြီ။





''ဒီနေ့ ငါလိုက်ရမှာ driver အနေနဲ့လား၊ သူငယ်ချင်းဘော်ဒါအကန့်နဲ့လား''

''ဟာကွာ . . . မှူး!''

သိခ်မျက်နှာ ကွက်ခနဲပျက်သွားလေ၏။ သူ့အပေါ်မှာ ဒီလိုနိုင်စားတာမျိုးမရှိပေမယ့် သူ့ဘက်က တမင်တကာ သိသိသာသာကြီး အလျှော့ပေးရတာတတ်တာကို သူကိုယ်တိုင်ပဲ အသိဆုံးမဟုတ်လား။ အင်းပေါ့လေ၊ သူနဲ့သိခ်ဘဝက မြေနဲ့မိုးလို အလှမ်းကွာဟလွန်းနေတာ မဟုတ်ပါလား။

''ငါက မင်းမောင်းချင်မလားလို့ပါကွာ''

''ရပါတယ်၊ ငါပဲမောင်းပါ့မယ်''

''မင်းက ငါ့ထက် ပိုသဘာဝကျလို့ မောင်းစေချင်တာပါ မှူးရာ''

''အေးပါ . . . ငါသိပါတယ်''

သိခ်က ချက်ချင်းမျက်နှာကြည်လင်သွားကာ သူ့လက်ထဲသို့ ကားသော့အပ်လိုက်လေ၏။ ကားတံခါးကိုဖွင့်ကာ မောင်းသူနေရာမှာ သူထိုင်ချလိုက်ပါသည်။ အန်ကယ့်ကားကိုပဲ နေ့စဉ်မောင်းနေရတာမို့ လေးလေးပင်ပင်ရှိလှပြီး သိခ်ကားက အသစ်လည်းဖြစ်ကာ အလွန်ပေါ့လွန်းလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကားကိုခပ်မှန်မှန်မောင်းလိုက်စဉ် သိန်က ကားထဲမှာ ထည့်ထားသည့်စက်ဖြင့် Disc ဖွင့်လိုက်လေသည်။ Ciline Dion ၏ ဆွဲဆွဲငင်ငင်သီချင်းသံက လွင့်ပျံလာလေ၏။ ဒီကောင်တော့ လုပ်ချလိုက်ပြန်ပြီ။ စောစောစီးစီး ကားပေါ်မှာ သီချင်းနဲ့နဲ့ အိပ်ပျော်မိတော့မှာပဲ။

သိန်နဲ့သူက သူငယ်ချင်းအရင်းခေါက်ခေါက်ဖြစ်ပေမယ့် ဘယ်တော့မှ အကြိုက်မတူပါ။ သူက အနက်ဆို သိန်က အဖြူ။ သူက ခပ်ကြမ်းကြမ်း၊ သိန်က ခပ်ပျော့ပျော့၊ စကားပြောရင် သူက ခပ်မာမာ၊ သိန်က နူးနူးညံ့ညံ့ သိမ်သိမ်မွေ့မွေ့။ သီချင်းကြိုက်ရင်လည်း သူက Rock တွေသာ အများဆုံးနားထောင်ဖြစ်ကာ မြန်မာအဆိုတော်တွေထဲမှာ လေးဖြူ၊ အငဲ၊ မျိုးကြီး၊ နောနော်တို့ကို အနှစ်သက်ဆုံး။ သိန်ကဖြင့် ခပ်အေးအေးဆိုတဲ့ ဝိုင်ဝိုင်း၊ ဇော်ပိုင်၊ ပူစူးတို့ကို ရွေးကြိုက်တဲ့ကောင်ပါ။ အဲဒီလို အရာရာဆန့်ကျင်တဲ့နှစ်ယောက်က ဘယ်လိုဖြစ်ပြီး ယခု အသက် (၂၅)နှစ်ကျော်သည့်အထိ တွဲဖြစ်ခဲ့ကြသလဲဆိုတာပင် မသိတော့ပါချေ။

"ဘယ်သွားမှာလဲ"

"ငါတို့သွားနေကျ Plaza ကိုပဲ မောင်းကွာ"





သူ မသိမသာနှာခေါင်းရှုံ့လိုက်မိပါ၏။ အဲဒီလိုနေရာတွေက သူနှင့်မှ မအပ်စပ်တာကိုး။ ချိတ်ထားသည့်အဝတ်အစားတွေကို မဝယ်နိုင်ဘဲ လျှောက်ကြည့်ပြီး ကိုင်ကြည့်မိရင်၊ ဈေးက အနည်းဆုံး သောင်းဂဏန်းပါ။ Brand အလိုက် ကောင်းရင်ကောင်းသလို ဈေးက ကြီးပါလေရော။ တခြားပစ္စည်းတွေဆိုရင်တော့ မပြောတော့ပါနဲ့။

သူလိုဝင်သွားရင် အရောင်းစာရေးမလေးတွေက နောက်ကနေ မသိမသာရော သိသိသာသာပါ လိုက်လာကြတာပါ။ တလွဲထင်ပါနဲ့၊ သူ့ကို ငေးလို့လျှိုထင်ပြီး မယုံသင်္ကာဖြစ်တတ်ကြတာတို့။ လူက ခပ်နွမ်းနွမ်းပဲဝတ်လာတာမို့ အထင်မကြီးတာ မှန်ပေမယ့် အထင်သေးခံရတာကိုတော့ သူအတော်စိတ်ခုမိရတာပါ။ ဘဝပေးကုသိုလ်ကိုက ဒီလိုပဲ ပါလာမိတာကိုး။

ကားကို Plaza အောက် Platfrom ဘေးနေရာမှာ ရပ်လိုက်ပါ၏။ လူက အတော်လေးရှင်းသားပါပဲ။ ကားစက်ကို သတ်လိုက်ကာ သိန်ကို ငဲ့ကြည့်လိုက်စဉ် ကားပေါ်မှ ဆင်းနေလေပြီ။ ဒီကောင် ဘာဝယ်မှာမို့လို့ ဒီလောက်တောင်မှ လောနေရတာပါလဲ။

"ဟာ. . . လာလေကွာ၊ မလိုက်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



''ဒီမှာပဲ စောင့်မယ်လေကွာ''

''ဘယ်ရမလဲကွ၊ ငါတစ်ယောက်တည်း မသွားချင်လို့ မင်းကိုအဖော်ခေါ်လာတာလေကွာ''

''ငါက မင်းရည်းစားမှမဟုတ်တာကွ၊ ခဏခဏခေါ်ခေါ် နေတော့ ငါ့အလုပ်ပျက်တယ်''

''အားပါး! ကြီးကျယ်တဲ့ရေစ်နဲ့ တွေ့နေပြန်ပါပြီ၊ မင်း အလုပ်က ဘာများမို့လို့လဲ''

''ဟ! တစ်ပတ်စာဝတ်ထားသမျှ လျှော်ရဖွပ်ရမှာတွေ ရှိတယ်ကွ။ ငါက မင်းလို ဝတ်စရာဗီရိုအပြည့်ရှိတဲ့ကောင် မဟုတ် ဘူးကွ''

လွှတ်ခနဲပြောထွက်သွားတာမို့ စကားကိုမထိန်းလိုက်မိ သိခ်ကိုမနာလိုသလိုများ ဖြစ်သွားလေမလား။ ဒီကောင်ကတော့ အဲဒီလိုယူဆပုံမရပါချေ။ သူပြောတာကို သဘောကျသလို ခ ပြုံးပြုံးလေး လုပ်နေသေးတာလေ။

''ဒါဖြင့်လည်း ငါဝယ်ပေးမယ်ကွာ၊ ဘယ်လိုလဲ''

''အံမာ! မင်းဝယ်ပေးရအောင် ငါက မင်းရည်းစားမဟုတ် ဘူး။ မင်းရည်းစားကိုပဲ မင်းသွားဝယ်ပေး''

''ဟာ. . . ဒီကောင် ဒီနေ့ဘာဖြစ်နေလဲမသိဘူး။ ငါ့





ရည်းစားပဲ အတင်းရှာခိုင်းနေတယ်။ မင်းရှာပေးပါလား''

''ဝါသနာမပါဘူး''

''လာပါ မှူးရာ၊ သူငယ်ချင်းအတွက်လည်း ဝယ်ပေး လို့ရတာပဲကို''

''ငါ သူများဆီက ဘာကိုမှ အလကားမယူတတ်ဘူး''

''အေးပါ. . . မင်းမာနကို ငါသိပါတယ်၊ ကြွတော်မူပါ ကိုယ်တော်လေး 'မှူးစစ်ကျော်''

သူ မပြုံးမိအောင် ကြိုးစားဆည်လိုက်ရပါ၏။ သူက သိခ် လိုမျိုး နားဝင်ချိုတဲ့စကားလုံးလှလှလေးတွေ မပြောတတ်ပါလေ။ သူငယ်ချင်းနဲ့လိုက်လာမှတော့ ခေါ်တဲ့နောက် လိုက်ရတော့မှာ ပေါ့။ သက်မကို ထပ်ချမိပြန်၏။ သူလိုလူက ဒီလို Plaza မျိုး လာဖို့မှမလိုတာ။

သိမ်ကြီးဈေးလို Platform ဈေးပေါ်မှာ. . . လက်ခုပ် တဖြောင်းဖြောင်းတီးပြီး 'ကြိုက်တာယူ (၂၀၀၀)၊ ကြိုက်တာယူ (၂၀၀၀)'ဆိုတဲ့ ပုံပုံ Store မျိုးမှာမှ စိတ်ကြိုက်ရွေးဝယ်ပြီး လျှော် ဖွပ်ဝတ်ရမယ့်လူစားပါပဲ။ လှဖို့ထက် လုံဖို့သာ အဓိကပါ။

တစ်လတစ်လ သားအမိစားဝတ်နေရေးအတွက် သူ ကြိုးစားရှာဖွေနေရတာမို့ အပိုဖြုန်းတာမျိုးကို မလုပ်မိအောင် နေ



www.burmeseclassic.com

www.burmeseclassic.com



ရတာပါလေ။ ဒီနေ့ခေတ်လူငယ်တွေလို Fancy ပစ္စည်းတွေကိုလည်း စိတ်မဝင်စား မဝတ်ဆင်တတ်။ မနေ့က 'မှူး' လည်း သူ၊ ဒီနေ့ 'မှူး' လည်း သူ၊ ဘယ်တော့မှဆန်းမသွားတဲ့ အရိုးစင်းဆုံး လူသားအဖြစ် အမြဲမြင်တွေ့နေရမှာပါလေ။

❀ ❀ ❀



## အခန်း (၂)

မှန်တံခါးကိုတွန်းဖွင့်လိုက်စဉ် Aircon ဖွင့်ထားတာမို့ အေးစိမ့်သွားရပါ၏။ အောက်ထပ်မှာက စားသောက်စရာတွေနှင့် ကလေးပစ္စည်းတွေသာ ရောင်းတာမို့ စက်လှေကားဖြင့် အပေါ်ထပ်သို့ တက်လာခဲ့ပါသည်။ သိခ်က သူ့ထက် နှစ်လခန့်ငယ်သည့်သူငယ်ချင်းပါ။ သို့သော် ဘဝပေးအခြေအနေအရရှာ၊ လောကဓံ၏ရိုက်ပုတ်သည့်ဒဏ်ကို နေ့စဉ်နှင့်အမျှ ကြုံနေရတာမို့ သူ့ပုံစံက ပိုရင့်ကာ သိခ်ထက် သုံးလေးနှစ်ပိုကြီးပုံပေါက်နေရတာ မဟုတ်ပါလား။

"ဘာဝယ်မှာလဲ"

"Pants လေးဘာလေးပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျစ်! မင်းမှာ အများကြီးရှိတာကို သိခ်ရာ"

"Model အောက်ကုန်ပြီကွ၊ လာပါကွာ . . . မင်းဟာလေ၊ တစ်နေ့တခြား အဘိုးကြီးပုံပေါက်လာပြီ။ ပါးစပ်က ပွစိပွစိပြောဖို့ပဲသိတယ်"

သူနှုတ်ဆိတ်လိုက်ရပါ၏။ ပြောအားရှိတာပေါ့လေ။ ဒင်းက ငွေကိုရေလိုပဲ ဖောဖောသီသီသုံးနေရတာကိုး။ မဝတ်ချင်လို့ Model အောက်နေပြီဆိုတဲ့ အဝတ်အစားတွေက သူတို့လို လူလတ်တန်းစားတွေအတွက် အသစ်လွင်ဆုံး အတောက်ပဆုံး ရှိနေသေးတာပါလေ။ ပြီးတော့ သူနှင့်သိခ်တို့ ကွာဟပုံကို မျက်စိနဲ့ တပ်အပ်မမြင်ရတာတောင်မှ ဘေးမှာ မျက်စိမှိတ်လာရပ်ရုံဖြင့် သိသာလွန်းသည်ပဲ။

သူတို့လိုလူတွေဆီမှာက 'ချွေးနံ့'ဆိုတဲ့အနံ့ဆိုးမျိုးသာရှိပြီး လူတကာ နှာခေါင်းရှုံ့စရာပါ။ သိခ်တို့လို လူတန်းစားတွေမှာဖြင့် 'သူဌေးနံ့'လို့ခေါ်တဲ့ ခပ်မွှေးမွှေးရနံ့က နဂိုအတိုင်းရှိနေပြီးဘာ Body Spray, ဘာရေမွှေးမှမသုံးဘဲ အဝတ်အစား အသုံးအဆောင်တွေမှာအထိ သင်းနေသည့်ရနံ့မျိုးပါပဲ။

"ရှေ့လထဲ မင်းမွေးနေ့မဟုတ်လား"

"မသိဘူး"





"ဟာ! ကိုယ့်မွေးနေ့တောင် ကိုယ်မမှတ်မိဘူးလားကွ"

"ကျစ်! ငါက မင်းတို့လိုမျိုး မွေးနေ့တိုင်း နှစ်စဉ် Cake ဖယောင်းတိုင်ထွန်းပြီး Happy Birthday to you အော်ခုပ်ဝိုင်းတီးမွေးနေ့ပွဲ ကျင်းပနေတာမှမဟုတ်တာ။ ဘာမှတ်ရရလုပ်လေ့မရှိလို့ မသိဘူးဖြေတာပဲ။ ဘာဖြစ်လဲ"

"မင်း . . . စကားကို အဲဒီလိုပဲပြောနေမှာပဲလား"

"အဲလိုမပြောလို့ ငါက ဘယ်လိုပြောရမှာလဲ"

"မင်းကောင်မလေးကိုရော အဲဒီလို ခွကျကျလေသံမာ ခေါက်ပြီး ပြောမှာပဲလား"

"ဘယ်ကကောင်မလေးလဲ၊ မရှိဘူး . . . မသိဘူး။ စားထားဖို့နေနေသာသာ ဆီးပြားစားဖို့လည်း မကြိုက်ပါဘူးကွာ"

သိခ် ခေါင်းကိုယမ်းလိုက်လေ၏။ သူ့ကိုပြောမနိုင်ပုံနှင့် ပိုက်ဆံရှိလူတန်းစားတွေမို့ ရွှေလင်ဗန်းဖြင့် အချင်းဆေး ကိုက်ပြီး ကြီးလာတော့လည်း ပိုက်ဆံတန်ဖိုးကို ဘယ် တတ်ပါ့မလဲ။ သူ့အဖေ 'ဦးကျော်ဟန်'က နဂိုကတည်းက က်ဒီရဲ့ ကားဒရိုင်ဘာပါ။ အဖေ ရုတ်တရက် ဦးနှောက်



www.burmeseclassic.com

www.burmeseclassic.com



သွေးကြောပြတ်ပြီး ဆုံးသွားတော့ သူ ဆယ်တန်းသာရှိပါသေး၏။

ဘာပဲဖြစ်ဖြစ် အိမ်စီးပွားရေးက အဖေရှိနေစဉ်တုန်းက လောက် ဘယ်ပြေလည်နိုင်ပါတော့မလဲ။ အဲဒီနှစ်ကတည်းက သူတို့မိသားစုကို သိန်ဒက်ဒီ ဦးမင်းသိင်္ဂါကသာ အစစ ကြည့်ရှု ထောက်ပံ့ပေးခဲ့တာပါ။ ဆယ်တန်းကို ဂုဏ်ထူးမပါဘဲ ဆယ်တန်းကို ကံကောင်းထောက်မ၍ နှစ်ခြင်းပေါက်အောင်ခဲ့ပြီး သူ အဝေးသင်တက္ကသိုလ်မှ B.A ဘွဲ့ကို ပျော့ပျော့လေး ရခဲ့ရတာပါလေ။

'ကျေးဇူး'တဲ့။ သူတို့မိသားစုအပေါ် ပိနေသည့်အရာက အကြီးကြီးပါပဲ။ အဲဒါကို ဘယ်နည်းနဲ့ပြန်ဆပ်ဆပ်၊ ကုန်မှမကုန် နိုင်တာလေ။ သိန်တို့မိသားစုက သူတို့မိသားစုကို မနှိမ်ပါ။ သိန် မာမီ အန်တီဒေါ်မြတ်မွန်ကအစ သူ့အပေါ် သားအရင်းနှယ်ချစ် တာ သူအသိဆုံးပါပဲ။

အိမ်မှာ တစ်ခုခုလုပ်စရာရှိလို့ အကူအညီတောင်းရင် တောင်မှ 'ဒါလေးလုပ်ပေးစမ်းပါ'ဟူသည့် အမိန့်ဆန်ဆန်စကား မျိုး မသုံးကြ။ 'သားရယ်၊ အန်တီ့ကို ဒါလေးကူညီပေးပါ'ဟူသည့် စကားချိုချိုကိုသာ သုံးလေ့ရှိပါ၏။ ထိုထိုသောမိသားစုကို သူက အဘယ်သို့သောအကြောင်းကြောင့် မိသားစုလို သဘောမထား နိုင်ရမှာလဲ။





"မှုး. . ."

"အင်း"

"ဒီနား ခဏ"

လှပ်ပြန့်ပြီ၊ မလာချင်ပါဘူးဆိုတာကို အနား အတင်း ခေါ်နေတော့တာလေ။ Sport shirt အတန်းထဲ သူလျှောက်ဝင် တော့ သိန်က အဖြူရောင် Sport shirt ကို ချိတ်မှကိုင်ရင်း သူ့ရင်ဘတ်မှာ ကပ်ကြည့်လေ၏။ သူတွန့်ခနဲဖြစ်ကာ နောက် ဆုတ်လိုက်မိစဉ် အရောင်းစာရေးမလေးနှစ်ဦး၏ ခပ်တိုးတိုးကျိတ် ရယ်လိုက်သံကို ကြားရလေတော့သည်။

"ကျစ်!. . . ဘာလုပ်တာလဲ"

"တိုက်ကြည့်နေတာလေကွာ"

"မင်းဘာသာမင်း ကပ်ကြည့်ပါလားကွ၊ ငါ့ကို ဘာလို့ လာကပ်ကြည့်ရတာလဲ"

"မင်းကို တစ်စုံလောက် ဝယ်ပေးမလို့လေ"

"ကျွတ်! မလိုပါဘူး၊ ငါမယူဘူးလို့ အစောကြီးကတည်း က ပြောထားပြီးသားနော် သိန်"

"သူငယ်ချင်းကလည်းကွာ . . . မာနလေး နည်းနည်း လောက်လျှော့ပါ"

www.burmeseclassic.com



''ဟော့ကောင်!''

သိခ်က သူ့ကျောကို အသာသပ်ပေးလိုက်တာမို့ သူ ကြက်သီးပင် ထရချေပြီ။ ဒီကောင်လုပ်တာက ကိစ္စမရှိ ဟိုကောင် မလေးတွေက သူတို့နှစ်ယောက်ကို တစ်မျိုးထင်သွားမှ သေရော။ ဒင်းကလည်း ဘေးဘီကိုဂရုမစိုက်ဘဲ တစ်ဆိုင်လုံးမှာ သူတို့ချည်း ရှိနေတယ်လို့ပဲ ထင်နေလားမသိပါလေ။

''ဒီ Brand က မိုက်တယ် မှူးရ၊ အသားအိအိလေး နဲ့ ဝတ်လို့ကောင်းတယ်။ တစ်ထည်လောက်တော့ ယူပါကွာ''

''မယူပါဘူး''

''ဘာလဲ၊ အဖြူဖြစ်နေလို့လား။ ချွတ်! ချွတ်! ဒါမျိုး အနက်ရောင်ရှိသေးလား''

''မရှိဘူး အစ်ကို၊ ဒါက အဖြူရယ်၊ အသားရောင်ရယ်၊ အစိမ်းရယ်၊ အပြာရယ်၊ ခဲရောင်ရယ်၊ အနီရယ်၊ အဝါရယ်ပဲ လာတာ''

''အနက်မရှိပေမယ့် ခဲရောင်ရှိတယ်တဲ့၊ ယူလိုက်မယ် နော်။ ဒီ Middle size ပဲ ရှာလာခဲ့ပေး''

''ဟုတ်ကဲ့''

ချာတိတ်မလေးက ပြုံးစိစိဖြင့် ကောင်တာဘက် လှည့်





သွားလေ၏။ ပြဿနာပဲ. . . ဒင်းဝတ်လာတဲ့ Colour နဲ့ Match ဖြစ်နေပြီဆိုတာ မသိလေရော့သလား။ ဆင်တူဝတ်ရအောင် သူ နဲ့သိခ်က အမြွှာမဟုတ်၊ မိန်းကလေးချင်းလည်းမဟုတ်နဲ့ ဒီကောင် တော့ အတော်ခွကျချေပြီ။

''ဘောင်းဘီကြည့်ရအောင်''

''သိခ်''

''ဘာလဲကွာ''

''မင်းတော့ လက်သီးစာမိတော့မယ်၊ ငါမယူပါဘူးလို့ ဆိုနေတာကို''

''ဟာ. . . ကျွေးချင်နေရင် ကျွေးထည့်လိုက်စမ်းပါကွာ၊ မြည်းကြည့်ချင်လို့။ မင်းလက် ဘယ်လောက်မာလဲဆိုတာ သိရ တာပေါ့''

ဘယ်လုပ်ဝံ့ပါ့မလဲ။ အိမ်မှာ ပိုးလေးလို ဥပြီး၊ မွေးလာ တဲ့လူငယ်လေးကို ငယ်စဉ်က သိခ်ကိုရန်စရင်တောင်မှ အဲဒီရန် ရှာတဲ့ကောင်တွေကို သူက ဦးအောင်ထိုးပစ်လေ့ရှိတာပါ။ ဒီ သူ ငယ်ချင်းလေးအသားကို ဘယ်သူမှထိခွင့်မရအောင် စောင့်ရှောက် ပေးခဲ့တဲ့ Body guard ဆိုလည်း မမှားပါဘူး။ ဒါကြောင့်မို့လို့ လည်း သူ့အပေါ်မှာ သိခ်တို့မိသားစု ကောင်းကြတာဖြစ်မှာပင်။



www.burmeseclassic.com

www.burmeseclassic.com



မေတ္တာဆိုတာ ရောင်ပြန်ဟပ်စမြဲပဲကိုး။

''လုပ်မယ်ဆို လုပ်လေကွာ''

''ကျစ်! တော်စမ်းပါကွာ''

''မင်းမလုပ်ရက်ဘူး မဟုတ်လား မှူးရဲ့ မင်းအကြောင်း ငါအသိဆုံးပါ''

ရော်! ဒီကောင်ကတော့ ပြဿနာပါပဲ။ လူကို သိသိကြီးနဲ့ ရစ်နေတာလေ။ ဘောင်းဘီတန်းဘက် ဆက်လျှောက်ခဲ့စဉ် ဘယ်လိုဖြစ်သည်မသိ။ Fashion ပြထားသည့်လူရုပ်က သိခ်ပေါ်သို့ ဖျတ်ခနဲလဲကျလေ၏။ အမြဲအသင့်သတိရှိနေသည့်သူက သိခ်ကို ဆတ်ခနဲရှေ့သို့တွန်းကာ အရုပ်ကို အမြန်ဖမ်းလိုက်ပါသည်။ ကောင်မလေးတွေထံမှ အာမေဋိတ်သံတွေ ထွက်လာလေ၏။

''ဘာဖြစ်တာလဲ''

''ဘာမှမဖြစ်ဘူး။ သွား. . . သွား''

''တွေ့တယ်မဟုတ်လား၊ ကိုယ့် Body guard က အဲဒီလို။ မနာလိုမဖြစ်နဲ့''

''ကျစ်! လျှောက်ပြောမနေနဲ့။ ဝယ်စရာရှိတာ မြန်မြန်ဝယ်လေကွာ''

သိခ်က သူ့ကိုလှည့်ကြည့်ရင်း ပြုံးစိစိလုပ်နေလေ၏။





ခင်း အန္တရာယ်ဖြစ်မှာစိုးလို့ ကာကွယ်ပေးတာကိုများ လူကိုလှောင်ချင်ရတယ်လို့။ သူကလည်း သူပါပဲ၊ ဒီအရွယ်ရောက်နေတာကို တောင်မှ ဒီကောင်ခေါ်ရင်လည်း မနေနိုင်မထိုင်နိုင်နဲ့ ဖင်မလေးဘဲ ဖျတ်ခနဲထလိုက်လာတတ်တဲ့အကျင့်က မပျောက်သေး။

အန္တရာယ်ဖြစ်လာရင် ဦးနှောက်ထဲကရော စိတ်ထဲကပါ အချက်ပေးခေါင်းလောင်းသံက အလိုလိုပေါ်လာပြီး လက်မြန်မြန်နဲ့ ကာကွယ်ပေးပြီးသား ဖြစ်နေတာကိုး။

''ဒါလေး ကြိုက်လား''

''ကျစ်. . .''

''အေးပါ. . . အေးပါ. . . Sorry! ကြိုးတွေ ရှုပ်ယှက်ခတ်နေတာ မင်းမကြိုက်မှန်း သိရဲ့သားနဲ့ မေ့သွားလို့။ ဒါလေးဝယ်။ ခပ်ရှင်းရှင်း Style လေး. . . မိုက်တယ်''

''သိခ်ရာ''

''ငါ့ကိုချစ်ရင် တစ်စုံတော့ ယူကွာ''

''ဘာကွ''

''ထပ် Foul ပြန်ပြီ၊ ငါ့ကိုခင်ရင်လို့ ပြောတာပါ။ သွားသွား. . . ဒီဝတ်စုံ သွားလဲဝတ်ချည်''

''ဟာ. . . တယ်ရစ်တဲ့ကောင်ပဲ''



www.burmeseclassic.com

www.burmeseclassic.com



''လဲဆို လဲဝတ်လာချည်ကွာ၊ မင်းကို Dinner တစ်ပွဲခေါ်သွားစရာရှိလို့ပါကွ။ လူလူသူသူဝတ်ရမယ့်နေရာမို့ ဝယ်ပေးတာ''

''ငါက အခုလူမဟုတ်လို့ ဘာကောင်ဖြစ်နေလို့လဲ''

''ဟင်းဟင်း. . . မင်းကတော့လေ၊ စကားကို အမှားကို မခံဘူး။ လိမ္မာပါတယ် မှူးရာ၊ သွားဝတ်ပါ''

မျက်နှာချိုသွေးပြနေပြန်ပြီ။ ဒီကောင်က နဂိုကတည်းက မျက်နှာချိုပြီး ချစ်မွေးပါတဲ့ကောင် မဟုတ်ပါလား။ ငယ်စဉ်ကတည်းက အမြဲမျက်မှောင်ကြုတ်ပြီး စူပုပ်နေတဲ့သူ့ကို လူကြီးတွေက ပြုံးစစဖြင့် ကြည့်လေ့ရှိကြပြီး မျက်လုံးရော နှုတ်ခမ်းလေးပါ အလိုလိုပြုံးနေတတ်သည့်သိခ်ကိုဖြင့် 'ချစ်စရာလေး'ဟုဆိုကာ ပါးကိုဆွဲလိမ်တတ်သွားကြတာကိုး။ သူတို့နှစ်ယောက်က အဲဒီလို အကွာကြီးကွာခြားတဲ့လူငယ်လေးတွေပါပဲ။

စိတ်အိုက်ရသည့်ကြားထဲက လက်ထဲရောက်လာသည့် အင်္ကျီနှင့်ဘောင်းဘီကို Hunger မှကိုင်ကာ အဝတ်လဲခန်းထဲသို့ ဝင်လိုက်ရပါသည်။ Dinner ရှိလို့တဲ့၊ ကုမ္ပဏီကိစ္စဆိုရင်တော့ ဦးဦးသာ သွားလေ့ရှိတာပါ။ တစ်ခါတလေ မိသားစုတစ်စုလုံးကို ဖိတ်တာဆိုရင်တော့ သိခ်ပါလိုက်တတ်ပါ၏။ အခုတော့ သူ့ကို





ပါခေါ်တာမို့ ဘာကြောင့်များပါလိမ့်။

ဘုရားရေ! ဒီကောင် သူ့ကို အသိမပေး၊ မတိုင်ပင်ဘဲ ကောင်မလေး ရနေပြီလား။ ဒါက ဘော်ဒါအကန့်မို့ သူတို့နှစ်ယောက် ကတိပြုထားကြသည့်အချက်ပါပဲ။ သူရည်းစားထားရင်လည်း သိခ်ကို အသိပေးရမှာပါ။ မိန်းကလေးတစ်ယောက်ကို ရာသက်ပန်မရည်စူးဘဲနဲ့ အပျော်မတွဲဖို့က သူတို့အတွက် အရေးအကြီးဆုံးပါပဲ။ သူများသားပျိုသမီးပျိုကို နှမချင်း မစာမနာဘဲ နစ်နာအောင် မလုပ်သင့်တာလေ။

ကြည့်စမ်း! ဒီကောင် ဒိုင်လျှိုလေးနဲ့ စလှုပ်ရှားတာများလား။ တကယ်ဆို 'ငါ ကောင်မလေးရနေပြီ'လို့ ခပ်ပေါ့ပေါ့လေး ပြောရမှာမျိုးလေ။ အခုတော့ 'ဒါငါ့ချစ်သူလေ'ဆိုပြီး မျက်စိရှေ့သွားခနဲမြင်ရအောင်များ လုပ်ချင်နေပြီလား။ ရင်ထဲ စိုးထိတ်သွားရတာ အမှန်ပါ။ သူတို့နှစ်ဦးကြားကို မိန်းကလေးတစ်ယောက် ရောက်လာတာနဲ့ 'မှူးရေ'လို့ခေါ်သံနဲ့ ကားဟွန်းတီးပြီး လာတဲ့ သိခ်ပုံရိပ်က သူနဲ့အလိုလိုဝေးကွာသွားရတော့မှာ မဟုတ်ပါလား။

မနာလိုမရှုစိမ့်တာမျိုးတော့ မဟုတ်ပါလေ၊ ငယ်သံယောဇဉ်ဖြင့် တွယ်တာရင်းနှီးခဲ့ရသည့်သူငယ်ချင်းမို့ ဘာကိစ္စလေးကို ပဲဖြစ်ဖြစ် သူအရင်ဆုံးသိချင်တာပါ။ ဒါကို သိခ်လည်း သိနေ၍



www.burmeseclassic.com

www.burmeseclassic.com



မှာပေါ့။ ဦးက သူ့ကို အလွယ်တကူ ဆက်သွယ်လို့ရစေရန် Hand Phone လေးပေးထားတာတောင် ဦးကလွဲပြီး သူ့ဆီဆက်တဲ့လူက သိန်းတစ်ဦးတည်းသာ ရှိနေတာပါ။ ဒါတောင်မှ ဒီကိစ္စကို သူ့ကိုအသိမပေးဘဲ ဒီကောင် လျှို့ဝှက်ဖုံးကွယ်ထားလေသလား။

''ဟာ! အရေးထဲမှ . . . ကျစ်! ''

စိတ်မရှည်တတ်ရသည့်ကြားထဲ အကျီအဝတ်အစားလဲပြီး ထွက်လာစဉ် ခြေထောက်က တံခါးနှင့်တိုက်မိသေးလေ၏။ လက်ထဲမှာ သူ့အဝတ်ကိုကိုင်ထားရင်း သိန်ကို ပြူးပြဲလိုက်ရှာမိစဉ် မတွေ့ရ။ ဒီကောင် နောက်လေပြီလား။ တစ်ယောက်တည်း ပြန်ရင်တောင်မှ ကားသော့က သူ့ဆီမှာလေ။

''ဒါလေး လှတယ်နော်''

''ဪ . . . အဲဒီအဖြူလေးဆို သမီးနဲ့ပိုလိုက်တယ်''

ကြားလိုက်ရသည်က ပထမဦးဆုံး အသံချိုချိုလေးကိုပါ။ လျှောက်လက်စခြေလှမ်းကိုရပ်ကာ တစ်ဖက်အဝတ်တန်းဘက်သို့ သူလှမ်းကြည့်လိုက်မိလေ၏။ ဒုတိယမြင်လိုက်ရသည်က ဆံနွယ်ရှည်ရှည်များ။ အဲဒီနောက်မှတစ်ဆင့် ဘေးတစောင်းမြင်လိုက်ရသည့် လှတစ်မျက်နှာ။





အို! ဘယ်လောက်များ ချစ်စရာကောင်းလိုက်တဲ့ မိန်းမလေးပါလဲ။ ကောင်မလေးက စင်ထက် ချိတ်ထားသည့် မိန်းမလေးဆောင်းဦးထုပ်(လျှာခပ်ကြီးကြီး) ဝိုင်းဝိုင်းကို ခြေဖျားလေးထောက်လျက် ဖြုတ်ယူကာ ဦးခေါင်းထက် ဆောင်းလိုက်လေသည်။ မှန်ချပ်ထဲမှာ ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်ရင်း သဘောကျသော ပြုံးလိုက်စဉ် ခွက်ခနဲပေါ်လာသည့်ပါးချိုင့်လေး။

နှလုံးသားဆီမှ အမည်မဖော်နိုင်သည့် အချက်ပေးသံတို့က ရထားခုတ်မောင်းသည့်နှယ်၊ တဒုတ်ဒုတ်ဖြင့် အခုန်မြန်လာကြလေပြီ။ ဘုရားရေ! ဒါဘာတွေဖြစ်ကုန်ပါလိမ့်။ အသက်ရှူရန်ပင် မေ့လျော့ကာ မတ်တပ်သတိမေ့မျောလျက် ငေးနေမိသည်မှာ တမေ့တမော။ သီချင်းတွေထဲကလို ဘုံကြိုးပြတ်ပြီး ကျလာသည့် နတ်မိမယ်လေးလေးများလား။

သူရပ်နေရာဘက်သို့ ခြေလှမ်းလှည့်လိုက်တာမို့ မျက်နှာကို အသေအချာမြင်တွေ့ခွင့်ရလိုက်ပါသည်။ ဆံပင်ကို အုပ်လုံးဖြီးကာ တစ်ဝက်စည်းထားတာမို့ နဖူးပြေပြေ၊ စင်ယော်တောင်မျက်ခုံး၊ နှာတံလှလှ၊ နှုတ်ခမ်းဖူးဖူး၊ မေးရိုးလုံးလုံး၊ လည်တိုင်သွယ်သွယ်တို့ကို အရှင်းသားမြင်လိုက်ရတာပါ။

သူ ခြေလှမ်းကို အဝတ်တန်းဘက်သို့ရွှေ့ရပ်ကာ၊ ကွယ်



www.burmeseclassic.com

www.burmeseclassic.com



နေလိုက်မိ၏။ အားနာလိုက်တာ. . . တစ်သက်နဲ့တစ်ကိုယ် မိန်း ကလေးတစ်ယောက်ရဲ့အလှကို ဒီလိုမျိုးအသေးစိတ် တစ်ခါ သူမကြည့်ခဲ့ဖူးတာလေ။ လှလိုက်တဲ့မိန်းကလေး၊ 'လှတစ်မျက် နှာ ယဉ်တစ်ကိုယ်လုံး' ဆိုသလို ယဉ်ယဉ်လေး လှနေသည့် မိန်း ကလေးကြောင့် ရင်ဘတ်နေရာကို သူ ခပ်နာနာဖိထားလိုက် တာလေ။

ဩော်. . . မိန်းကလေးရယ်. . .

## အခန်း (၃)

နောက်ဖေးရေချိုးခန်းမှထွက်ကာ အိမ်ပေါ်တက်လာ တော့ မနက် (၇)နာရီခွဲနေလေပြီ။ အမေက သူ့အတွက် ထမင်း ကြော်အဝါရောင်လေး(ဆန္ဒင်းဖြင့်) ကြော်ပေးထားတာမို့ အငွေ့ တ တထောင်းထောင်း။ အနံ့က တမွှေးမွှေး၊ ပန်းကန်ထဲမှာက ကြက်သွန်နီစိတ်နှစ်စိတ်နှင့် ငရုတ်သီးစိမ်းတောင့်လေးတွေ ရေ ဆေးပြီး ထောင်ထည့်ပေးထားပါ၏။ ပြီးတော့ သံပုရာသီးကို သေးသေးလေးတွေစိတ်ကာ ပန်းကန်ပြားလေးထဲထည့်ပြီး ငရုတ် သီးအကြက်မှုန့် ထည့်ဖျော်ထားသည့် ပန်းကန်လုံးလေးထဲမှ ငါးပိ ချည်အနံ့ကလည်း သူ့အစာအိမ်ကို နှိုးဆွစေလေ၏။

''အမေ အကျီမီးပူထိုးပေးထားတယ် သား''



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ဘာသာ လုပ်မှာပေါ့အမေရယ်"

"သားက အချိန်မှမရတာလေကွယ်"

တားလည်း မထူးပါဘူး။ အမေပဲ အစအဆုံးအကုန်လုပ်ပေးနေတာပဲကိုး။ ရေချိုးကြောက်အောင်သုတ်ကာ မီးသွေးမီးပူနှံသင်းနေသည့် Shirt အင်္ကျီနှင့်ပုဆိုးကို စွပ်ကျယ်ခံကာ သူဝတ်လိုက်ပါသည်။ အိမ်မှာ လျှပ်စစ်မီးရှိတာမှန်ပေမယ့် အမေက ခလုတ်နှိပ်ရုံကလွဲ၍ ဒီမီးကိုသိပ်ကြောက်လေ၏။ ထို့ကြောင့် မီးထွန်းရုံကလွဲပြီး သူတို့အိမ်မှာ အပိုမသုံးပါ။ သူကိုင်ရသည့် Phone ကို Bettery Charging သွင်းတာနှင့် ဘုရားမီးသီးထွန်းတာတို့သာ အမြဲကုန်ရသည့်အားများသာ ဖြစ်ပါသည်။

"လစာထုတ်ရင်လေ"

အမေက ထမင်းစားပွဲမှာထိုင်ကာ သူ ထမင်းကြော်စားနေတာကို လှည့်ကြည့်ရင်း ပြောလက်စစကားကို ရပ်လိုက်ေ သည်။ သားဖြစ်သူ မျိုမကျမှာကို စိုးရိမ်သွားပုံပါလေ။ အိမ် ဒီအမေနဲ့ဒီသား ပွင့်ပွင့်လင်းလင်းမပြောရင် ဘယ်သူ့ကိုသွား ရမှာလဲ။ သူက ထမင်းကြော်ထဲ ငါးပိရည်ဆမ်းကာ ဖွန်းဖြင့် လိုက်ပြီး တစ်ဖွန်းဝါးလျက် ငရုတ်သီးစိမ်းတစ်တောင့်ကိုပါ ကို စားလိုက်ပါသည်။





"ပြောလေ အမေရယ်"

"နောက်မှပဲပြောတော့မယ်၊ ဒီမှာ သားထမင်းချိုင့် ရပြီနော်"

တွေ့လား။ အမေက သားမျက်နှာအရိပ်အကဲကို ကြည့်နေရတာ ဖြစ်သင့်ပါသလား။ သူ့လောက် ပွင့်လင်းတဲ့သားမျိုးရှိပါလျက် သားအပေါ်မှာ အားကိုးတာထက် သနားကာ အချစ်ပိုသည့်အမေ့မေတ္တာနှင့်စေတနာကို သူအသိဆုံးပါလေ။

"လစာက နောက်နှစ်ရက်ဆို ထုတ်ပါပြီအမေရဲ့။ ကုမ္ပဏီမှ လဆန်းငါးရက်မှပေးလို့ နောက်ကျတာပါ။ ဘာလဲ. . . အမေပိုက်ဆံလိုနေလို့လား။ လိုရင် ကျွန်တော့်စုဘူးထဲကနေ ဇာကနာနဲ့ညှပ်ယူပြီး သုံးပါလို့ပြောထားတယ်လေ အမေရယ်"

"မလုပ်ပါနဲ့ သားရယ်၊ ခြိုးခြံချွေတာပြီး ဆုဆောင်းထားတာကို နှိုက်မသုံးကောင်းဘူး သားရဲ့။ ဟိုလေ. . . ကျန်ခဲ့တဲ့လက အမေ ရေဖိုးပေးဖို့ကျန်သေးတာကို ဒီလပေါင်းပေးရမှာမို့ပါ"

"ပေးလေ. . . ဘာဖြစ်လို့လဲ"

"အမေစိစစ်သုံးတတ်ပါတယ် သားရယ်၊ ကျန်ခဲ့တဲ့လက သားရေးနာရေးတွေ များတာနဲ့ ထွက်ငွေက ပိုသွားရလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"လူမှုရေးကိုး အမေရဲ့၊ ဘာမှမဖြစ်ပါဘူး။ ဒါပေမဲ့ သာရေးထက် နာရေးကိုပဲ မဖြစ်မနေထည့်ပါ အမေ။ အဲဒါကမှ ကသိုလ်ရတာ"

"အေးပါ"

ဟုတ်တော့လည်းဟုတ်ပါရဲ့။ ရပ်ကွက်ထဲမှာ ဝါကျွတ်ပြီဆိုတာနဲ့ ကန်ထရိုက်ဆွဲပြီး ဆောင်သည်ဟုထင်ရလေအောင် မင်္ဂလာဆောင်ဖိတ်စာတွေက ပလူပျံနေတာပါလေ။ နှစ်မကူးခင် ယူဖို့ ဘယ်သိကြားမင်းကများ အမိန့်ချထားသည်မသိ။ ကြီးကြီးငယ်ငယ်လတ်လတ် အရွယ်စုံအောင်ကို ဟောတစ်ယောက်ဟောတစ်ယောက်နဲ့ ဆောင်ကြတော့တာလေ။

အတော်သတ္တိရှိကြသည့်လူတွေပါပဲ။ ကိုယ့်ရှေ့ရေးကိုမှ ကြည့်ရဲ့လားမသိ။ သူကတော့ သူများသားသမီးကို မတောင့်မတ မကြောင့်မကျ မထားနိုင်ဘဲနဲ့တော့ သူ့ဘဝထဲ မခေါ်ချင်ပါ။ ရွှေတွဲလဲ ငွေတွဲလဲနဲ့မဟုတ်တောင် လူတောဝင်ဆံ့အောင်တော့ ဆင်ပေးချင် ကျွေးချင်တာအမှန်ပါ။ ကိုယ့်ဇနီးက လူပုံအလယ် မျက်နှာမွဲဖြစ်နေလို့ ဘယ်ဖြစ်ပါ့မလဲ။

တွေးရင်းဖြင့် ဟိုတစ်လောက တွေ့ဖူးလိုက်သည့်ကောင်မလေးက အာရုံထဲ ဖျတ်ခနဲရောက်လာလေ၏။ ဘုရား ရေ! ဘယ်





ပြီး သူမကိုတွေးလိုက်မိတာပါလိမ့်။ ရွှေမှုန့်စားပြီး မွေးလာ ရွှေမင်းသမီးလေးက သူ့လို ရွှံ့တောထဲက ခဲလုံးမျိုးနဲ့ တူမလား ပါ့မလား။ ရှူးပု့ 'မှူးစစ်ကျော်။

"ဟယ်. . . ပြီးပြီလား"

"ကုန်လည်းကုန်ပါပြီ အမေရယ်၊ ကျွန်တော် သွားတော့ မယ်"

"အေးအေး. . . အမေ့သားကလေး သွားလေရာခရီး တ်မထိခလုတ်မငြိဘဲ အန္တရာယ်ကင်းကင်းနဲ့ ချောမွေ့ပါစေကွယ်။ ကို ဂရုစိုက်မောင်းဦးနော်"

"ဟုတ်ကဲ့ပါ အမေ"

အမေ့ကို ကြမ်းထက် ဒူးတုပ်ထိုင်လျက် လက်အုပ်ချီကာ တော့လိုက်ပါ၏။ ပြီးနောက် အိမ်ရှေ့ညဲ့ခန်းမှာ မြတ်စွာ ကို ဦးသုံးကြိမ်ချ ကန်တော့ကာ၊ အမေ့ကျန်းမာရေးကို စောင့်ရှောက်ပါရန် ဆုတောင်းလိုက်ရပါသည်။ ဒါက သူ တိုင်း လုပ်လေ့လုပ်ထရှိတဲ့အလုပ်ပါပဲ။

အမေကမ်းပေးသည့် နှစ်ဆင့်ခွဲစတီးထမင်းချိုင့်ကို လှမ်း က် အိမ်ပေါ်မှဆင်းလာခဲ့ပါ၏။ သိန်တို့အိမ်က သူတို့တစ် ပြီးရင် နောက်တစ်ရပ်ကွက်မှာမို့ မနက်တိုင်း ကျန်းမာရေး



www.burmeseclassic.com

www.burmeseclassic.com



အရရော၊ ငွေချေတာသည့်အနေနဲ့ပါ နှစ်မှတ်တိုင်နီးပါးခရီးကို သူအမြဲလမ်းလျှောက်တတ်တာပါလေ။

''ဟော! အဖေကြီးရေ၊ မှူး ရောက်နေပြီနော်''

''အေးပါကွာ. . . လာပါပြီ''

''Breakfast စားပါဦး သားရယ်၊ အိမ်က သား ဘာ စားခဲ့သေးလဲ''

''ထမင်းကြော် စားလာပါတယ် အန်တီ''

''ဩော်. . . ရင်ပြည့်တော့မှာပဲ၊ ဒီရောက်မှ စားတာ မဟုတ်ဘူး''

''စားနေကျမို့ပါ အန်တီ၊ နေပါစေ''

တိုက်ထဲဝင်လိုက်သည်နှင့် သိခ်မာမီ အန်တီဒေါ်မြတ်မွန်က ဖော်ရွေစွာ ကြိုဆိုလေ၏။ ညှော်ခန်းမှာ ဆိုဖာခုံတွေရှိပေမယ့် သူဝင်မထိုင်ဘဲ နံရံနားမှာရှိနေသည့် သစ်သားခုံပုလေးမှာပင် ထိုင်လိုက်ပါသည်။ လူဆိုတာ ဒူးနေရာဒူး တော်နေရာတော် နေတတ်ရမယ်မဟုတ်ပါလား။

''မမသက်၊ ဘာဟင်းတွေ ထည့်ပေးလိုက်လဲ''

''ဟို. . .''

''အန်တီ့ကို ပြပါဦး''





''မလုပ်ပါနဲ့ အန်တီ''

အန်တီက စားပွဲခုံပေါ်တင်ထားသည့် သူ့ချိုင့်ကိုလှမ်းယူရန် လက်ရွယ်လိုက်တာမို့ သူက စိုးရိမ်တကြီးဖြင့် ချိုင့်ကိုယူကိုင်ထားလိုက်ပါသည်။ အမေ ဘာဟင်းထည့်ပေးလိုက်မလဲဆိုတာ မေးစရာမလို၊ သူသိပြီးသားပါလေ။

အန်တီ စပ်စုတယ်ဆိုတာက တမင်သက်သက်မဟုတ်လား။ ဟင်းမကောင်းတာမြင်ရင် အိမ်ကအသားဟင်းတွေ ဘုံးပေါလအော ထည့်ပေးတော့မှာလေ။

''ဟဲ့! ဒါက ဘာဖြစ်ရတာတုန်း''

''ကျွန်တော့် အမေ့ဟင်းလက်ရာပဲ စားနေကျမို့ပါ''

''အမယ်လေး သားရယ်၊ အန်တီက သားအမေဟင်းကို ယူစားမယ့်လူလား''

''အဲဒီသဘောမျိုးမဟုတ်ရပါဘူး အန်တီ''

''ဟော့! ဥစ္စာခြောက် ရောက်နေပြီလား''

အပေါ်ထပ်လှေကားမှ ဆင်းလာသည့်သိခ်ကြောင့် သူနှင့်အန်တီ ချိုင့်လုပွဲက ရပ်သွားရပါ၏။ ပေါ့ပေါ့ပါးပါး T-shirt နှင့် Quater pants က သိခ်ကို ပို၍နုနယ်နေစေပါသည်။ သူတို့နှုတ်ဆက်ကာ ခေါင်းက သူတို့ကြားသို့ စပ်စုလိုစိတ်ဖြင့် ဝည်



www.burmeseclassic.com

www.burmeseclassic.com



ဆန့်ကာ ကြည့်လိုက်လေ၏။

"ဘာဖြစ်နေတာလဲ"

"ဒီမှာလေ သားရယ်၊ မာမီက မှူးချိုင့်ထဲ ဘာဟင်းထည့်လာသလဲ ကြည့်မလို့ကို မပြဘူးတဲ့"

"မင်းကလည်း သူစိမ်းတွေ ကျနေတာပဲ မှူးရာ။ ပြလိုက်တော့ ဘာဖြစ်မှာမို့လို့လဲ"

"ပြတာက ပြလို့ရပါတယ်၊ ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်လဲ"

"ကျွန်တော့်ချိုင့်ထဲကို ဘာမှထပ်မထည့်ပေးဖို့ အရင်ဆုံး မေတ္တာရပ်ခံပါတယ် အန်တီ"

"ဟောတော်"

"ထည့်ပေးရင် ဘာဖြစ်မှာမို့လဲ"

"လျှာအကျင့်ပါသွားမှာစိုးလို့ပါ အန်တီ၊ ကျွန်တော် တောင်းပန်ပါတယ်"

အန်တီ့မျက်နှာ ခပ်နွမ်းနွမ်းဖြစ်သွားရလေ၏။ သိခ်က သူ့လက်ထဲမှာရှိနေသည့်ချိုင့်ကို ဆတ်ခနဲဆွဲယူကာ ဖွင့်ကြည့်လိုက်လေ၏။

ထမင်းက တစ်ချိုင့်၊ ခရမ်းချဉ်သီးငါးပိချက်က တစ်ချိုင့်၊





[illegible]ဝက်အဆင့်ထဲမှာက ငါးခြောက်သေးသေးလေးတွေကိုကြော်[illegible] ကန်စွန်းရွက်ကြော်နှင့် ရောထည့်ထားတာပါ။

သားအမိနှစ်ယောက်၏သက်ပြင်းရှိုက်သံက ပြိုင်တူထွက်[illegible]တော့၏။ အဲဒါကို ကြိုသိနေလို့ သူတားနေတာကိုတောင်[illegible]ကြည့်ဖြစ်အောင်ကို ကြည့်ရတယ်လို့။ ဘဝသမားပါ အန်တီ၊ [illegible]ညီတဲ့အလွှာတွေရဲ့ ခြားနားချက်ကို ရှင်းမပြလည်း အန်တီ[illegible] သိနေမှာပါလေ။

"ဒါနဲ့စားလို့ ဘယ်ဖြစ်ပါ့မလဲ မှူးရာ"

"ဆာနေတဲ့အချိန်မှာ ထမင်းဖြူချည်း စားရင်တောင်[illegible]သာရှိတာပါ သိခ်ရာ၊ ဒီလိုပဲ စားကျင့်ရှိနေတဲ့လျှာကို အကျင့်[illegible]ကြပါနဲ့"

"အင်းပေါ့လေ၊ အန်တီတို့ကျွေးချင်တဲ့ဟင်းမျိုးက သား[illegible]က် အဆိပ်အတောက်ဖြစ်နေတာကိုး"

"အဲဒီလိုတော့ မပြောပါနဲ့ အန်တီရယ်"

"ပြောမနေနဲ့ မာမီ၊ ဒီကောင်က လူကသာ မြေပေါ်ရပ်[illegible] မာနက တံခွန်ထူထားတာ။ သူ့ကို စေတနာနဲ့ပေးရင်[illegible]င် မနည်းကြီးတောင်းပန်ပြီးပေးမှ မကောင်းတတ်လို့ လက်[illegible]"



www.burmeseclassic.com

www.burmeseclassic.com



''သိခံကလည်းကွာ''

''ငါပြောတာ မဟုတ်လို့လား''

သူငြိမ်နေလိုက်ရပါ၏။ ပြောရင်လည်း ခံရမှာပါပဲ။ သူ့မှာ ချမ်းသာတာဆိုလို့ ဒီပစ္စည်းမဲ့မာနလေးသာ ရှိနေတာပါလေ။ ကိုယ့်သိက္ခာကိုထိန်းပေးတဲ့ ဒီမာနသာ ရှိမနေရင် သူများပေးတာယူ ကျွေးတာစားတဲ့ နင်းပြားဘဝကိုရောက်သွားရမှာပါ။ ဒါကို သူတို့လိုလူတန်းစားကလွဲပြီး ဘယ်သူက မြင်တတ်ပါ့မလဲ။

''အန့်တီရော သားရဲ့ဦးပါ သားကို အန့်တီတို့သားလိုပဲ သဘောထားတာကို သိရဲ့လား မှူးရယ်''

''ကျွန်တော်သိပါတယ် အန့်တီ''

''ဒါနဲ့များတောင် ကိုယ့်အမေကျွေးချင်တဲ့ဆန္ဒကို သားဖြစ်တဲ့သူက ငြင်းကောင်းလား . . . ပြော''

မျက်လွှာချကာ ငြိမ်နေမိ၏။ စကားကြွယ်တဲ့နေရာမှာ အမျိုးသမီးတွေကို သူတို့အမျိုးသားတွေက ဘယ်ယှဉ်လို့ ရပါ့မလဲ။ အစရှိလို့ အနောင်နောင်ဖြစ်လာရတာ မဟုတ်ပါလား။ ဒီလျှာကို ဟင်းကောင်းတွေကျွေးမိရင် နေ့တိုင်းစားနေကျဟင်းတွေကို အရသာမရှိတော့သလို ဖြစ်လာမယ့်ဒုက္ခကို သူသာလျှင် ခံစားရမှာလေ။ ခက်များခက်ပါရဲ့။





''လက်လျှော့လိုက်ပါတော့ မာမီ၊ မှူးဆိုတဲ့ကောင်က ကော်ဖီလက်ဖက်ရည်တိုက်ရင်တောင် လက်ခံတာမဟုတ်ဘူး။ ဒါတောင် ကျွန်တော်က ငယ်သူငယ်ချင်းအရင်းခေါက်ခေါက်ကြီး''

''ဘာတွေငြင်းခုန်နေကြတာလဲဟေ့''

ဦးဦး ဆင်းလာပြီမို့ သူ သက်မကိုခိုးရှိုက်လိုက်မိပါ၏။ တကယ်ဆို ကားကိုသာ သန့်ရှင်းရေးလုပ် စစ်ဆေးပြီး ကားနားမှာသာ ရပ်စောင့်နေသင့်တာပါ။ 'အသွားမတော် တစ်လှမ်း'တဲ့။ ဖိတ်ခေါ်လို့ လှမ်းဝင်မိတဲ့ခြေလှမ်းကို ရပ်လိုက်လို့ ရနိုင်ပေမယ့် ပြန်အန့်ထုတ်လို့မရမယ့် 'အစားမတော် တစ်လုတ်'အဆင့်ကို ထပ်မကျူးလွန်ပါရစေနဲ့လား။

''မနေ့က ကိုယ်သိမ်းခိုင်းထားတဲ့ File ရော၊ အမှန်''

''စာကြည့်ခန်းထဲက အံဆွဲထဲမှာလေ''

''ယူပေးလေ၊ နေနေ . . . အမှန်က ကိုယ်သောက်မယ့်ဆေးပဲ ယူခဲ့။ File ကို မှူးပဲ ယူပေးပါ။ ဟိုကောင် ခုထိ ရေမချိုးဘဲ အပျင်းကြီးနေတုန်းလား''

''ချိုးမှာပေါ့ ဒက်ဒီရာ''

''ချိုးမှာဖြင့် ချိုးတော့လေ၊ သူများတွေက မိုးလင်းတာနဲ့ ရေမိုးချိုး လန်းလန်းဆန်းဆန်းနဲ့ လုပ်ငန်းခွင်ဝင်နေပြီ၊ မင်းက



www.burmeseclassic.com

www.burmeseclassic.com



အိလေးဆွဲပြီး အပျင်းထူနေတုန်း။ ကုမ္ပဏီလုပ်ငန်းကို လိုက်လေ့လာပါဆိုတော့လည်း ပြောလို့ကိုမရဘူး။ သော့ယူသွားလိုက် မှူး စားပွဲအံဆွဲအကြီးထဲမှာ ရှိလိမ့်မယ်၊ File က မီးခိုးရောင်''

''ဟုတ်ကဲ့ပါ ဦး''

ကဲ! ကုမ္ပဏီ MD လို့မပြောရ။ စီမံခန့်ခွဲလိုက်တာ မြန်ပါ့။ အိမ်ထဲမဝင်တော့ဖို့ ဆုံးဖြတ်ပြီးတာမှ ပူပူနွေးနွေးရှိသေး အခုတော့ စာကြည့်ခန်းထဲ ဝင်ခိုင်းနေလေပြီ။ တော်သေးတာပေါ့၊ မီးခံသေတ္တာထဲကငွေတွေ မယူခိုင်းပေလို့ပဲ။

ဦးပေးလိုက်သည့်သော့တွဲကို လက်နှစ်ဖက်ဖြင့် တရိုတသေယူကာ စာကြည့်ခန်း Door Lock ကို လှည့်ဖွင့်ဝင်လိုက်ပါ၏။ သော့တွဲမှာ သော့တံတွေမှာ A,B,C,D စသဖြင့် ရေးထားတာမို့ အံဆွဲကြီးမှာ A ကိုမြင်ရသဖြင့် အလွယ်တကူဖွင့်နိုင်လေသည်။ သော့ကိုလှည့်ဖွင့်လိုက်စဉ် သူ တွန့်ခနဲဖြစ်သွားရပါ၏။

အလိုလေး! ဒီထဲမှာလည်း ငွေတွေ အထပ်လိုက်ရှိနေတာပါပဲလား။ သူပေါ့ပေါ့လေးတွေးမိတာ မှားလေပြီ။ ယုံကြည်တဲ့သဘောလား။ သားဖြစ်သူကိုမခိုင်းတာက သိခ်ဘာလုပ်လုပ် တစ်လွဲလုပ်လေ့ရှိတာမို့ စိတ်မချ၍ မခိုင်းမှန်း သူသိနေပါသည်။ သို့သော် သူ့လိုသူစိမ်းကိုမှ ဘာကြောင့်များ ရွေးပြီးခိုင်းတာပါ





လိမ့်။

အပေါ်ဆုံးထပ်မှာ တင်ထားသည့် File မီးခိုးရောင်ကို အမြန်ယူကာ အံဆွဲတံခါးကို သော့ပြန်ခတ်လိုက်ပါ၏။ အခန်းထဲမှထွက်ကာ စာကြည့်ခန်းတံခါး Lock ကို ပြန်လှည့်ပိတ်လိုက်ပါသည်။

ဦးက ဆေးသောက်နေတာမို့ ခဏစောင့်ရင်း အန်တီ့လက်ထဲသို့ သော့တွဲကိုပြန်အပ်လိုက်ပါ၏။

''ယူခဲ့ သား၊ သွားစို့''

ဦးက ကားရှိရာဆီ သွားနေပြီမို့ စားပွဲပေါ်တင်ထားသည့် ချိုင့်ကို ဖျတ်ခနဲယူကာ အမြန်လိုက်ခဲ့ပါ၏။ ကားတံခါးကိုဖွင့်ပေးလိုက်ပြီး ဦးလက်ထဲသို့ File ကို ရိုသေစွာပေးပြီးမှ ရှေ့ခန်းမှာ သူဝင်ထိုင်လိုက်ရလေသည်။ ဦးက File ကိုဖွင့်ကာ စစ်နေပြီမို့ သူ ကားကိုစက်နှိုးလိုက်ပါ၏။

အန်တီရော သိခ်ပါ အိမ်ရှေ့ထွက်ကာ နှုတ်ဆက်ပေမယ့် ပြန်မကြည့်သည့်ဦးကြောင့် အားနာနေမိသည်။ မေမေဆိုရင်ဖြင့် သားဖြစ်သူ မနက်သွားလည်း အိမ်ဝအထိလိုက်ကြည့်ကာ အပြန်လာမည့်အချိန်ဆိုရင်လည်း ဝရံတာမှာ ထွက်မျှော်နေတတ်တာပါလေ။ သားမျက်နှာကိုမြင်တာနဲ့ တစ်နေ့လုံးပင်ပန်းထားသမျှ



www.burmeseclassic.com

www.burmeseclassic.com



အဆောင်ပြေပြီဆိုပဲ။

ဦးမှာရော ဒီလိုခံစားမှုမျိုး ရှိမနေတာများလား။

❦❦❦



## အခန်း (၄)

ကုမ္ပဏီကား Parking မှ ကားကို နေရာယူ၍ ဝင်ရပ်လိုက်ပါ၏။ ဦးက သူ့လိုပင် စိတ်မြန်သည့်လူကြီးမို့ ကားရပ်သည်နှင့် တံခါးဖွင့်ကာ ဆင်းနှင့်လေပြီ။ သူ ကားသော့ခတ်ကာ တံခါး Lock ချ၍ ကားပေါ်မှခပ်မြန်မြန်ဆင်းလိုက်ရပါ၏။ ကုမ္ပဏီဝန်ထမ်းမဟုတ်သော်ငြား၊ ဦးက လိုရင်လိုသလို ခေါ်နိုင်းတတ်တာမို့ ဦးနောက်နားမှာ အမြဲလိုက်ပါရလေသည်။

Phone ဆီမှ မျိုးကြီး၏ 'ယူလိုက်' သီချင်းကီးလုံးမြည်လာတာမို့ သူ့ကို သိခံ Phone ခေါ်နေပြီမှန်း သိလိုက်ပါ၏။

မြသနာပဲ၊ အခုလေးတင် တွေ့ခဲ့တာတောင် ဘာပြောစရာရှိလို့များ ဆက်ရပြန်တာပါလိမ့်။ ကုမ္ပဏီထဲဝင်နေပြီမို့ သူအကြပ်ရိုက်



www.burmeseclassic.com

www.burmeseclassic.com



သွားရပါသည်။ သိခ်တို့လုပ်လိုက်ရင်ဖြင့် အဲဒီလိုပါလေ။

''ကိုင်လိုက်လေ သားရဲ့၊ သိခ်မဟုတ်လား။ စောစော

စီးစီး သူများအလုပ်ဝင်ပြီကို အားအားလျားလျား ဆက်နေပြန်ပြီ

ကိုင်လိုက် . . . ပြောပြီးမှ အထဲဝင်လာခဲ့''

''ဟုတ်ကဲ့ပါ ဦး''

ဦးက ရုံးခန်းထဲဝင်သွားပြီမို့ သူ Corridor မှာပင် ရပ်

ကာ အင်္ကျီအိတ်ကပ်ထဲမှ Phone ကိုနှိုက်ယူလိုက်ပါ၏။ ထင်

သည့်အတိုင်း သိခ် Phone နံပါတ်ပါပဲ။

''ပြော''

''အားပါး! ကိန်းကလည်း ကြီးလိုက်တာ။ ငါခေါ်တာ

သုံးကြိမ်မြောက်ဖြစ်နေပြီကွ''

''ဟ! ငါ ကုမ္ပဏီထဲရောက်နေပြီ သိခ်ရ၊ မင်းအတော်

ပြဿနာရှာတဲ့အကောင်ပဲ။ OFF ရက်တိုင်း မင်းကို အချိန်ပေး

ထားတာတောင် ဘာလို့ ရုံးတက်ရက်ကို လိုက်လုရသလဲ။ ဟေ့

Father ကြီး ကျိုင်ရှာမှ ဟုတ်ပေ့ဖြစ်နေမယ်''

''ဘာလဲ . . . အလုပ်ပြုတ်မှာ စိုးလို့လား''

''မင်းသိရင်ပြီးတာပဲ၊ အခုပဲတွေ့ခဲ့တာတောင် ဘာပြော

ချင်သေးလို့လဲ . . . ပြော''





''ဟဲဟဲ . . . လွမ်းလို့''

''မင်းကြီးဒေါ်ကြီးလွမ်း . . . ငါနော်''

''ဟင်းဟင်း . . . မင်းဟာလေ ငါ့ဆို ဘယ်တော့မှ စိတ်

ရှည်ဘူး။ မင်းရည်းစားဆိုရင် ဒီလိုပဲ ဆူဆောင့်ပြောမှာပဲလား''

''ဘာ! ဘယ်မှာလဲ ရည်းစား၊ မှုးလို့ရှုစရာတောင် မရှိ

တာကို''

''ဟိဟိ . . . ရည်းစားက ရှုစရာမှမဟုတ်တာ မှုးရ၊

နှိုက်စရာကွ . . . နှိုက်စရာ။ အားရပါးရ နမ်းနှိုက်စရာ''

''ဟာ! ဒီကောင်တော့ ပြဿနာပဲ၊ စောစောစီးစီး ကျက်

သရေတုံးတဲ့စကားတွေ ပြောနေပြန်ပါပြီ။ အရေးပါအရာရောက်

တဲ့စကား ပြောစရာမရှိရင် ဒါပဲ ဟေ့ကောင်၊ ငါ Phone ပိတ်

တော့မယ်''

သူက ပြောလည်းပြောကာ၊ Phone ကို တကယ်ပင်

ပိတ်လိုက်တော့၏။ သိခ်ပြောရုံနှင့် သူ့မျက်နှာတစ်ခုလုံး ရဲသွား

ရတာပါလေ။ ဒင်းက လျှာအရသာခံပြီး ပြောတာမျိုးဖြစ်ပေမယ့်

သူက မရှိသေးသည့်ချစ်သူမိန်းကလေးကိုယ်စား ရက်သွားရတာ

မဟုတ်ပါလား။ ဒင်းမို့ နှမချင်းမစာနာ သူများသားသမီးပျိုလေး

ကို ပြောရဲရတယ်လို့။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်! ဒေါက်!"

"ဝင်ခဲ့. . . ဝင်ခဲ့၊ မှူးရေ"

သူ တံခါးအသာတွန်း၍ ဝင်လိုက်တော့ ဦး၏ PA ကို လင်းမောင်က ပြုံးပြရုံဖြင့် နှုတ်ဆက်လိုက်လေ၏။ အလုပ်ရောက် သည်နှင့် Phone တဂွမ်ဂွမ်မြည်ကာ အလုပ်စရှုပ်နေပြီကိုး။ ဦး က လူကြီးပီပီ နားပါးကာ တံခါးခေါက်သံကို နားထောင်ရုံဖြင့် ဘယ်သူဘယ်ဝါဆိုတာကို ခန့်မှန်းတတ်တာ အံ့ဩစရာပါ။

ဝန်ထမ်းတွေ တံခါးခေါက်သံက ခပ်ပျော့ပျော့ဖြစ်ပြီး သူ့လက်ခေါက်သံက ပြင်းသည်ဟု နောက်မှသိရတာပါလေ။ သူ ပင် သတိမထားမိသည့်ကိစ္စကို ဘာလို့များ သတိထားပြီး သိနေ ရတာပါလိမ့်။ လက်ဖြင့်ပြနေသည်မို့ ဦး Phone ပြောနေသည့် ဘေးမှာ ရပ်လိုက်ရလေ၏။

"OK! ... လေ၊ ဒါဆိုလည်း တစ်ရက်လောက် ဆုံကြ တာပေါ့။ အေးပါ သက်ထွေးရာ၊ အေးအေး. . . မဖြူရော ကျန်း မာရဲ့လား။ တို့မဆုံဖြစ်တာ အတော်ကြာပြီပဲ။ အေး. . . ဒါဆို ဒါပဲနော်၊ See you! သက်ထွေး"

ဦးမျက်နှာက အတော်လေး ကြည်လင်နေပါ၏။ မိတ် ဆွေသူငယ်ချင်းနဲ့ ပြောနေရလို့ထင်ပါရဲ့။ သူ့ဘေးနားရပ်နေတာ





ကို သတိထားမိပြီးမှ ခိုင်းဖို့သတိရသွားပုံပါလေ။

"ဪ. . . မှူး၊ နေ့လယ် အိမ်မှာ ထမင်းချိုင့်သွား ဖြန့် ယူရင်လေ"

"ဟုတ်ကဲ့ ဦး"

"အန်ကယ့် နေ့လယ်ဆေးရော၊ ညနေဆေးပါ ထည့် ပေးဖို့မမေ့နဲ့လို့ သားအန်တီမွန်ကို သတိပေးလိုက်ပါဦး။ ဦးတို့ ညဦးနက်မှာ"

"ဟုတ်ကဲ့"

"ပြီးတော့ မိတ်ဆွေသူငယ်ချင်းမိသားစုနဲ့ ပြန်ဆုံရင် ဘာလက်ဆောင်မျိုးပေးသင့်လဲ၊ နေနေ. . . နောက်မှပဲ အမွန့် ကို မေးတော့မယ်။ ရုံးခွဲကို စာရင်းသွားယူဖို့က ဒီနေ့လား မောင် သင်းပေါင်"

"ဟုတ်ပါတယ် အန်ကယ်"

"ဘယ်နှနာရီလို့ ပြောထားလဲ"

"(၁၁)နာရီလောက်ပါ အန်ကယ်"

"(၁၁)ဆို နီးနေပြီပဲ၊ သွားပြန်ရင် ပြန်နှင့်လေ။ ရုံးခွဲက ပြီးခဲ့တဲ့လ စာရင်းပေါင်းချုပ်ရယ်၊ ဝန်ထမ်းတွေ လစာပေးဖို့ List ရယ်၊ နောက်ပြီး စံပြဝန်ထမ်းရွေးခြယ်ထားတာကိုပါ ယူခဲ့ဖို့ မမေ့



www.burmeseclassic.com

www.burmeseclassic.com



နှင့်ဦး Staff တွေကို Bonus ပေးဖို့တွေလည်းရှိတယ်။ အဲဒါယူ ပြီးမှ အိမ်ကိုလှည့်ဝင်ပြီး ထမင်းချိုင့်ယူခဲ့။ သွားသွား. . . အခုပဲ ဆယ်နာရီထိုးခါနီးနေပြီ''

သူ ဦးရုံးခန်းထဲမှ အမြန်ထွက်ခဲ့ရပြန်ပါ၏။ အရင်ဘဝ တုန်းက ယက္ကန်းစင်မှာ လွန်းဖြစ်ခဲ့လေသလား။ ဒီဘဝမှာလည်း အလုပ်ကိုပြေးလွှားလုပ်နေရတာပါလေ။ Lift ဖြင့် အောက်ထပ် ကို ပြန်ဆင်းကာ ကားရှိရာဆီ ဆက်လျှောက်လာခဲ့သည်။ ကိုယ် ပိုင်ကားမစီးနိုင်ပေမယ့် Boss ကားကိုမောင်းပေးနေရတာမို့ ကား တိုင်းကို သူကျွမ်းကျင်ပိုင်နိုင်စွာ မောင်းတတ်ပါ၏။

ဒီကြားထဲ သူငယ်ချင်းဖြစ်တဲ့သိမ်က မွေးနေ့လက်ဆောင် ရထားသည့်ကားလေးကို မောင်းခိုင်းတတ်တာမို့ Driver ခုံကနေ မထနိုင်သလိုဖြစ်နေရတာပါလေ။ သူ့မှာဖြင့် အချိန်ကို လောက်ငှ အောင် မနည်းကြီးကြိုးစားနေရတာပါ။ သို့သော် သိမ်ကဖြင့် ဘာအလုပ်ကိုမှ မယ်မယ်ရရမလုပ်ချင်ပါဘဲ တစ်နေ့တစ်နေ့ လည် ရင်းပတ်ရင်း အချိန်ကိုဖြုန်းတီးနေတာပါလေ။

ဦးက သိပ်ကြီးအလိုလိုက်တာ မဟုတ်ပေမယ့် နှလုံး ရောဂါသည် အန်တီမွန်က ဒီသားကလေးကို မျက်စိအောက်က အပျောက်မခံနိုင်ဘဲ၊ ပင်ပင်ပန်းပန်း မခိုင်းရက်တာမို့ သိမ်ဟာ





ဖြည်းဖြည်းနဲ့ အပျင်းကြီးတဲ့ကောင်လေး ဖြစ်လာရတာပါပင်။ စ်ခါတစ်ခါ ဦးဆူသလိုပြောရင်လည်း အမေဖြစ်သူက ရှေ့က ကာဆီးကာဆီးလုပ်ပုံကြောင့် သိမ်ဟာ ခုထိကလေးပီပီလေး မှိုနိုချင်စိတ်တို့ဖြင့် ညဏ်စွမ်းတွေ လျော့ပါးလာကုန်ရသလို လေ။

ကလုံခနဲမြည်သံကြောင့် ဒင်း message ပို့ပြီမှန်း သူ လိုက်ပါ၏။ ဒီကောင်ကတော့လေ သူအလုပ်ရှုပ်နေပြီမှန်း သိ ကြီးနဲ့ ပြဿနာရှာပြန်ချေပြီ။ ကားစက်ကိုနှိုးလိုက်ပြီး မမောင်း တ်ခင် message ကိုဖွင့်ဖတ်လိုက်မိသည်။

> ဟေ့ကောင် ! ငါစွံတော့မယ်ကွ၊ မနာလိုမရှိနဲ့

သူပြုံးလိုက်မိ၏။ ဒါကြောင့် ဦး မိတ်ဆွေတွေနဲ့ဆုံဖို့ဖြစ် တာကိုး။ ထားပါတော့၊ ဒီကောင့်ကို မိန်းကလေးနဲ့စေ့စပ်ပေး က ဘာအကြောင်းလဲ။ မိသားစုချင်း ဆုံကြရမှာလေ။ ဒါနဲ့ ဘာကြောင့် သူ့ကို Dinner ကျွေးဖို့ဆိုပြီး ဝတ်စုံဝယ်ပေးရ လဲ။

မဆီမဆိုင် သူက အဲဒီပွဲကို လိုက်စရာလား။ နေဦး၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒီမိန်းကလေးနဲ့သူ့ကို ဆုံစေချင်လို့ တမင်သက်သက် ဖိတ်ချင်တာလည်းဖြစ်နိုင်တာပဲ။ ဟုတ်တာပေါ့၊ ဒီကောင့်ဆီမှာ ကြွားစရာရှိတာ ဒါပဲရှိတာလေ။

အရင်ဆုံး ရုံးခွဲရှိရာမြို့ထဲဘက်သို့ မောင်းလိုက်ရပါ၏။ ယူရမည့်စာရွက်စာတမ်းတွေကိုစောင့်ပြီး ယူခဲ့ရလေသည်။ လက်ကျန်ပြီးဖို့ စာရင်းဇယားတွေ အပြီးသယ်ရပြီကိုး။ လစဉ်ချုပ်ရတာ ကိစ္စမရှိ၊ နှစ်ချုပ်စာရင်းဆိုရင် ကိုလင်းမောင်နှင့်အတူ သူပါ ဝိုင်းကူစစ်ပေးရလေ၏။ အိမ်ကိုသယ်ရတဲ့အခါ ဦးနှင့်အတူ စာကြည့်ခန်းထဲမှာ တစ်နေကုန် စာရင်းစစ်ပေးရတာပါလေ။

တစ်ခါတစ်ခါ သူ့ကိုယ်သူ ဘာရာထူးမှန်းပင် မသိတော့။ ရုံးအလုပ်တွေပါမက အိမ်မှာလိုရင်လည်း အန်တီမွန်ခေါ်တာနဲ့ ဖျတ်ခနဲထသွားရပြီး လုပ်ပေးရတာပါလေ။ ခိုင်းတာတော့ ခိုင်းတာပေါ့လေ၊ သို့သော် သူ့ကိုပခုံးပုတ်ပြီး 'သားက အားကိုးရတယ်'လို့ တစ်ခွန်းပြောရုံနဲ့ မောရတဲ့အမောတွေမှန်သမျှ ပြေသွားရတာ အမြဲလိုလိုပါလေ။

''တီ! . . . တီ!''

ခြံထဲ ကားကိုမကွေ့ဝင်မီခင်-ဟွန်းသံပေးလိုက်ပါ၏။ အိမ်ထဲမှ ဖျော့ရည်ခွက်ကိုင်ရင်း ထွက်လာသည်က သိန်းဖြစ်၏။





လေသည်။ ကြည့်ရတာ Lunch စားပြီးပုံပါပဲ။ နည်းနည်းတော့ စောသေးတာမှန်ပေမယ့် သူက တစ်နေ့လုံးပြေးလွှားနေရတာမို့ ဗိုက်ထဲမှာ ဖြည့်ထားတဲ့အစာမှန်သမျှ လမ်းကြိတ်စက်နဲ့ ကြိတ်လိုက်သလို အမြန်ကျေကုန်တော့တာပါပဲ။

''ငါ့ကို ဘာလို့ message ပြန်မပို့တာလဲ''

''ကားမောင်းနေတာကွ၊ မအားဘူး''

''ကျစ်! မင်း J ဝင်ရင် ဝင်တယ်ပြောစမ်းပါ မှူးရာ''

''အံမာ! အနေသာကြီး ဟောကောင်၊ မင်းဘာသာ မင်းစေ့ပဲစေ့စပ်၊ လက်ပဲထပ်ထပ်၊ ကလေးပဲယူယူ၊ မှူးစစ်ကျော်တို့က အနေသာကြီး''

''တွေ့လား၊ စကားထဲကိုက ဖာတိပြနေတာ''

''ဟယ်! ဘယ့်နှယ် မှူးကို ပြဿနာလိုက်ရှာနေရတာလဲ သားရယ်။ ထမင်းချိုင့်ရပြီ သား''

''ဟုတ်ကဲ့ အန်တီ၊ ဦးက နေ့လယ်ဆေးရော ညဆေးပါ ထည့်ပေးလိုက်ဖို့ မှာလိုက်ပါတယ်''

''ဟုတ်လား၊ ဒီည မောင်ဦးမှာပဲလား''

''ဟုတ်ကဲ့''

''အေးအေး . . . ခဏစောင့်ဦးနော် သား''



www.burmeseclassic.com

www.burmeseclassic.com



အန့်တီက ဦးအတွက် ဆေးသွားယူပေးရန် အပေါ်ထပ်သို့ တက်သွားပါ၏။ သိခ်က သူ့ပခုံးကို လက်လာတင်၍ ကိုင်ထားလေသည်။ တချို့သောသူတွေဆိုလျှင်ဖြင့် ဒီလို ပခုံးပေါ် လက်လာတင်လျှင် မနှစ်သက်ကြ။ ယောက်ျားမ နိုင်စားခံရသည်ဟု အယူသီးတတ်ကြလေ၏။ သူကတော့ ခေတ်လူငယ်မို့ အဲဒီလို မယူဆတတ်ပါချေ။

"သူတို့မိသားစုနဲ့ dinner စားဖို့ date ထားတယ်"

"အင်း"

"မင်းလိုက်ဦးမလား"

"ငါ ဆေးရိုးသည်အဖြစ်မခံနိုင်ဘူး"

"မင်းကလည်း၊ ကောင်မလေးက ဓာတ်ပုံထဲမှာတောင် အတော်လှတာကွ။ ငါ့ Heart Beat တွေ ကမောက်ကမဖြစ်အောင် ပြုစားနိုင်စွမ်းရှိတယ်"

သူပြုံးလိုက်မိပြန်၏။ ဒီကောင်တော့ မျောက်အုန်းသီးရသလိုဖြစ်နေပြီလား။ ဓာတ်ပုံမြင်ရုံနဲ့တောင်မှ ဒီလောက်ရူးချင်နေရင် လူပါတွေ့လိုက်လို့ကဖြင့် မေ့တောင်လဲသွားလေမလား။ ကျောင်းတက်တုန်းကလည်း မိန်းကလေးတော်တော်များများနှင့် ဆုံခဲ့ရပေမယ့် သိခ်နှုတ်က ဒီလိုမျိုးထူးဆန်းတဲ့စကားတွေ တစ်





ခါမှ မပြောခဲ့တာလေ။

"ကြည့်မလား"

"အာ . . . မကြည့်ပါဘူး၊ ရှုပ်ရှုပ်ယှက်ယှက်"

"အံမာ! ဘာကိစ္စရှုပ်ရမှာလဲ၊ ကောင်မလေးက ယဉ်ယဉ်လေး ချောတယ်ကွ။ ဒီရင်ထဲအထိ အေးသွားစေတဲ့အလှမျိုးလေး"

ဘုရား! သူ့ရင်ထဲ ဒိတ်ခနဲဖြစ်သွားပြီး စိတ်ထဲလှုပ်ရှားသွားရပါ၏။ ယဉ်ယဉ်လေးဆိုတာနှင့် အာရုံထဲရောက်လာသည့် မိန်းကလေးကို ကွက်ခနဲမြင်မိလိုက်တာကိုး။ ငါ့နှယ်နော် . . . ဘာမှဆီမဆိုင်နဲ့ ဘာကိုများ စိုးရိမ်တကြီးဖြစ်သွားရပါသလဲ။ တစ်ကြိမ်တစ်ခါလေးသာ မြင်ဖူးခဲ့ပြီး၊ နှလုံးသားဆီမှ တဒုတ်ဒုတ်နဲ့ အခုန်မြန်တဲ့လှုပ်ရှားမှုတွေနဲ့ လှုပ်ခတ်ခဲ့မိတာ။ အမည်မသိ၊ နေရပ်လိပ်စာမသိ၊ ရင်းနှီးမှုမရှိ၊ အမြှုံးချင်ဖလှယ်မှု နတ္ထိနဲ့ မိန်းကလေးကို အဘယ်သို့သော ရေစက်မျိုးကြောင့် စွဲလန်းမိသလို ဖြစ်ရတာပါလဲ။ ထူးဆန်းလေစွ။

"နောက်တော့ပေါ့ကွာ"

"ဘာနောက်တော့လဲ"

"မင်းတို့စေ့စပ်ပြီးတော့ မိတ်ဆက်ပေးပေါ့ကွ"



www.burmeseclassic.com

www.burmeseclassic.com



သိခ်က သဘောကျသလို တဟားဟားရယ်လျက် သူ့ လက်မောင်းကို လက်သီးဖြင့် ခပ်ဖွဖွထိုးလိုက်လေ၏။ ကြည့်စမ်း! ဒီကောင် အဲဒီမိန်းကလေးကို အတော်စွဲလန်းနေပါရောလား။ ဒီလိုရှက်စနိုးအမူအရာမျိုးကို သိခ်ဆီမှာ ဒီလိုမျိုး တစ်ကြိမ်မှ သူ မမြင်ဖူးတာလေ။ သူငယ်ချင်းအတွက် ဝမ်းသာမိသော်ငြား ရင်ထဲမှာတော့ မပေါ့ပါးနေတာ အဆန်းတကြယ်ပါပဲ။

''ငါခေါ်ရင် မင်းမငြင်းရဘူးနော်''

''အေးပါ''

''ရပြီ သားရေ့၊ ဒီမှာပါ''

''ဟုတ်ကဲ့ အန်တီ၊ ကျွန်တော် သွားပါဦးမယ်''

ထမင်းချိုင့်နှင့်ဆေးဘူးလေးကိုယူကာ သူ ကားပေါ်တက်မောင်းထွက်ခဲ့ပါ၏။ ကုမ္ပဏီဆီအပြန်မှ ကားလိုင်းတွေ ကြပ်ရတယ်လို့၊ လက်မှနာရီကိုငုံ့ကြည့်မိတော့ နေ့လယ် (၁၂)နာရီကျော်နေလေပြီ။ ဦးတော့ မျှော်နေတော့မှာပဲ။ ဘယ်ကိုမှ ခြေမရှည်မိပါဘဲ အချိန်က အကုန်မြန်ရတယ်လို့။

''ဟာ . . . ကျွတ်! ''

ရှေ့မှာမောင်းနေလျက် အချက်မပြဘဲ လမ်းဘေးသို့ ချိုးချ၍ ရပ်လိုက်သည့်ကားကြောင့် သူ ကားကိုအမြန်အရှိန်လျှော





၍ break ဖမ်းလိုက်ရပါ၏။ တော်ပါသေးရဲ့၊ နောက်က ကားပါလာလို့ကဖြင့် သူ့ Boss ကားကို နောက်ကနေ ကြုံးလောက်ပြီ။ မြို့ထဲမှာ ဘယ်လိုမျိုး ကားမောင်းတာပါလဲ။ ယာဉ်စည်းကမ်းနားမလည်ဘဲ မောင်းလို့ကဖြင့် ဘေးအန္တရာယ်နဲ့ကြုံမှာကို မသိလေရော့သလား။

''ဟင်! ''

ကားစက်ပြန်နှိုးရင်းမှ ရင်ထဲ ဒိန်းခနဲဆောင့်မြည်သွားရလေ၏။ လမ်းဘေးထိုးရပ်လိုက်သည့်ကားနောက်ခန်းမှ ဦးဆုံးဆင်းလာသည့် ကြိုးသိုင်းဖိနပ်ဖြူဖြူနှင့် ခြေထောက်ဖွေးဖွေးတစ်စုံ၊ အဲဒီနောက် ဖွားခနဲဖြာကျလာသည့် ဆံနွယ်ရှည်များ။ ရင်ထဲထိတ်သွားချိန်နှင့်အတူ ကြားလိုက်ရသည့် ဆည်းလည်းခတ်သံနှယ် ရယ်သံသဲ့သဲ့။

ကားတံခါးကိုပြန်ပိတ်ပြီး ရှေ့ဆီကျလာသည့်ဆံနွယ်တို့ကို နောက်ဘက်သို့ လက်ခုံဖြင့် ပင့်ယူပို့လိုက်သည့် ကောင်မလေး။ ထင်းခနဲမြင်သွားရသည့် မမေ့နိုင်စရာ လှတစ်မျက်နှာ။

ဟုတ်ပါတယ် . . .

သူ Plaza မှာ တစ်ခါကြုံခဲ့ရသည့် မိန်းမချောလေးပါပဲ။ ပါးချိုင့်လေးပေါ်အောင်ပြုံးကာ မျက်လွှာချသွားသည့် ကောင်



www.burmeseclassic.com

www.burmeseclassic.com



[illegible]ကို ငေးခနဲကြည့်နေမိစဉ် နောက်ဘက်ဆီမှ တတီတီဖြင့် ကားဟွန်းသံတွေ ဆူညံကုန်လေတော့သည်။

❀❀❀

## အခန်း (၅)

ပိတ်ရက်ရပြန်ပြီမို့ အိပ်ရာထဲ ဇိမ်နှင့်နှပ်နေမိပါ၏။ အမေကတော့ လစာထုတ်ပြီးသည့်ရက်မို့ ဈေးထဲမှာ ကြာနေပေတော့မည်။ စားစရာအခြောက်အခြမ်းတို့ကို တစ်လစာ ဝယ်ထားတော့မှာကိုး။ နေမြင့်အောင် မအိပ်တတ်ပေမယ့် ဒီရက်ပိုင်း ညတိုင်း ညဉ့်နက်ပြီးမှ အိမ်ပြန်ရောက်ရတာ ရက်ဆက်ဖြစ်နေတာမို့ ပင်ပန်းခဲ့ရတာပါလေ။

သံစုံမြည်လာသည့် Phone ကြောင့် မျက်ခုံးကို ကျုံ့လိုက်မိပါ၏။ မထချင်သေးလို့ပါဆိုနေမှ ဒီ Phone ကိုဖွင့်ထားမိတာ မှားများမှားပြီလား။ ထားပါတော့လေ၊ အလုပ်အတွက်ပေးထားသည့် Phone မို့ ပိတ်ထားလို့မရတာကိုး။

www.burmeseclassic.com



''ဟယ်လို''

''သား နိုးပြီလား၊ ဘာလုပ်နေလဲ''

လူက ဆတ်ခနဲထထိုင်လျက်သား ဖြစ်သွားရပါ၏။ နာရီက မနက် (၉)နာရီကျော်ကို ပြနေပြီပဲ။ အလိုလေး! အန်တီမွန် ဆက်တဲ့အချိန်ကျမှ သူက အိပ်ရာထဲမှာ အပျင်းထုနေရတယ်လို့။

''ဟုတ်ကဲ့ အန်တီ''

''အားနာလိုက်တာ သားရယ်၊ ဒီမှာလေ အိမ်ကမီးဖိုဘာဖြစ်ပြန်တယ် မသိပါဘူး။ မီးမဝင်ဘူးဖြစ်နေလို့ လာကူပါဦးသားရယ်။ ခြံထဲမှာရှင်းဖို့ လူခေါ်ထားတာလည်း ရောက်မလာလို့ အဲဒါ သားတို့ရပ်ကွက်ထဲမှာ လူရှိရင် ခေါ်လာပေးပါဦး''

ကဲ! အဲဒါပဲ. . . အဲဒါပဲ၊ 'မှူးစစ်ကျော်'ဆိုတာ သိခ်တို့မိသားစုအတွက် မရှိမဖြစ် အသုံးလိုတဲ့လူတစ်ယောက်အဖြစ် မွေးလာခဲ့ရတာမဟုတ်ပါလား။ ခြံထဲမှာ ရှင်းစရာရှိရင် သူစိမ်းကိုခေါ်နိုင်းလေ့ရှိပေမယ့် အိမ်ထဲကိုတော့ သူကလွဲပြီး အဝင်မခံတတ်ပါချေ။ ငယ်ငယ်ကတည်းက မွေးစားသမီးနယ် ခေါ်ထားသည့် မိတာကလွဲပြီး ဘယ်သူ့ကိုမှ မယုံရတာကိုး။

''ဟုတ်ကဲ့ အန်တီ၊ ကျွန်တော်လာခဲ့ပါ့မယ်''

''သား. . . အားရောအားရဲ့လား, မှူး၊ အားမှလာနော်





အရေးတကြီးမဟုတ်ပါဘူး။ တော်ကြာ သားရဲ့ဦးသိရင် အဆူခံရဦးမယ်''

''ရပါတယ် အန်တီရယ်၊ အပန်းကြီးတာမှ မဟုတ်တာကို''

အားရမှာပေါ့လေ၊ ဒီမိသားစုရဲ့ကျေးဇူးတရားက သူတို့သားအမိအပေါ်မှာ လည်ပင်းမြုပ်လုနီးပါး တစ်ပုံကြီးရှိနေမှတော့ ခေါ်တာနဲ့ မအားလို့ဘယ်ဖြစ်ပါ့မလဲ။ အိပ်ရာမှ လူးလဲထကာ ရေချိုးလိုက်ရပါ၏။ အမေကတော့ သူ့ OFF ရက်ကိုသိနေတာမို့ တမင်အစောကြီးမနိုးဘဲ ဈေးဝယ်ထွက်သွားတာပါလေ။

''ဟော်တော်. . . ဒါက ဘယ်ကိုလဲ''

''အန်တီခေါ်လို့ပါ အမေ''

''တစ်ခုခုစားသွားဦးလေ သားရယ်''

''နေပါစေတော့ အမေရယ်၊ တော်ကြာ နေမြင့်တော့မယ်''

ဈေးမှပြန်လာသည့်အမေနှင့်သူ အိမ်ပေါက်ဝမှာ ဆုံလေ၏။ အိမ်ထဲလုပ်ရမှာမို့ အိမ်နေဝတ်စုံ တော်ရိလျော်ရိသာ ဝတ်လာခဲ့ပါသည်။ ဟိုရောက်တော့ သိခ်နှင့်ဦးကိုပါ မတွေ့ရဘဲ အန်တီ့အသံကိုသာ ကြားနေရလေသည်။ သားအဖတွေ အပြင်ထွက်



www.burmeseclassic.com

www.burmeseclassic.com



ကြတယ် ထင်ပါရဲ့။

"ဟော! သားရောက်ပြီ၊ အလုပ်သမားရော"

"ပါမလာဘူး အန်တီ"

"ဟောတော်! စတိုခန်းရှင်းဖို့နဲ့ ခြံထဲမှာ နည်းနည်းပါးပါးရှင်းစရာရှိလို့ သားရဲ့"

"ကျွန်တော် လုပ်ပေးပါ့မယ် အန်တီ၊ အလုပ်သမားတွေက ကြိုပြောထားမှ ခေါ်လာလို့ရတာပါ။ ကပ်ပြီးခေါ်လို့မရဘူး အန်တီရဲ့"

"ခက်တာပဲ၊ သားကိုတော့ အဲဒါတွေလုပ်ခိုင်းလို့ မဖြစ်ပါဘူး"

"ဖြစ်ပါတယ် အန်တီရယ်၊ ဘာလို့မဖြစ်ရမှာလဲ၊ ပင်ပန်းတဲ့ကိစ္စမှ မဟုတ်တာကို။ မီးဖိုအရင်ပြင်ပေးမယ်လေ"

"အားနာလိုက်ပါ သားရယ်"

"အားနာရမယ့်သူတွေမှ မဟုတ်တာ အန်တီရယ်"

အန်တီက တကယ့်ကို အားနာပုံဖြင့်ပါ။ မီးဖိုခန်းထဲသို့ဝင်လာကာ လျှပ်စစ်မီးဖိုကို Plug ဖြုတ်၍ သူယူလိုက်ပါ၏။ Coil မီးဖိုမျိုးမဟုတ်ဘဲ သံပြားဖြင့်လုပ်ထားသည့်မီးဖိုမို့ အထဲမှာ ရှာရမည့်ကိစ္စပါလေ။ စတိုခန်းထဲမှ လက်သမားသံသေတ္တာကို





သွားယူလာကာ ဝက်အူလှည့်ဖြင့် မီးဖိုကို စဖွင့်လိုက်ပါသည်။

အထဲမှာဖြစ်နေသည့်ပြဿနာကို ရှာဖွေကာ သူပြင်ပေးလိုက်ပါ၏။ မီးခုံယူ၍ Plug တပ်ကာ၊ မီးဝင်မဝင် စမ်းသပ်ပြီး OK မှ စင်နေရာမှာ ပြန်ထားပေးလိုက်ပါသည်။ မီးဖိုပြင်ပြီးစဉ် အန်တီက သူ့အတွက် စားစရာပြင်ပေးပြီးနေလေပြီ။

"စားလိုက်နော် သား"

"မဟုတ်တာ အန်တီရယ်"

"ဘာမှမစားလာဖြစ်ဘူး မဟုတ်လား။ ဒီလိုမှမကျွေးရင် ဘယ့်နှယ်လုပ်မလဲ။ သားက မုန့်ဖိုးပေးရင်လည်း ယူမှာမှမဟုတ်တာကို။ စားလိုက်စမ်းပါ"

သူ အတော်နေရကြပ်သွားရပါ၏။ မနက်ပိုင်း ထလာရင် ဗိုက်ထဲအဆာဖြည့်ပြီးမှ အလုပ်လုပ်လို့ရတဲ့အကျင့်က ရှိနေတာပါလေ။ စားပွဲထက်ပြင်ပေးထားသည့် မုန့်ဟင်းခါးဟင်းရည်နံ့က အစာအိမ်ကို ကယောက်ကယက်ဖြစ်အောင် နှိုးဆွနေသည့်နှယ် ဆို ပြဿနာပါပဲလားနော်။

"ဘာမှတန်ဖိုးကြီးတာမဟုတ်ပါဘူး သားရယ်။ စားပါ"

လက်မောင်းကို အတင်းဆွဲခေါ်ထိုင်ခိုင်းနေပြီမို့ သူ သက်ပြင်းကိုတ်ရှိုက်လိုက်မိတော့၏။ စေတနာနဲ့ကျွေးရင် သေဆေး



www.burmeseclassic.com

www.burmeseclassic.com



တောင် စားရသတဲ့။ တစ်ခါတလေလေးကနေ အကြိမ်တော်

ပေါင်းများစွာ ဖြစ်လာရင် ဘယ်လိုလုပ်ရပါ့မလဲ။ ဘေစင်မှာ လက်

ကို သေချာဆေးပြီး ခုံမှာဝင်ထိုင်လိုက်စဉ် အန်တီက ပန်းကန်

လုံးထဲသို့ မုန့်ဖတ်နှင့်ညှပ်ခေါက်ဆွဲတစ်ဝက်ဆီ အနေတော်ထည့်

ပေးကာ၊ ဘူးသီးကြော်နှင့် ပဲကြော်ကို ညှပ်တာ ခြေတာလုပ်၍

ထည့်ပေးကာ သူ့ရှေ့သို့ချပေးလိုက်လေသည်။

ဟင်းရည်ပန်းကန်လုံးကြီးထဲမှ ဖွန်းဖြင့်ခပ်ကာ ဘဲဥဖတ်

တွေ ငှက်ပျောအူဖတ်တွေ ဖွေးနေအောင် ဆမ်းထည့်ပေးလေ

၏။ နံနံပင်နှင့်ပဲသီးညှပ်ထားသည့်ပန်းကန်နှင့် အချဉ်ပန်းကန်

ပါ သူ့အနီးသို့ ရွှေ့ပေးလိုက်ပါသည်။

"စားနော် သား၊ အများကြီးရှိသေးတယ်။ အိမ်ပြန်

မမသက်ဖို့ပါ အန်တီထည့်ပေးလိုက်မယ်"

"နေပါစေ အန်တီရယ်"

"ဘာနေပါစေလဲ၊ မိတ်ဆွေဆိုလို့ ဒီလူနဲ့ဒီလူပဲရှိတာ

"စတိုခန်း ရှင်းရမှာဆိုတာ"

"သြော် . . . ကားဂိုဒေါင်ထဲ ရှုပ်ပွနေတာကို ရှင်း

လို့ပါ။ ဂိုဒေါင်ဖွင့်လိုက်ရင် မြင်မကောင်းလို့လေ"

"ရပါတယ် အန်တီရယ်၊ ကျွန်တော်လုပ်ပေးပါ့မ





ဦးထဲရှင်းရမှာကရော"

"အဲဒါတော့ မလုပ်ပါနဲ့သားရယ်၊ မြက်တွေခုတ်ရရှင်း

မှာ။ ပင်ပန်းတယ်"

"ဘာဝသမားပါ အန်တီရယ်၊ လုပ်နိုင်ပါတယ်ဗျာ"

"မလုပ်ပါနဲ့ သားရယ် . . . မမသက် ရင်ဖိနေပါဦးမယ်။

ောတ်တာ"

"အန်တီတို့ ဘာပဲလိုလို ကူလုပ်ပေးဖို့ ကျွန်တော့်ကို

မှာထားပြီးသားပါ အန်တီရယ်။ ဒီလောက်တော့ ဖြစ်ပါတယ်၊

နိုင်ပါနဲ့"

"ခက်တာပဲ"

အန်တီ့မျက်နှာက တကယ့်ကို အားနာနေပုံမျိုးပါ။ ဒီ

စုအရေးကြုံနေရင် ကူညီဖို့က သူ့တာဝန်ပဲမဟုတ်ပါလား။

တုန်းကလည်း (သူငယ်ငယ်ရှိတုန်း) ဒီလိုပဲ ကူညီခဲ့တာပါ

။ ဒီအဖေရဲ့သားကို ခိုင်းလို့ရတာကို အဘယ်ကြောင့် အား

ဖြစ်ရပါသလဲ။

"ခုချိန် ခြံရှင်းရင် နေပူမှာ သားရဲ့"

"ညနေဘက်ပေါ့ အန်တီရယ်၊ အခု ဂိုဒေါင် စရှင်းကြ

ဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ရဲ့လား"

"ဖြစ်ပါတယ် အန်တီရဲ့"

အန်တီက ကားဂိုဒေါင်သော့ကိုဖွင့်ကာ သူနှင့်အတူလိုက်ဝင်ခဲ့လေသည်။ ဂိုဒေါင်အတွင်းပိုင်းမှာ စုပုံနေသည့် သုတ်ဆေးပုံးအလွတ်တွေရော၊ ဆေးရှိတာတွေရော ဖြုတ်စဖြင်းတောင်းအပုံလိုက်ရှိနေပါ၏။ ကားတာယာဘီးအပိုတွေ၊ တခြားကားပြင်ပစ္စည်းတွေက နေရာအနှံ့ ပြန့်ကျဲနေလေသည်။

သူက မလိုအပ်သည့်ပစ္စည်းအပိုတွေကို ဂိုဒေါင်အပြင်ဘက်မှာ လွှင့်ပစ်ရန် အရင်ဆုံးဖယ်လိုက်ပါ၏။ ပြီးနောက် သစ်သားစင်ထက်မှာ ဆေးဘူးတွေကို ကြည့်ကောင်းအောင် စီထားလိုက်ပါသည်။ ကားတာယာတွေကို နံရံဘေးဘက်သို့ လိမ့်ယူကာ စီလျက်၊ ထောင်ထားလိုက်ပါ၏။ သံထည်ပစ္စည်းတို့ကို လက်သမားပစ္စည်းက သပ်သပ်၊ ကားနှင့်ပတ်သက်တာက သပ်သပ်ကန့်ကာ၊ သံသေတ္တာထဲ စီထည့်လိုက်ပါသည်။

ပြီးနောက် အုန်းတံမြက်စည်းအရှည်ဖြင့် ဂိုဒေါင်ကို လှဲကျင်းလိုက်ပါ၏။ အထဲမှာ စက်ဆီနံ့တွေရော ဓာတ်ဆီနံ့တွေပါ မွန်နေတာမို့ ရေပိုက်ဖွင့်ကာ ရေဆေးချလိုက်သလို အန်တီ့ဆီမှ ဆပ်ပြာမှုန့်တောင်းကာ ဖျော်ပြီး တိုက်ချွတ်ဆေးကြောလိုက်တာ





...တားဂိုဒေါင်က ညစ်ပတ်ပေရေမှု ကင်းစင်ကာ သန့်ရှင်း သန့်...နှံသွားတော့လေသည်။

"နားပါဦး သားရယ်"

"ရပါတယ် အန်တီရယ်၊ လုပ်မယ့်လုပ် အပြီးတစ်ခါ...ည်းလုပ်လိုက်တာက ပိုကောင်းပါတယ်။ မြက်ခုတ်ဓားနဲ့ ပေါက်...တို့ ပေးပါ"

မိတ်ာ ယူလာပေးတော့ ဓားက တုံးလိုက်တာမ မပြော...နှင့်။ အရင်ဆုံး ခြံထဲက ရေဘုံပိုင်အနီးမှာ ဓားသွေးကျောက်...ပိုင်ပိုင်နိုင်နိုင်ထိုင်လျက် ဓားကိုထက်မြနေအောင် သွေးလိုက်...သည်။ ပြီးမှ အိမ်ပတ်ဝန်းကျင်မှာ ပေါက်နေသည့်မြို့တွေ မြက်...တို့ကို တမြုန်းမြုန်းဖြင့် ခုတ်ထွင်ရှင်းလင်းလိုက်ပါသည်။ Plastic ...ကြီးဖြင့် မြက်တွေကို ထိုးသိပ်ထည့်ကာ ခြောက်လျှင် မီးရှို့...စေရန် ခြံထောင့်နားမှာ သွားပုံပေးထားလိုက်ပါသည်။

ခြံအလုပ်ပြီးတော့ အန်တီစိုက်ထားသည့် ပန်းအိုးတွေကို...စီပေးရင်း ပန်းအိုးတွေထဲမှ ပေါင်းပင်တွေကို မြင်မကောင်း...နှုတ်ပေးရပြန်လေ၏။ ကြည့်ကောင်းအောင် စီပြီးတော့လည်း...ပါ တစ်ပါတည်းလောင်းပေးရတော့၏။ ရေပိုက်ဖြင့် လောင်း...မို့ သိပ်အပန်းမကြီးလှပါ။ အန်တီနှင့်အတူ စကားတပြော



www.burmeseclassic.com

www.burmeseclassic.com



ပြောဖြင့် ရယ်ရယ်မောမောလုပ်နေမိတာမို့ နာရီကိုပင် မကြည့်ဖြစ်။ ဟွန်းသံပေးကာ ခြံထဲသို့ ကားဝင်လာလေမှ သိခ်တို့သားအဖ ပြန်လာပြီးမှန်း သိလိုက်ပါသည်။ ဦးကားဖြင့်သာ သွားကြတာမို့ ဂိုဒေါင်ထဲမှ သိခ်ကားကို သူသေချာဆေးကြော သုတ်သင်ပြီးမှ ကားကိုပြန်ထည့်ပေးထားတာပါ။

"မှူး ရောက်နေတယ်"

"ဟုတ်ကဲ့ ဦး"

"အမွှန်"

"ရှင်! အစ်ကို၊ လာပါပြီ"

သူက ရေပိုက်ကိုပိတ်လိုက်ပြီး ခြေလက်တွေ ဆေးကာ ရပ်နေမိ၏။ သူ့ခန္ဓာကိုယ်မှ မြက်ခြုံပင်တို့၏စိမ်းရွှေရွှေအနံ့က စွဲနေမှာပင်။ အောက်မှာဝတ်လာသည့် ဂျင်းဘောင်းဘီ (ခြေသလုံးအနားမှာ ဖြတ်တောက်ထားပါ၏)က ရေစိုနေသလို အပေါ်ကဝတ်ထားသည့် ရှပ်အင်္ကျီလက်တိုအောက်နားမှာလည်း ရေစိုလက်ကို သုတ်ထားမိတာမို့ စိုနေလေသည်။

အိမ်ထဲ ခဏလေးဝင်သွားသည့်အန်တီက ဦးတို့ပြန်လာတာကို မသိလိုက်ပါ။ ဦးခေါ်မှပင် အပြေးအလွှားရောက်လာတော့၏။ သိခ်က သူ့ကိုအငေးသားကြည့်နေပါသည်။ ဒီလိုအောက်





ခြေသိမ်းအလုပ်တွေ သူလုပ်ပေးတာကို တစ်ခါမှမတွေ့ဖူးတာကိုး။

"အစ်ကို ပြန်လာပြီလား"

"မင်းကို ဘယ်နှခါပြောရမလဲ၊ မှူး နားရက်လေးရတာကို ခေါ်မခိုင်းပါနဲ့လို့"

"မဟုတ်ပါဘူး အစ်ကိုရယ်"

"ဘာမဟုတ်ရမှာလဲ၊ ဒီလောက် လူအကောင်လိုက်ကြီးခိုင်းနေရတာကို ပြောင်ပြောင်းချင်နေပြန်ပြီ။ အဲဒါပေါ့၊ မင်းတို့မိန်းမတွေကို ခက်တယ်ပြောတာ"

"အဲဒီလိုမဟုတ်ပါဘူး ဦးရယ်၊ ကျွန်တော် ဒီလာရင်းကြုံတာနဲ့ ကူပေးတာပါ"

"မှူးက တမင်တကာကြီး. . . ဒီအိမ်ကိုလာစရာ ဘာအကြောင်းမှမရှိဘူး။ အပိုမပြောနဲ့ မှူးစစ်ကျော်၊ သိခ် Phone ဆက်ခေါ်မှ လာတတ်တာ ဦးသိထားပြီးသား။ မင်း အန်တီဘက်ကလိုက်ပြီး ဖုံးဖိမနေပါနဲ့။ ဒီမယ် အမွှန်၊ မှူးက ငါ့ဝန်ထမ်းဆိုတာမှန်တယ်၊ ဒါပေမဲ့ မင်းရော သိခ်ပါ လိုတာနဲ့ခေါ်ပြီး ခိုင်းလို့ရတဲ့ ဘုံကျွန်မဟုတ်ဘူးကွ"

"ဟာ! ဒက်ဒီ"

"ကျွန်တော်တောင်းပန်ပါတယ် ဦး၊ အန်တို့ကို အဲဒီလို



www.burmeseclassic.com

www.burmeseclassic.com



တော့ မပြောပါနဲ့ဗျာ''

''ဟုတ်ပါတယ် အစ်ကိုရယ်၊ အမှန် Phone ဆက်ခေါ်ပြီး မီးဖိုပြင်နိုင်းမိတာပါ။ ဂိုဒေါင်ရှင်းဖို့နဲ့ခြံရှင်းဖို့ကို အလုပ်သမားသပ်သပ်ခေါ်လာဖို့ မှာပေမယ့်. . .''

''ဘာ!. . . ဂိုဒေါင်ပါ ရှင်းပေးလိုက်သေးတယ်ပေါ့လေ။ ကောင်းကွာ. . . အခုတောင် ပန်းပင်တွေ ရေလောင်းနေတာ မင်းခန့်ထားတဲ့မာလီမို့လား''

သေစမ်း! အန်တီရှင်းလိုက်မှ ပိုဆိုးကုန်တော့တာပါလေ။ ဒီနေ့လုပ်ထားသမျှ အလုပ်တွ အကုန်ပေါ်ကုန်တော့တာပါပဲလား။ သူ့ကိုကလည်း အလုပ်မြန်မြန်ပြီး မြန်မြန်ပြန်ရင် ပြီးပါလျက်နဲ့ စေတနာဗလပွပိုမိကာ ပန်းပင်တွေကို ဆက်ရွှေ့ပေးနေမိတာကိုး။ ညနေစောင်းသွားတာကိုတောင် မသိလိုက်တဲ့အဖြစ်ပါပဲ။

''အခုကရော ဘာဆက်ခိုင်းဦးမှာလဲ''

''ဟိုလေ. . . ထမင်းကျွေးမလို့ ပြင်နေတာ''

''နေစမ်းပါဦး. . . ထမင်းကျွေးမှာက နေ့လယ်စာလား။ ညနေစာလား။ အခု ညနေလေးနာရီခွဲ ရှိနေပြီ''

အန်တီ ပါးစပ်ပိတ်သွားပါ၏။ ကဲ! ပြဿနာ အစဖော်မိရင် တစ်အိမ်လုံး ပွက်လောရိုက်အောင် အသံထွက်တတ်တာ





'ဦးမင်းသိင်္ခ'ရဲ့အကျင့်ပါပဲ၊ သူနှင့်အတူလိုက်ကူပေးနေသည့် အန်တီပါ နေ့လယ်စာ မစားဖြစ်တာကို သူလည်းအသိမဟုတ်ပါလား။ သူ့ကြောင့် အန်တီ အဆူခံရတာကိုတော့ သူမလိုလားပါချေ။

''ညနေ. . . ညနေစာပါ ဦး''

''ဒါဖြင့် နေ့ခင်းက ဘာဟင်းနဲ့စားသလဲ''

''အဲ. . .''

အဲဒါမှ ကိစ္စပြတ်ပါလေရော။ လူကြီးကို ညာလို့မရဘူးဆိုတာ အမှန်ပါလေ။ ဆီးရွက်လေးလောက် ငယ်သွားရသည့် အန်တီ့မျက်နှာကို လှမ်းကြည့်မိစဉ် 'သူများသားသမီးကို ကိုယ်ချင်းမစာမနာ ခိုင်းရသလား'ဟူသည့်ဆူသံက ဆက်တိုက်ထွက်လာလေတော့၏။ အလုပ်ကိစ္စမဟုတ်ပါဘဲ အိမ်မှာလည်း သားလိုနှယ် သူပါ ရောအဆူခံထိရတော့တာပါလေ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၆)

ငြင်းမရတော့ပါလေ။ ရှိသားသည့်လူငယ်လေးအတွက် ဒီသူဌေးကို ဘာတစ်ခုမှ ဖုံးကွယ်ထားလို့မှမရတာကိုး။ ထမင်းဝိုင်းက ဟင်းအမယ်စုံနှင့် စိုစိုပြည်ပြည်ဖြစ်နေလေ၏။ မည်သို့ပင် ခေါင်းခါခဲ့ပါစေ၊ ဒီတစ်ကြိမ်တော့ဖြင့် ဦးကိုယ်တိုင် ခေါ်ကျွေးနေပြီမို့ (နဂိုကတည်းကလည်း ကြောက်ရတာမို့) ထမင်းဝိုင်းမှာ အခန့်သား ထိုင်စားရပါပြီကော။

မနက်စာ ညနေစာပေါင်းပြီး စားရချိန်က ညနေငါးနာရီကျော်ပါ။ ဦးကိုယ်တိုင် ထမင်းလက်ဆုံစားရန် ထိုင်နေပြီမို့ မျက်နှာပူ အားနာလိုက်တာ မပြောပါနှင့်။ သူက ခုချိန်ထိ ရေတောင် ချိုးရသေးတာပါလေ။ ဒီမှာပဲချိုးပြီး သိမ်ဝတ်စုံတစ်စုံဝတ်ရှင်



www.burmeseclassic.com

www.burmeseclassic.com



ချောသော်ငြား သူခေါင်းခါပြလိုက်မိ၏။ လူဆိုတာ စည်းတော့ ထားရမှာမဟုတ်ပါလား။

"စားပါ သား၊ တစ်နေကုန်ပင်ပန်းသွားတာ များများ စား။ သုံးပန်ကန်လောက် မစားနိုင်ရင် နောက်ကို ဒီအိမ်မလာ နဲ့တော့"

"ခင်ဗျာ"

တမင်ရိုက်ပြီးကျွေးတယ်ဆိုတာ ဒါမျိုးဖြစ်မယ်ထင်ပါရဲ့။ ဦးက တကယ်ပင် ခပ်တည်တည်ဖြင့်ပြောတာမို့ သုံးပန်းကန်ကုန် အောင် စားရတော့မှာလေ။ နဂိုကတည်းက ထမင်းများများစား ကျင့်ရှိတာကို သိနေ၍ပဲလား။ အန့်တီက ဦးပန်းကန်ထဲသို့ ဟင်း ဦးဖယ်ကာ သူ့ပန်းကန်ထဲ ဟင်းမျိုးစုံအောင်ကို ထည့်ပေးနေတော့ တာပါလေ။ သိခ်တစ်ယောက်ကဖြင့် ပြုံးစိစိဖြစ်နေတော့လေ၏။

"ဒါလေး ကြိုက်တယ်မဟုတ်လား သား"

"ဟုတ်ကဲ့"

"စားနော် သား၊ အားရပါးရစား"

ဟုတ်ကဲ့လို့ခေါင်းညိတ်လိုက်တာများ မှားပြီလား။ ထမင်း ပန်းကန်ထဲမှာ အပြည့်နီးပါးရှိနေသည့်ဟင်းတို့ကြောင့် သူမျက်လုံး ပြူးသွားရတာပါလေ။ ပဲငံပြာရည်ဖြင့်ချက်ထားသည့် ဝက်သား





သုံးထပ်သားအချို့၊ စပ်စပ်လေး ချက်ထားပါသည့်အမဲသားနှပ်၊ ချင်းနုံ့၊ ကြက်သွန်ဖြူနုံ့နိုင်နိုင်ဖြင့် ချက်ထားသည့် ကြက်သားဆီ ပြန်၊ ဈေးကြီးပေးရသည့် ပုစွန်ထုပ်ဟင်းနှင့် ငါးရံ့ခြောက် ပိုင်း ထည့်ချက်ထားသည့် သီးစုံချဉ်ရည်ဟင်း၊ အရွက်ကြော်ဆို၍ ပန်း ဂေါ်ဖီကို ကြက်ဥခေါက်ရောကြော်ထားတာနှင့် ပုစွန်ခြောက်နှင့် ရောကြော်ထားပါသည့် မှျစ်ကြော်သာ ပါဝင်လေသည်။

သူစားချင်နေတာက စားပွဲအလယ်နားမှာ ရှိနေသည့် တို့စရာအစုံနှင့် ငါးပိချက်ကိုပါ။ ထမင်းပန်းကန်ထဲမှ ဖွန်းခက်ရင်း ကိုမကိုင်သေးဘဲ အကြည့်က အရင်ရောက်သွားတာမို့ သိခ်က ထိုကြွေပန်းကန်ပြားပက်ပက်ကြီးကို ရွှေ့ဖယ်လိုက်တော့၏။ သေ ရော! . . . မှုုးစစ်ကျော်။

"ဟင်းနဲ့ပဲ စား"

"မင်းကလည်း"

"ဟုတ်တယ် သား၊ အဲဒါက အိမ်မှာလည်းအမြဲစားနေ ကျကို။ မစားနဲ့. . . ဟင်းပဲစား၊ ဒီမှာ သောက်ရေ"

ကဲ! စားစမ်း မှုုးရေ့၊ အန့်တီက သောက်ရေကအစ ထည့်ပေးကာ လိုလေသေးမရှိ ကျွေးနေပြီမို့ ခေါင်းငုံ့ကာ စားရ သေတော့၏။ ဟင်းက အရသာရှိတာတော့ အမှန်ပါ။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



သူ့အဖို့က ဝန်ထုပ်ဝန်ပိုးဖြစ်စရာမဟုတ်ပါလား။ ဒီလိုအကောင်းစားတွေသာ စားနေရရင် အမေချက်ကျွေးတဲ့ဟင်းကို မျိုမကျဖှာ စိုးရိမ်လို့ပါလေ။

''သားရတဲ့လစာနဲ့ အိမ်မှာ လောက်ငရဲ့လား''

''ဗျာ! ဪ. . . ဟုတ်ကဲ့ လောက်ပါတယ် ဦး။ အမေက စေ့စေ့စပ်စပ်သုံးတတ်ပါတယ်''

''တကယ်လောက်လို့လား၊ အကယ်၍ မလောက်ရင် လိုအပ်တာရှိရင် ဦးကိုပွင့်ပွင့်လင်းလင်းပြောပါ မျှ။ ဘာမှအားမနာနဲ့''

''ဟုတ်ကဲ့ပါ ဦး''

''သိမ်လည်း အလုပ်လုပ်ဖို့ပြင်ပေတော့၊ နေ့ရှေ့ ညရှေ့နဲ့ အချိန်ဆွဲလာတာ တော်သင့်ပြီ၊ အခု မင်းနဲ့စေ့စပ်ဖို့ မိန်းကလေးမိသားစုနဲ့ဆုံရင် ဘယ်လိုပြောမလဲ။ ဖအေက ကုမ္ပဏီ MD ဖြ ရုံနဲ့ သားက (၁၀၉/၁၁၀)ဆို ငါဘယ်လောက် မျက်နှာပူရလဲ''

''ကျွန်တော်လုပ်မှာပါ''

''ဘာကိုလုပ်မှာလဲ၊ အလုပ်လုပ်တယ်ဆိုတာ လျှာနဲ့လု ရတာမဟုတ်ဘူး။ လက်နဲ့လုပ်ရတာ၊ ဦးနှောက်သုံးရတာမျိုး ရ အဖေ MD ဆိုပြီး ငါ GM ရာထူးရလိမ့်မယ်မထင်နဲ့။ ဘာအရ





အချင်းမှမရှိဘဲနဲ့ အဲဒီနေရာကို လွှယ်လင့်တကူမပေးနိုင်ဘူးမှတ်''

သိမ်မျက်နှာ ရှုံ့တွသွားလေ၏။ ဦးနှင့်စကားပြောရင်းစားနေတာမို့ သူ့ထမင်းတစ်ပန်းကန်ကုန်သွားတာပင် မသိလိုက်။ အန်တီကလည်း လိုက်ပွဲထည့်ထားသည့် Steel ဇလုံဖြင့် အဆင်သင့် လာထည့်ပေးတော့တာကိုး။

''မကုန်လည်း နင့်ဦးကိုကြောက်တာနဲ့ အတင်းမစားနဲ့ဦး''

တီးတိုးအသိပေးလေ၏။ ကဲ! ဘယ်လောက် အလိုက်သိတဲ့ အမေမျိုးပါလိမ့်။ သူကတော့ သူနဲ့ဆက်နွယ်ပြီး (ရှင်းရှင်းပြောရရင် သူနဲ့ယှဉ်ပြီး) အပြောခံရသည့်သူငယ်ချင်းကို အားနာမိတာအမှန်ပါ။ အချိန်တန် 'မာမီ မုန့်ဖိုး'ဆိုပြီး လက်ဖြန့်တောင်းနေကျ သူ့ငွေသား ဘော်ကျော့လေးကို ဘယ်မိခင်က ခိုင်းရက်ပါ့မလဲ။

ကုမ္ပဏီစဝင်တာနဲ့ ရာထူးကြီးမပေးဘဲ အောက်ခြေကဆိုင်းရင် ပြီးပါလေရော။ ကုမ္ပဏီလုပ်ငန်းကို ဘာတစ်ခုမှသိမထားတဲ့ 'မင်းမြတ်သိမ်'အတွက် အခက်တွေ့စရာအခြေအနေပါလေ။ အခုမှ မှုကြိုစတက်တဲ့ကလေးလို ယောင်ချာချာဖြစ်နေရင်တော့ ခက်တော့မှာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



"အလုပ်စဝင်လို့ နားမလည်တာရှိရင် မှူးကိုမေး"

"ဗျာ! ဟာ. . . ဦး၊ ကျွန်တော်က ဘာများတတ်လို့လဲ"

"တတ်ပါသော်ကော မှူးစစ်ကျော်၊ PA မောင်လင်းမောင် လုပ်သမျှတွေ၊ မန်နေဂျာ မောင်မင်းပိုင် လုပ်ရတဲ့လုပ်ငန်းပိုင်းတွေ ဆိပ်ကမ်းမှာ ကုန်သွားထုတ်ရတာမျိုးတွေ၊ Export ပို့ဖို့စီစဉ်ပြီး ပို့ပေးရတာတွေအားလုံးကို မင်းတစ်ခုချင်းစီ လုပ်ခဲ့ရတာမဟုတ် လား"

"ဟုတ်ကဲ့"

"အေး . . . ရုံးခွဲနှစ်ခုကိုကအစ လစာပေးရတဲ့ Pa Check တွေအဆုံး မင်းမလုပ်တတ်တာ ဘာများကျန်သေးလဲ ပြောပါဦး"

"အဲ! . . ."

ဗုဒ္ဓေါ ! ဘယ်လိုလူကြီးပါလိမ့်။ သူ့ကို ရုံးထဲခေါ်ပြီး ဟိုလူက ဒါလုပ်၊ ဒီလူက ဟိုလိုလုပ်ဆိုပြီး သင်ပေးခဲ့သမျှအား လုံးက တကယ့်အရေးကြီးကိစ္စတွေချည်းပါပဲလား။ သူကဖြင့် ဒါ လေး ကူရိုက်ပေးပါဆို၍ Computer ဝင်ရိုက်ပေးလိုက်တာ ဒါကိုပို့ပေးပါဆို၍ Fax ပို့ပေးခဲ့တာ၊ ဒါသွားထုတ်ပါဆိုလို့ ဆိပ် ကမ်းမှာ သင်္ဘောဆိုက်တာနှင့် ပြေးထုတ်ခဲ့ရတာတွေက အလု





ကြီးအလုပ်အကိုင်တဲ့လား။

မျက်လုံးပြူးလျက် ဦးကိုကြည့်မိတော့ တည်ငြိမ်သည့် အကြည့်တို့ကို တွေ့ရလေ၏။ အတည်ပြောနေတာပေါ့လေ။ မှူး စစ်ကျော်ဆိုတာ၊ ဦးရဲ့ကုမ္ပဏီမှာ လခစား ကားမောင်းနေရတဲ့ သာမန် driver လေးမဟုတ်ဘူးတဲ့လား။ ဘာကို ဘယ်လောက် အထိရည်ရွယ်ပြီး ဒါတွေသင်ပေးခဲ့တာပါလိမ့်။

"ကိုယ့်ကိုယ်ကိုယ် ဘာလဲဆိုတာ သိပြီလား မှူး"

"ဦး. . . ကျွန်တော်က"

"မြေကြီးပေါ်မှာ ရပ်နေတာနဲ့ ပြီးမသွားဘူး သား။ လမ်း ဆိုတာ ရှိနေသရွေ့ လျှောက်နေရမှာပဲ။ ဒီလိုပဲ လှေကားဆိုတာ ရှိနေရင်လည်း တက်နေရဦးမှာပဲ။ ကိုယ့်ရည်မှန်းချက်ပန်းတိုင် မရောက်မချင်း မဆုတ်မနစ် ဇွဲလုံ့လ ဝီရိယစိုက်ထုတ်ပြီး လုပ် ဆောင်နေရတာ။ အဲဒါကိုမှ လူလို့ခေါ်တယ်. . . မှတ်ထား။ တစ် နေ့ (၂၄)နာရီမှာ အိပ်ချိန်ကို (၇)နာရီဖယ်လိုက်၊ ဟိုလုပ်ဒီလုပ် အပေါ့အပါးသွားချိန်၊ အဝတ်လဲချိန်က တစ်ရက် (၄)နာရီလောက် ရှိတာ၊ အလုပ်ချိန်က တစ်နေ့ (၈)နာရီဆိုပေမယ့် OT ဆင်းရတဲ့ အချိန်မျိုး (၄)နာရီထပ်ပေါင်းလိုက်ရင် အချိန်ဘယ်လောက်ကျန် လဲ. . . တွက်ကြည့်"



www.burmeseclassic.com

www.burmeseclassic.com



''တစ်နာရီပဲ ကျန်မှာပါ ဦး''

''အေး. . . အဲဒီလောက်ရှားပါးတဲ့အချိန်ကို တန်ဖိုးမထား တတ်တဲ့လူလောက် အသုံးမကျတာ ဘယ်သွားရှာတော့မလဲ''

''အစ်ကိုကလည်းလေ''

သိခ်ကို ဘေးထားပြီး ပြောသလိုဖြစ်နေတာမို့ အန်တီ က ညည်းသလို ပြောလိုက်ပါ၏။ ထမင်းဝိုင်းကလည်း ပြီးနေပြီ မို့ တော်ပါသေးရဲ့။ မိတာနှင့်အန်တီက ထမင်းဝိုင်းသိမ်းချင်နေ ပြီမို့ သူက အလိုက်တသိဖြင့် ဝိုင်းသိမ်းပေးတော့ ဦးက မျက် မှောင်ကြုတ်ပြလိုက်တာမို့ ပြန်ထိုင်လိုက်ရလေ၏။ ပြဿနာပါ ပဲလား။

''မိန်းမတွေအလုပ်ကို မိန်းမတွေပဲ လုပ်လိမ့်မယ် မှူး စစ်ကျော်''

''ကျွန်တော်က အိမ်မှာ အမေ့ကို ကူလုပ်ပေးနေကျ အကျင့်ဖြစ်နေလို့ပါ ဦး''

''ကြားလား သိခ်၊ မျိုးဆီကနေ မင်း သင်စရာတွေ အများကြီးရှိသေးတာ မြင်ပြီလား''

သူသက်ပြင်းခိုးရှိုက်ကာ သူငယ်ချင်းဖြစ်သူကို အားနာ စိတ်ဖြင့် ကြည့်လိုက်မိပါ၏။ သိခ်က နားလည်ရခက်သည့်အပြုံး





မျိုး ပြုံးလိုက်တာကို မြင်လိုက်ရလေသည်။ နာသွားပြီလား။ သူ့ အတွက်ကြောင့်နှင့် သိခ်ကို မနာကျင်စေချင်ပါလေ။

''မှောင်တောင်မှောင်နေပြီ''

''သားပြန်ချင်ပြန်တော့လေ၊ ကူညီပေးတာ ကျေးဇူး အများကြီးတင်ပါတယ် သားရယ်''

''ရပါတယ် အန်တီရယ်၊ အပန်းမကြီးပါဘူး''

''မုန့် မိုးချုပ်နေပြီမို့ ယူမသွားပါနဲ့တော့၊ အချိုပွဲတော့ ထည့်ပေးလိုက်မယ်။ ယူသွားနော် သား''

''ဟုတ်ကဲ့''

အန်တီက စတီးချိုင့်လေးထဲသို့ အုန်းနို့ကျောက်ကျော တစ်အံ၊ ရွှေကြည်ဆနွင်းမကင်း တစ်အံနှင့် သူသိပ်ကြိုက်သည့် ဆန်ဆနွင်းမကင်းဝါဝါလေး တစ်အံ ထည့်ပေးလိုက်လေသည်။ ခြံရှေ့အထိ ပြန်ရန်လိုက်ပို့ပေးသည့်သိခ်ကို သူတီးတိုးပြောလိုက် သည်။

''Sorry!... သိခ်ရာ၊ ငါ့ကြောင့် မင်းအပြောခံရပြီ''

''ရပါတယ်ကွာ၊ ဒက်ဒီက အမြဲဒီလိုပဲဟာ''

''နောက်မှတွေ့မယ်နော်''

''အေးပါ၊ ငါ Phone ဆက်လိုက်မယ်''



www.burmeseclassic.com

www.burmeseclassic.com



"အေး"

သူ သိမ်တို့အိမ်မှ ထွက်လာခဲ့ပါ၏။ ရင်ထဲမှာ အတော်လေး စိတ်မကောင်းဖြစ်ခဲ့ရတာပါလေ။ နေ့စဉ် လာနေကျအိမ်မှာ သူ့အတွက်နဲ့ ဆူညံပွက်လောရိုက်ခဲ့ရတာ မဟုတ်ပါလား။ စိတ်မကောင်းဖြစ်ရပါတယ် အန့်တီမွန်နဲ့ သိမ်ရယ်။ သူက သူတစ်ပါးကို အမြဲကူညီတတ်တဲ့သူ မဟုတ်ပါလား။ အဲဒီလိုလူက သူ့အပေါ် စေတနာထားပြီး ချစ်ခင်ကြတဲ့ မိသားစု၊ အထူးသဖြင့် သိမ်ရဲ့ရင်ထဲမှာ ဆူးတစ်ချောင်းလို စူးဝင်စေမှာကို သူအကြောက်ဆုံးပါလေ။

ညနေစောင်းက အမှောင်ဘက် လုနေချေပြီ။ (၆)နာရီကျော်နေပြီကိုး၊ မိုးငွေ့ရန့်ကို လေအငွေ့မှာ ရလိုက်ပါ၏။ ရွာမယ်ထင်ပါရဲ့၊ ကားနဲ့ဆို ကိစ္စမရှိပေမယ့် ဒီအတိုင်းလမ်းလျှောက်လာရင်တော့ ရွှဲရွှဲစိုတော့မှာလေ။ အခုထိ ရေမချိုးရသေးတာမို့ ခန္ဓာကိုယ်ထဲမှာ ယားကျိကျိဖြစ်နေတာမို့ နေရခက်လာသဖြင့် မော်မကာမ်း လက်နောက်ပစ်ကာ ကျောယား၍ ကုတ်လိုက်မိသည်။

"ကလင်! . . . ကလင်!"

ကပ်ပြီးတီးလိုက်သည့် Bell သံကြောင့် လမ်းဘေးသို့ ကပ်ပေးပေမယ့် ဝိုးခနဲ လေဟပ်ခံလိုက်ရသလို သူ့တံတောင်





ဆစ် ပူခနဲဖြစ်သွားရလေ၏။ ငါတော့ မှောင်ရီပျိုးပြအချိန် စက်ဘီးတိုက်ခံရပြီထင်တယ်။ အတွေးမဆုံးခင် စက်ဘီးက သူ့အပေါ်သို့ ဝုန်းခနဲလဲကျတော့၏။ ထွေးခနဲကျလာသည့်ခန္ဓာကိုယ်က သူ့ကိုလဲကျစေပြီး ပိလာတာမို့ ယောင်ယမ်းဖမ်းလိုက်မိသည်က အရင်ဆုံးပါပဲ။

"အို . . . ကျွတ်! ကျွတ်!"

စုတ်သပ်သံသဲ့သဲ့နှင့်အတူ သူပထမဆုံးသတိထားမိသွားသောက သနပ်ခါးရနံ့။ အဲဒီနောက် ဒုတိယသိလိုက်ရသည်က မှောက်နှာထက် ဖုံးသွားရပါသည့်ဆံနွယ်များဆီမှ Shampoo ရနံ့။ ဒီတော့ တတိယ သူ့ရင်ခွင်ထဲ လဲကျနေသည်က ခပ်နွေးနွေး ဆီအိခန္ဓာကိုယ်လေးကြောင့် မိန်းကလေးမှန်း သိလိုက်ရတာပါပဲ။

ဘုရားရေ! ဘာတွေဖြစ်ကုန်တာပါလိမ့်။ သူ့တစ်သက်မှာ ဆို၍ အမေတစ်ယောက်နဲ့သာ အပြောအဆိုရှိခဲ့ပြီး ဒီလိုမျိုး ချစ်မိမိန်းကလေးတစ်ယောက်နဲ့ လုံးထွေးဖက်ပိုက်မိတဲ့ အဖြစ်အပျက်မျိုးက တစ်ကြိမ်မှမရှိခဲ့တာမို့ လူက ရှိန်းခနဲ ဖိန်းခနဲဖြစ်ကာ အမြန်ကျုံးထလိုက်မိ၏။ လက်ထဲမှချိုင့်ကဖြင့် Platform ပေါ်မှာ တစောင်းလေး လဲကျနေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"အ! နာတယ်"

"ရော်... အောက်မှာပိနေတဲ့လူ ပြောဖို့လည်း ထားပါဦး အမိရဲ့။ မှောင်မှောင်မည်းမည်းထဲ ဒီလိုစက်ဘီးစီးဖို့ ဘယ်သူသင်ပေးလိုက်လဲ။ အန္တရာယ်မသိဘာမသိနဲ့ ဘယ်လိုဟာလေးပါလိမ့်။ ခက်တာပဲ... ကျစ်!"

"စက်ဘီးက မီးလုံးကျွမ်းနေတာ မသိလို့ပါ"

"ကိုယ်မောင်းမယ့်ယာဉ်ကို စစ်ဆေးတတ်ရမှာပေါ့။ ဒီလိုလူမဟုတ်ဘဲ ကားနဲ့ဝင်တိုက်မိရင် တွေးဝံ့စရာတောင် မရှိတော့ဘူး။ ကဲ! ထ... ထ"

"ထလို့မရတော့ဘူး"

"ဟော... ဖြစ်ရပြန်ပြီ၊ ဒီမှာ စက်ဘီးဖယ်ပြီးနေပြီ။ ကိုယ့်အားကိုယ်ကိုးပြီးတောင် ထမရပ်နိုင်ဘူးလား"

"ဟင့်အင်း"

ခက်တော့တာပဲ။ မမြင်မကန်းနဲ့များ ညဘက်ကြီး စက်ဘီးစီးလာရတယ်လို့။ ဒီနေရာက ဓာတ်တိုင်မရှိတဲ့ကြားနေရာမို့ အလင်းက ခပ်မှိန်မှိန်သာရှိနေတာပါ။ တံတောင်ဆစ်နေရာမှ မျက်ခနဲဖြစ်သွားရတာမို့ သူ့ဒဏ်ရာရသွားပြီမှန်း အတတ်သိလိုက်ပါ၏။ သို့သော် သူ့ကိုတိုက်မိသည့်ကာယကံရှင်ကို ထူပေးဖို့ကိုပဲ





အရင်လုပ်ပေးရမှာလေ။

"ထ... ထ... ထူပေးမယ်"

"အား... ကျွတ်! ကျွတ်! အရမ်းနာနေပြီ။ ခွေး ခြေထောက် ကျိုးသွားပြီလား မသိတော့ဘူး"

လက်မောင်းနှစ်ဖက်မှ ဆွဲယူထူလိုက်မိစဉ် ခပ်ညည်းညည်းလေး ပြောလိုက်သည့်မိန်းကလေးကို သူငုံ့ကြည့်လိုက်မိစဉ် ရင်ထဲမှာ ဒိန်းခနဲဆောင့်မြည်သွားရလေ၏။

ဘုရားရေ!... ဒါ... ဒါ... သူ ဟိုတလောလေးက တစ်ကြိမ်နှစ်ခါ အမှတ်မထင် တွေ့လိုက်ရတဲ့ မိန်းမချောလေးပါလား။

တအံ့တသြဖြင့် ငေးကြည့်နေမိစဉ် မိန်းကလေးက သူ့လက်မောင်းကို အားကိုးတကြီးဖြင့် အတင်းဆုပ်ကိုင်လျက် မှီရပ်လိုက်လေ၏။ ခြေထော့နဲ့ထော့နဲ့ဖြစ်နေတာမို့ ခြေထောက်နာသွားပုံပဲ။ ဆံပင်ရှည်တွေကို ဖယ်လိုက်မှ မျက်နှာလေးကို ရှင်းရှင်းလင်းလင်းမြင်ရတော့တာပါလေ။

အလိုလေး! ဘယ်နတ်ဒေဝါတွေကများ ဒီလိုဖြစ်အောင် ဖန်ဆင်းပေးလိုက်တာပါလိမ့်။ ဘယ်လိုမှဆုံနိုင်စရာအကြောင်းမရှိတဲ့ ကောင်မလေးက ယခုတော့ဖြင့် သူ့လက်မောင်းကို ပိုင်ပိုင်

www.burmeseclassic.com



[illegible]ဆုပ်ကိုင်နေတဲ့အဖြစ်ပါလေ။

နှလုံးသားတစ်ခုလုံး ပြောင်းဆန်အောင် လှုပ်ရှား ခုန်ပေါက်အောင်မှ လာပြုစားနေရတယ်လို့။

မင်းဘယ်သူလဲ ကောင်မလေးရယ် . . .

## အခန်း (၇)

“ဒီလိုပဲ ရပ်ကြည့်နေတော့မှာလား”

“ဟင်! ဘာကိုလဲ”

“ရွေးကိုမကူညီဘဲ ကြည့်နေတော့မှာလားလို့ မေးတာဆ”

သေစမ်း! သူ ဘယ်လောက်ကြာအောင် ငေးမိနေမှန်း ဆီမှ ကောင်မလေး၏မျက်စောင်းလှလှလေးနှင့် ပြုံးတုံ့တုံ့လေး [illegible]သွားဟန်ဖြင့် စကားသံကြောင့် ရုတ်တရက် သတိဝင်သွားရ[illegible]သည်။ အရက်တော့ ဟက်တက်ကွဲပါရောလား။ ဘယ်မိန်း[illegible]လေးကိုမှ ယခုလို တမေ့တမောငေးမကြည့်ခဲ့ဖူးတာလေ။ သူ့[illegible]နှာ ဖျန်းခနဲ ရဲသွားရလေ၏။





www.burmeseclassic.com

www.burmeseclassic.com



"ဘာ. . . ဘာဖြစ်သွားလဲ"

"ခြေထောက် အရမ်းနာနေတယ်၊ ထောက်လို့မရတော့ဘူး"

"ဒါဖြင့် ဆေးခန်းသွားရမှာပေါ့"

"ဆေးခန်းက ဘွားတို့လမ်းထိပ်မှာရှိတယ်။ လိုက်ပို့ပေးမယ် မဟုတ်လားဟင်"

မျက်လုံးလေး ထောင့်ကပ်မေးလိုက်ဟန်က အပိုင်ပါပဲ။ မြတ်စွာဘုရား! ကယ်တော်မူပါ။ ရင်ဘတ်ကြီးထဲကနေ နှလုံးသားတစ်ခုလုံး ခုန်ပေါက်ထွက်လာမတတ် အကြီးအကျယ်ဖြစ်ကုန်ပါပြီလား။ မှူးစစ်ကျော်ကို ဒီလိုအရူးအမူးစိတ်ခံစားမှုတွေ ဖြစ်တည်လာအောင် ဒီမိန်းကလေးက အစွမ်းထက်လှချည်လား။

"ဟင်. . . လို့"

"အင်း. . . အင်းပါ၊ ပို့ပေးရမှာပေါ့။ တက်. . . တက်"

"သူ့ချိုင့်ကိုရော"

"ဟုတ်သားပဲ"

တုံးလုံးလဲနေသည့် Steel ချိုင့်ကိုကောက်ကာ စက်ဘီးခြင်းထဲသို့ ထည့်လိုက်ပါ၏။ စက်ဘီးက မိန်းမစီးဘီးမို့ အတော်လေး နှိမ့်နေလေသည်။ သူခြေထောက်၍ စက်ဘီးကိုင်ကာ





ရပ်နေစဉ် ကောင်မလေးက နောက်ခုံမှာ တက်ထိုင်လိုက်ရင်း သူ့ Shirt အင်္ကျီစကို ခပ်တင်းတင်းလေး ဆုပ်ကိုင်ထားလိုက်လေ၏။ နှင်းပေတော့ မှူးစစ်ကျော်၊ အာကာသထဲ လွင့်နေတဲ့ ဒုံးကျည်လို အလျှင်နဲ့ နှင်သာနှင်ပေတော့။

"ရောက်တော့မယ်နော်"

"ဟင်! ဘာလဲ"

"ရှေ့နားက လမ်းထိပ်မှာလေ၊ ဆေးခန်းက"

"သြော်"

သူ ဘီးကို Break ဖမ်းလိုက်ပြီး ဆေးခန်းရှေ့မှာ ရပ်လိုက်ပါ၏။ ခုံတန်းမှာ လူနာတွေရှိနေဆဲမို့ စောင့်ရဦးမှာပါလား။ စက်ဘီးကို ဆေးခန်းဘေးနားမှာ ထောင်ထားလိုက်ပါ၏။ ကောင်မလေးကိုတွဲကာ ခုံတန်းရှည်ထောင့်နားမှာ ထိုင်စေလိုက်ပါ၏။ သူတို့နှစ်ယောက်ကို အကဲခတ်သလို ကြည့်နေသည့်လူတွေ၏ အကြည့်ကို ရင်မဆိုင်ဝံ့ဘဲ မျက်နှာကို ခပ်လွှဲလွှဲထားလိုက်မိလေသည်။

"နာမည်ဘယ်လိုခေါ်လဲဟင်"

"ဗျာ! ကျွန်တော်လား"

"အင်းပေါ့"



www.burmeseclassic.com

www.burmeseclassic.com



'ငါ'လို့ ရင့်ရင့်သုံးခဲ့မိပြီး 'ကျွန်တော်'ဟု ရိုရိုသေသေ ပြောလိုက်မိတာမို့ ကောင်မလေးက ပြုံးပြီးခေါင်းညိတ်ပြလေ ခွက်ခနဲချိုင့်ဝင်သွားသည့် ပါးချိုင့်လေးကို သူ ငေးခနဲကြည့် သွားရပြန်ပါသည်။ ဒုက္ခပါပဲ၊ သူတော့ ကြာကြာနေရင် ဒီမိန်း ကလေးနဲ့ပတ်သက်ပြီး နှလုံးရောဂါရတော့မှာပါလားနော်။

''မှူးစစ်ကျော်ပါ''

''မှူးစစ်ကျော် . . . နာမည်လေးက လှလိုက်တာ။ သူ လည်း လိုက်တယ်။ နွေးနာမည်လည်း မှတ်ထားပေးဦးနော် နွေးသဒ္ဒါဖြူတဲ့''

ကြည့်စမ်း! ဘယ်လောက်နွေးထွေးလှပလိုက်တဲ့နာမည် လေးပါလဲ။ ရင်ထဲထိတိုင် နွေးသွားစေတဲ့အကြည့်နွေးနွေး ကိုက ဒီမိန်းကလေးနဲ့ အင်မတန်ကိုမှ လိုက်ဖက်လွန်းတာပါ လေသံထဲမှာကိုက တစ်ဖက်သားအပေါ်မှာ ပျူငှာနွေးထွေးသ အရိပ်တွေ လွှမ်းခြုံနေတာမဟုတ်ပါလား။ ထူးဆန်းလေစွ။

''နွေးကို သိနေတာလားဟင်''

''ဘယ်လို . . . ဟင့်အင်း . . . မသိပါဘူး''

''အဲဒါဆို ဘာဖြစ်လို့ လူကိုမြင်တာနဲ့ သိနေသလို ကြည့်နေရတာလဲ''





''မကြည့်ပါဘူး''

''ညာတယ်နော်၊ နွေးက လိမ်ညာတာမျိုးဆို သိပ်မုန်း တာ''

ဘုရားရေ! သူတော့ ပြဿနာအကြီးကြီးတက်တော့မှာ ပါပဲ။ Power ဘယ်လောက်နဲ့များ ကြည့်နေမိလို့ ဒီမိန်းကလေး ရိပ်မိသွားရတာပါလိမ့်နော်။ တကယ်မသိတာအမှန်ပါ 'နွေးသဒ္ဒါ ဖြူ'၊ ဒါပေမဲ့ ဟိုးနှစ်ပေါင်းများစွာက ခင်မင်ရင်းနှီးခဲ့ဖူးသလိုမျိုး ရင်ထဲမှာဖြစ်တည်နေခဲ့တာ ဘာကြောင့်ပါလဲ။ တစ်ကြိမ်တစ်ခါ မှ မဖြစ်ခဲ့ဖူးတဲ့ လှိုက်ဖိုလှုပ်ရှားလာတဲ့ခံစားမှုကို မင်းမသိမမြင် စေရအောင် ဖုံးဖိသိုသိပ်စွာ နေရတာလောက် ခက်ခဲတာမရှိတော့ ပါလေ။

ဘယ်လိုဖြစ်ကုန်တာပါလိမ့်။ သူ့ဘဝမှာ အမေရယ်၊ ...ရယ်၊ အချိန်ရယ်၊ အလုပ်ရယ်ဆိုပြီး အကန့်လေးကန့်သာ ခွဲ ...ပါလျက်နဲ့ ဤမိန်းကလေးက ဘယ်ကနေ ဘယ်လိုဖြစ်ပြီး ...ခန်းတစ်ကဏ္ဍက ပါဝင်လာခဲ့ရတာပါလိမ့်နော်။ မညာတတ် ... မှန်ပေမယ့် 'မှသားမပါ လက်ာမချော'ဆိုတဲ့စကားပုံအရ ...ကိုအသုံးပြုတတ်ရတာကို ဒီကလေးမ မသိဘူးထင်ပါရဲ့။

''မြင်ဖူးလို့ပါ''



www.burmeseclassic.com

www.burmeseclassic.com



''ဘယ်မှာမြင်ဖူးတာလဲ''

ပြောလိုက်ရမလား။ မှန်တာပြောတာပဲလေ၊ တကယ်ကို နှစ်ကြိမ်မြင်ဖူးခဲ့ရပြီး ဒီတတိယအကြိမ်မှာတော့ မျက်ဝါးထင်ထင် နီးနီးကပ်ကပ် ပွေ့ပွေ့ပိုက်ပိုက်ပုံစံမျိုးနဲ့ တွေ့ရတော့တာလေ။ မိန်းကလေးက စိတ်ထဲဘယ်လိုနေမည်မသိ၊ သူ့မှာဖြင့် စိတ်လှုပ်ရှားနေတာကို မနည်းကြီးထိန်းမတ်နေရတာပါလေ။

''ပြောလေ''

''ပထမတစ်ခါက Plaza မှာ ဈေးဝယ်နေတုန်းတွေ့တာ နောက်တစ်ခါက Cofe ဆိုင်ရှေ့ ကား Parking ထိုးနေတုန်း မြင်တာ''

''ဒါဖြင့် အခုက တတိယအကြိမ်ပေါ့လေ၊ ဟုတ်လား''

သူခေါင်းညိတ်ပြတော့ ကောင်မလေးက သဘောကျသည့်နှယ် ပြုံးတုံ့တုံ့လေး လုပ်နေလေ၏။ ခက်တာပဲ၊ ဆန့်ကျင်ဘက်လူတစ်ယောက်ကို မထင်မှတ်တဲ့အချိန်၊ မထင်မှတ်တဲ့နေရာမှာ မှတ်မှတ်ရရ တော့တော့ဆိုင်ဆိုင် ထူးထူးခြားခြားမျိုး သုံးကြိမ်သုံးခါတွေ့ခဲ့ရင် အဲဒါ ကိုယ့်ရဲ့ဖူးစာရှင်ပဲတဲ့။ စာအုပ်ထဲဖတ်ဖူးတာကို တွေးလိုက်မိတာမို့ သူမျက်နှာပူသွားရတော့၏။ သူ့အတွေးထဲ ဝင်ကြည့်ပြီး မြင်သွားရင်တော့ ရှက်တာနဲ့ လဲသေဖို့ပဲ ရှိတော့





တာပါလေ။

''တိုက်ဆိုင်လိုက်တာနော်၊ နွေးက ရွှေတောင်ကြားလမ်းမှာနေတာ။ ဒီမှာ ဘွားဆီမှာ နှစ်ရက်လာနေတုန်း သူနဲ့အမှတ်မထင်ဆုံတာလေ။ အသက် ဘယ်လောက်ရှိပြီလဲဟင်''

''အသက်''

''အင်း''

''(၂၆)ထဲမှာပါ''

''ဟုတ်လား။ ဒါဖြင့် နွေးထက် သုံးနှစ်ကျော်ကြီးတာပေါ့။ နွေးက 'ကျော်'လို့ခေါ်ရင် ဖြစ်မလားဟင်''

''ဗျာ! ''

အမယ်လေး! ရင်ထဲမှာ မီးရထားဆယ်စီးလောက် ခုတ်မောင်းသွားသလို တုန်လှုပ်သွားရလေ၏။ 'ကျော်'တဲ့။ နာမည်ကို အဖျားဆွတ်ခေါ်ဆိုခွင့် တောင်းနေပါပေါ့လား။ ကံဇာတာတွေ ဘယ်ကနေ ဘယ်လိုတက်လာတာပါလိမ့် မှူးစစ်ကျော်။

''ဘာလဲ၊ သူ့ကောင်မလေးက အဲဒီလိုခေါ်တာမို့ မကြိုက်ဘူးလား''

''အာ. . . ဘာကောင်မလေးမှ မရှိပါဘူး''

ခပ်မြန်မြန်ရှင်းပြကာမှ မှားပါလေရော။ မိန်းကလေးက



www.burmeseclassic.com

www.burmeseclassic.com



သူ့အမူအရာကိုကြည့်ရင်း တခစ်ခစ်ရယ်နေတော့တာပါလေ။ ဟန်မဆောင်တတ်တဲ့လူကို စကားအစ်ပြီး မေးရတယ်လို့။ အပြစ်ကင်းစင်လွန်းသည့်မျက်နှာလေးကို ငေးမဝသလို ကြည့်မိနေမှန်းသိနေပေမယ့် ဘယ်လိုမှ ကျွန်ုပ်ဆည်လို့မရတာကိုး။

ထိတွေ့မှုတစ်ကြိမ်မှမရှိ၊ အကြည့်ချင်းဆုံတာမျိုးလည်း တစ်ခါမှမကြုံ။ အရိုင်းသက်သက်နှလုံးသားကို မည်သို့သောလက်နက်ဆန်းမျိုးနဲ့ အမိန့်ပေးစေခိုင်းနေရတာပါလိမ့်။ 'နွေး'. . .တဲ့ အကြည့်နွေးနွေးလေးတွေက မျက်ဆံနက်နက်လေးဆီမှ ဖြာထွက်လာသလို ရင်ထဲထိတိုင် နွေးထွေးသွားစေတာကို မင်းကိုယ်တိုင်တောင်မှ သိပါရဲ့လား။

"ရိုက်တောင်မှ မစစ်ရပါလားနော်"

"နောက်တစ်ယောက်"

"ဝင်ကြမယ်လေ၊ နွေးကို တွဲကူပါဦး"

ဆေးခန်းက လူကုန်လုနီးပါးပါပဲ။ သူမကိုတွဲပြီးဝင်တော့ ဆရာဝန်က အမျိုးသမီးဒေါက်တာမို့ တော်ပါသေးရဲ့။ အလို ဘယ်လိုဖြစ်ပြီး သူမအပေါ်မှာ စိတ်မချနိုင်သလိုဖြစ်လာရတာလိမ့်။ ထူးဆန်းလေစွ မှူးစစ်ကျော်။

"ဘာဖြစ်လာတာလဲ"





"စက်ဘီးလဲတာပါ ဒေါက်တာ"

"သြော် . . . မကြီးမငယ်နဲ့ဖြစ်ရလား၊ သွေးတော်တော်ထွက်နေတာပဲ။ Dressing လုပ်၊ ဆေးပါထည့်ပေးရမှာ"

"ဗျာ ! နွေးခြေထောက် တကယ်ပဲ သွေးထွက်နေပြီလား"

"မထွက်ပါဘူး ကျော်ရဲ့"

"ကျွန်မက ရှင့်ကိုပြောနေတာပါ ကိုဖိုးသဲရယ်။ ကိုယ့်လက်ကွဲသွားတာကိုမသိဘဲ သူကပဲ ကလေးမကိုစိတ်ပူနေတယ်"

"ဟို . . . ဟို"

"သူ့ကိုနောက်မှ ကုပေးလို့ဖြစ်ပါတယ်။ ရှင်က သွေးထွက်နေတဲ့လူနာမို့ အရင်ကုပါရစေ။ ဒီမှာ လာထိုင်လိုက်ပါ"

အခုမှ သူ့တံတောင်ဆစ်ကို ငုံ့ကြည့်လိုက်မိ၏။ တကယ်ပဲ ကွဲသွားတာပါလား။ ဒေါက်တာကပင် သူ့ကို 'ကိုဖိုးသဲ'ဟုခေါ်လိုက်တာမို့ အတော်လေး မျက်နှာပူသွားရပုံ၏။ အမူအရာတွေ သိပ်များသိသာနေပြီလား။ သေစမ်း! မှူးစစ်ကျော်၊ ဘာအလုပ်ဆို အထစ်အငေါ့မရှိ အဆင်ပြေပြေနဲ့ လုပ်ဆောင်နိုင်ပါလျက် ကလေးနဲ့ပတ်သက်လာလျှင် ဘာကြောင့် ထိန်းသိမ်းလို့မရ ထားလို့မရတာပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



"စပ်လားဟင်"

"ယောက်ျားပဲ သမီးရယ်၊ တောင့်ခံနိုင်ရမှာပေါ့။ တော်တော်လည်း လိုက်ဖက်ကြတဲ့ကလေးတွေ။ အားကျလိုက်တာနော်"

"ဟာ! ဒေါက်တာ၊ မဟုတ်ဘူးခင်ဗျ"

"ဘာကိုမဟုတ်တာလဲ၊ ဒီလောက်သိသာနေတာကို မှန်လာဥက လုပ်ချင်သေးတာကိုး။ ကဲ! ရပြီ၊ သမီးခြေထောက်က ဘယ်လိုဖြစ်တာလဲ"

သူက လက်တကာကာဖြင့် ရှင်းပြနေသလောက် သူမကဖြင့် မငြင်းဘဲ ပြုံးရုံလေးသာ ပြုံးနေတော့တာပါလေ။ ရှော်ပြဿနာပဲ။ တကယ်ဆို ဒီလိုစွပ်စွဲတာမျိုးကို မိန်းကလေးကသာ စိတ်ဆိုးရမှာလေ၊ အခုတော့ဖြင့် သူက ပြောင်းပြန်ဖြစ်နေပါပေါ့။ စေတနာပါစွာဖြင့် ဆေးကုပေးနေသည့်ဒေါက်တာ့ကိုတော့ ကျေးဇူးတင် လေးစားမိပါရဲ့။ ဒီလိုကြီးထင်တာကိုဖြင့် စိတ်ထဲ ပူပန်နေမိတာကဖြင့် အမှန်ပါလေ။

"သုံးလေးရက်လောက် ခြေထောက်ကို အားမစိုက်နဲ့နော်။ အရိုးအက်မသွားတာဘဲ ကံကောင်းတယ်။ ရပါပြီ၊ အနာမရင်းအောင် အညှော်ရှောင်ရမယ်နော်။ ဆေးလည်းသောက်





ယ်၊ ဒါက ကောင်လေးအတွက်၊ ဒါက သမီးအတွက် လိမ်းဆေး၊ နာမည်ရယ် အသက်ရယ် ပြောကြဦး"

သူမက ဆေးတွေယူကာ နာမည်စာရင်းပေးနေစဉ် သူက ပိုက်ဆံအိတ်ကို ဘောင်းဘီအိတ်ကပ်ထဲမှ ထုတ်လိုက်ပါ၏။ ထိုက်တာက သူမ၊ ခံရတာက သူ၊ လိမ်းဆေးပဲ ယူရတာက သူမ၊ သောက်ဆေးပါ ယူရတာက သူလေ။ ကောင်းရော!

"ငွေး ပေးမှာနော်၊ ကျော် ပေးစရာမလိုဘူး"

"မဟုတ်တာ"

"ငွေးဆီကပဲ ယူပါ ဒေါက်တာ၊ ငွေးက စက်ဘီးနဲ့ ကျော်ကိုတိုက်မိသွားရတာပါ"

"စက်ဘီးနဲ့မို့ တော်သေးတာပေါ့၊ ကားနဲ့ဆို မလွယ်ဘူး ကောင်လေးရေ့"

ဒေါက်တာနှင့်အတူ ရယ်လိုက်မိကြပါ၏။ စိတ်ချမ်းသာတယ်ဆိုတာ ဒါမျိုးကိုခေါ်တာထင်ပါရဲ့။ ဒေါက်တာ့ကိုနှုတ်ဆက်ပြီး သူမကို စက်ဘီးထက်တင်ကာ ထွက်ခဲ့ကြပါ၏။ သူမညွှန်ပြသည့်လမ်းအတိုင်း အထဲကိုဝင်ခဲ့ရလေသည်။ လမ်းမီးတွေ ထွန်းထားတာမို့ ထိန်ထိန်လင်းနေတာပါပဲ။

"ရောက်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



ခြံရှေ့မှာ စက်ဘီးကိုရပ်ပေးလိုက်ပါ၏။ လရောင်က သူ့တို့အပေါ်တည့်တည့်မှ သာနေတာမို့ သူမမျက်နှာလေးကို ထင်ထင်ရှားရှားမြင်နေရလေသည်။ စက်ဘီးကိုပေးတော့ သူမက အပြုံးနှင့် အားနာစကားဆိုလေ၏။

"ကျေးဇူးအများကြီးတင်ပါတယ် ကျော်၊ အခုလို ဆေးခန်းရောအိမ်ကိုပါ ရောက်အောင်ပို့ပေးတဲ့အတွက်ပါ"

"ရပါတယ်"

"စက်ဘီးနဲ့တိုက်မိတဲ့အတွက် အနူးအညွတ်တောင်းပန်ပါတယ်နော်။ ခွင့်လွှတ်ရဲ့လား"

သူက Steel ချိုင့်ကိုသာကိုင်လျက် ငုံ့နေတာမို့ ပြန်မဖြေမိပေ။ 'ဆိတ်ဆိတ်နေခြင်းက ဝန်ခံခြင်းမည်၏' တဲ့။ ဒါကို သူမလည်း သိနေမှာပါလေ။ ရုတ်တရက် သူ့ရှေ့သို့ လက်ဆန့်ပေးလာတာမို့ အံ့ဩသွားမိရလေ၏။ ဘာသဘောနဲ့ပါလိမ့်။

"ခွင့်လွှတ်တယ်ဆိုရင် မိတ်ဆွေအနေနဲ့ နှုတ်ဆက်ကြမယ်လေ။ ရတယ်မဟုတ်လား"

သူ ခေါင်းကိုဆတ်ခနဲညိတ်ပြလိုက်ပြီး သူမလက်နုနုလေးကို အားနာစွာဖြင့် ဆုပ်ကိုင်လိုက်မိပါ၏။ အို! နူးညံ့လိုက်ပါဘိ။ ဝါဂွမ်းဆိုင်လေးကို ထိကိုင်ရသလိုလေးပါလေ။





ဘယ်လိုမိဘတွေကများ ဒီလို သိမ်မွေ့နူးညံ့လှပလွန်းတဲ့သမီးလေးမျိုး မွေးထားပါလိမ့်နော်။ သိမ့်ခနဲတွေးသွားရတဲ့ ခံစားမှုနှင့်အတူ နှမြောတသစွာဖြင့် သူမလက်ကလေးကို လွှတ်ပေးလိုက်စဉ် ရင်ထဲ လစ်ဟာသွားရသည့်နှယ် ခံစားလိုက်ရလေခဲ့ ငါတော့ ကောင်းကောင်းကြီးဒုက္ခရောက်ပြီထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com

## တန္တာရရပ်ခွင်

မင်း... ငါ့ကို
ကျောပေးလိုက်ပြီဆိုကတည်းက
ငါ့နလုံးသား
တစ်စစီကြွေပြီး မြေခသွားရတာပါ...
ရင်ကွဲတယ်ဆိုတဲ့
ဝေဒနာဆိုးမျိုးကို
ကဗျာဆရာတွေ တင်စားကြတာလို့
ထင်ထားမိခဲ့ပေမယ့်
လက်တွေ့မှာ
ရင်နဲ့မမျှအောင်
ငါခံစားနေရသမျှ
နာကျင်ကြေကွဲခြင်းတွေက
ဒီရင်ဘတ်ကြီးအပြည့်ပါပဲ....

အချစ်ဆိုတဲ့
နူးညံ့သိမ်မွေ့ခြင်း
အကြင်နာဆိုတဲ့
နှောင်ဖွဲ့တွယ်တာခြင်း
မြတ်နိုးမှုဆိုတဲ့
သမုဒယချည်မျှင်တန်းတွေက
ငါ့တစ်ကိုယ်လုံးကို
လှုပ်မရအောင် တုပ်နှောင်ထားခဲ့ပေမယ့်
တကယ်တမ်းမှာတော့
စိမ်းကားခြင်းဆိုတဲ့အရာက
မင်းနဲ့ငါ့ကြားကို
တိခနဲပြတ်စေပြီး
လေပွေကြမ်းတစ်ခုရဲ့အဟုန်နဲ့
ဝင်ရိုးစွန်းတစ်ဖက်စီကို
တွန်းပို့စေခိုင်းလေတော့
ငါဆိုတဲ့

www.burmeseclassic.com

www.burmeseclassic.com

ကန္တာရသစ်တစ်ပင်က
ကျန်ရစ်ခြင်းလွင်ပြင်မှာ
လက်ကျန်သံယောဇဉ်တွေ ထွေးပိုက်ရင်း
ရင်ကွဲနာကျ ကျန်ရစ်ခဲ့တာကို
မင်းမှ မသိနိုင်ခဲ့တာလေ....

## အခန်း (၈)

“ဟော! ဒီအပြုံးမျိုး ပြုံးပြန်ပြီ၊ အမေ့သားတော့ မရိုးတော့ဘူးထင်တယ်”

“ဟာဗျာ. . . အမေကလည်း”

ထမင်းချိုင့်ဆေးနေရင်း သူ မျက်နှာရဲသွားရပါ၏။ ခက်တာက ခက်တာပါပဲ၊ ဘာကိုလုပ်လုပ် အတွေးထဲရောက်လာသည့် အပြုံးချိုချိုလေးရဲ့မျက်နှာကိုသာ မြင်ယောင်နေမိတာကိုး။ နားထဲမှာ ‘ကျော်’ဆိုပြီး ဘေးမှာလာခေါ်နေသလိုမျိုး ခဏခဏလန့်သွားတာမို့ တစ်ယောက်တည်း ကျိတ်ပြုံးရုံသာ တတ်နိုင်တော့၏။

ဘေးမှာရှိနေသည့်အမေက သူ့မျက်နှာအရိပ်အကဲကို အမြဲဖတ်တတ်နေမှတော့ ဘယ်ညာလို့ရပါ့မလဲ။ ‘ညာတယ်’တဲ့



www.burmeseclassic.com

www.burmeseclassic.com



မလိမ်ညာတတ်တဲ့လူကို ညာတတ်လာအောင်၊ ဟန်မဆောင်တတ်တဲ့လူကို ဟန်ဆောင်ဖုံးကွယ်တတ်လာအောင်၊ ဘယ်သူက သင်ကြားပေးခဲ့တာပါလဲ။ မင်းသိပါရဲ့လား 'နွေးသဒ္ဒါဖြူ'။

အလှမ်းဝေးတဲ့ပန်းကလေးကို ကြည့်ရုံပဲ တတ်နိုင်တဲ့ကောင်ပါ။ မိုးမြင့်ထက်က လမင်းလေးကို ငေးကြည့်နေရုံထက် မပိုပါဘူး။ လှေကားအမြင့်ကို မော့ကြည့်ရုံအပြင် တက်လှမ်းဖို့ စိတ်မကူးဝံ့ပါဘူးလေ။ နွေးရယ်. . . ကောင်းကင်နဲ့မြေပြင်ဆိုတာကို ကမ္ဘာဦးကတည်းက ပိုင်းခြားထားတဲ့အရာက ရှိထားပြီးသားပါ။ ကိုယ်နဲ့မင်းကြားကို ခြားနားထားတဲ့ မနေ့ဂုဏ်တံတိုင်းကြီးရယ်၊ ပကာသနပင်လယ်သမုဒ္ဒရာကြီးကို ကိုယ်ဆိုတဲ့ ဘာမဟုတ်တဲ့လူက ခြေဖျက် ကူးခတ်လာလို့ ရပ့်မလား။

'အချစ်'ဆိုတဲ့အရာသေးသေးလေးက ဒီအရာတွေကို အောင်မြင်ကျော်လွှားနိုင်အောင် မတတ်နိုင်တာလေ။ ချစ်ပါတယ်၊ မြတ်မြတ်နိုးနိုးနဲ့ မထိရက် မတို့ရက်အောင်ကို တန်ဖိုးထားပြီး ချစ်မိတာအမှန်ပါ။ ကိုယ်မြတ်နိုးမိတဲ့ပန်းကလေးက အလွယ်တကူ ခူးယူဖို့မှမတန်တာလေ။ နန်းထိုက်တော်ဝင်တဲ့ ပန်းခက်လေးကို စိတ်ကူးနဲ့တောင်မှ မခူးရက်ပါလေ။

"ကြည့်!. . . အမေ့သားတော့ စိတ်နဲ့လူ မကပ်တော့ဘ





လားနော်"

"ဘာဖြစ်လို့လဲ အမေရယ်"

"ကိုယ့်ကိုယ်ကိုယ် ဘာလုပ်နေလဲ သေချာသတိထားပါဦး"

အမေသတိပေးလိုက်တာမို့ သူငုံ့ကြည့်လိုက်စဉ် မျက်လုံးပြူးသွားရပါ၏။ အမေချွေပေးထားတဲ့ ချဉ်ပေါင်ရွက်ဇကာက ရေဇလုံထဲမှာ ပေါလောပေါ်နေတော့တာလေ။ ရော်! ခက်တော့တာပါပဲ၊ လုပ်နေကျအလုပ်တွေတောင် ကမောက်ကမဖြစ်ကုန်ပါရောလား။ ကိုယ်ဒီလိုဖြစ်အောင် ပြုစားလေပြီလား 'နွေး'ရယ်။

"ဟုတ်သားပဲ"

"ပြောပါဦး အမေ့ကို"

"ဘာ. . . ဘာကိုပြောရမှာလဲ အမေရဲ့"

"သားရင်ထဲ ရောက်နေတဲ့ ကောင်မလေးအကြောင်းပေါ့"

"ဘာ . . . ဘာကောင်မလေးမှ မရှိပါဘူးအမေရယ်။ ...တ်တာ"

"နှုတ်ကသာ ဘူးခါပြနေတာပါသားရယ်၊ ခါတိုင်း အိပ်...တာနဲ့ သွက်သွက်လက်လက်ထတတ်လေ့ရှိသူက ခေါင်းအုံး



www.burmeseclassic.com

www.burmeseclassic.com



ကြီးဖက်ပြီး ခြင်ထောင်ကိုငေးကြည့်ပြီး ပြုံးနေတာကမှ အကြာကြီး''

''ဟင်!''

''မှတ်ထား၊ အဲဒီလိုဖြစ်လာရင် လူက စိတ်နဲ့မကပ်ဘဲ အူကြောင်ကြောင်ဖြစ်လာတာကွယ့်။ သားကို အမေမွေးထားတာပါ။ အမေ့သားစိတ်ထဲ ဘာဖြစ်နေလဲဆိုတာ မသိဘဲနေမလား''

သူ ရှယ်ရယ် ရယ်လိုက်မိတော့လေ၏။ ကိုယ်တော့ အပြောခံနေရပြီနော်။ သူကိုယ်တိုင် ဘာလုပ်နေမှန်းဘာဖြစ်နေမှန်းမသိဖြစ်နေပေမယ့် ဘေးကနေ အမေက အတိုင်းသားမြင်နေရတာကို။ ရေချိုးတိုင်း၊ အကျီဝတ်တိုင်း၊ မှန်ထဲမှာ တံတောင်ဆစ်နေရာမှ အမာရွတ်လေးကိုမြင်မိစဉ် သူမကို တမ်းတမိတာ အမြင့်ဆုံးပါလေ။ လူကို ဒဏ်ရာအမှတ်တရအနေနဲ့ အနာတလ ပေးစေခဲ့တာကို။

''တော်တော်မှ ချောရဲ့လား''

''ချောတာပေါ့၊ အာ . . . အမေက ဘာတွေလျှောက် မေးနေတာလဲ''

''ဒါလေးမေးတာကို ဒါလောက်ရှက်နေရလား။ ငယ် တော့ငယ်တယ်ပေါ့လေ''





''ငယ်တယ်၊ သုံးနှစ်ကျော်ကျော်လောက်ကို ငယ်တာ။ ဒါပေမဲ့''

သက်ပြင်းကိုကျိတ်ရှိုက်လိုက်မိ၏။ ရင်ထဲမှအပျော်တို့ ထုံလှိုးပျောက်ကွယ်သွားရသလိုနှယ်ပါလေ။ ကိုယ့်အဖြစ်က သိုက်တူးသမားလို့ အထင်ခံရမလိုဖြစ်နေပြီကိုး။ အနူလက်နဲ့ သိဂီရွှေခွက်က မတန်သလိုပါလေ။ ဩော် . . . ခွေးရယ်။

''ဒါပေမဲ့ ဘာဖြစ်လဲ သား''

''အလှမ်းဝေးလွန်းလို့ပါ အမေရယ်၊ လှတာလေးမို့ ငေးကြည့်ရုံနဲ့ ကျွန်တော်ကျေနပ်ပါတယ်''

''ဆင်ခြင်နိုင်ရင် အကောင်းဆုံးပေါ့သားရယ်၊ အလှမ်းကျယ်တော့ အလယ်လပ်တယ်၊ အမြင့်ကိုမှန်းလွန်းရင် ခြေချော်တတ်တယ်၊ လှတာမက်ရင် ညစာခက်တယ်တဲ့။ လိုချင်တဲ့စိတ်ဆန္ဒဖြစ်တည်လာတာကို လောဘလို့ခေါ်တယ်၊ လောဘဆိုတာ ရှုလောင်တဲ့အတ္တပဲ သား၊ အမေ့သားကို အဲဒီလိုအပူမျိုးတွေနဲ့ လောင်မြိုက်စေချင်ပါဘူး''

''ကျွန်တော်နားလည်ပါတယ် အမေရယ်၊ ကိုယ်မပိုင်တဲ့ပန်းပွင့်လေးကို ငေးမိရုံနဲ့ပဲ ကျေနပ်ပါတယ်။ ဒီ့ထက်ပိုပြီးရှေ့ဆိုးဝံ့ပါဘူး။ လူဆိုတာ ကိုယ့်နေရာကိုယ်အသိဆုံးပါဗျာ''



www.burmeseclassic.com

www.burmeseclassic.com



"တော်သေးတာပေါ့ သားရယ်၊ မဖြစ်နိုင်တဲ့အရာကို မျှော်လင့်ချက်မထားရင် ရင်မောစရာမလိုတော့ဘူးပေါ့။ ခြေကျွံ တာထက် နှုတ်ကျွံမိတာက ပိုပြီးအန္တရာယ်ကြီးတယ်ဆိုတာကို သတိနဲ့ဆင်ခြင်ပေါ့ သားရယ်"

"ဟုတ်ကဲ့ပါ အမေ"

တကယ့်ကို မျှော်လင့်မထားပါလေ။ ကံကြမ္မာနှယ် သူ့ လိုလူငမွဲကို မျက်နှာသာမပေးပါလား။ ရွယ်တူတန်းတူဆိုပေမယ့် အဆင့်တူသူနဲ့သာ ဖူးစာဆုံပေးစေချင်ရင်ဖြင့် သူမလို အဖိုးတန် ကျောက်ကလေးနဲ့ ဒီဘဝ ပေးမတွေ့ပါစေနဲ့လားလေ။ အခုတော့ ဖြင့် ရှေ့မှာရှိနေတဲ့ ကျောက်ပွင့်လှလှလေးကို ငေးမိရုံနဲ့တင် ကျေ နပ်လိုက်ရတော့မှာတဲ့။

သြော် . . . လူတွေပြောကြတာဖြင့် အချစ်ဆိုတာ ရယူ ပိုင်ဆိုင်ခြင်းပါဆို။ ခုတော့ဖြင့် စွန့်လွှတ်ခြင်းခေါင်းစဉ်နဲ့သာ သူ့ ဘဝက ထိုက်တန်နေပါရောလား။ ဖွင့်မပြောဖြစ်တဲ့ ယောက်ျား တစ်ယောက်ရဲ့ချစ်ခြင်းတွေကို ဘယ်လိုမိန်းကလေးကများ ကြို သိရင်ခုန်နိုင်ပါ့မလဲ။ ရင်ခုန်သံတွေ အေးစက်နေတဲ့လူတစ်ယောက် အဖြစ် မင်းရှေ့မှာ ရပ်တည်ဖို့က ကိုယ့်အတွက် ခက်ခဲလွန်း တယ်လေ။





သြော် . . . နွေးရယ်၊ အချစ်ဆိုတာ ကိုယ့်အဖို့ မချို မြိန်ဘဲ ခါးသည်းခြင်းသက်သက်ပါပဲလား။

"ကျွန်တော် အလုပ်သွားတော့မယ် အမေ"

"သတိနဲ့အမြဲကပ်နေပါစေ သား၊ ကားမောင်းတယ်ဆို တာ အချိန်မရွေး အန္တရာယ်ရှိလာနိုင်တယ်"

"ဟုတ်ကဲ့ပါ အမေ"

အမေ့ကိုရှိခိုးဦးချကာ ထမင်းချိုင့်ယူလျက် အိမ်လေး ပေါ်မှဆင်းလာခဲ့ပါ၏။ မနက်ဖြန် ချည်ပေါင်နှင့်မျှစ်ရောကြော်ထား တာလေး စားချင်သည်ဟု သူပြောထားတာမို့ အခုကတည်းက အမေ ချည်ပေါင်မွှေထားမှာလေ။ လက်မှနာရီကိုတစ်ချက်ကြည့် ကာ လမ်းထိပ်သို့ထွက်လာခဲ့၏။ နေရောင်က သူ့အပေါ် ခပ်နွေး နွေး ဖြာကျနေလေပြီ။

"ကလင်! ကလင်! . . ."

စက်ဘီး Bell သံကြောင့် သူ့ခြေလှမ်းက အလိုလို တုံ့ ဆိုင်းသွားရပါ၏။ ဘေးဘက်ကိုလှည့်ကြည့်မိစဉ် အနီရောင်စက် ဘီးလေးက သူ့ဘေးနား ထိုးရပ်သွားလေသည်။

ကြည့်စမ်း! မမျှော်လင့်ဘဲ နေနှစ်စင်း သာပြန်ပါရော [illegible]



www.burmeseclassic.com

www.burmeseclassic.com



"မင်္ဂလာပါ ကျော်၊ ဒီလိုတွေ့မယ်လို့ ထင်ကိုမထ[illegible]
မိဘူး"

"အင်း"

ဘာပြောရမည်မှန်းမသိသဖြင့် ခေါင်းကိုသာ ညိတ်[illegible] လိုက်မိပါ၏။ ဒီမနက်တော့ သူမကိုယ်ထက်မှာ အားကစားဝတ်[illegible] ရှိနေပြီး ဆံပင်ရှည်တွေကို ကျစ်ဆံမြီးတစ်ချောင်းတည်း [illegible] ထားလေသည်။ ဒီလိုပုံစံလေးကလည်း သူမ၏ငယ်နုပုံကို သိ[illegible] နေစေသည်ပဲ။

"အလုပ်လား"

"အင်း"

"ထမင်းချိုင့် သယ်ရတယ်ပေါ့လေ"

"အင်း"

နံ့ဘေးမှ စက်ဘီးကိုတွန်းလျက် သူမက အတူလျှော[illegible] လိုက်လာလေ၏။ လေအဝှေ့ပါလာသည့်သနပ်ခါးရနံ့နှင့် [illegible] သင်းနံ့သင်းသင်းလေးက သူ့ကိုရင်ခုန်သံမြန်လာစေတော့[illegible] လေ။ ဘုရားရေ! ဒီပုံနဲ့တော့ ကြာလာရင် သူနှလုံးရောဂါရ[illegible] မယ်ထင်ပါရဲ့။

"ဘယ်မှာလုပ်တာလဲဟင်"





"အင်း"

"ဘာအင်းလဲ . . . ဒီအင်းတစ်လုံးတည်း တတ်တော့ တာလား ကျော်ရဲ့"

"ဟင်! ဘာမေးလိုက်တာလဲ"

"ကျော့်အလုပ်ကို မေးနေတာလေ"

"ဪ . . . ဒရိုင်ဘာ"

"ဟုတ်လို့လား"

"တကယ်ပြောတာပါ"

"လခရော ကောင်းရဲ့လား"

"မဆိုးပါဘူး . . . သားအမိနှစ်ယောက်စာ လောက်ငှ ပါတယ်"

သူမ ခေါင်းညိတ်လေ၏။ ဘာသဘောပါလိမ့်၊ လူကို Interview သလို ဘာကြောင့်မေးနေရတာပါလဲ။ ရင်းနှီးသမှုနှင့် စကားရှာကြံပြောတာပဲ ထင်ပါရဲ့လေ။ ရှေ့လမ်းထဲဝင်ရတော့မှာ မို့ သူမကိုကြည့်လိုက်စဉ် အကြည့်ချင်းဆုံသွားရလေ၏။ ရင်ထဲ ဒိတ်ခနဲဆောင့်ခုန်လေသည်မို့ ဖျတ်ခနဲ အကြည့်လွှဲလိုက်ရလေ သည်။ ဒုက္ခပါပဲလား။

"ကျော့်မေမေက သဘောကောင်းရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



“ကောင်းတာပေါ့”

“နွေးနဲ့မိတ်ဆက်ပေးလေ”

“ဟင်!”

သူ့အံ့သြရပြန်ချေပြီ။ ရဲတင်းသည့်ဟုထင်ရအောင် နွေး ပုံစံက ကလက်တက်တက်မှမဟုတ်တာလေ။ တည်တည်ငြိမ်ငြိမ် မေးတာပဲမို့ ခင်မင်စိတ်နဲ့ သဘောထားဖြူစင်စွာ ပြောတာမျိုး ဖြစ်မှာပါ။

မျိုသိပ်ထားတဲ့။ ဒီမနက်ပဲ အမေသတိပေးလို့ ကိုယ့် ချစ်ခြင်းတွေကို မျိုချခဲ့ရတာပါလေ။ ခုတော့ သူမက နဘေးမှာ ကပ်လျက်ရှိနေရတယ်လို့။

“ဘာလဲ၊ ကျော့်မေမေနဲ့ ပေးမတွေ့စေချင်ဘူးပေါ့လေ ဟုတ်လား”

“မဟုတ်ရပါဘူး”

“ဒါဖြင့် ဘာလို့ငြိမ်သွားရတာလဲ”

“အဲဒါက . . . ကျွန်တော်က အားလပ်ရက် သိပ်မှ တော့လေ”

“နွေးက ကျော့်အိမ်မှာ တစ်နေကုန်လိုက်နေမှာမှမဟုတ် တာ။ ဒီလိုပဲ ညနေလေး ခဏလိုက်လည်ပြီး မိတ်ဆက်ပေး





ဘို့”

“ဗျာ!”

ဘုရားရေ! အိမ်ကို လိုက်လည်ဦးမတဲ့။ အမေ့ကို နွေး နဲ့ ဘယ်လိုမိတ်ဆက်ပေးရပါ့မလဲ။ ကိုယ်နဲ့လည်း ဒီလောက်ကြီး ရင်းနှီးပါဘဲ အိမ်လည်ချင်တယ်ပြောရဲတဲ့အထိ သူလိုလူကို ယုံ ကြည်သတဲ့လား။ ခက်တာပဲ နွေးရယ်၊ လောကမှာ လူဆိုတဲ့ မယုံ နိုင်သတ္တဝါဆိုတာကို မသိလေရော့သလား။

“ဟော . . . တိတ်သွားပြန်ပြီ၊ ဘာလဲ၊ ကျော်က နွေး ဆင်းသလို မခင်ဘူးပေါ့လေ။ ရပါတယ်”

“မဟုတ်ပါဘူး နွေးရဲ့”

“ဒါဆို ဘာလို့ အင်းမလှုပ်အဲမလှုပ်ဖြစ်နေတာလဲ”

“ကျွန်တော်က . . . ကျွန်တော်က ဆင်းရဲပါတယ်”

“သြော် . . . အဲဒါကြောင့်လား၊ နွေးက ချမ်းသာတဲ့လူ တွေချည်း ရွေးပေါင်းတယ်လို့ ထင်နေတာပေါ့လေ။ ဟုတ်လား ကျော်”

ပြဿနာပါပဲ၊ ရှင်းရင်းနဲ့ ရှုပ်လာတော့တာလေ။ စစ်မှန် တဲ့ရိုးသားခြင်းတွေသာ သူနဲ့နွေးကြားမှာ ရှိနိုင်ပေမယ့် သူက. . . သူက မှုမမှန်တဲ့သံယောဇဉ်တွေ တစ်ဖက်သတ် ပိုလွန်နေတော့



www.burmeseclassic.com

www.burmeseclassic.com



ခက်သားလား။

ဘာပြန်ပြောရမှန်းစကားလုံးရှာမရစဉ် ဘောင်းဘီအိတ်ကပ်ထဲမှ Phone က ထမြည်လေတော့၏။

“ခဏနော်၊ ဟယ်လို . . . အမိန့်ရှိပါ ဦး”

“ဟုတ်ကဲ့ . . . လာနေပါပြီ၊ ရောက်တော့မှာပါခင်ဗျ။ ဟုတ်ကဲ့”

Phone ဖြေပြီး ခလုတ်ပိတ်လိုက်စဉ် သူမက သူ့ရှေ့မှာ လက်ဝါးလေး ဖြန့်လိုက်လေ၏။ ဘာလုပ်ပြန်ပြီလဲ။ ဖြူဖွေးသန့်စင်လွန်းသည့် လက်ဝါးပြင်နုနုလေးထက်မှာ သွေးကြောနီနီလေးတွေကို အတိုင်းသားမြင်နေရတာပါလေ။ အိမ်မှာ ခြေမွေးမီးမလောင် လက်မွေးမီးမလောင် နေနေရတာပဲထင်ပါရဲ့။

“ဘာလဲ”

“ပေးလေ”

“ဘာပေးရမှာလဲ”

“Phone နံပါတ်ပေါ့”

“အာ . . . ဒါက အလုပ် Phone နွေးရဲ့”

“ဘာဖြစ်လဲ၊ အလုပ်ချိန်ဆက်မှာမှမဟုတ်တာ။ ဒါလည်း မပေးချင်ပြန်ဘူးလား။ ကျော်က အတော်ရက်စက်တတ်တဲ့သူပဲ။





နွေးအပေါ် သိပ်စိမ်းကားလွန်းတယ်။ မေမေနဲ့တွေ့ဖူးချင်လို့ အိမ်လည်ခေါ်ပါဆိုတော့လည်း No! အခု Phone နံပါတ်တောင်းတော့လည်း No! ပဲ။ ဘယ်လိုလူကြီးလဲ”

“ဟောဗျာ”

မျက်နှာချက်ချင်းညှိုးကျသွားကာ တကယ်ပင် မျက်ရည်တို့ ရစ်ဝဲသွားတာမို့ သူအတော်ထိတ်လန့်သွားရပါ၏။ လူက ကျောက်နှင့်အတိုခံလိုက်ရသည့်နှယ် တုန်လှုပ်သွားရတာပါလေ။ အလှနတ်သမီးရဲ့စိတ်ငြိုငြင်မှုအောက်မှာ ဘယ်လိုလူက ရင့်ရင့်မာမာ နေနိုင်မှာတဲ့လဲ။

ခက်ပါရောလား . . .

“စိတ်တော့ မကောက်လိုက်ပါနဲ့ဗျာ၊ အိမ်လည်း အလည်ခေါ်ပါ့မယ်။ Phone နံပါတ်လည်း ယူပါ”

“ကတိနော်”

လက်ညှိုးလေးထောင်ကာ မေးလိုက်သည့်မျက်နှာထက် ဝင်းလဲ့လဲ့အပြုံးက သူ့ရင်ကို အေးချမ်းသွားစေတော့၏။ နွေးရယ် . . . ဒီမျက်နှာလှလှလေးကို မျက်တောင်မခတ် ငေးကြည့်ခွင့်မျိုး တစ်နေ့လုံးသာ ရလိုက်ချင်ပါရဲ့။

ဒီမျက်ဝန်းတောက်တောက်လေးနဲ့ နှုတ်ခမ်းဖူးဖူးလေး



www.burmeseclassic.com

www.burmeseclassic.com



ကို ကိုယ့်တစ်သက်တာ အပိုင်စားသိမ်းထားချင်တော့တာ တကယ်ပါလေ။

ဩော်. . . ကိုယ်ချစ်ရတဲ့ မိန်းကလေးရယ်. . .

❀❀❀



## အခန်း (၉)

"သားရေ. . . မှူး ရောက်နေပြီ"

အိမ်ဝရောက်သည်နှင့် အန်တီမွန်က အိမ်ထဲသို့ အသံပြုလိုက်လေ၏။ ကြည့်ရတာ ဒီနေ့ကစပြီး သိခ်အလုပ်ဆင်းတော့မယ်ထင်ပါရဲ့။ သူက ကားကို ဂိုဒေါင်ထဲမှထုတ်ကာ Cleaning လုပ်ပြီး စစ်ဆေးသင့်တာမှန်သမျှ စစ်ထားလိုက်ပါ၏။ စိတ်ထဲမှာ ဒီတစ်နေ့အတွက် ကျေနပ်သလိုဖြစ်နေတာမို့ လူက အလိုလိုပြုံးမိပြန်လေသည်။ ဩော်. . . နွေးရယ်။

"အမယ်! မျက်နှာက မှိုရသလိုပုံပေါက်နေပါလား။ ဒီကောင်တော့ ဆေးမှားသောက်နေပြီထင်တယ်"

သိခ်က သူ့ကျောကို ဘုန်းခနဲထုကာ နှုတ်ဆက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ချော်! ခက်တော့တာပဲ၊ သူဖြစ်နေတာကို လူတကာ သိကုန်လေပြီး အချစ်ဆိုတာ ဒီလိုပဲ ဖုံးကွယ် သိုဝှက်ထားလို့မရတဲ့အရာပဲလား။ သူက တိတ်တဆိတ်လေး ခိုးချစ်နေရုံနဲ့ ကျေနပ်ချင်တဲ့ သူပါလေ။

"ဒီကားနဲ့ပဲ လိုက်မှာလား"

"အေးပေါ့၊ ငါဒီလိုပဲနေနေမယ်ဆိုရင် ကားပေးမမောင်းတော့ဘူးဆိုပြီး Father ကြီးက Key သိမ်းသွားပြီ။ တော်တော်ဆိုးတယ်"

"အဲဒီလိုတော့ မပြောနဲ့လေကွာ၊ မင်းကောင်းဖို့အတွက် ဦးက ပြောနေတာပါ"

"အခုကော ငါက ဆိုးနေလို့လား"

သိခ်က လက်မကို ရင်ဘတ်နှင့်ထိပြကာ မေးလိုက်လေ၏။ Style ကတော့ မင်းသားရှုံးရလောက်အောင် မိနေတာပါပဲ။ ဆိုးတယ်ဆိုတာက အရက်သောက်၊ ဆေးသုံး၊ လောင်းကစားလုပ်၊ မူးယစ်ဆိုးသွမ်းနေတာကိုပဲ သတ်မှတ်ထားတာမှ မဟုတ်တာလေ။

မိဘပေးစားမယ့်မိန်းကလေးကို ခေါင်းညိတ်လက်ခံရုံနဲ့ ပြီးရောလား။ ရှေ့ရေးကိုတွေးထားသင့်တာပေါ့။ ကိုယ့်အိမ်





ထောင်ရေးကို ကိုယ်ကမှ ဦးမဆောင်နိုင်ရင် ရေရှည်တည်မြဲဖို့ မလွယ်ကူနိုင်တာလေ။ ဒီလိုကြီးနေပြီး နေ့တိုင်း 'မာမီ မုန့်ဖိုး' ဆိုလို့ကဖြင့် ရင်မောစရာပါလေ။ နေစရာစားစရာ အဆင့်သင့်ရှိရုံနဲ့ ပြီးရောလား။ အနာဂတ်ရည်မှန်းချက်မရှိတာလောက် လူဖြစ်ရှုံးတာ မရှိတော့။

ဒါတွေကို ခြေဖဝါး မြေမထိဖူးတဲ့ ငယ်သူငယ်ချင်းလေးက လုံးဝသိမနေတာ ရင်နာစရာပါပဲ၊ အထူးသဖြင့် တစ်ဖက်သားမိန်းကလေး၊ သိခ်ရဲ့လက်တွဲဖော်အတွက် ရင်လေးနေမိတာအမှန်ပါ။ ဘယ်သူပဲဖြစ်ဖြစ် မိန်းကလေးမှန်ရင် ကိုယ့်အိမ်ထောင်ဖက်ကို အားကိုးချင်ကြတာ သဘာဝပါလေ။

"ဝါသနာမပါတဲ့အလုပ်လောက် ပျင်းစရာကောင်းတာ မရှိတော့ဘူး"

ညည်းသလိုဆိုလေ၏။ ဒါဆို ဘာများဝါသနာပါလို့လဲ။ ဟိုယောင်ဒီယောင်နဲ့ ဟုတ်တိပတ်တိမှမရှိတာဘဲ။ အားကစားဆိုလည်း မဟုတ်၊ ပညာရေးလည်း ဝေးစွ၊ စီးပွားရေးဆိုပြန်တော့လည်း ခေါင်းခါနေပြန်တာပဲ။

ဒီလိုလူကို မေးမိလို့ကဖြင့် ထမင်းဘယ်ကရသလဲဆိုရင် Rice cooker ထဲက၊ ငွေဘယ်လိုရှာမလဲဆိုရင် မာမီ့ Purse



www.burmeseclassic.com

www.burmeseclassic.com



ထဲကဆိုသလို ပြန်ဖြေမှာ အသေအချာပါလေ။

"ငါ့တစ်သက် စားမကုန်အောင် စည်းစိမ်ရှိနေပါလျက် ဘာကြောင့် အလုပ်လုပ်နိုင်းနေလဲ မသိတော့ပါဘူး"

ကောင်းရော. . . ရွယ်တူချင်းတောင်မှ ဒီလောက်အထိ ဉာဏ်ကွဲပြားရသလား။ မိန်းကလေးရှေ့မှာ ပြောမိရင်ဖြင့် သိက္ခာတွေ တစ်ပြုံကြီးကျကုန်တော့မှာလေ။ ဒီကောင်နားဝင်အောင် ပြောပေးမယ့်လူတစ်ယောက်တော့ အမှန်တကယ် လိုအပ်နေပါပြီကော။

"အလုပ်မရှိဘဲနဲ့ မင်းအိမ်ထောင်ပြုလို့ရမလား သိခ်ရ"

"ဟ! ငါ့ဘက်ရော သူ့ဘက်ရော ချမ်းသာလိုက်တာမှ ကျိုကျိုတက်လို့။ ငါတို့တစ်သက်မပြောနဲ့၊ သားသမီးမြေးမြစ်တွေ အထိ သုံးလို့တောင်မှ မကုန်နိုင်ဘူး"

သူပြုံးမိပြန်လေ၏။ သုံးတာနဲ့ဖြုန်းတာကို ခုင်းမှ မခွဲခြားတတ်တာကိုး။ ဈေးဝယ်ရင် Brand ကိုသာကြည့်ပြီး Price ကိုမကြည့်ဘဲ ရွေးယူတတ်လေ့ရှိတဲ့အကျင့်က ရှိနေတာပါ။ ဒီလ သုံးတာ ဘယ်လောက်ရှိနေပြီမှန်း တွက်ဆတတ်ဖို့ကဖြင့် ဝေးလေ စွ။

သူ့မှာဖြင့် ဒီလဝတ်စုံအသစ်တစ်စုံဝယ်မိရင် နောက်လ





မှာ အသုံးစရိတ်ခြိုးခြံဖို့က ready ဖြစ်နေလေပြီ။

"မင်းတို့ကို အိမ်ခွဲနေနိုင်းရင်ကော"

"ဟာ. . . အဲဒါ မင်းဘယ်လိုသိနေရတာလဲ"

မျက်လုံးပြူး၍ မေးလိုက်လေ၏။ သိသင့်တာပေါ့။ ငွေကြေးတန်ဖိုးကိုမသိတဲ့ အိမ်ထောင်တစ်ခုက ဘယ်နှလ ခံမှာတဲ့လဲ။ ဒီလိုလူမျိုးကို ဘယ်မိန်းကလေးက သည်းခံပေါင်းသင်းနိုင်ပါ့မလဲလေ။ ရင်မောရပါဘိ သိခ်ရယ်။

"မှန်းဆကြည့်ရုံနဲ့ သိနိုင်တာပဲ"

"မင်းမိန်းမယူရင်တော့ အန်တီသက်က အိမ်ပေါ်ခေါ်တင်မှာ မဟုတ်လား"

"အေးပေါ့၊ ငါတို့က အမေတစ်ခု သားကစ်ခုပဲရှိတာ။ ဘယ်ခွဲနိုင်ပါ့မလဲ"

"ဒါဆို မင်းနဲ့ငါ နေရာလဲမယ်ကွာ"

သူ တဟားဟားရယ်လိုက်မိတော့၏။ အပြောက လွယ်ပါ့။ အသားဟင်းနဲ့ ငါးပိရည်ကို လဲရဲတဲ့လူလောက် ဦးနှောက်ပျက်တာရှိပါ့မလား။ သိန်းကျော်တန် Shoe မျိုး စီးနေတာတောင် သူစီးနေကျ ကတ္တီပါဖိနပ်မျိုးကို ခဏလေးတောင် လဲစီးဖူးတာမှ မဟုတ်တာလေ။ နေမထိတဲ့အသားက ဖွေးဥနေပြီး သူလို



www.burmeseclassic.com

www.burmeseclassic.com



ကဖြင့် နေလောင်ခံအသားရောင် ခပ်ညိုညိုရယ်ပါ။

ခုချိန်ထိ ဘာမဆို ပေါ့ပေါ့လေးတွေးနေတုန်းပါပဲလား သိခ်ရယ်။ နားဝင်အောင်ပြောပေးနိုင်မယ့်သူ မရှိဘူးလား။ သုံးလေးခွန်းပြောရတာနဲ့ ဒေါသဖြစ်လာရတဲ့ ဦးမင်းသိင်္ဂ၊ ဆူဖို့ပင်ဝေးစွ၊ လေသံမာနဲ့တောင် မပြောတတ်တဲ့ ဒေါ်မြတ်မွန်တို့ရဲ့ တစ်ဦးတည်းသောသားလေးကို ဘယ်လိုလူက Control လုပ်နိုင်မှာပါလိမ့်။

"ရယ်မနေနဲ့ကွ၊ ငါတကယ်ပြောနေတာ"

"ခြင်ကိုက်တာ ခံနိုင်လို့လား"

"ဘယ်လို"

"Aircon တပ်မထားတဲ့ ငါ့အခန်းမှာလေ၊ ရေချိုးခန်းလည်း ရေပူရေအေးစက် တပ်မထားဘူး၊ အသံလုံတဲ့တိုက်မဟုတ်ဘဲ ပျဉ်ထောင်အိမ်ပုလေးနဲ့ နေနိုင်လို့လား။ မိုးရွာရင် သွပ်မိုးသံ တတောင်တောင်ကို နားဆူခံပြီး အိပ်ပျော်နိုင်မလားဆိုတာကို အရင်စဉ်းစားပြီးမှ ပြောပါ သိခ်ရာ"

"ဘာပဲဖြစ်ဖြစ် မင်းအမေက မင်းကို တုန်နေအောင်ချစ်တာလေ"

ရော် ! ငါးဖယ်က ပြောင်းပြန်ပြောနေပြန်ပါရောလား





မိခင်ကိုရှာကျွေးနေတဲ့သားနဲ့ မိခင်ဆီက လက်ဖြန့်သုံးနေတဲ့သားက အကွာကြီး ကွာကောင်းကွာနေပေမယ့် မွေးဖွားကြီးပြင်းလာရတဲ့ကုသိုလ်က ခြားနားနေတာကိုး။

"အန်တီမွန်တို့က မင်းကိုမချစ်လို့လား"

"မချစ်လို့ အိမ်ခွဲနေဖို့ပြောတာပေါ့ကွ၊ နို့မို့အတူခေါ်ထားမှာပေါ့"

"အတူနေရင် လောကကြီးအကြောင်းကို မင်းမသိမှာစိုးလို့ နေမှာပေါ့"

"ဘာသိစရာများ လိုသေးလို့လဲ၊ ကိုယ်ချစ်တဲ့သူနဲ့ နှစ်ယောက်တစ်ကမ္ဘာ တည်ဆောက်ပြီးနေရမှတော့ ငါ့ဘဝပြည့်စုံနေပြီ။ ကျန်တာ ဘာမှမလိုတော့ဘူး"

သူအံ့ဩစွာဖြင့် ငဲ့ကြည့်မိစဉ် သိခ်က ခေါင်းမော့ပြီးလက်ပိုက်ကာ မိန့်မိန့်ကြီးပြုံးလျက် အဝေးကိုငေးကြည့်နေတာပါလေ။ ကိုယ်ချစ်တဲ့သူတဲ့၊ ပီတိအပြုံးဖြင့်ပြောနေတာမို့ အဲဒီမိန်းကလေးကို တကယ်ချစ်နေပြီမှန်း သူအတတ်သိလိုက်ပါ၏။

ကျန်တာတွေကိုမသိချင်တဲ့ မလိုချင်တဲ့လူက ဒီအချစ်ကိုဖြင့် ကောင်းကောင်းကြီးသိနေပါရောလား။ တော်တော်ဟုတ်တဲ့ကောင်ပါပဲ။ အင်းပေါ့လေ၊ တူမှမတူတာကိုး။ သူလိုလူကဖြင့်



www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆိုတာ စိတ်ကူးယဉ်ရုံသက်သက်မျှသာပါလေ။ အချစ်ကို ဘဝနဲ့ချီပြီး နှိုင်းယှဉ်စံထားလို့မှမရတာကိုး။ အချစ်က ဗိုက်မပြည့်ဘူးဆိုတာကို သိခ် သိစရာမှမလိုတာပါလေ။

''မင်းတို့ တွေ့ပြီးပြီပေါ့လေ''

''အေး''

''တော်တော်မှ လှရဲ့လား''

''မျက်စိထဲကကို ထုတ်လို့မရအောင်ကို လှတာ။ လက်ဖျားခါရလောက်အောင်ပဲ''

''ရှုးပါ့ကွာ''

သူ့ခပ်တိုးတိုးရယ်လိုက်မိပါ၏။ အချစ်ဟာ ရှုးသွပ်ခြင်းဆိုတာ မှန်နေပြီထင်ပါရဲ့။ အာရုံထဲ ကွက်ခနဲမြင်လိုက်မိသည့် မျက်နှာလေးတစ်ခု။ သူကရော နွေးကိုဒီလိုပဲချစ်မိနေတာ မဟုတ်ပါလား။ မျက်စိထဲက ထုတ်လို့မရအောင်မှ မကတာလေ၊ ငုံထားမတတ် ချစ်မိတာပါ။ ရင်ခွင်ထဲက ထွက်မသွားအောင်လို့ တင်းတင်းလေး ပွေ့ပိုက်ထားချင်တာ အမှန်ပါနွေးရယ်။

သူတော့ စိတ်ကူးနဲ့ ရူးတော့မှာပါလား။ ကာယကံရှင်ကို မျက်နှာပူ အားနာမိသွားရတာပါ။ မနောကံဆိုတာကို သူ ဘာလို့များ မထိန်းမိရတာပါလိမ့်။





တောင်းပန်ပါတယ် 'နွေးသဉ္ဇါဖြူ'၊ လိုချင်စိတ်ဖြစ်တည်လာရင် 'လောဘ'တဲ့၊ လောဘကြောင့် အတွေးတွေ နယ်ကျွံသွားမိတာကို နားလည်ခွင့်လွှတ်ပေးပါတော့။

''ဖြစ်မျိုးမှဲ့မထင်ဆိုတာ သူ့ကိုခေါ်တာပဲဖြစ်မှာ''

''အားပါး! . . . စကားလုံးတွေ ကြွလှချည်လား''

''တကယ်ပြောတာကွ၊ မင်းမြင်ရင် မူးသွားမှာသေချာတယ်။ ဝါဂွမ်းစိုင်လေးလို ပါးပါးလေး။ မိုးပေါ်က နတ်သမီးလေး ဘုံကြီးပြွတ်ပြီး ကျလာသလိုလေး၊ စက်စက်ယိုအောင်ကို လှတာ''

သူရယ်တော့ သိခ်က သူ့ကိုဘုကြည့်ကြည့်လိုက်လေ၏။ လှောင်တာမျိုးမဟုတ်ရပါလေ။ သူကိုယ်တိုင်လည်း နွေးအပေါ် ထိုသို့တင်စားပြီး မြင်မိတာမဟုတ်ပါလား။ တူလွန်းနေတာကိုး။ အင်းပေါ့လေ၊ သူနဲ့သိခ်က ဒီဘဝမှာ သူငယ်ချင်းအဖြစ် ရေစက်ဆုံခွင့်ရခဲ့တာကိုး။

''မယုံရင် ငါမိတ်ဆက်ပေးမယ် မှူးရ''

''အေးပါ. . . ယုံပါတယ်''

''ယုံရင် မရယ်နဲ့ကွ''

''မဟုတ်ပါဘူး၊ ငါသဘောကျမိလို့ပါကွာ။ မင်းကို ဒီလိုမျိုး မိန်းကလေးတစ်ယောက်အပေါ် နစ်နစ်ကာကာ ချစ်မိသွား



www.burmeseclassic.com

www.burmeseclassic.com



လိမ့်မယ်လို့ ထင်မထားမိတာကိုး''

''ဒီရင်ဘတ်ကြီးနဲ့ အပြည့်အသိပ်ချစ်နေတာ ခွဲပြလို့ရ ရင် ခွဲပြပါတယ်''

''မလုပ်လိုက်ပါနဲ့၊ အန်တီမွန် ရင်ကွဲသွားပါဦးမယ်။ အရှုံးမထချင်နဲ့''

သိခ်က ကျေနပ်သွားပုံဖြင့် ပြုံးနေလေသည်။ အင်းမြဲ လေ၊ သိခ်လိုလူအတွက်ကဖြင့် အချစ်ဆိုတာ ပျားရည်လို ချိုမြိန် ပြီး စိတ်ကူးယဉ် အိပ်မက်ကမ္ဘာထဲ ခေါ်သွားလို့ရတဲ့အရာမျိုးပဲ ကိုး။

''တကယ်ပြောနေတာ၊ ဆံပင်လေးတွေက နက်မှောင် ပြီး ပိုးသားလေးလို နူးနူးညံ့ညံ့လေး၊ မျက်ခုံးလေးက လေးကိုင်း လေးလို ကွေးကွေးညွှတ်ညွှတ်လေး၊ မျက်လုံးလေးက သမင် မျက်ဝန်းလေးလို တောက်ပနေတာ။ နှာတံလေးက သွယ်သွယ် စင်းစင်းလေး၊ နှုတ်ခမ်းလေးက နှင်းဆီငုံလေးလို ဖူးဖူးလေး ကိုယ်လုံးလေးက . . .''

ဘုရားရေ! ရင်ထဲ ဒိန်းခနဲဆောင့်မြည်သံက အပြင်ထ တောင် ကြားရတော့မည့်နှယ်ပါ။ ဘယ်လိုဖြစ်ပြီး သူ့ဏ်ရွှေနှင့် တစ်ပုံစံတည်း ထပ်တူညီနေရပါသလဲ။ ဖြည်းဖြည်းချင်း ရွတ်ပြ





နေသည့် ပုံစံတစ်ခုချင်းစီက နွေးရဲ့ပုံဟန်လေးကို တစ်ခုချင်းမြင် သာနေသလို သူ့အာရုံထဲမှာ ပေါ်လာရတာပါလေ။

မဟုတ်ပါစေနဲ့လား။ သူ့ကို ရင်ခုန်သံမြန်လာစေတဲ့ မိန်း ကလေးကို ပိုင်ဆိုင်ခွင့်မရှိပေမယ့် သူတစ်ပါးလက်ထဲ ရောက်သွား တာကိုလည်း စိုးရိမ်ထိတ်လန့်သွားမိရတာပါလေ။

ဘယ်လိုဖြစ်ရတာပါလဲ၊ ကိုယ်မပိုင်ဆိုင်တဲ့ပန်းကလေး ကို ဘယ်သူပဲ ခူးခူး၊ ငေးကြည့်ရုံသာ တတ်နိုင်တဲ့ဘဝမဟုတ် ပါလား။

''မင်းကောင်မလေးကရော ဘယ်လိုလဲ''

''ဘာ . . . အာ . . . ငါ့မှာမှမရှိတာ''

''ဟုတ်မှလည်းလုပ်ပါ မျိုးရာ၊ ဒီရက်ပိုင်း မင်းအတော် နှုတ်ဆိတ်မြီမြီးလာတာတောင် ညာချင်နေသေးတယ်''

''ငါ ဘယ်မှာရှိုးများလို့လဲ''

မလုံမလဲဖြင့် ငုံ့ကြည့်လိုက်မိ၏။ အရမ်းကိုသိသာလွန်း နေပြီလား။ ရေချိုးရင်လည်း ခါတိုင်းထက် အချိန်ပိုကြာတာ၊ မှန်ထဲကြည့်ပြီး ဆံပင်ကိုကြည့်ကောင်းအောင် ပိုသေသပ်အောင် ဖြီးမိတာတွေက ဘာကြောင့်များပါလိမ့်။ တစ်ကိုယ်တည်း ကျိတ် ပြုံးမိတတ်တဲ့အကျင့်က သူ့ထံမှာ စွဲနေပြီမဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



အချစ်က လူကိုပြောင်းလဲစေတယ်တဲ့လား...

မဖြစ်နိုင်တာ...

ခါတိုင်းလည်း သူ ဒီလိုသပ်သပ်ရပ်ရပ်နေတတ်တာ ပဲ။ ဒီ့ထက်ပိုပြီး ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်မိတာ မှားနေလို့ ဘယ်သူမဆို ကိုယ့်ကိုယ်ကိုယ်ကြည့်ရင် သေသပ်ကြည့်ကော တာပဲ လိုအပ်ကြတာပါလေ။

"လိမ်ထားဦးပေါ့ကွာ၊ နောက်မှ ပက်ပင်းတိုးရင် ငြင်းနိုင်မလား စောင့်ကြည့်ရတာပေါ့"

"တကယ်မရှိတာပါ သိခ်ရာ"

"အချစ်က အဲဒီလိုမြူစိစိကြီးလား"

"ဟာကွာ... ဘာကိုအစ်အောက်ပြီး မေးနေရတာ စိတ်ရှုပ်စရာကြီး"

"ဘာဖြစ်လဲကွ၊ ချစ်ရင်ချစ်တယ် ဖွင့်ဖွင့်လင်းလင်း မင်း ဒီလိုမြူစိစိနဲ့ နှုတ်ပိတ်ထားရင် ကောင်မလေးက ဘယ် ပါ့မလဲ။ မဟုတ်ဘူးလား"

"အာ... ဒီကောင်တော့"

သိခ်က သူမလုံမလဲဖြစ်သွားတာကိုကြည့်ပြီး ရယ် ပြီ၊ ဖုံးပရဖိမရတွေ ဖြစ်ကုန်ပြီလား။ ခက်တော့နေပြီ မျိုးစစ်





များကို လက်ညှိုးမထိုးမိပါဘဲ ဘယ်လိုဖြစ်ပြီး တန်ပြန်မှုတွေ ချက်ချင်းတုံ့ပြန်လာရတာပါလိမ့်။

"ဘာလဲ... ဝန်မခံချင်ဘူးပေါ့လေ၊ ဒါမြန်မာပြည် မျိုး ကျော်ရဲ၊ Korea မင်းသမီးတွေလို မိန်းကလေးကစပြီး I e you, will you marry me? ဆိုပြီး မင်းကိုမေးမှာမဟုတ် စိတ်ချ"

"ဒါတော့ မင်းပြောမှာလား၊ ငါသိပါတယ်"

"ဟဲဟဲ... တွေ့တယ်မဟုတ်လား၊ သိခ်တို့ ရိုက်မစစ် ဘဲ မျိုးစစ်ကျော် ဖွင့်ဟဝန်ခံလာပြီ။ ဒီလိုပဲဖြစ်ရမယ်လေ"

သူခေါင်းခါလိုက်မိ၏။ အဖြေက လွယ်သလောက် ဖွင့် ခက်ခဲလွန်းတာကို မင်းမသိတာဘဲ။ မိန်းကလေးတစ် ကကို ပိုင်ဆိုင်ခွင့်မရှိပါဘဲ၊ နီးစပ်မှုမရှိပါဘဲ၊ လက်ထပ်ခွင့် ပါဘဲ 'ချစ်ပါတယ်'ဆိုတဲ့စကားတစ်ခွန်းကိုပြောဖို့ လက်တွေ့ လွယ်ကူနိုင်တာလေ။

နွေးရယ်...

အချစ်ဆိုတာ နှစ်ယောက်သား ဖွင့်ပြော ခေါင်းညိတ် ခံမှ ဖြစ်မှာတဲ့လား...

မျက်ဝန်းထဲကတစ်ဆင့်ကြည့်ရင် ရင်ထဲအထိ ရောက်



www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်ယုံနဲ့ နှစ်ကိုယ်တူချစ်သမျှကို သိသာနိုင်ရင် ဘ...
လောက်များ ကောင်းလိုက်မလဲနော်။



# အခန်း (၁၀)

Hand Phone ကိုကိုင်ရင်း အိပ်ရာထက် ပစ်လှဲအိပ်လိုက်မိပါ၏။ ရင်တွေခုန်နေလိုက်တာမှ ပရမ်းပတာပါပဲ။ အရင်တုန်းကဆို ဘွားအိမ်ကိုလွှတ်တိုင်း မသွားချင်ဘူးအကြောင်းပြချက်မျိုးစုံနဲ့ ငြင်းဆန်ခဲ့မိတာ အကြိမ်ပေါင်းမနည်းခဲ့ပါလေ။ အခုတော့ ထိုသို့မဟုတ်တော့ပါလေ။

'မှူးစစ်ကျော်'တဲ့။ အဘာယ်မျှ ခန့်ထည်လိုက်တဲ့အမည်ပါလဲ။ ဆင်းရဲပါတယ်လို့ ရဲရဲဝန်ခံတဲ့မျက်ဝန်းထဲမှာ အားငယ်ရိပ်တို့ အလျှဉ်းမျှမရှိတာကိုက နွေးအတော်သဘောကျမိတာပါ။ ဒါအပြစ်မှ မဟုတ်တာဘဲ၊ ရှေးကုသိုလ်နည်းခဲ့ရလို့ ဒီဘဝမှာ မပြည့်စုံနေရတဲ့ ကံ ကံ၏အကျိုးကို နွေးလည်း သိတတ်နားလည်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးလှလှမြင်တာနဲ့ အငမ်းမရ ပြုံးပြကြည့်တတ်တာမျိုးမဟုတ်ဘဲ ဟိုးနှစ်ပေါင်းများစွာက ရင်းနှီးခဲ့သလို အကြည့်နွေးနွေးက နွေးကို သိမ့်ခနဲ ရင်ခုန်စေခဲ့တာအမှန်ပါ။ သိနေတာတဲ့၊ နွေးတောင်မှ ဂရုမပြုမိခဲ့တဲ့ ပတ်ဝန်းကျင်ကနေ လူကို တိတ်တိတ်ကလေး စောင့်ကြည့်ပြီး မြင်ခဲ့တာပေါ့လေ။

အဘယ်မျှ မတရားလိုက်ပါသလဲ။ တကယ်ဆို မမြင်တဲ့အကွယ်ကနေ သူကြည့်နေတာကို အမှတ်တမဲ့လေး မြင်လိုက်သင့်တာပါလေ။ အကြည့်ချင်းဆုံသွားတိုင်း ဖျတ်ခနဲလွှဲသွားတဲ့မျက်ဝန်းတွေကို အပိုင်လိုချင်လိုက်ပါဘိ။ သူ့မျက်နှာထက် ထင်းခနဲမြင်သာသည့် မျက်ခုံးထူထူ၊ နှာတံပေါ်ပေါ်၊ တည်တည်တင်းတင်းစေ့ပိတ်ထားသည့် မထူမပါး နှုတ်ခမ်းအစုံမှ မပွင့်တပွင့်အပြုံးက နွေးရဲ့နှလုံးသားအစုံကို ပိုင်စိုးချုပ်ကိုင်ခဲ့တာ မဟုတ်ပါလား။

အချစ်ဆိုတာ အတော့်ကို ထူးခြားဆန်းကြယ်တဲ့အရာပါပဲ။ တစ်ကြိမ်လေးသာ တွေ့ဖူးခဲ့ရပေမယ့် ခပ်ကြမ်းကြမ်းဆံပင်ခပ်မြင့်မြင့်အရပ်အမောင်းနဲ့ သူ့ကိုယ်ရန့်ကို အလိုလို စိတ်ထဲစွဲထင်နေခဲ့ရတာလေ။ တကယ်ပါ၊ သူ့ဘေးနားမှာ ရပ်ရစဉ်ခဏနွေးတစ်ကိုယ်လုံး နွေးထွေးလုံခြုံသွားရသည့်နှယ် ခံစားခဲ့ရတာ





ပါလေ။

ဖေဖေတို့သဘောတူပါတယ်ဆိုတဲ့လူကို ဓာတ်ပုံထဲမှာမြင်ခဲ့ပေမယ့် ဒီလိုစိတ်မလှုပ်ရှားဖြစ်ခဲ့။ သူဒွေးသား လူပေါ်ကျော့ဆိုတာကို ကြည့်ရုံနဲ့ သိသာနေတာကိုး။ နွေးက တစ်ဦးတည်းသောသမီးဖြစ်ပေမယ့် အိမ်မှာ ဖူးဖူးမှုတ်အလိုလိုက်ခံရတာမျိုးရှိပါချေ။

မိဘတွေ ပြုစုပျိုးထောင်ပေးခဲ့လို့ ဒီအသက် ဒီအရွယ်နဲ့ ဘွဲ့တစ်ခုကိုတော့ ရခဲ့ပါ၏။ နှစ်ဖက်ပြေးကြည့်မှ တစ်ဦးတည်းသာကျန်သည့် မေမေတို့အမေ ဘွား 'ဒေါ်နှင်းဖြူ'ကလည်း နွေးအပေါ် သည်းသည်းလှုပ်ချစ်ရှာလေသည်။ သို့သော် နွေးက လူကြီးတွေ အလိုလိုက်သလို ခပ်ဆိုးဆိုးလေးမဟုတ်ခဲ့ပါ။

မေမေသင်ပေးသမျှ အိမ်မှုကိစ္စတွေကို အကုန်နိုင်နင်းပြီး အိမ်တွင်းမှ စီးပွားတစ်ဖက်တစ်လမ်းရှာတတ်သူပါ။ ယူထားသည့်စိုက်ပျိုးရေးဘွဲ့ကို အလဟဿအဖြစ်မခံဘဲ နွေးတို့ခြံထဲမှာပန်းပင်မျိုးစုံစိုက်ပြီးရောင်းတဲ့ သမာအာဇီဝနည်းဖြင့် ဝင်ငွေရှာတတ်ပါ၏။

အပြင်ထွက်တိုင်း မေမေမဟုတ်ရင်တောင် ဝမ်းကွဲညီမဖြစ်သည့် (အန်တီလေး ဒေါ်သန္တာဖြူ၏သမီး) 'နှင်းကဗျာဖြူ'နှင့်



www.burmeseclassic.com

www.burmeseclassic.com



အတူထွက်ဖြစ်လေသည်။ ကဗျာက နွေးထက် ငါးနှစ်ငယ်ပြီး အခု Final Eco တက်နေတုန်းပါ။ ရပ်ကွက်ထဲ လှည့်ရုံ ဘွားအိမ်သွားရုံကလွဲပြီး နွေးကို တစ်ယောက်တည်းလွှတ်ဖို့ စိတ်မချကြတာကို နွေးသိနေပါ၏။

အဲဒီလိုစိတ်မချသည့်ကြားက ဘွားအိမ်မှာ ခဏနေရင်း Store ဆိုင်ကအပြန်မှာ စက်ဘီးနဲ့ သူ့ကိုဝင်တိုက်မိခဲ့တာမဟုတ်ပါလား။ အချစ်မှာ မျက်စိမရှိဘူးတဲ့။ မှန်လိုက်တာနော်၊ နွေးလည်း အချစ်ကို ခလုတ်တိုက်ပြီး ရှာတွေ့ခဲ့ရတာကိုး။

တီးတိုးရယ်လိုက်မိစဉ် တံခါးခေါက်သံထွက်လာလေ၏။ ညနေစောင်းကြီး ဘယ်သူလာပြန်ပါလိမ့်။ တံခါးကိုဖွင့်လိုက်စဉ် မျက်နှာရှေ့မှာ Plastic အိတ်ဖောင်းဖောင်းကိုမြင်လိုက်ရပြီး ရုတ်တရက် ပေါက်ကွဲသံ ထွက်လာလေသည်။

"ဖောင်း!"

"အမယ်လေး . . . ကဗျာရယ်၊ လာလိုက်ရင် အလန့်တကြားနဲ့။ တကယ်ပါပဲ"

"မဒါ ဘာလုပ်နေလဲ"

"ပန်းပင်တွေ ရေလောင်းပြီးလို့ ရေမိုးချိုးပြီး နားနေတာပေါ့။ လာလေ"





"ပင်ပန်းလိုက်တာနော်၊ ပိုက်ဆံလေး တစ်ပြားနှစ်ပြားရဖို့အရေး"

"ရှာရတယ်ရှင့်၊ အရိပ်ထဲနေပြီး ငွေဝင်တာ နည်းတဲ့ကုသိုလ်လား။ ကျုပ်က ရှင့်လိုအဖြုန်းသမားမဟုတ်ဘူး၊ အရှာသမား။ မှတ်ထား . . . တစ်သက်လုံး ပျော်ချင်ရင် သစ်ပင်စိုက်တဲ့"

"သြ . . . ဒါကြောင့် စီမံချက်ကြီးနဲ့ အပင်စိုက်စားနေတာပေါ့လေ။ ကဗျာတို့များ မလုပ်ချင်ပေါင်။ တစ်နေ့တစ်နေ့ စကားမပြောတတ်တဲ့အပင်တွေကြားထဲမှာ နေရတာ ပျင်းစရာကြီး"

"ရှင်ပဲ ပျင်းတယ်ထင်တာ၊ ကျုပ်က ပန်းပင်လေးတွေ ကြည့်ရင်း ပျော်နေတာပါရှင်"

ညီအစ်မနှစ်ယောက်သား ကုတင်ထက် ထိုင်လိုက်ကြပါ၏။ နွေးက ဆံပင်အရှည်ထားကာ ဝတ်တော့လည်း လုံလုံခြုံခြုံမို့ ရှိရင်းစွဲထက် ပိုရင့်နေသလောက် ကဗျာကတော့ ဝတ်တော့လည်း ခေတ်ဆန်ဆန်၊ ဆံပင်ကိုလည်း ခပ်တိုတိုလေး ညှပ်တတ်တာမို့ မသိရင် အထက်တန်းကျောင်းသူလေးနှယ် ထင်မှတ်ရတာပါလေ။



www.burmeseclassic.com

www.burmeseclassic.com



ကလေးသာသာ ညီမလေးကို စီးပွားရေးအကြောင်းတွေ ပြောနေလို့ ဘာသိမှာတဲ့လဲ။ ဖအေဖြစ်တဲ့ လေးလေးအောင် (ဦးအောင်အောင်)က ကုမ္ပဏီမှာ MD, မအေဖြစ်တဲ့ အန်တီလေးက ရွှေဆိုင်ဖွင့်ထားမှတော့ ဒီညီမလက်ဖျားမှာ ငွေတွေသီးနေတာပေါ့။ ချင့်ချိန်သုံးထုတ်ရန်ဆုံးမဖို့ထက် နားအေးရင်ပြီးရောသဘောမျိုးဖြင့် ငွေကိုပေးသုံးတတ်ကြသဖြင့် ကဗျာဟာ အတော်လေးလက်ဖွာသည့်မိန်းကလေး ဖြစ်လာတော့၏။ တစ်အိမ်တည်းအတူနေသည့်အဘွားက ကဗျာ့ထက် နွေးကိုပိုချစ်မှန်း သိသာလှန်းလေသည်။ နွေးကို မြေးလိမ္မာလို့ခေါ်တတ်လေ့ရှိတာကိုး။

"ဘာကိစ္စရှိလို့လဲ"

"ဒီလိုဒိုင်လျှိုထားလို့ ဘယ်ရမလဲ၊ သတင်းအတိအကျရလို့ လာတာ"

"ဘာသတင်းလဲ"

"ကြည့်စမ်း! မဒါက မသိယောင်ဆောင်နေပြန်ပါပြီ"

"ဟယ်! တကယ်မသိလို့ မေးနေတာပါ ကဗျာရယ်"

"ဟာ. . . မမနဲ့ Engage လုပ်ပေးမယ့်မိသားစုကို ဒီည Dinner ကျွေးဖို့ ဖိတ်ထားတယ်လေ"

"ဘယ်လို"





နွေးမျက်လုံးပြူးသွားရပါ၏။ တကယ်ကြီးလား။ အိမ်မှာ ဘယ်သူမှပြောမထားတာမို့ ကြိုသိမထားတာအမှန်ပါ။ ဘုရားရေ! သူ. . . သူတို့မိသားစု လာကြမှာတဲ့။ နွေးထင်မထားတဲ့အချိန်မှာမှ ရုတ်တရက်ရောက်လာရတယ်လို့၊ ကဗျာ့ကို ဘာမှမပြောတော့ဘဲ အခန်းထဲမှထွက်ကာ လှေကားကို ခပ်သုတ်သုတ်ပြေးဆင်းလာခဲ့မိ၏။

"မေမေ. . . မေမေ"

"ဟယ်! ဘာလဲ သမီးရယ်၊ ဒီမှာ အလုပ်ရှုပ်ရတဲ့ကြားထဲ"

"ညေ့သည်တွေကို ထမင်းစားဖိတ်ထားတယ်ဆို"

"ဟုတ်တယ်လေ"

"နွေးကို ဘာလို့မပြောတာလဲ"

"ဩော်. . . သမီးက ကိုယ့်အလုပ်နဲ့ကိုယ် ရှုပ်နေတာ မဟုတ်လား။ အထူးတလည်ဖိတ်တာမျိုးမှမဟုတ်တာကွယ်။ သမီးဖေဖေရဲ့ငယ်သူငယ်ချင်းတွေ ပြန်ဆုံတဲ့အထိမ်းအမှတ်မျိုးနဲ့ပါ"

ဒါဖြင့် နွေးကိုစေ့စပ်ပေးဖို့ဆိုတဲ့စကားက ဘယ်ကထွက်လာပါသလဲ။ အတိအကျရယ်မဟုတ်ပေမယ့် ဖေဖေ့စာကြည့်ခန်းထဲက အံဆွဲထဲမှာ သူ့ဓာတ်ပုံကို အမှတ်မထင်တွေ့ဖူးခဲ့တာလေ။

www.burmeseclassic.com



နွေးယူကြည့်တာကို မြင်သွားသည့်ဖေဖေက 'သမီးနဲ့ သဘောတူထားတဲ့တစ်ယောက်'တဲ့။ ငယ်ငယ်တည်းက ပြုခဲ့တဲ့ ကတိကို ယခုထိ တည်စေရာလိုအပ်ပါသလား။ နွေးကဖြင့် စိတ်နှလုံးအစုံကို တစ်ယောက်သောသူကိုပေးအပ်ဖို့ အဆင်သင့်ဖြင့်ပြီးနေတာပါလေ။

''ဟော. . . ကားသံကြားတယ်၊ သမီးဖေဖေတို့ လာကြပြီထင်တယ်။ သွားကြိုလိုက်လေ''

ဖေဖေတို့ဆိုတော့ ဧည့်သည်တွေပါ တစ်ပါတည်း ပါလာတော့တာပေါ့။ မကြိုချင်ပါဘူး၊ တော်ကြာ အပြေးကြိုမိမှ နွေးဘက်က သူ့ကိုလိုလားသလိုဖြစ်သွားရင် ဘယ့်နှယ်လုပ်မလဲ။ ဧည့်ခန်းဘက် ဖြည်းဖြည်းလျှောက်ခဲ့စဉ် ရယ်သံသဲ့သဲ့နှင့်စကားပြောသံတို့ကို ကြားလိုက်ရလေသည်။

''မဟုတ်ဘူး ကိုသက်ရေ့၊ ဒါ ငါ့တူမပါ. . . ကဗျာတဲ့ သမီး ဘယ်တုန်းက ရောက်နေတာလဲ''

''ခုဏလေးတင်ပဲ ဘာဘရဲ့''

''ဘာလဲ၊ ညည်းမမရဲ့လူကို လာစပ်စုတာပေါ့လေ''

''ဟင်! စပ်စုတာ မဟုတ်ပါဘူး ဘာဘရယ်၊ လေ့လာတာပါနော်''





လူကြီးတွေ ရယ်ကြချေပြီ။ အိမ်ရှေ့ထွက်ကြိုတဲ့ မိန်းကလေးကို နွေးနဲ့မှားသွားကြပုံပါပဲ။ ကဗျာက အသွက်လေးမို့ ကလေးဆန်ပြီး နွေးထက်ပင် ပိုချစ်ဖို့ကောင်းနေတာပါ။ အဲဒီလို ချာတိတ်မလေးကို သူမျက်စိမကျနိုင်ဘူးလို့ ပြောနိုင်မလား။

''ချောင်းကြည့်မနေနဲ့ သမီးရေ့၊ ထွက်လာခဲ့''

ကြည့်စမ်း! လိုက်ကာနောက် ကွယ်ရပ်နေမိတဲ့သမီးကို မြင်လိုက်တာပဲ။ နွေးဖေဖေက အဲဒီလိုလျှင်တာလေ။ နှုတ်ခမ်းကို ရှုချင်ချင်လုပ်ပြီး လိုက်ကာကို ဖျတ်ခနဲဖယ်လိုက်ရတော့၏။ ဖေဖေ့ဘေးမှာ ရပ်နေသည့်လူက နွေးကို ငေးခနဲသတိလက်လွတ် ကြည့်နေတော့လေသည်။ သွားပါပြီ၊ ဒီလို အိမ်နေရင်း ဖြစ်သလို ဘိုသီဘတ်သီနေနေတဲ့ပုံစံကိုလည်း သဘောကျရတယ်လို့။

''ဒါမှ ငါ့သမီးစစ်စစ်ပါဗျာ''

''ရင်ထဲကို အေးသွားတာပဲ သမီးရယ်''

''ဟင်. . . နွေးက ရွှေရင်အေးမှ မဟုတ်တာကို''

''သမီးအလှက ရင်အေးစေတာကို ရည်ညွှန်းလိုက်တာပါကွယ်။ ဒီကိုလာပါဦး. . . ငယ်ငယ်ကတည်းက ဆံပင်ညှပ်တိုင်းငိုတဲ့ကလေးလေးက ဒီအရွယ်တောင် ရောက်နေပြီ။ ကြည့်ပါဦး အစ်ကိုရယ်''

www.burmeseclassic.com



အန်တီကြီးက လက်ကမ်းခေါ်နေပြီမို့ အနားသို့ ကပ်သွား ရပါ၏။ လက်မောင်းကိုရော ပါးကိုပါ ဟိုကိုင်ဒီကိုင်ဖြင့် အရ တစ်ရုပ်လို စေ့စေ့စပ်စပ်ကြည့်တာ ခံရတာမို့ မျက်နှာပင် ရဲ ရပါတော့သည်။ အခုမှပဲ လူကို ရောင်းကုန်လို အစေ့စပ်ကြည် ခံရပါပေ့လား။

နှစ်ယောက်ထိုင်ခုံမှာ ထိုင်ခိုင်းလိုက်တာမို့ အန်တီကြ နှင့်အတူ ထိုင်လိုက်ရပါသည်။ တစ်ဖက်မျက်နှာချင်းဆိုင်ခုံမှာ ထ ထိုင်လိုက်သည့်သူ့ကို မကြည့်သလို မျက်စောင်းခဲလိုက်မိစဉ် က လှစ်ခနဲပြုံးလိုက်လေ၏။ ကြည့်စမ်း! လူကို မကြည့်ပါ အချက်ပြတာတောင် သဘောကျပုံနဲ့လေ။ စိတ်တိုရပ့်။

''သမီးကိုကိုလေ၊ မှတ်မိလား''

''ဟင့်အင်း''

'''ငယ်ငယ်တုန်းက ပြောခဲ့တယ်လေ။ ကြီးလာရင် ကို ကို ယူမှာတဲ့''

''အာ. . .''

မျက်နှာပူလိုက်တာနော်။ ကလေးတုန်းက ပြောခဲ့ မှတ်ထားစရာလား။ လက်ကို ခုထိမလွှတ်ဘဲ ကိုင်ထားတာ မရှန်းဖယ်ဖြစ်။ ဖေဖေတို့တွေ ငယ်ငယ်ကတည်းက တရင်းတ





ရှိခဲ့တာ အမှန်ပင်ဖြစ်မှာပါလေ။ ခက်တာက . . . ခက်တာက အခု နွေးက ကလေးမှမဟုတ်တော့တာ။ ပိစိလေးတုန်းက ကိုကို့ ကိုယူမယ်ဆိုတာ ကလေးစိတ်နဲ့ ကိုကိုလှလှလေးကို ပြောခဲ့ဖူး တာပဲဖြစ်မှာပါ။

အခု အရွယ်ရောက်နေတဲ့နှလုံးသားက လှတာလေးကို ပဲ ရွေးကြိုက်တော့တာမှ မဟုတ်တော့တာဘဲ။ နွေးကြိုက်တာက သူ့လိုဆံပင်ပျော့ပျော့မဟုတ်၊ 'ကျော့'လို ဆံပင်ကြမ်းကြမ်းတွေ ပါ။ နွေးနှစ်သက်တာ သူ့လို မင်းသားချော ချောတဲ့မျက်နှာမျိုး မဟုတ်၊ 'ကျော့'လို တည်တံ့ပြီး ပြုံးခဲတဲ့မျက်နှာပါ။ နွေးနှစ်သက် တာ သူ့လို ခပ်ဖြူဖြူအသားရောင်နဲ့ ခပ်ပါးပါးခန္ဓာကိုယ်မျိုးမဟုတ်၊ 'ကျော့'လို ယောကျ်ားပီသပြီး ညိုညက်ညက်အသားရောင်နဲ့ ခပ် တောင့်တောင့် Body မျိုးပါလေ။ အရာရာဆန့်ကျင်ဘက်ပါပဲ လားနော်။

''သားက ကုမ္ပဏီမှာ စဝင်နေပြီ''

အခုမှ အလုပ်စလုပ်တာတဲ့။ ဘာများကျွမ်းကျင်မှာတဲ့ လဲ။ တကယ်ဆို ဒီအရွယ်မှာ ရာထူးကြီးကြီးနဲ့ ကုမ္ပဏီကို ဦး ဆောင်နိုင်ရမှာလေ။ ပုံစံကြည့်ရုံနဲ့ အလုပ်ကို အလေးမထား၊ ဖွံ ဖြိုးမလုပ်ချင်သူမှန်း သိသာနိုင်တာကိုး။ နွေးကတော့ ထုံးစံအတိုင်း



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်၏အင်္ဂါရုပ်ကိုကြည့်ပြီး ဝေဖန်ထောက်ပြကျင့်
ပြန်ပြီလေ။

"ငါ့သမီးကတော့ သူ့တတ်ထားတဲ့ပညာနဲ့ ဘေးခြံ
ကွက်ကိုဝယ်ပေးပြီး အပင်စိုက်စားနေတာ သိဂါ့ရဲ့၊ အထင်မသေ
လေနဲ့ဟေ့၊ သူ့ရှာတာ တစ်လတစ်လ သိန်းကျော်ဝင်တယ်ကွ"

"ဟုတ်လား"

ကြည့်လဲ့လဲ့မျက်ဝန်းတို့နှင့် ဆုံပြန်လေ၏။ နွေးအကြ
ကို လွှဲမပစ်ပါလေ။ အာရုံထဲ သတိရမိသည်က ရင်တွင်းထိ
နွေးသွားစေတဲ့ အကြည့်နွေးနွေးကိုပါပဲ။ နွေးမော့ကြည့်လိုက်
တိုင်း အကြည့်မဆုံရလေအောင် (အားနာတာလည်း ဖြစ်နိုင်ပါ
မျက်ဝန်းကိုလွှဲသွားတတ်သည့် 'ကျော်' မျက်ဝန်းနက်တွေကိုပါ

"အပြင်မှာပဲ ထွက်စားမယ်ဆိုတာကို အိမ်က အိမ်ရှ
က အိမ်မှာပဲ ချက်ပြုတ်ကျွေးချင်တယ်ဆိုလို့ အိမ်ကိုပဲ ဖိတ်လို
ရတာ။ ကြည့်ရေ"

"ရပြီ အစ်ကို"

"အရင်တုန်းက အတိုင်းပါပဲလား"

ရယ်ကြပြန်လေ၏။ မေမေက ဖေဖေ၏'ကြည့်ရေ'
သည်နှင့်၊ လိုချင်တာကို ချက်ချင်းထလုပ်ပေးတတ်သည့်





ကောင်း မဟုတ်ပါလား။ ထမင်းစားခန်းထဲသို့ ထလာစဉ် ကဗျာ
က နွေးလက်ကို လိုက်ကာနောက်မှ လှမ်းဆွဲထားလိုက်လေ၏။

"ဘာလဲ"

"မိုက်တယ်ကွာ"

"ဘာကိုလဲ၊ သူ့ကိုလား"

"အင်းပေါ့၊ မဒါ သဘောမကျဘူးလား"

"ဝေးပါ့၊ ယောကျ်ားလေးဖြစ်ပြီး ဖြူဖပ်ဖြူရော်နဲ့ မိန်းမ
ချောကြီးကို"

"အဲဒါဆို ကဗျာ့ဆီ ပစ်ပေးလိုက်လေ"

"ယူဟယ်! ယူ၊ ငါ့အိတ်ထဲက စိုက်ပေးရတာမှမဟုတ်
တာ"

ကဗျာ ဟက်ဟက်ပက်ပက် ရယ်လေတော့၏။ နင်က
ရယ်နိုင်ပေမပေါ့။ စိတ်အစဉ် လွတ်လပ်နေသူကိုး။ နွေးမှာသာ
ဒီမှာ နှစ်ဖက်မိဘတွေနဲ့ မိသားစုတွေ့ဆုံပွဲ ကျင်းပနေပြီ 'ကျော်'၊
'ကျော်'ကရော အခုဘာလုပ်နေမလဲ။ တစ်နေကုန် အလုပ်လုပ်
နေရတာမို့ ပင်ပန်းပြီး စောစောအိပ်နှင့်ပြီလား။ ဒါမှမဟုတ် နွေး
ဆီက Phone ဆက်အလာကိုများ မငံ့မရဲစိတ်နဲ့ မျှော်လင့်နေ
မလား။



www.burmeseclassic.com

www.burmeseclassic.com



'ကျော်'ရယ် . . . သာမန်မဟုတ်တဲ့ဆုံမှုမျိုးနဲ့ ဆုံစည်း
ရတဲ့နွေးကို အမှတ်မှရပါလေစ။ ဒီလိုပဲ ခရီးသွားဟန်လွှဲနဲ့ စကား
ပြောခဲ့တာလား။ အိမ်လည်ခေါ်ဖို့ဝန်လေးနေတဲ့ 'ကျော့်'ကို မိန်း
ကလေးတန်မဲ့ တစ်ဆင့်တက် အရဲကိုးပြီး ခွင့်တောင်းခဲ့မိတာ
မနည်းကြီး သတ္တိမွေးခဲ့ရတာပါ။ နွေးကို ခပ်ကဲကဲ ခပ်ရဲရဲကောင်
မလေးဆိုပြီး အထင်များ သေးသွားလေမလား။ ဒွိဟတွေမျိုး
နဲ့ ဒီရင်ထဲ ရှုပ်ထွေးနေသမျှ ငြိမ်းအေးအောင် ပြုလုပ်ပေးပါတော့

ဩော် . . . ကျော်ရယ် . . .



## အခန်း (၁၁)

ညလေက ခပ်အေးအေးတိုက်နေပါ၏။ လရောင်က အင်
အားမရှိသလို ခပ်ဖျော့ဖျော့လေး ခြံထဲကို ဖြာကျနေလေသည်။
ကော်ခင်းပြင်ထက် ပိတောက်ပင်ရင်းရှိ ခုံတန်းပေါ်မှာ ထိုင်နေမိ
ရင်ထဲမှာ နွမ်းလျနေတာကို 'ကျော်'သိနိုင်ပါ့မလား။

''သဒ္ဒါ''

ရုတ်တရက်မို့ လန့်သွားပြီး လှည့်ကြည့်လိုက်မိ၏။ ကဗျာ.
သိပ်မမှောင်ခင် ပြန်သွားပြီမို့ အိမ်ထဲမှာ တိတ်ဆိတ်ငြိမ်သက်
နေသလိုပါ။ ဟုတ်သားပဲ၊ ညသည်တွေ ထမင်းစားပြီးချိန်
ဘင် နွေးက ခေါင်းထဲ ငြီးစီစီဖြစ်လာတာမို့ လေသန့်ရှူချင်
နဲ့ ခြံထဲရောက်နေတာပါလေ။



www.burmeseclassic.com

www.burmeseclassic.com



တစ်အိမ်လုံးက နွေးလို့သာခေါ်ကြပြီး ကဗျာခေါ်နေကျ 'မဒါ'ဟူသည်ကလွဲ၍ ဤသို့ ဘယ်သူမှမခေါ်ဖူးကြ။ နားထဲမှာ စိမ်းသက်သက်ကြီးဖြစ်နေတာမို့ နားထောင်လို့ မကောင်းလှပါ။ မခေါ်နဲ့ဟုလည်း မပြောဝံ့။ နွေးနာမည်ကိုက နစ်သက်သလိုခေါ် လို့ရတဲ့ အမည်ပေကိုး။

"အိမ်ထဲမှာမတွေ့လို့ လိုက်လာတာ၊ ထိုင်မယ်နော်"

ခေါင်းကိုသာ ညိတ်ပြလိုက်ပါ၏။ လူကလည်း ခုံအစွန်ဘက်ကို မသိမသာရွှေ့ထိုင်လိုက်မိလေသည်။ အကဲပိုသည်ဟု ထင်လေမလား။ ကိစ္စမရှိပါ။ နွေးက 'ကျော်'ရင်ခွင်ထဲကို အမှတ်မထင် လဲကျပြီးရောက်ခဲ့ဖူးတာကလွဲပြီး ဘယ်သူစိမ်းယောကျ်ားနှင့်မှ နီးနီးကပ်ကပ်မရှိဖူးတာပါလေ။

"ဘာတွေ တွေးနေတာလဲ"

"ဒီလိုပါပဲ"

မေးခွင့်ရှိပါရဲ့လား။ အတွေးထဲရှိနေတာ ရင်ထဲရှိတာက နွေးရဲ့ကိုယ်ပိုင်ခံစားချက်တွေပါလေ။ ဒါကို ဝင်စွက်ဖက်လို့ ရမှာတဲ့လား။ 'ကျော်'ဆိုရင် ဆိုခဲ့စေ မြဲစေယောကျ်ားမျိုးဖြစ်ပြီး နွေးကို လိုတာထက် စကားအပိုမပြော၊ အတင်းမရောတတ်တာလေ။

"ဘယ်လိုသဘောရသလဲ"





"ဘာကိုလဲ"

"ကိုယ်တို့နှစ်ယောက်ကိစ္စကိုပေါ့ သန္တါရဲ့"

ကြည့်စမ်း! မေးပုံကိုက အထက်စီးကပါလား။ ဘယ် ရာမဆို မိန်းမသားကို ဦးစားပေးစနစ်ရှိမှန်း သူသိမထားပုံပါ 'မင်းမြှပ်သိခ်'၊ ရှင်က နာမည်သာ ရင့်ကျက်ပြီး လူက ရင့်ကျက်တဲ့သူပါပဲလား။ အံ့ပါရဲ့ရှင်။

"အဲဒါ လူကြီးတွေ သဘောထားလေ"

"ဒါဖြင့် သန္တါသဘောမပါဘူးလို့ ဆိုလိုတာလား၊ ဟုတ် ား သန္တါ"

"ဟုတ်တယ်"

တစ်ခုခုသေချာနေသလို ခေါင်းကို ဆတ်ခနဲညိတ်လိုက် 'ကိုကို'တဲ့လား။ ငယ်စဉ်က ဘာသဘောနှင့်ခေါ်ခဲ့မှန်းကို တ်မိတော့ပေမယ့် ယခုချိန်ခေါ်ရမှာ လျှာယားသလိုနှယ်ပါ။ ယ့်ချစ်သူမဟုတ်ပါဘဲ 'ကိုကို'တွေ 'မောင်'တွေကို မည်သည့် း ကလေးက အလွယ်တကူခေါ်ရဲပါ့မလဲ။

"ဘာဖြစ်လို့လဲ သန္တါ၊ သန္တါမှာ ချစ်သူရှိနေလို့များလား"

မေးချေပြီကော၊ မေးနေပြီ 'ကျော်'၊ နွေးဘယ်လိုဖြေ မလဲ။ ရှိတယ်ဆိုရင် လိမ်ညာရာရောက်တော့မှာလေ။



www.burmeseclassic.com

www.burmeseclassic.com



ကာယကံရှင်ကိုယ်တိုင် ဖွင့်ဟခြင်းမရှိဘဲ နွေးက မိန်းကလေးတန်မဲ့ တစ်ဖက်သတ် ကြင်နာမှုတွေနဲ့ သဒ္ဒါတွေ ပိုလွှန်နေခဲ့တာ ဘယ်လိုပြောရပဲ့။ မရှိဘူးငြင်းဆန်ရအောင်ကလည်း နှလုံးသားကို ပိုင်စိုးထားနှင့်သူက ရှိထားနှင့်နေတော့ ခက်သားလား။

"သဒ္ဒါ"

"နွေး လောလောဆယ် မပြောနိုင်သေးဘူး"

"ဘာဖြစ်လို့လဲ"

"မပြောနိုင်သေးလို့ပါ"

လေပြည်က သုတ်ခနဲတိုက်ခတ်လာတာမို့ ဆံနွယ်စတွေ လွင့်သွားရစဉ် သူက အသာလေးယူကာ ကျောဘက်သို့ ပို့ပေးလေ၏။ မနှစ်သက်ဟန်ဖြင့် ဆံနွယ်တွေကို စုစည်းကာ လက်ဝဲဘက်ပခုံးထက်မှ ရှေ့ဘက်သို့ပုံထားလိုက်မိသည်။ ခေါင်းလျှော်ထားတာမို့ ဆံပင်ကိုဖြန့်ထားဖြစ်တာပါလေ။

"ကိုယ်ကတော့ ဒက်ဒီတို့နဲ့ဆန္ဒတစ်ထပ်တည်းပဲ သဒ္ဒါ"

ဘာလဲ. . . အပိုင်တွက်ထားတာလား။ အိမ်မှာက တစ်သွေးတစ်သံတစ်မိန့်နဲ့ အုပ်ချုပ်နေတာမှမဟုတ်တာ။ အထူးသဖြင့် နွေးကိုသိပ်ချစ်တဲ့ဘွားရှိနေတာမို့ ဒီမြေးမအကြီးကို မျက်နှာတစ်





ချက်ညှိုးမှာ၊ စိတ်ဆင်းရဲမှာကို အကြောက်ဆုံးပါလေ။ ဒါကိုသိနေတဲ့နွေးက ကိုယ့်သဘောဆန္ဒမပါဘဲ မိဘတွေ စိတ်တိုင်းကျ တည်ဆောက်ပေးမယ့် ဘဝလက်တွဲဖော်ကို လွယ်လင့်တကူ လက်သင့်ခံမှာမှမဟုတ်တာဘဲ။ ရှင်သိပါလေစ 'မင်းမြတ်သိခ်'။

"နွေးဆန္ဒမပါဘူး"

"ကိုယ့်မှာ ဘာလိုအပ်ချက်တွေ ရှိနေလို့လဲ သဒ္ဒါ။ ပြောပါဦး"

"ဟင့်အင်း. . . မရှိပါဘူး"

"ဒါဖြင့် ကိုယ့်ကို ဘာလို့ ခေါင်းမညိတ်နိုင်ရတာလဲ"

"မချစ်နိုင်လို့ပါ"

"ဘယ်လို"

'မဆိုးဘူး'ဟု ကိုယ့်ကိုယ်ကိုယ် အားပေးမိ၏။ ဒီလိုကောမျိုးဆိုတာ မိန်းကလေးနှုတ်ကထွက်ဖို့ ဘယ်လွယ်ပဲ့မလဲ။ သူ့ကိုရက်ရွဲ့မနေဘဲ ပြောပုံ့တာမို့ စိတ်ထဲမှ အစ်ကိုလိုသဘောထားနေမှန်းကို သိလိုက်ပါသည်။ ဟုတ်သားပဲ၊ 'ကိုကို'ဆိုရင် 'ညီမလေး'လို သတ်မှတ်နိုင်တာပါလေ။

"သဒ္ဒါ ဘယ်လိုပြောလိုက်တယ်"

"ရှင်းရှင်းလေးပါ၊ ကိုကို့ကို နွေး အစ်ကိုတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



လိုပဲ သဘောထားလို့ရတယ်။ ဒီ့ထက်မပိုနိုင်ဘူး၊ မချစ်နိုင်ဘူးလို့ ပြောလိုက်တာပါ''

သူနှုတ်ဆိတ်သွားလေ၏။ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးလွန်းပြီး Proud ဖြစ်လွန်းတဲ့သူမျိုးကို နွေးသိပ်မုန်းပါသည်။ ကိုယ်ပိုင်ဆိုင်ထားတဲ့ဂုဏ်တွေ ပကာသနတွေ ဘွဲ့တွေ ရာထူးတွေက တဒင်္ဂပိုင်ဆိုင်ရတဲ့ မမြဲသောအရာတွေမဟုတ်ပါလား။

စိတ်ဆိုးသွားတာလား. . . ဒီလောက်နဲ့ စိတ်ဆိုးစရာမှ မဟုတ်တာ။ စေ့စပ်ပွဲမတိုင်မီကတည်းက ဒီကိစ္စကို ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား ဆုံးဖြတ်နိုင်မှသာ နောက်ထပ်အရှုပ်အထွေးမဖြစ်အောင် လုပ်လို့ရမှာလေ။

''ကိုယ်ကဖြင့် . . . သဒ္ဒါ့ကို ဓာတ်ပုံထဲမှာ တွေ့လိုက်ရကတည်းက စွဲလန်းနှစ်သက်ခဲ့ရတာ''

ခြေထောက်ကိုသာ ငုံ့ကြည့်နေမိ၏။ စိတ်ထဲမှသာ ပြုံးလိုက်မိပါသည်။ အလှအပကိုခံစားတတ်တဲ့လူပါပဲ၊ နွေးလှပတာကို ဝန်ခံပါ၏။ သို့သော် လူကိုမြင်တာနဲ့ လိုချင်တပ်မက်စိတ်နဲ့ကြည့်တဲ့အကြည့်မျိုး၊ တန်ဖိုးထားပြီး ငေးရုံငေးတတ်တဲ့အကြည့်က ကွဲပြားလွန်းတာမဟုတ်ပါလား။ သူနဲ့ 'ကျော်'မတူဘူးဆိုတာ အဲဒါပါပဲ၊ သူကဖြင့် နွေးကို လူကြီးတွေနဲ့သဘောတစ်ထပ်တည်း





ဆိုပြီး အလွယ်တကူပိုင်ဆိုင်ခွင့်ရမည်ဟု တစ်ထစ်ချ တွက်ဆထားသလိုပါလေ။

''ကိုယ့်ဆီမှာ သဒ္ဒါသဘောမကျတဲ့အချက် ဘာများရှိနေလဲ''

''မပြောပါရစေနဲ့''

''ပြောပါ သဒ္ဒါရဲ့၊ ပွင့်ပွင့်လင်းလင်းပေါ့''

သက်ပြင်းကို ကျိတ်ရှိုက်လိုက်မိ၏။ ပြောဆိုရင် တစ်ချင်း ဖွင့်ချရတော့မှာပေါ့။ ရှင့်ဆီမှာ နွေးသဘောကျစရာ တစ်ချက်မှမရှိဘူးဆိုရင် မျက်နှာပျက်စရာတွေ ဖြစ်ကုန်တော့မှာ အသေအချာပါလေ။ မိဘတွေက မိတ်ဆွေရင်းခြာတွေ မဟုတ်ပါလား။

''အမှန်အတိုင်းပြောရမှာလား''

''ဒါပေါ့''

''ကိုကို့ဆီမှာ နွေးနှစ်သက်တဲ့အရာ ဘာတစ်ခုမှ ရှိမနေဘူး''

''ဘာရယ်''

''နံပါတ်(၁) ရုပ်ရည်ရှုပကာ သိပ်ချောလွန်းနေတာ၊ နံပါတ်(၂) အသားဖြူလွန်းတာ၊ နံပါတ်(၃) ကလေးလို ပျော့စင်းလွန်းနေတဲ့ဆံပင်တွေ ရှိနေတာ၊ နံပါတ်(၄) ခန္ဓာကိုယ်က သပ်



www.burmeseclassic.com

www.burmeseclassic.com



တောင့်တောင့် ရှိမနေဘဲ ပါးလွန်းနေတာ၊ နောက်ဆုံးအချက်က အရေးကြီးဆုံးပါပဲ''

''ဘာများလဲ''

''နွေးရင်ကို လှုပ်ရှားအောင် မပြုလုပ်နိုင်တာပါ''

''သဒ္ဒါက. . . သဒ္ဒါက ဘယ်လိုလူမျိုးကို၊ ရွေးချယ်ချင်တာလဲ''

ခုံမှာ ကိုင်ထားသည့်လက်တို့ အကြောထောင်လာတာမို့ သူဒေါသဖြစ်နေပြီမှန်း သိလိုက်ပါ၏။ မျှော်လင့်ထားတာပဲလေ၊ နွေးက မြှုထားတတ်တဲ့မိန်းမမျိုးမှမဟုတ်တာကို။ ပြောဆိုလို့ ပြောချလိုက်ပေမယ့် အားတော့နာပါတယ်လေ။

''ရုပ်ရည်သင့်ရုံ၊ အသားခပ်လတ်လတ်၊ ခန္ဓာကိုယ်က ယောက်ျားပီပီသသ၊ ဆံပင်ကလည်း မပျော့မကြမ်းဘဲ ယောက်ျားဆန်ရုံ ကြမ်းကြမ်းပေါ့၊ စကားလည်းနည်းပြီး နွေးကို ကြင်နာနိုင်မယ့်သူမျိုးကိုပါ''

ရင်ထဲ အောင့်သက်သွားပါ၏။ ပိုင်ဆိုင်ထားတဲ့ဂုဏ်ပုဒ်တွေကို တစ်ခုမှမရေရွတ်ဘဲ ပုံပန်းသဏ္ဍာန်ကိုချည်း ကြည့်ပြောလိုက်တာပါလား။ ယောက်ျားတွေထဲမှာ စံနမူနာထားစရာဟန်မျိုးရှိနေတဲ့သူ့ကိုများ တစ်ထစ်ချပြောလိုက်တာလေ။





မြတ်စွာဘုရား! သူမနှစ်သက်တဲ့ပုံစံက မှူးနဲ့မှ ကွက်တိဖြစ်နေပါရောလား။ ဘယ်လိုလဲ၊ မိန်းကလေးတိုင်း ငေးကြည့်ကြတာကို အများဆုံးရခဲ့တာက 'မင်းမြတ်သိခ်'ပါပဲ။

မျက်ဝန်းတွေက အထာပေးသလို အပြုံးတွေက ညှို့ယူဖမ်းစားနိုင်စွမ်းရှိတဲ့ သူ့လိုလူကိုမှ တစ်ကြိမ်တစ်ခါတည်းနဲ့ ပယ်ချ ငြင်းဆန်တယ်တဲ့လား။ ခံရခက်လွန်းပါဘိ။ လူပုံစံရဲ့နောက်ကွယ်က အများခေါ်ဝေါ်ကြတဲ့ Background က တောင့်တင်းခိုင်မာနေတာတောင်မှ သူမက အမှုမထားသည့်နှယ် မျက်စိစုံမှိတ်ရတယ်လို့။

ပထမဦးဆုံးအကြိမ်အဖြစ် သူနဲ့ယှဉ်တွဲမိလိုက်သည့် မှူးအပေါ် တစ်ချက်မျှ မျက်ရှုမိလေ၏။ ဘယ်လိုပဲယှဉ်ယှဉ် 'မှူးစစ်ကျော်'ဆိုတာ သူ့အောက်ဆုံးထစ်မှာသာ ရပ်နေရတဲ့လူပါ။ သူနိုင်းသမျှ လုပ်ပေးရတဲ့အလုပ်သမားမျိုး မဟုတ်ပါလား။ သူတို့မိသားစုရဲ့အဆင့်အတန်းမခွဲခြားတတ်တဲ့ ဆက်ဆံရေးကြောင့်သာ မှူးကို သူငယ်ချင်းနေရာမှာ ထားထားခဲ့တာပါလေ။

နေပါဦး . . . သဒ္ဒါပြောလိုက်ရုံနဲ့ ဘယ်လိုဖြစ်ပြီး သူ့အာရုံထဲကို မှူးက ရောက်လာရတာပါလိမ့်။ တိုက်ဆိုင်မှုတစ်ခုသာ မဟုတ်ပါလား။ မှူးလိုလူနဲ့ သဒ္ဒါလို ရွှေအိမ်စံမင်းသမီးလေး



www.burmeseclassic.com

www.burmeseclassic.com



က အမှတ်တမဲ့လေးတောင်မှ ဆုံနိုင်စရာအကြောင်းမှမရှိတာလေ။

ရော်! ခက်ချေပြီကော။ (၁၅၀၀)မေတ္တာနဲ့ ဆက်နွယ် လာရင် (၅၂၈)နဲ့ချည်နှောင်ထားတဲ့ သူငယ်ချင်းကိုတောင် စိတ် မိချေပြီကော။ Sorry!... မှူးရာ၊ ငါ့ရင်ထဲ ပူသွားရတဲ့အမှ မင်းမြင်တတ်မယ်ဆိုရင် ငါ့ခံစားချက်ကို နားလည်ပေးနိုင်မှာ လေ။

“ကိုယ်ထင်တာ မှန်နေမလား”

“ဟင်. . . ဘာကိုလဲ”

“သဒ္ဒါ့ရင်ထဲမှာ တစ်စုံတစ်ယောက်ရှိနေပြီဆိုရင်ပေါ့”

မျက်လွှာချ ခေါင်းငုံ့သွားလေ၏။ နှုတ်ခမ်းထက်မှာ အပြုံး ယဲ့ယဲ့က အားမရှိသည့်နှယ် ခပ်ဖျော့ဖျော့ပါလေ။ နှာတံလေး သေးတစောင်းမြင်နေရတာမို့ မပြုံးပြင်ဘဲ ခပ်စင်းစင်းလေး လှ လေ၏။ ရှည်ပြီး ကော့နေသည့် မျက်တောင်ကော့လေးတွေ တစ်ချက်ပုတ်ခတ်လိုက်တိုင်း နှလုံးသားဆီမှ ဒိတ်ခနဲခုန်သံ အကျယ်ကြီးပါပဲ။ မင်းမသိလေရော့သလား သဒ္ဒါရယ်။

‘ဆိတ်ဆိတ်နေခြင်းက ဝန်ခံခြင်း’တဲ့။ ဘာဖြေရှင်းချ မှ ပြန်မပေးဘဲ ငြိမ်သက်နေသည်က ခံ့ပေါ်ချထားသည့်အ လေးတစ်ရပ်နှယ်ပါ။ ဒီလိုသက်ရှိအရုပ်လေးကို ဘယ်လိုလု





က သိမ်မွေ့စိတ်ဝင်လာအောင် ပြုစားနိုင်စွမ်းရှိနေရတာပါလိမ့်။

သက်ပြင်းရှိုက်ဟန်ပြုလုပ်ပုံကြောင့် သူ့ရင်ကို ပို၍ပင်ပန်း စေပါ၏။ ‘သောက’တဲ့လား။ ချစ်ခြင်းကြောင့် သောကဆိုတာတွေ ဖြစ်လာတတ်တာမို့ အဲဒီလိုအပူတွေကို သဒ္ဒါရင်ထဲမှာ သိမ်းမထား စေချင်တာအမှန်ပါ။ စေတနာတွေကို သဒ္ဒါနားလည်နိုင်ပါ့မလား။

“အမှန်အတိုင်း. . .”

စကားက ခဏမျှရပ်သွားရလေ၏။ ဆက်ပြောသင့်မသင့် ချင့်ချိန်နေပုံပါပဲ။ ဘယ်လိုလဲ သဒ္ဒါ၊ ကိုယ်လိုလူက သဒ္ဒါ့အတွက် ပွင့်ပွင့်လင်းလင်းမပြောနိုင်ဘဲ လျှို့ဝှက်ဖုံးကွယ်ထားသင့်တာမျိုး လား။ ဒီရင်ကို နွမ်းလျအောင် လုပ်ရတယ်လို့။

“အမှန်အတိုင်းပြောရရင် ဟုတ်တယ်”

“ဟင်! ဘာ. . . ဘာကိုလဲ”

“ခုန ကိုကိုပြောတာလေ”

မျက်လွှာပင့်ကြည့်လိုက်တာမို့ မျက်ဝန်းတောက်တောက် လေးတွေမှာ အရည်လေးတွေ လဲ့နေမှန်း လရောင်ဖြင့် မြင်နေရ လေ၏။ မျက်ဝန်းဆိုတာ စိတ်ရဲ့တံခါးပေါက်တဲ့။ ဒါဖြင့် သဒ္ဒါ့ရင် ထဲမှာ အဲဒီအချစ်ဆိုတာက ပေါက်ဖွားရှင်သန်နေပြီးနေပြီပေါ့လေ။

“ဒါဖြင့် သဒ္ဒါ့ချစ်သူက ဘယ်သူလဲ၊ ဘယ်ကလဲ၊ ဘာ



www.burmeseclassic.com

www.burmeseclassic.com



အလုပ်လုပ်သလဲ၊ ဘယ်လိုဖြစ်ပြီး သဒ္ဒါနဲ့ ဘယ်တုန်းက ဆုံခဲ့တာလဲ''

နှုတ်မှမေးခွန်းတွေ တရစပ်ထွက်သွားတော့ သူမ ပြုံးလေ၏။ လှောင်ချင်နေတာများလား။ သတိမထားမိဘဲ ခုန်ပေါက်ထွက်သွားသည့် စကားလုံးတို့ကို သူဖမ်းဆုပ်လို့ မမိလိုက်ပါချေ။ သင့်မသင့်မစဉ်းစားမိဘဲ ပြောမိပြီကိုး။ ဘာပဲဖြစ်ဖြစ် 'နွေးသဒ္ဒါဖြူ'ဆိုတာ 'မင်းမြတ်သိခ်'ရဲ့ဖူးစာရှင်သာ ဖြစ်သင့်တာမဟုတ်ပါလား။

''မေးခွန်းတွေက များလိုက်တာ''

''Sorry! ... သဒ္ဒါ''

အလျှင်အမြန်တောင်းပန်လိုက်မိ၏။ ကိုယ်မကျူးလွန်တဲ့အပြစ်ကို တောင်းပန်ရပါရောလား။ အောက်လိုက်တာနော်။ တကယ်ဆို မင်းမြတ်သိခ်ဆိုတာ လက်မထောင်ပြီး ရင်ကော့နေတတ်တဲ့ကောင် မဟုတ်ပါလား။

'နွေးက. . . နွေးကသာ သူ့အပေါ် တစ်ဖက်သတ် ရင်ခုန်မိနေတာပါ ကိုကို။ သူက. . . သူကတော့ အဲဒါကို နည်းနည်းလေးမှ သိနေပုံမပေါ်ပါဘူး။ သူသိသွားမှာကိုလည်း သိပ်စိုးရိမ်ပါတယ်။ ဘယ်တတ်နိုင်ပါ့မလဲလေ၊ နွေးက သူ့အပေါ် သူမ...





တဲ့ချစ်ခြင်းတွေနဲ့ ချစ်မိနေမှုကိုး''

ညက အသက်မဲ့သလို တိတ်ဆိတ်သွားလေတော့၏။ တကယ်ပါ သဒ္ဒါ၊ ဒီနေ့ ဒီအချိန် ဒီနေရာမှာ မင်းမြတ်သိခ်ရဲ့ရင်ဘတ်ကြီး ဟက်တက်ကွဲအက် သေဆုံးခဲ့ရတာ အသေအချာပါလေ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

စာရင်းတွေစစ်နေလျက်မှ Computer စာစီနေသည့် ကို သူလှမ်းကြည့်လိုက်မိပါ၏။ ဆံပင်က တော်တော်ရှည်ကာ တ်သိုက်ဖြစ်နေတာတောင်မှ ကြည့်ကောင်းနေသည့်နှယ်ပါ။ ပြောတော့ဖြင့် ကုတ်ကို ဆံပင်လာထောက်ရင် မနေတတ်ဘူးဆို း အခုတော့ နေတတ်နေပါလား။

နံဘေးမှ စာရေးမလေးနှင့် အလုပ်လုပ်ရင်း စကားပြော ပုံက ရယ်ရယ်မောမော။ ဘယ်လိုလဲ၊ သူ့ကိုတော့ Boss ားဆိုပြီး တရိုတသေ နှုတ်ဆက်ရုံကလွဲလို့ အပိုမပြော မရော ကြပါလေ။ မျိုးကိုဖြင့် တရင်းတနှီး ရယ်မောပြောနေတာများ ်ရှည်လများ ခင်မင်လာကြတဲ့ မိတ်ဆွေရင်းခြာတွေနှယ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



"OK!... နင့်နေရာ ပြန်ယူလို့ရပြီ ဇင်မာ"

"ပြီးပြီလား"

"အေး"

"အစ်ကိုက မြန်သားပဲ"

"မြန်ရမယ်လေ၊ IT ခေတ်မှာ နှေးနေရင် နောက် ကျန်ရစ်ခဲ့မှာပေါ့"

Printer မှစာရွက်ကို Print ထုတ်ပြီး သေချာစစ်နေ တာမို့ ခပ်ငိုင်ငိုင်ဖြစ်သွားသည့်မျက်နှာကို သူကြည့်မိပြန်၏။ ဟု တော့လည်းဟုတ်ပါရဲ့။ သူလိုလူက သိန်းကျော်တန် အဝတ်အ အသုံးအဆောင်တွေကြောင့် အရောင်ဟပ်ပြီး ကြည့်ကောင်း ရတာကို။ ဒီကောင်ကဖြင့် ရှိတာလေးတွေကိုသာ သင့်တော် တွဲဝတ်ထားတာတောင် အလိုလိုကြည့်ကောင်းနေသလိုပါ

"ပြီးပြီလား သိခ်၊ ဦးဆီသွားပို့ရမယ်။ ဟာ! ဘာ ကြည့်နေတာလဲ"

"ဩော် . . . အင်း . . . မပြီးသေးဘူး"

"ဟို File တွေကော"

"အဲဒါတွေရောပဲ"

"ဟာ! မနက်ကတည်းက စစ်နိုင်းထားတာတောင်





ပြီးသေးဘူး။ မင်းတော့ အပွမ်ခံရတော့မှာပဲ။ ခဏနေ ဆိပ်ကမ်း ဆင်းရဦးမှာလေ"

"အဲဒီကို ငါမလိုက်တော့ဘူး။ မင်းပဲသွားတော့"

"ဘယ်ဖြစ်မလဲကွ၊ ငါက ဦးနိုင်းထားလို့ ရုံးခွဲကိုပြေးရ မှာ။ ပစ္စည်းသွားထုတ်တာကြာမှာမို့ နှစ်နေရာစလုံးသွားဖို့ မမီ ဘူး"

"နေစမ်းပါဦး၊ မင်းက ဘာမို့လို့ ငါ့ကို ဟောက်စားလာ ယ်နေတာလဲ"

"ဟာ! သိခ်"

အံ့သြသွားရပါ၏။ ဒီလိုလေသံမာမျိုးဖြင့် သူ့ကို သိခ် ကြိမ်မှမဆက်ဆံဖူးပါချေ။ ဘာဖြစ်တာပါလိမ့်။ အလုပ်မှာ ပန်းတယ်ဆိုရအောင်လည်း နင်းကန်နိုင်းထားတာမဟုတ်။ ခုံ ထိုင်ပြီး အေးအေးလူလူ စာရင်းလေး စစ်နေရုံသာ။ ဒါကိုတောင် ပင်ပန်းတယ်ထင်နေရင်တော့ ဒုက္ခပါပဲ။ Inport ကုန်တွေက Container ချမှာမို့ ခါတိုင်းတွဲလုပ်ဖူးသည့် သိခ်ကို လက် တို၍ ဦးပြောထားတာမို့ သူပြောမိတာပါ။

အခုတော့ သူ့ကို အာဏာသံဖြင့်ပြောလိုက်သည့် သူ ချင်းကို တအံ့တသြဖြင့် ကြည့်လိုက်မိလေတော့၏။ ဘာလဲ၊



www.burmeseclassic.com

www.burmeseclassic.com



သူက Power ပြပြီး ဟောက်နေတာမှမဟုတ်တာ။ အကျိုးသင့် အကြောင်းသင့်လေး ရှင်းပြနေတာကို ဒီကောင် မကြိုက်လေရော့ သလား။ တကယ်ဆို သူက သူတတ်ထားသမျှ လုပ်ငန်းအကျိုး ကို တတ်မြောက်အောင်လို့ သိခ်ကို သင်ပေးနေရတာပါလေး

"ဘာဖြစ်လို့လဲ သူငယ်ချင်းရယ်"

"အလုပ်မှာ အဲဒီလိုမပြောသင့်တာ မင်းသိမှာပါ"

ခြေကိုပါ ချိတ်ထိုင်လိုက်တာမို့ သူမျက်လွှာချလိုက်ရ တော့၏။ နောက်ဆုံးတော့ အလွှာဆိုတာတွေ အဆင့်အတန်းဆို တာတွေက သူတို့နှစ်ဦးကြားကို အချိန်တန်တော့လည်း ရောက် လာတာပါလား။ အင်းပေါ့လေ၊ ဒရိုင်ဘာရဲ့သားက ဒရိုင်ဘာပါ MD ရဲ့သားကလည်း အချိန်တန် MD နေရာကို ဆက်ခံရမယ် သူမှန်း သူသိနေပါတယ်လေ။

"မှားသွားရင် တောင်းပန်ပါတယ်"

"ယူသွားတော့"

"ဘယ်လို. . . ဘာမှမစစ်ရသေးဘဲနဲ့"

"ယူဆိုယူလိုက်ပေါ့ကွာ၊ စကားများလိုက်တာ"

စိတ်ပျက်ဟန်ဖြင့် File တစ်ထပ်ကြီးကို စီထပ်၍ ယူလိုက် ရပါ၏။ Boss သိရင် အပွမ်ခံရတော့မှာ အသေအချာပါလေ





ဘယ်လိုလုပ်ရမလဲ၊ တစ်ရက်အလုပ်ကလေးကိုတောင်မှ သေချာ မလုပ်ရင် နှစ်ချုပ်စာရင်းတွေကို ဘယ်လိုစစ်တတ်တော့မှာလဲ။ အလုပ်ကို အလေးအနက်မထားသည့်သိခ်အတွက် သူ အတော် ရင်လေးမိတာ အမှန်ပါလေ။

"ဒေါက်! ဒေါက်! "

"ဝင်ခဲ့လေ မှူး"

ရုံးခန်းထဲမှာ အလုပ်ရှုပ်နေသည့်ဦးကို မျက်နှာပူမိပါ၏။ ခင်ဖြစ်သူက အလုပ်ကို စေတနာရှိစွာ လုပ်နေသလောက် သား ဘ ခြေဖျားတောင်မှမမီပါလားနော်။ စားပွဲထက် File တွေ တင် လိုက်ရင်း သူ Print ထုတ်လာသည့်စာရွက်ကို ဦးရှေ့ တရိုတသေ ခင်းပေးလိုက်ပါသည်။

"မှူကြမ်းလား"

"ဟုတ်ပါတယ် ဦး"

"ကြည့်ရအောင်၊ အဓိကအချက်က ငါးချက်၊ နှစ်ဦးနှစ် ဖက်သဘောတူဖို့ရယ်၊ ငွေကြေး Amount ရယ်၊ အင်း. . . ဒီ လောက်ဆို ရပါပြီ။ စာချုပ်ထဲထည့်လိုက်တော့ သား"

"ဟုတ်ကဲ့ပါ ဦး"

"ဒါတွေက ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟို . . . ကျန်ခဲ့တဲ့တစ်ပတ်က စာရင်းတွေပါ"

"ဩော် . . . သိခ်ကိုစစ်ခိုင်းထားတာ၊ အေးအေး . . . ထားခဲ့"

"ဟိုလေ . . . ရုံးခွဲကိုသွားဖို့"

"ရုံးခွဲ . . . ဘာဖြစ်လဲ၊ ဆက်ပြောလေ"

"တစ်ယောက်ယောက်ကို သွားခိုင်းမလားလို့ပါ ဦး။ ဆိုင်ကမ်းကို ကျွန်တော်ပဲ သွားလိုက်ပါ့မယ်"

"နေပါဦး၊ အဲဒါ သားနဲ့သိခ်ကို ခွဲပြီးခိုင်းထားတာလေ။ ဘာဖြစ်လို့လဲ"

"ဟို . . . ဟို"

ဦးက မသင်္ကာဟန်ဖြင့် File တွေကိုဖွင့်ပြီး ကြည့်လိုက်ပါ၏။ သိခ်စစ်ပြီးရင် သိခ်လက်မှတ်၊ PA ကိုလင်းမောင် လက်မှတ်ပါပြီးမှ MD ဖြစ်တဲ့ဦးဆီကို နောက်ဆုံးမှရောက်ရမှာလေ။ အခုတော့ သိခ်လက်ထဲမှာပဲ ကြာနေပြီး ဒီအတိုင်းရှိနေသည့် စာရင်းတွေကြောင့် ဦးမင်းသိင်္ဂီမျက်နှာကြီး နီလာတော့တာပါလေ။

"ဘယ်မလဲ အဲဒီ့ကောင်၊ ဒီကိုလွှတ်လိုက်စမ်း"

"ခင်ဗျာ"

"ကျစ်! နေနေ . . . ငါပဲခေါ်တော့မယ်"





Intercon ခလုတ်ကို စိတ်မြန်လက်မြန်နှိပ်လိုက်ပြီမို့ သူ့အတော်ရင်ပူသွားရပါ၏။ သူရှိနေတုန်း သိခ်ကို ဆူပူရင်ဖြင့် မျက်နှာပူစရာတွေ ဖြစ်ကုန်တော့မှာလေ။ ပြီးတော့ ဦးက ဒေါသကြီးတဲ့လူကြီးမဟုတ်ပါလား။ သားဖြစ်သူကို ပုံသွင်းတဲ့အတိုင်း ဖြစ်မလာတာကို ကရုဏာဒေါသောနဲ့ ပြောချတော့မှာ အသေအသေအချာပါလေ။

"ဒက်ဒီခေါ်တယ်ဆို"

"အေး . . . ဒါတွေက ဘာသဘောလဲ မင်းမြတ်သိခ်၊ အလုပ်ကို ကစားစရာများ မှတ်နေသလား။ ကုမ္ပဏီဝင်ချိန်ဆို နောက်ကျ . . . ပြန်ချိန်ဆို စောစော။ အလုပ်ဆို ခရုက အဘခေါ် ရောက်အောင် အီလေးဆွဲပြီးလုပ်တယ်။ အပြင်ထွက် သုံးဖို့ မြန်းဖို့ဆိုရင် Jet လေယာဉ် ဖင်ကြားညှပ်ထားသလို လှစ်ခနဲ အပြင်ကိုထွက်သွားတာ မြန်မှမြန်ပဲ။ မင်းဘာများအသုံးကျလဲ ကွ။ ဟင်!"

သားဖြစ်သူကို ဆူတာက ကလေးလိုမျိုးမို့ သူက မရယ်ခဲ့ပေမယ့် ကိုလင်းမောင်က ကျိတ်ပြုံးလေတော့၏။ ပြောနေတာ အမှန်တွေပဲကိုး။ အလုပ်ထဲ စိတ်ဝင်စားပါစေဆိုပြီး လိုက်ဆင်းခိုင်းတာ ဘယ်နှလ ရှိနေပြီလဲ။



www.burmeseclassic.com

www.burmeseclassic.com



သိမ်ပုံစံက နဂိုအတိုင်း ဝေလေလေပါ။ အခုနောက်ပိုင်းက စိတ်လေလွင့်နေသလိုပုံစံဖြစ်နေတာက ပိုဆိုးပါ၏။

ကြည့်ရတာ စိတ်နဲ့လူနဲ့မကပ်သလိုချည်း ဖြစ်နေတာပါလေ။ သူ့တုန်းကတော့ ရယ်ရယ်မောမောနှင့် အပျော်သဘောစနောက်ပြီး ဖော့ကာရယ်မိသလောက် သိမ်ပုံစံကဖြင့် တစ်ခုခုကို ကျိတ်မနိုင်ခဲမရ တအုံ့နွေးနွေးဖြစ်နေပုံပါ။ ကိုယ်ရေးကိုယ်တာကိစ္စလား၊ အိမ်တွင်းရေးလေလား။ သိချင်ပေမယ့် မမေးရဲ။ လူဆိုတာ စည်းနဲ့နေတတ်ရမှာကိုး။

''ပြောလေ၊ မင်း စကားမပြောတတ်တဲ့ အအလား''

''ခေါင်းထဲ ငြီးစီစီဖြစ်နေလို့ပါ ဒက်ဒီ''

''အေး . . . သေလိုက်၊ မင်းခေါင်းမကြည်တာ ဘယ်လောက်ကြာဦးမှာလဲ။ အခုအလုပ်ဝင်တာ ဘယ်နှလရှိနေပြီလဲ သိလား။ မှုး . . . ပြောလိုက်စမ်း''

''ရှစ်လပါ ဦး''

''အေး . . . အဲဒီရှစ်လမှာ မင်း ဘာများတတ်နေပြီလဲ ရွတ်ပြစမ်း''

တုံ့ဏှိဘာဝေပါလေ။ ပြဿနာပါပဲ . . . ကိုယ့်အဖေအကြောင်းလည်း သိရဲ့သားနဲ့။ သိမ်ကတော့ မီးခဲကို လေမှုတ်





သလိုဖြစ်နေပြီဆိုတာ မသိဘူးတဲ့လား။ သူအမြန်ဆုံးလစ်ချင်နေပေမယ့် ဦးအမိန့်မရမချင်း ခြေလှမ်းကို မရွှေ့ရဲပါချေ။ သူက လက်အောက်ဝန်ထမ်းပေကိုး။

''ဆိပ်ကမ်းကပစ္စည်းသွားထုတ်တာ ဘာများ အပန်းကြီးလို့လဲ။ ပစ္စည်းစာရင်းစစ်ရုံပဲကို။ ကားပေါ်တင်တာက အလုပ်သမားတွေအလုပ်။ ဘာမှပင်ပန်းတာမဟုတ်ဘူး။ မင်းဘာလို့မသွားချင်ရတာလဲ မောင်မင်းကြီးသားရဲ့။ ပြောစမ်းပါဦး''

''နေပူတယ် ဒက်ဒီရ''

''ဘာကွ! တစ်နေ့တစ်နေ့ လပ်လျားလပ်လျားလျှောက်သွားတုန်းက မင်းဘကြီးနေက မပူဘူးလား။ အခုအလုပ်ခိုင်းမှ ဘာကပူရတာလဲ . . . ငါ''

ဗိုးခနဲလွင့်လာသည့် File ကြောင့် သိမ်ရော ကိုလင်းမောင်ပါ အံ့ဩနေသော်ငြား သူက သတိရှိသူမို့ သိမ်ရှေ့သို့တိုးကာ File ကိုအမြန်ဖမ်းလိုက်ရလေ၏။ မတော်လို့ စောင်းဖြင့်မျက်နှာကိုထိသွားမှ ဒဏ်ရာရသွားရင် အခက်ပါပဲ။

''ကာကွယ်ပြန်ပြီလား ဟိုတစ်ကောင်၊ မင်းနာရင် နှစ်ခေါ်ခံရမှာနော်''

''ကျွန်တော်တို့ သွားပါတော့မယ်ခင်ဗျာ''



www.burmeseclassic.com

www.burmeseclassic.com



''ကြွ! ကြွ! . . .''

''နေဦး၊ ငါပြောလို့ မပြီးသေးဘူး''

ရော်! ပြဿနာပါပဲ။ ဒီလောက်လမ်းကြောင်းပေးပြီး ခေါ်ထုတ်နေတာတောင်မှ အလိုက်မသိဘဲ လျှာဆက်ရှည်နေပြန်ပါပြီ။ နှစ်နေရာခိုင်းတာကို သူနဲ့ညှိပြီး သွားရင်ရပါလျက်နဲ့ ဦးကို အသိသွားပေးမိတာကိုက သူ စမှားမိတာပါ။ ဒုက္ခပါပဲ၊ မီးကို စပျိုးမိတာက သူဖြစ်နေပါရောလား။

''ဘာလျှာထပ်ရှည်ဦးမလို့လဲ။ ရုံးခွဲရောက်တော့ရော ဘာများ ဝင်လုပ်တတ်မှာတုန်း။ ဟိုက အဆင်သင့်ပေးမယ့် စာရင်းစာအုပ်တွေကို စောင့်ယူရတာတောင်မှ ပျင်းလို့သေရပါချည် ရဲ့ဆို။ မင်းပဲအမျိုးမျိုးပြော၊ တတ်လည်းတတ်နိုင်တဲ့ကောင်''

''ကျွန်တော်မေးစရာရှိလို့ပါ ဒက်ဒီ''

''အေး. . . ပြော''

သူ့လက်ကိုပုတ်ချလိုက်တာမို့ သိခ်လက်မောင်းကို ကိုင်ထားမိသည့်လက်ကို လွှတ်ပေးလိုက်ရလေ၏။ သိခ်စိတ်မကြည်တာ သူသိနေပါ၏။ ခါတိုင်း သူ့အပေါ် ချိုချိုသာသာဖြင့် ဖော်ရွေစွာ ဆက်ဆံခဲ့သလောက် ခုတလော မာမာတင်းတင်း ပြောဆိုနေတာ မဟုတ်ပါလား။





''ဒက်ဒီ့ကုမ္ပဏီမှာ GM နေရာကိုပေးမယ်ဆိုတာပါ''

''အဲဒီတော့''

''အဲဒါ ကျွန်တော့်ကိုပေးမှာလား၊ မှူးကိုပေးမှာလား၊ ရှင်းရှင်းသိချင်လို့ပါ ဒက်ဒီ''

''ဘာ!''

''ဟာ. . . သိခ်''

သူထင်မထားမိတာ အမှန်ပါ။ သိခ်မျက်ဝန်းတို့က စူးစူးရှရှဖြစ်နေလေ၏။ ဘယ်လိုလဲ၊ အချိန်တန်ရမယ့်နေရာကို အခုကတည်းက သူနဲ့ယှဉ်ပြီး မေးရသလား။ သူလို အောက်ခြေဝန်ထမ်းတစ်ယောက်က ဒီလို General Manager နေရာကို စိတ်ကူးနဲ့တောင်မှ မမှန်းဆရဲတာပါလေ။

ဘာသဘောမျိုးနဲ့များ မေးလိုက်တာပါလိမ့်။ ဦးကိုလှည့်ကြည့်တော့ မျက်နှာထက် ဒေါသရိပ်တို့ ရှိမနေတော့ဘဲ တည်ငြိမ်လေးနက်မှုအပြည့်နဲ့ပါလေ။ ဒီသားအဖနှစ်ဦးကြားမှာ နေရသမျှကာလတစ်လျှောက် သူနေရကျပ်လိုက်တာနော်။

''မင်းမှာ ဘာအရည်အချင်းရှိလို့ အဲဒီနေရာကိုမှန်းနေတာလဲ''

''သိနေတယ်လေ၊ အဲဒါကိုကြိုသိနေလို့ ကုမ္ပဏီမှာ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ဝင်မလုပ်ချင်တာ''

''သိဝ်''

''ဒက်ဒီက သားအရင်းကိုတော့ အားမကိုးဘဲ သူစိမ်းကို အားကိုးချင်နေမှတော့ ကျွန်တော် ဒီမှာဆက်လုပ်နေလည်း အဝိုပဲဖြစ်မှာပါ''

''မင်းမြတ်သိဝ်''

'သူစိမ်း'တဲ့။ 'သူစိမ်း'ဆိုပါလား။ သွေးသားရင်းခြာနဲ့ ပတ်သက်ဆက်နွယ်လာတော့ သူက ဘေးကိုအလိုလိုရောက်သွားရတာပါလေ။ ကိုလင်းမောင်တစ်ယောက်လုံး ရှိနေတာကိုတောင်မှ ဒီလိုစကားမျိုးကို သိဝ်ပြောထွက်ရဲရတယ်လို့။ အံ့သြမိပါရဲ့။ သူက သူ့နေရာသူမသိတဲ့ကောင်မှ မဟုတ်တာလေ။

''အခုကတည်းက ရှင်းရှင်းသိထားချင်လို့ မေးမိတာပါ ဒက်ဒီ''

''မင်း ခုချက်ချင်း ငါ့ရှေ့က ထွက်သွားစမ်း''

''ကျွန်တော်က ဒက်ဒီ့သားအရင်းခေါက်ခေါက်ပါဗျ''

''အေး. . . အဲဒီသားအရင်းက ဘာတစ်ခုမှ အသုံးမကျလို့ ပြောနေရတာကွ။ ငါ့ကုမ္ပဏီမှာ တောက်တိုမယ်ရရှိုင်းတဲ့ မှ ကျော်လောက်တောင်မှ မင်းနည်းနည်းလေး အသုံးကျလို့လား





ဘာများသုံးစားရလို့လဲ။ ကိုယ့်ကိုယ်ကိုယ် ပြန်ဆန်းစစ်ကြည့်စမ်းပါ။ အဆံမရှိတဲ့ကောင်. . . အလကားကောင်''

''ဒက်ဒီ အဲဒီလောက်ထိ မပြောပါနဲ့ဗျ''

''ပြောတော့ ဘာဖြစ်လဲ၊ ငါ့ကို အလုပ်ထဲမှာ အရှက်ရအောင် လုပ်နေတာလား သိဝ်၊ မိဘကျေးဇူးကို ဒီလိုနည်းနဲ့ဆပ်ပြနေတာလားကွ''

''သိဝ်. . . သွားကြပါစို့ကွာ''

''မင်းဝင်မပါပါနဲ့၊ ဒါ ငါတို့သားအဖကြားကကိစ္စပါ''

''မှူးစစ်ကျော်''

''ခင်ဗျာ. . . ဦး''

''Attendence List ထဲကနေ အဲဒီကောင်နာမည်ကို အပြီးထုတ်ပစ်လိုက်စမ်း။ ကြားလား''

သူ ခေါင်းခဲရချေပြီ။

အလုပ်ကို အကြွေးမထားတတ်သည့်ဝသီအတိုင်း ဦး င်းသိဂ်ီတော့ လုပ်ချလိုက်ချေပြီ။ သူငယ်ချင်းဖြစ်သူကိုလည်း ဝင်အောင် မပြောရဲ၊ အလုပ်ရှင် Boss ကိုပြောဖို့ဆို ပိုဝေး

သူတော့ ဒီသားအဖနှစ်ယောက်ကြားမှာ မြေဇာပင်ဘဝ



www.burmeseclassic.com

www.burmeseclassic.com



ကို ရောက်မှန်းမသိ ရောက်ပါရောလား။

သေပြီ မှုံးစစ်ကျော် . . .

❀❀❀

*

## အခန်း (၁၃)

မျက်ရည်ကျိတ်သုတ်နေသည့် အန်တီမွန်ကြောင့် သူ သက်ပြင်းခိုးရှိုက်လိုက်မိပါသည်။ အလုပ်မဆင်းခိုင်းပေမယ့် အိမ်ထဲမှာ နိစ္စဓူဝဆုံနေကြမယ့် သားအဖဆက်ဆံရေးက ပြေလည်ဆင့်သလောက် မပြေလည်သလိုဖြစ်နေလေ၏။ ဘယ်ကစပြီး ဘယ်လို ဘာကိုဖြေရှင်းရမယ်မှန်း သူမသိတော့ပါချေ။

''ကြည့်ပြောပေးပါဦး သားရယ်၊ အန်တီ့မှာက ဒီသားလေးတစ်ယောက်တည်းပဲ ရှိတာပါ။ ဖအေကို နှုတ်လှန်ထိုးလို့ စိတ်ဆင်းရဲရတာက တစ်ကြောင်း။ ညညဲ့ အရက်တွေလား ဘီယာတွေလား မသိအောင်သောက်ပြီး ပြန်လာတိုင်း သူ့ရစ်သမျှ အန်တီချည်း ဒိုင်ခံစိတ်ညစ်နေရတာကွယ့်''





www.burmeseclassic.com

www.burmeseclassic.com



ခေါင်းကို ဆင်နှင်းတယ်ဆိုတာ ဒါကိုခေါ်လေသလား။ အိမ်မှာ အမေက နေမကောင်း။ အိမ်အလုပ်တွေ လုပ်စရာအများကြီးရှိနေတာတောင်မှ တွေ့ချင်လို့ လာပါဦးဆိုပြီး Phone ဆက်ခေါ်လို့ သူရောက်လာရတာပါ။ ဒီရောက်တော့ အမေလိုသဘောထားတဲ့ အန်တီ မျက်ရည်ကျပြတော့ ရင်ထဲဘယ်ချိုပါတော့မလဲ။ ခက်လိုက်တာ သိခ်ရယ်။

"သားလေးက အစက ဒီလောက်ကြီးမဆိုးတာ သားအသိဆုံးပါ။ ဖအေက အထင်သေးဖိနှိပ်တာနဲ့အမှု မဟုတ်တာတွေ ဆက်လုပ်လာရင် အန်တီရင်ကျိုးရမှာ"

"အဲဒီလောက်ကြီးလည်း သိခ်က မဆိုးလောက်ပါဘူး အန်တီ"

"ဖြစ်မလားဘူးလို့ ပြောနိုင်မလားကွယ်"

"ခက်တာက အင်း...ခုတလော ကျွန်တော့်အပေါ် အထင်မှားနေတာက ပိုဆိုးတာ အန်တီရဲ့"

"ဘာများလဲ"

"ကုမ္ပဏီ GM နေရာမှာ သူမဟုတ်ဘဲ ကျွန်တော့်ကို ပေးမလားဆိုပြီးတော့လေ"

"ဒါတော့ အစ်ကို့ကို အပြစ်ဆိုလို့မရဘူး သားရဲ့။ သား





ဦးအကြောင်းလည်း သိတယ်မဟုတ်လား။ လုပ်ငန်းနဲ့ပတ်သက်လာရင် စိတ်ချရတဲ့သူကိုပဲ စိမ်းစိမ်းကျက်ကျက် ရွေးခန့်မှာလေ။ အန်တီတို့ ဝင်စွက်ဖက်လို့မှမရတာ သားရဲ့"

သက်ပြင်းပြိုင်တူ ချလိုက်မိတော့၏။ ဒီရောက်ပြန်တော့လည်း မနက်အစောကြီးကတည်းက ဖအေနဲ့မျက်နှာမဆုံချင်လို့ ထွက်သွားပြန်သတဲ့။ မောင်တော့လည်း အိပ်ချိန်ကျော် ညဉ့်နက်မှ ပြန်ရောက်ကာ သောက်စားမူးယစ်လာပြန်ရောဆိုပဲ။ မင်း ဘာတွေ လျှောက်လုပ်နေလဲ မင်းမြတ်သိခ်။ ရင်မောရပါဘိ။

"သူဒီလိုဖြစ်နေတာ ဟိုကလေးကြောင့်လည်း ပါမှာ သေချာတယ်"

"ဗျာ...ဘယ်က ကလေးလဲ အန်တီ"

"ဘယ်သူရှိမလဲကွယ်၊ ဟိုတလောလေးက အန်တီတို့ မိတ်ဆွေတွေနဲ့ ညစာစားဖြစ်တာလေ။ အဲဒါ သားဦးရဲ့သူငယ်ချင်းအိမ်ပေါ့။ သားလေးတို့ ငယ်ငယ်လေးကတည်းက အဲဒီအိမ်က သမီးလေးနဲ့ မြန်းဖို့သဘောတူခဲ့ကြတာ"

"ဩော်"

"ငယ်တုန်းကတော့ အပျော်သဘောနဲ့ ပြောခဲ့တာပေါ့လေ။ အခုပြန်ဆုံမှ အတည်ဆိုပြီး တိုင်ပင်ကြတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"လူကြီးတွေချင်းက ပြေလည်ပါတယ်။ ကလေးချင်းသာ"

အလို! ဟုတ်သားပဲ။ အဲဒီတလောမှာ သိခ်တစ်ယောက် မှီရသလိုမျက်နှာနဲ့ သူ့ကိုတောင် စနောက်နေသေးတာပါလေ။ ပြိုင်ကြွားကြဦးမတဲ့။ သူ့ကောင်မလေးနဲ့ ဘယ်သူ့ကောင်မလေးက ပိုချောပိုလှသလဲဆိုပြီးတော့လေ။ သူ့မှာဖြင့် လက်ဆုပ်လက်ကိုင်ပြစရာချစ်သူမှ မရှိတာ။ ဒီကောင် အတော်အူမြူးခဲ့သလောက် ဘာတွေများ ဆက်ဖြစ်ခဲ့ရတာပါလိမ့်။

"ကောင်မလေးကို သူအတော်သဘောကျတာ အန်တီရဲ့"

"မှန်တယ်"

"ဒါနဲ့များ ဘာဖြစ်သွားရတာလဲ"

"အဲဒီကောင်မလေးက ငြင်းလိုက်တာ"

"ဗျာ!"

သူအံ့သြသွားရပါ၏။ သိခ်လို အရာရာပြည့်စုံနေတဲ့သူကို ဘာကြောင့်များ ငြင်းလိုက်ရပါသလဲ။ ရုပ်ရည်၊ အဆင့်အတန်း ပိုင်ဆိုင်ကြွယ်ဝမှုဂုဏ်တွေက ငြင်းဆန်မရအောင် ပြည့်စုံနေတာ





ဟုတ်ပါလား။ ဒီလိုလူမျိုးကို ငြင်းရဲတာ အဲဒီမိန်းကလေး ဦးနှောက်မကောင်းလို့ပဲ ဖြစ်မှာပါလေ။

"သူ့မှာ ချစ်ရမယ့်သူ ရှိနေလို့တဲ့လေ"

"ဪ"

ဟုတ်တာပေါ့။ ဒီအရွယ်မှာ ဒါမျိုးအကြောင်းလည်း ရှိနိုင်တာပါလေ။ မိဘပေးစားတဲ့လူထက် ကိုယ်ချစ်တဲ့သူကိုပဲ လက်ထပ်ပေါင်းသင်းချင်တာ လူငယ်တွေရဲ့သဘောသဘာဝပါပဲ။ လွတ်လပ်စွာ ရွေးချယ်ခွင့်ရှိသင့်ပါရဲ့။ ဘယ်လိုပါလိမ့်၊ သိခ်လိုလူကို ငြင်းဆန်တယ်တဲ့လား။ 'ချစ်ရမယ့်သူ'တဲ့။ ထူးဆန်းလေစွ။ 'ချစ်သူ'ဟုမသုံးဘဲ သုံးသည့်အသုံးအနှုန်းက ခြားနားနေရတာ ဘာကြောင့်များပါလဲ။

"သူ့မိဘတွေက မသိဘူးလား အန်တီ"

"လောလောဆယ်တော့ သိပုံမရသေးဘူး။ ခက်တာက သမီးလေးတစ်ယောက်တည်းရှိတာမို့ ကလေးစိတ်ဆင်းရဲအောင် အတင်းအကျပ်စီစဉ်တာမျိုးကိုတော့ ခွင့်ပြုမှာမဟုတ်ဘူး သားရဲ့။ သမီးက သိပ်လိမ္မာတဲ့ကလေးမျိုးပါ"

ကဲ! ဘယ်လိုနည်းနဲ့ ကူညီလို့ရပါ့မလဲ။ ကာယကံရှင် ကိုယ်တိုင်က လက်မခံတာကို ဘေးလူက လက်ပိုက်ကြည့်နေရုံ



www.burmeseclassic.com

www.burmeseclassic.com



ပဲ တတ်နိုင်တာပါလေ။ သူငယ်ချင်းကို နားဝင်အောင်ပြောဖို့ဆ လည်း လောလောဆယ်မှာ အလုပ်နဲ့ပတ်သက်ပြီး လူကိုရန်စော နေတာကိုး။ ထားပါတော့လေ၊ 'နိုင်ရာလူ မဲစတမ်း'လို့ ဆိုရိုး တာမဟုတ်ပါလား။ ဒီတော့လည်း အနိမ့်မှာရှိနေတဲ့သူ့ကိုပဲ သိ လက်ညှိုးထိုးပြီးပြောတာကို အပြစ်မတင်ရက်တော့ပါချေ။

"သားလည်းသိတဲ့အတိုင်းပဲ၊ သားလေးက စိတ်ခပ်ဆ ပျော့ရယ်"

"ဟုတ်ကဲ့"

"သူ့အဖေစကားကို နားမထောင်ချင်တာက အဆိုး ပဲ။ ဘာလုပ်ရမှန်းကိုမသိတော့ပါဘူးကွယ်"

"သိခ်ကို ကျွန်တော်လည်း ပြောလို့ရမယ်မထင်ဘူး အ တီ"

"ဘာဖြစ်လို့လဲ"

"ခုတလော ကျွန်တော့်အပေါ်မှာ အထင်လွဲနေတာ ဖြေရှင်းလို့မရသရွေ့ သူနဲ့စကားပြော အဆင်ပြေမှာမဟုတ်ဘူး"

'ဒါဖြင့် ဘာဆက်လုပ်ရမှာလဲ"

မိဘချင်းပေးစားမယ့် မိန်းကလေးနဲ့ ရင်းနှီးနေရင်လည် အကောင်းသား။ ဒါမှ ဆွေးနွေးတန်ဆွေးနွေး၊ နားချပေးနိုင်





လေ။ သိခ်ကို နားဝင်အောင်ပြောဆို ထိန်းမတ်ပေးနိုင်မယ့် တစ်ခု ည်းသောလမ်းပြကြယ်က ထိုမိန်းကလေးဆိုတာ သူကောင်း ကောင်းကြီးသိနေပြီကိုး။ ပြည့်စုံတာချင်းတူတာတောင် အဲဒီမိန်း လေးက တဆိတ် မာနကြီးလွန်းသည်ဟု ထင်မိပါ၏။

"သူတို့ အဆက်အသွယ်ရှိကြလား အန်တီ"

"ဘယ်သူလဲ"

"သိခ်နဲ့သဘောတူထားတဲ့ ကောင်မလေးကိုပြောတာ ပါ"

"ဪ. . . ရှိတယ်လို့လည်းပြောလို့ရပါတယ်၊ ကိုသက် ့အိမ်ကို မကြာမကြာဝင်ထွက်ပြုနေတာပဲ။ ခက်တာက သမီး ိုယ်တိုင်က သားကိုမကြည်ဖြူတာဆိုတော့"

အန်တီသက်ပြင်းရှိုက်လိုက်ပြန်လေ၏။ ကူညီချင်လိုက် ာနော်။ တကယ့်ကို စေတနာသန့်သန့်နဲ့ ကူညီချင်တာအမှန် ။ ခက်တာက သမီးရည်းစားကိစ္စမဟုတ်လား။ ထိုကောင်မလေး ကို 'နင့်ရည်းစားကိုဖြတ်ပြီး ငါ့သူငယ်ချင်းကိုယူ'လို့ ဆုံးဖြတ်ပေး င် မတရားရာကျမှာပေါ့။ ပြောတော့ဖြင့် အချစ်နဲ့စစ်မှာ အရာရာ ရားမျှတချည်ရဲ့ဆို။ ခုတော့ သူ့အချစ်ဆုံး သူငယ်ချင်းအလှည့် မှ မတရားသဖြင့် ဖြစ်နေတာမို့ ကံကြမ္မာကို သူအပြစ်တင်ချင်



www.burmeseclassic.com

www.burmeseclassic.com



နေမိချေပြီ။

''အန်တီက မိခင်ဆိုတော့ သိခ်ကိုပြောလို့ ပိုသင့်တော်ပါတယ်''

''ဘာကိုလဲ သား''

''ကျွန်တော့်သဘောထားအမှန်ကိုပါ အန်တီ''

''ဘယ်လို''

''သူထင်နေသလိုမျိုး အဲဒီရာထူးကို ကျွန်တော်မယူဘူးဆိုတာကို ပြောပေးပါ အန်တီ။ ကား driver ရဲ့သားက ဒီအဆင့်ကို တက်မှန်းလို့ ဘယ်ရပ့်ါမလဲ''

''မဟုတ်တာ. . . သားကလည်း''

'ဒူးနေရာဒူး. . . တော်နေရာတော် ကျွန်တော် နေတတ်ပါတယ် အန်တီ''

ညည့်ခန်းက တိတ်ဆိတ်သွားပါ၏။ မိတာ လာချပေးသွားသည့်ကော်ဖီက မသောက်ဖြစ်တာမို့ အေးနေလေပြီ။ မိုးရိပ်မိုးငွေ့ဆင်ပြီမို့ လေက အေးခနဲတိုက်ခတ်လာလေ၏။ အမေ အအေးမိပြီး တုပ်ကွေးဖြစ်တာကို ညနေဆေးခန်းသွားပြရဦးမှာလေ။ အမေကတော့ ပိုက်ဆံကုန်မှာစိုးပြီး ငြင်းမှာအသေအချာ။ ငွေနှမျောနေလို့ ဘယ်ဖြစ်ပ့်ါမလဲ။ သူ့မှာက ဒီအမေတစ်ယောက်ပဲ ရှိတာ





မဟုတ်ပါလား။

''သူ့ကိုအပြစ်မတင်ပါနဲ့ သားရယ်၊ စိတ်မကြည်လို့ ရမ်းတာဖြစ်မှာပါ''

''ကျွန်တော် နားလည်ပါတယ်''

''စကားကောင်းနေတာနဲ့ မေ့ပြန်ပြီ မမသက်နေကောင်းရဲ့လား သား''

''အမေဖျားနေလို့ ညနေဆေးခန်းပို့ရမယ် အန်တီ''

''ဟယ်! ဟုတ်လား၊ ဘယ်လိုဖြစ်ရတာလဲ''

''အအေးမိသွားတာပါ အန်တီ၊ ကျွန်တော့်အဝတ်တွေမလျှော်ပါနဲ့လို့ ပြောထားတာကို မိုးရေတောထဲမှာ ချမ်းချမ်းစီးစီးလျှော်တာ ကံကောင်းလို့ လေမထိတာ''

''ဖြစ်ရလေ၊ ဒီလိုပါပဲသားရယ်၊ မိခင်ဆိုတာ သားသမီးတွေ ဘယ်အရွယ်ပဲရောက်ရောက် မျက်စိထဲမှာ ကလေးလို့ မြင်ကြတုန်းကွယ့်''

ဟုတ်ပါတယ်၊ ဒါကို သူလည်းသိပါတယ်လေ။ သူ့ရင်ထဲမှာရှိနေတဲ့မိန်းကလေးကို မနီးစပ်နိုင်မှန်းကြိုသိတာနဲ့ စေတနာဖြင့် တားဆီးသေးတာမဟုတ်ပါလား။ သားဖြစ်သူ ရင်ကွဲမှာကိုတော့ အတော်လေး စိတ်ပူပုံနဲ့ပါလေ။



www.burmeseclassic.com

www.burmeseclassic.com



''ဒါဆိုလည်း သားပြန်ချင်ပြန်တော့လေ၊ သားလေးကို စောင့်လည်း ထူးမှာမှမဟုတ်တာ''

''ဟုတ်ကဲ့''

''ဩော်. . . မမသက်ဖို့ သစ်သီးလေးဘာလေး''

''နေပါစေ အန်တီ၊ အမေက အတန်တန်မှာထားတာပါ။ အန်တီတို့မိသားစုဆီက ဘာမှမယူရဘူးတဲ့။ ဒီလောက်ကူညီပေး ကြည့်ရှုပေးတာနဲ့ပဲ တော်တော်များနေပါပြီ အန်တီ''

''ကွယ်. . . မဟုတ်တာ''

''ကျွန်တော်ပြန်ပါဦးမယ် အန်တီ''

''အေးအေး. . . သား''

ခြံထဲမှထွက်လာခဲ့ပါ၏။ ခြံတံခါးကို ပြန်ပိတ်ပေးခဲ့ပြီး လမ်းမကြီးသို့ ဆက်လျှောက်ခဲ့လေသည်။ အမေ့ဖို့ အားရှိအောင် ကြက်သားဆန်ပြုတ်လေး ဝယ်ပေးဦးမှပါပဲ။ ဆေးခန်းပို့ဖို့ကို အတော်လေးနားဝင်အောင် ပြောရဦးမှာလေ။

ဘေးမှ ကောင်မလေးတစ်အုပ် ဖြတ်သွားတာမို့ သူငဲ့ ကြည့်လိုက်မိ၏။ ကျူရှင်ကပြန်လာကြတာ ထင်ပါရဲ့၊ တစ်ယောက် ကိုတစ်ယောက် တွန်းထိုးစလိုက်တာမို့ Platform ပေါ်လျှောက် နေသည့်သူ့ကို လာတိုက်မိလေသည်။ အဲဒီနောက် ရယ်သံသဲ့သဲ့





တောင်းပန်တာမျိုးမရှိဘဲ တမင်သက်သက် လူကို စတာများလား။

လွမ်းလိုက်တာ နွေးရယ်၊ ပိုတယ်လို့ ထင်လေမလား။ အဘွားအိမ် အလည်ခဏလာတဲ့မိန်းကလေးကို အမှတ်မထင်ဘဲ တွေ့ရမှာပေါ့။ မျှော်နေလို့ရပါ့မလား။ မိန်းကလေးတွေ တွေ့တာ နဲ့ စိတ်ထဲက တောင့်တလိုက်မိတဲ့အလွမ်းတို့က ရင်ကိုနွမ်းလျ သွားစေတာပါလေ။

မိုးပေါက်လေးတွေ တဖွဲဖွဲကျလာတာမို့ ရှေ့ကျော်သွား သည့်ကောင်မလေးတွေ ဝရုန်းသုန်းကားဖြင့် စတိုးဆိုင်ထဲ ပြေး ဝင်သွားကြလေ၏။ မျက်နှာကိုမော့လိုက်မိတာမို့ သူ့မျက်နှာထက် အေးစက်စက်မိုးစက်လေးတွေ ကျလာပြီး ထိလေသည်။ အရိပ် မဲ့တဲ့ဘဝပါ။ မြေပေါ်မှာလမ်းလျှောက်နေရတဲ့လူရဲ့ဘဝထဲကို ရွှေ ဘုံစံမင်းသမီးလေးက ဘယ်ဆင်းလာရမှာတဲ့လဲ။ မခေါ်ရက်ပါဘူး နွေးရယ်။ နွေးဆိုတာ ကိုယ့်အတွက်တော့ မပန်ထိုက်သည့်ပန်း လေးတစ်ပွင့်ပါလေ။

မချိပြုံးပြုံးလိုက်မိလေ၏။ အတော်တရားမမျှမတ တွေး မိချေပြီကော။ သူများသားပျိုသမီးပျိုကို မနောကံဖြင့် မကြာခဏ ပစ်မှားမိတာ ဘယ်နှကြိမ်ရှိနေပြီလဲ။ နွေးရယ်. . . အချစ်ဆိုတာ ဒီလိုပဲလား။ ဦးနှောက်ထဲမှာ အတွေးတွေချာလည်လည်နဲ့ လှသ



www.burmeseclassic.com

www.burmeseclassic.com



အရူးလိုဖြစ်နေတတ်တာလေ။

"ကလင်! ကလင်! . . ."

စက်ဘီး Bell သံကို ရုတ်တရက် မကြားလိုက်မိ။ သူ့ကျောကို ဘုန်းခနဲထုမိလေမှ လန့်သွားရပါသည်။ ဘေးကိုလှည့်ကြည့်မိတော့ မိုးထက်က လမင်းလေး သက်ဆင်းလာပါရောလား။ ကြည့်စမ်း! အခုပဲ စိတ်က တောင့်တလိုက်တာနဲ့ သိကြားမင်းက သူ့ဆီကိုအရောက် သူမကိုပို့ပေးလိုက်သတဲ့လေ။ အံ့ပါရဲ့။

"ဘာကြောင်ကြည့်နေတာလဲ"

"ထီးမပါဘူးလား၊ စိုကုန်တော့မှာပဲ"

"ပါသားပဲ၊ စက်ဘီးတစ်ဖက်နဲ့ ဆောင်းလို့မှမဖြစ်တာကို"

"ဖွင့်လိုက်လေ"

"ဘာလဲ၊ ဆောင်းပေးမလို့ပေါ့လေ"

"အင်း . . . အဲ! မဟုတ်ဘူးလေ၊ ကျွန်တော် စက်ဘီးတွန်းပေးမယ်လို့ပြောတာ"

နှုတ်ခမ်းလှလှလေး အလိုလိုရွသွားလေ၏။ ဘာလဲ၊ ဒါက စိတ်ကောက်ပြတာလား။ စက်ဘီးခြင်းထဲမှ ထီးဝါလေးကို နှိုက်ယူကာ သူဖွင့်ပေးလိုက်ပေမယ့် သူမက ယူမဆောင်းပါလေ။ ဘယ်လိုလဲ၊ ဒီလိုကြီးလိုက်ဆောင်းပေးရမယ်ပေါ့လေ။





"ဘာဖြစ်လို့လဲဟင်"

"စိတ်ကောက်တာလေ"

"ရော်! ဒီမှာဆောင်းပေးနေပြီမဟုတ်လား"

"အခုမဟုတ်ပါဘူး။ စောစောကကိစ္စကို ကောက်တာ"

"စောစောက . . . ဘာကိုလဲ"

"ဆယ်တန်းကျောင်းသူလေးတွေကို လိုက်ကြည့်တယ်မဟုတ်လား"

"ဟာ! မဟုတ်ပါဘူး"

"မညာနဲ့နော်၊ မိုးကြိုးပစ်လိမ့်မယ်"

ပြဿနာပဲ . . . နေရင်းထိုင်ရင်း စိတ်ကောက်ပြတဲ့မိန်းကလေးကို သူဘယ်လိုနားလည်ရမှာလဲ။ ချော့ရအောင်ကလည်း ကိုယ်နဲ့သူမက မဆီရယ်မှ မဆိုင်လေ။ သူမကိုသတိရစိတ်နဲ့ ဖျတ်ခနဲကြည့်လိုက်မိတာကို ဘယ်လိုများမြင်လိုက်တာပါလိမ့်။

"ကျော်"

"အင်း . . . ကြည့်တာတော့မှန်တယ်၊ ဒါပေမဲ့ တခြားအဓိပ္ပာယ်နဲ့မဟုတ်ဘူး။ နွေးလားလို့ ကြည့်လိုက်မိတာ"

လှစ်ခနဲပြုံးလေ၏။ စိတ်တော့ ပြေလွယ်သားပါပဲလား။ ခပ်ဖွဲဖွဲမိုးစက်များအောက်မှာ စကားပြောရင်း ဆက်လျှောက်လာ



www.burmeseclassic.com

www.burmeseclassic.com



ချကြပါသည်။ ထီးမိုးပေးတာကို သူမပိုလုံအောင် ခပ်စောင်းစောင်း လုပ်မိစဉ် မျက်စောင်းလှလှလေး ခုန်ထွက်လာလေ၏။ ထီးမိုး ကိုင်ထားသည့်သူ့လက်ကို လာဆုပ်ကိုင်ကာ ပြန်ဆောင်းပေးလိုက် တော့ ရင်ထဲလှိုက်ဖိုသွားရတာပါလေ။

ဝန်းကျင်ကိုမေ့လျော့ကာ ထီးအောက်မှ မျက်နှာလှလှ လေးကို တကြည့်ကြည့်ဖြင့် လျှောက်နေမိပါ၏။ မှူးစစ်ကျော်ရဲ့ ဘဝက ဒီနေ့မှာ ပြီးပြည့်စုံသွားရသလိုပါပဲ။



## အခန်း (၁၄)

"ရောက်ပြီ"

"ဟောဗျာ"

သူမျက်လုံးပြူးသွားရပါ၏။ ခြေစုံရပ်လိုက်မိသည်က သူ တို့ခြံရှေ့မှာ ဖြစ်နေတာလေ။ ဘာတွေဖြစ်ကုန်ပြီလဲ၊ မဖိတ်ခေါ် မိပါဘဲ ထီးမိုးပေးရင်း ပါလာသည့်ကောင်မလေးကို အငေးကြီး ငေးကာ အိမ်အထိ ပါလာတော့တာလေ။ ဒုက္ခပါပဲ၊ အမေ့ကို ဘယ်လိုပြောပြီး မိတ်ဆက်ပေးရပါ့မလဲနော်။

"ဝင်ကြမယ်လေ၊ ကျော်ရဲ့"

"ဟိုလေ"

"ဘာလဲ၊ အိမ်ရှေ့ရောက်တာတောင် အိမ်ထဲမခေါ်ချင်



www.burmeseclassic.com

www.burmeseclassic.com



ဘူးလား''

''မဟုတ်ပါဘူး၊ အမေက . . . အမေက ဖျားနေတာ''

''ဟော! စောစောကပြောပါလား ကျော်ရဲ့၊ လူမမာလာကြည့်ရင် မုန့်ပုံးလေး Cake လေး ဝယ်လာရမှာကို''

''အမေက အဲဒါတွေမကြိုက်ဘူး''

''သားပြန်လာပြီလား''

''ဟုတ်''

သူ့အသံကို သဲ့သဲ့ကြားလိုက်ရ၍ထင့်။ အိမ်ထဲမှ အမေ့အသံခပ်တိုးတိုးထွက်လာသည်။ နွေးက ဘယ်နှယ်ရှိစဟူသည့် အပြုံးဖြင့် သူ့ကိုမော့ကြည့်လိုက်လေ၏။ ရော်! ဒီမျက်ဝန်းတောက်တောက်လေးတွေကိုတော့ သူရှောင်ရခက်တော့မှာပါပဲလား။

''လာလေ''

ပြောင်းပြန်ဖြစ်နေလေပြီ။ ခြံတံခါးကို သူ ဂလန့်ဖြုတ်တော့ နွေးက အရင်ဝင်နှင့်လေ၏။ ခြံထဲမှာ စက်ဘီးကို လှေကားရင်းနား ထောင်ထားကာ၊ လှေကားထက် သူမအပြေးတက်သွားတော့သည်။ အကျီဖြူလေးထက်မှာ မိုးရေက မစို့တစို။ ဆံပင်တွေကို အရင်ခါချလိုက်သည့်အလှကိုက မနို့တယ်နို့လေး ဖြစ်နေတာပါလေ။





အိမ်ထဲမှထွက်လာသည့် အမေ့အသံက တစ်ဝက်မှာပင် ရပ်သွားလေ၏။ ဝရံတာဖိနပ်ချွတ်လေးမှာ ယှဉ်ရပ်နေသည့်သားမြစ်သူဘေးက နုတ်သမီးလေးကို တမေ့တမောငေးမိနေပြီကိုး။

''ကျော့်မေမေလား''

''အင်း''

''မင်္ဂလာပါမေမေ၊ နွေးကိုဝင်ခွင့်ပြုပါ''

''သြော် . . . အင်း . . . ဝင်ခဲ့လေ သမီး''

ဘုရား! မေမေတဲ့။ ဘာသဘောနဲ့ခေါ်လိုက်တာပါလိမ့်၊ မေမေ့မျက်နှာထက်မှအပြုံးက သူမကိုလှိုက်လှဲပျူငှာစွာ ဖိတ်ခေါ်သည့်အမူအရာအပြည့်ပါပဲ။ သူကဖြင့် ဘာမှမပြောပါဘဲ ကြောင်တောင်တောင်ရပ်နေမိလေ၏။ သွားပါပြီ . . . ဒီအခေါ်အဝေါ် ဒီအပြောတွေကြားမှာ သူတို့သားအမိကို မနောခွေ့အောင်၊ ဤချာတိတ်မ ပြုစားတော့မယ်ထင်ပါရဲ့။

''ထိုင်ပါကွယ်၊ အားနာလိုက်တာသမီးရယ်''

''အိမ်ထဲဝင်လိုက်တာနဲ့ နွေးသွားတာပဲနော်၊ နွေးက ဒီလိုသစ်သားအိမ်သေးသေးလေးမျိုး သိပ်သဘောကျတာ မေမေရဲ့၊ ကျန်းမာရေးနဲ့ညီညွတ်တယ်တဲ့''

''ဟင်းဟင်း . . . ဒါကြောင့် မေမေဖျားတာနေမှာ''



www.burmeseclassic.com

www.burmeseclassic.com



''အိမ်လည်လိုက်ပါရစေပြောတုန်းက တစ်ခါမှ မေမေ့ သားက မခေါ်ဘူး။ အခု မေမေနေမကောင်းဖြစ်မှပဲ လာကြည့် ခွင့်ရတော့တယ်။ လူမမာအတွက် ဘာမှလည်း ဝယ်မလာခဲ့ ဘူး''

''ရပါတယ်သမီးရယ်၊ သမီးလာကြည့်ရုံနဲ့တင် အမေ အားရှိနေပါပြီ''

ကောင်းရော! အစကဖြင့် သူ့ဘက်ကစပြီး မိန်းကလေး ကို ဖွင့်မပြောမိပါစေနဲ့လို့ သတိပေးခဲ့တဲ့အမေက အခုမဟုတ်ချေ သလိုပါလေ။ အမေ့လက်ကိုကိုင်ပြီး နှစ်ယောက်ထိုင်ဆက်စကား အတူထိုင်ချလိုက်ပုံက ဟိုးတုန်းကတည်းက ရင်းနှီးနေကြသည့် နှယ်ပါ။ ဘယ်လိုလဲ နွေးရယ်၊ မင်းရင်ထဲက ကြင်နာခြင်းတွေ မျက်ဝန်းကရော နှုတ်ခမ်းမှာပါ အထင်းသားပေါ်လွင်နေတာ မညာတတ်မှန်း သိသာနေပါရောလား။

''သားရယ်၊ သမီးလက်လေးတွေ အေးနေပြီ။ တစ် တိုက်ရအောင်''

''နေပါစေ မေမေ၊ နွေးထက် ကျော်က ပိုအရေးကြီး တာပါ။ ကျော့်ခေါင်းမှာ မိုးစိုလာတယ်နော်။ အဲဒါကိုအရင်သုတ် လိုက်ဦး။ ပြီးတော့မှ နွေးနဲ့မေမေသောက်ဖို့ ရေနွေးပူပူလေး ထ





လာပေးပါ''

''အမေ၊ ညနေဆေးခန်းသွားရမယ်နော်''

''ဟယ်! မသွားချင်ပါဘူး''

''မသွားလို့မရဘူး အမေရဲ့၊ အခုတုပ်ကွေးတွေက အဖျား တာရှည်တယ်။ တော်ရုံနဲ့ မပျောက်ဘူး။ အမေနာကျင်ကိုက်ခဲနေ တာ ကျွန်တော် ကြည့်ရက်ပါ့မလား''

''ဟုတ်သားပဲ၊ မိန်းမဖော်မရှိရင် နွေးလည်းလိုက်ခဲ့ပေး မယ်လေ။ မေမေအားရှိတာပေါ့''

ရော်! ညနေမှသွားမှာကို လိုက်ဦးမတဲ့။ ပုံစံက ဒီနေ့ တစ်နေ့လုံး သူတို့အိမ်မှာ နေဦးမယ့်ပုံပါပဲလား။ အားမနာတဲ့ပုံ မျိုးလည်းမဟုတ်၊ ရဲတင်းတဲ့ပုံစံလည်း မဟုတ်ပြန်။ ခက်ပါလား နွေးရယ်။

''ဩော်. . . ဘာရပ်ကြည့်နေတာလဲသားရယ်။ သမီး ပြောသလို မြန်မြန်လုပ်လေ။ နောက်ဖေးစားပွဲမှာ အမေ အကြမ်း အိုးထဲ လက်ဖက်ခြောက်နှပ်ထားတာရှိတယ်၊ ဓာတ်ဘူးထဲက ရေ နွေးထပ်ထည့်ပြီး ဗန်းနဲ့သယ်လာချည်''

''ဟုတ်ကဲ့''

အမေပြောလိုက်မှပဲ သူအရှက်ကွဲရတော့တာပါလေ။ ဘာ



www.burmeseclassic.com

www.burmeseclassic.com



လုပ်ရမှန်းမသိဘဲ လူက အူကြောင်ကြောင်နဲ့ ရပ်နေမိတာကို အပြောတော့ ခံရလေပြီ။ အိမ်ခန်းထဲမှ Towel ကိုယူကာ ဖ ထက် တင်လိုက်ပြီး ရေနွေးလင်ဗန်းကို အရင်လုပ်လိုက်ပါ ညှော်သည်ကို ကော်ဖီလေးမှန့်လေးနဲ့ ညှော်မခံနိုင်တာ အားနာ ကောင်းလိုက်တာ။

''ကျော် ဆံပင်တွေရှည်နေပြီနော်''

''ဟုတ်သားပဲ၊ ဒီနေ့ညှပ်မယ်ဆိုပြီး ဘာလို့ညှပ်မ တာလဲ သား''

''ဆိုင်မရောက်ဖြစ်လို့ပါ''

ခေါင်းကို ခပ်နာနာဖိသုတ်မိစဉ် သူမက ရေနွေးပူပူလေ ကို မေမေ့အတွက် အရင်ငှဲ့ထည့်ပေးလေ၏။ ပြီးမှ သူမဖို့ တ ဝက်ခန့်ထည့်ကာ မှုတ်လိုက်ပါသည်။ မေမေ့မျက်နှာမှအပြုံး လျော့မသွားသေးတာပါလေ။ ဒုက္ခရေ! ချွေးမလိုချင်ပါတယ် တဲ့ မေမေ့အတွေးထဲကို သူမဝင်သွားလို့ ဘယ်ဖြစ်ပါ့မလဲ။

''ကျော် သောက်မှာလား''

''ဟင့်အင်း . . . ကိုယ်မှ ရေနွေးမကြိုက်တာ''

''သားက ရေအေးပဲသောက်တာ သမီးရဲ့ . . . ရေနွေး သောက်ရင် အဘိုးကြီး အဘွားကြီးတဲ့လေ''





''ဒါဖြင့် နွေးကို အဘွားကြီးလို့ပြောချင်တာပေါ့လေ။ ဟုတ်လား''

''ဟာ . . . မဟုတ်ရပါဘူး''

''စကားကောင်းနေလိုက်တာ၊ အမေနေလို့သိပ်မကောင်း ဘာနဲ့ ဒီမနက် ဘာမှမချက်ဖြစ်ဘူးသားရယ်။ အဲဒါ လမ်းထိပ် က တစ်ခုခုဝယ်ပြီးတော့ပဲ သား စားလိုက်ပါ''

''ရပါတယ် အမေရယ်၊ ကျွန်တော်စားတတ်ပါတယ်။ အမေပဲ နားနားနေနေလေး နေပါ။ အမေ့အတွက် ဆန်ပြုတ်လေး ဝယ်ရဦးမယ်။ ဒီမိုးကလည်း ခုမှကောင်းနေလိုက်တာနော်''

သူက ပြတင်းပေါက်တံခါးကို လုံအောင်ထပ်ဆွဲပိတ်ရင်း ပြောလိုက်မိ၏။ တကယ်လည်း မိုးက ဖွဲဖွဲလေးရွာနေရင်းမှ သဲ လာတာကိုး။ ခေါင်းသုတ်နေရင်း ပြန်လှည့်လိုက်စဉ် အမေ့ဘေး ထိုင်နေသည့်သူမက သူ့ကိုမျက်စောင်းလှမ်းထိုးလိုက်လေ၏။ နေရင်းထိုင်ရင်း မျက်စောင်းဒဏ်ခံနေရပါရောလားနော်။

''ဟောဗျာ! အဲဒါက ဘာဖြစ်ရပြန်တာလဲ''

''မေမေ့သားက နွေးကိုနိုင်ချင်နေပြီ''

''အို . . . မဟုတ်တာ သမီးရယ်''

''ကိုယ် ဘာများပြောမိလို့လဲ နွေးရဲ့''



www.burmeseclassic.com

www.burmeseclassic.com



"အပြစ်မရှိတဲ့မိုးကို ပြောနေတာ နွေးကိုပြောချင်တာနဲ့ စောင်းပြောတာမဟုတ်လို့ ဘာလဲ"

"အာ. . . ခက်တော့တာပါပဲ၊ ကိုယ်က ဘာရယ်မဟုတ် ပြောမိတာပါ။ အဲဒီလိုမရည်ရွယ်ပါဘူး"

"သားက မိုးရွာတာကိုသိပ်ကြိုက်တာပါ သမီးရယ်။ ခေါင်မိုးပေါ်ကို မိုးပေါက်ကလေးတွေ ကျသံနဲ့အိပ်ရတာ သီချင်းဆိုပြီး သိပ်သလိုပဲတဲ့။ သိပ်စိတ်ကူးယဉ်တတ်တာ"

ပြုံးစစအကြည့်ကြောင့် သူမျက်နှာပူသွားရပါ၏။ အမေက ဘာတွေလျှောက်ပြောနေပါလိမ့်။ ဘဝသမားပါဆိုတာကို စိတ်ကူးယဉ်တတ်တဲ့လူလို့ အမေက ဘာလို့ပြောရတာပါလဲ။ သူမက အမေ့လက်ကလေးကို ဆုပ်ကိုင်ထားပြီး စကားတွေ ပြောမဆုံးပေါင် တောသုံးတောင်ဖြစ်နေတော့တာပါလေ။

ဘယ်လိုစိတ်ကူးမျိုးနဲ့မှား သူ့နောက်ကိုလိုက်လာပြီး အိမ်ကိုအပါခေါ်လာမိတာပါလိမ့်။ သူမည်သို့မျှထင်မထားမိတဲ့အဖြစ်ပါပဲ။ ခဏတဖြုတ်လေး လိုက်လာခဲ့တာမှန်း သိနေလျက်တောင်မှ တစ်သက်တာ ရင်ခွင်ကိုလာခိုလှုံတဲ့ ကြင်နာသူလေးလို စိတ်ထဲမှထင်နေတော့ ခက်သားလား။ ဩော်. . . နွေးရယ်။

"မေမေ့သား မာနကြီးတာကိုလည်း ထည့်ပြောဦးမေ





နွေးကိုစကားပြောတာတောင် ပြောချင်သလိုမပြောချင်သလိုမျိုး"

"ဟာ. . . မဟုတ်တာ နွေးကလည်း"

သူမက သူ့အမြန်ဖြေရှင်းနေတာကို မကြားသလိုဟန်ဆောင်လျက် စိတ်ထင်သလို ဖွတ်ပြောနေသည့်သူကို ဘယ်လိုနားမလည်နိုင်တော့ပါလေ။ အရာရာကို စာနာတတ်ပြီး အားသယ်ချင်နေတဲ့စိတ်ကို မနည်းကြီးတင်းထားရမှန်း ကိုယ့်ကိုယ်ကိုယ်သိသုံးပင်မဟုတ်ပါလား။ ဒါကိုမသိဘဲနဲ့ သူမ အဘယ့်တွက်ကြောင့် ဤသို့စွပ်စွဲပြောဆိုရတာပါလိမ့်နော်။

"သားက မိန်းကလေးတွေနဲ့ပတ်သက် ဆက်နွယ်တာမျိုး တစ်ခါမှမရှိလို့ပါသမီးရယ်။ သမီးထင်သလိုမျိုး မဟုတ်ရပါ"

"ဒါဖြင့် နွေးက ကျော့်ရဲ့ဦးဆုံးပေါ့နော်၊ ဟုတ်လား"

"ဒါပေါ့"

ကျေနပ်ဟန်ဖြင့် ပြုံးလေ၏။ အဲဒါက ဘာအဓိပ္ပာယ်နဲ့ အမေနဲ့ပြောနေတဲ့စကားကို သူဘယ်လိုနားလည်ပေးရမည်မသိတော့ပါလေ။ သူ့ရဲ့ဦးဆုံးဆိုတော့ နွေးနဲ့သူကပဲ ဘာလိုပုံစံမျိုးဖြစ်နေတာမဟုတ်ပါလား။ သူမပုံစံလေးကဖြင့် ခုနပြောလိုက်မိတာ သူမမဟုတ်သလိုပါလေ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီအိမ်ကို နွေးလိုက်လာလို့ နွေးကို အထင်မသေးပါဘူးနော်"

"မသေးပါဘူး သမီးရယ်၊ ဘယ့်နှယ်ပြောလိုက်တာပါလိမ့်။ အမေတို့ပုံစံက အဲဒီလိုမျိုးများ ပြနေလို့လား"

"မဟုတ်ရပါဘူး၊ ဒီလိုပဲ စိုးရိမ်စိတ်နဲ့မေးလိုက်မိတာပါ မေမေ။ တခြားမရည်ရွယ်ပါဘူး"

စကားပြောနေတာကို ခဏရပ်ကာ၊ ရေနွေးပူပူကိုမှုတ်သောက်နေပြန်လေ၏။ ပြန်ချင်မယ့်အရိပ်အယောင်လေးတောင်မှ မပြတာပါလားနော်။ မိုးကလည်း ဒီညနေမှ အငြိုးတကြီးနဲ့ ရွာနေသလို စဲကိုမစဲတော့ပါချေ။ အိမ်က စိတ်ပူနေမှာပေါ့။ အဆူခံရမှာကို မတွေးမိဘူးလား။ လူတပတကလေးမကို ဒီလိုပဲ သွားချင်ရာသွား လာချင်ရာလာဆိုပြီး လွှတ်ပေးထားတာပဲလား။ ခက်ရချည်ရဲ့။

အမေ့ကို ဆေးခန်းသွားပြမယ့်အစီအစဉ်ကိုတော့ ဖျက်ရပြီထင်ပါတယ်။ ဒီမိုးသည်းသည်းထဲထွက်မိရင် ပြန်ဖျားလို့ကတော့ မလွယ်။ အခုတလော သူ့အတွက် အဆင်မပြေတာတွေက ဆက်တိုက်လိုလိုဖြစ်နေရတာပါလေ။ အလုပ်က အဆင်ပြေပေမယ့် နေ့တိုင်းနီးပါး သူ့ကိုပြဿနာရှာနေသည့်သိမ်ကြောင့်





အလုပ်မှာ အရင်လိုမပျော်ရွှင်တော့တာ အမှန်ပါ။

အရင်လိုပဲ ပြန်ဖြစ်ချင်ပါတယ် သိမ်ရယ်။ ငါ့ကို တရင်းတနှီးစကားပြောတာ၊ တစ်ခါတလေ ပခုံးဖက်ပြီး အဘယ်မျှ ချစ်ခင်ကြောင်းပြတတ်တာ၊ ဘာလေးပဲဝတ်ဝတ် ငြင်းဆန်မယ်မှန်း သိပါလျက်နဲ့ သူ့ကိုယူမလားလို့ စနောက်တတ်တဲ့ ကလေးဆန်သော အပြုအမူတွေက အဘယ်သို့သောနေရာကို ထွက်ပြေးပျောက်ကွယ်သွားကုန်ကြပါသလဲ။

အင်းပေါ့လေ၊ လူ့စိတ်ဆိုတာ စက္ကန့်နဲ့အမျှ အလျင်အမြန်ပြောင်းလဲနေတာပဲကိုး။

"သမီးအားရင် ဖျင်းတဲ့အခါ အမေတို့အိမ်ကို လာလည်နိုင်ပါတယ်ကွယ်"

ကြည့်စမ်း! ဘုမသိဘမသိနဲ့ ဖော်ရွေစွာ လမ်းဖွင့်ပေးနေသည့်အမေ့ကြောင့်တော့ ခက်ပါရဲ့။ သူ့အဖြစ်ကလည်း အဆန်းပါပဲ။ မမြင်ရတော့ စိတ်ထဲလွမ်းဆွတ်ပြီး တမ်းတနေမိတာပါလေ။ မြင်ရပြန်တော့လည်း ရင်ထဲကစကားတွေ ပြောထွက်မိသွားမှာစိုးပြီး စိုးရိမ်စိတ်တွေအပြည့် ရင်ထဲမှာ ပွေ့ပိုက်ထားရတာ မဟုတ်ပါလား။

"သမီးကို မိုးစဲတုန်း ပြန်လိုက်ပို့ပေးလိုက်ပါ သား"



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်ကဲ့အမေ''

''နွေးဖြင့် ပြန်တောင်မပြန်ချင်တော့ဘူး၊ အဟုတ်ကို တကယ်ပဲ ခြံလေးက ရှုချင်စရာကောင်းပြီး ရင်ထဲကိုရောက်တဲ့ အထိ နွေးသွားရတာလေ''

လုပ်ချလိုက်ပြန်ပြီ။ အမေက သူမစကားကို အထအန ကောက်ပြီး ပြုံးနေလေပြီ။ ပြတင်းပေါက်နားရပ်ကာ ခြံထဲမှာ စိုက်ထားသည့်အပင်တို့ကို လက်ညှိုးတထိုးထိုးဖြင့် သဘောကျ နေသည့်နှယ်ပါ။

မပြန်ချင်ဘူးတဲ့။ တစ်သက်လုံးခေါ်ထားချင်တာကို ဘယ် လိုဖွင့်ပြောလို့ရမှာလဲ။ အချက်မပြဘဲ ရွာတဲ့မိုးပြေးလေးလို ခဏ တဖြုတ်လေး ဒီကိုရောက်ခဲ့တာမဟုတ်ပါလား။ ပြီးရင် အရိပ်မပြ ဘဲ ပြန်ပျောက်သွားတာမျိုးလေ။ အဲဒီလိုပဲ ကိုယ့်ရင်ခွင်ထဲကို ဝင်မလိုအယောင်ပြပြီး တစ်နေ့နေ့ တစ်ချိန်ချိန် ထွက်ပြေးသွား မယ်ဆိုရင်. . . ဘုရားရေ! တွေးကြည့်ရုံနဲ့တင် သူ့ရင်ထဲ တနင့် တပိုးကြီး ခံစားရပါရောလား။

''သမီးနေချင်ရင် တစ်သက်လုံးလာနေချင်လည်း အမေ က ခွင့်ပြုမှာပါ။ သားနဲ့သာ ဆန္ဒတူနေမယ်ဆိုရင်ပေါ့''

'ကဲ! ဘယ့်နှယ်ရှိစ'ဟူသည့်သဘောဖြင့် သူ့ကို သူမ





လှည့်ကြည့်ကာ ပြုံးလိုက်လေ၏။ မိုးအစဲ ဆည်းဆာနေရောင် ပုစွန်ဆီရောင်က သူမအပေါ် ဖြာကျနေတော့သည်။ ပြောတော့ ဖြင့် အကျည်းတန်လှချိန်ဆို။ ဒီမိန်းကလေးကဖြင့် ဒီအချိန်မှာ တောင် ဘာကြောင့်များ မျက်စိထဲစွဲထင်နေအောင် လှနေရပါ သလဲ။



www.burmeseclassic.com

www.burmeseclassic.com

အချစ်ဆိုတာ ရယူပိုင်ဆိုင်မှုပါ။ မင်းကို ကိုယ်ကလွဲပြီး ဘယ်သူမှ ပိုင်ဆိုင်ခွင့်မရှိဘူး။ ကိုယ်လက်ထပ်မယ့်မိန်းကလေးနဲ့ လာပတ်သက်တဲ့ယောကျ်ားမှန်သမျှ ကိုယ့်ရန်သူပဲ။ အားလုံးကိုယှဉ်ပြိုင်အနိုင်ယူဖို့ ကိုယ်အဆင်သင့်ရှိနေတာ။ ဒီမှာ သဒ္ဒါ.... ကိုယ်သာလျှင် မင်းရဲ့ဘဝ၊ ကိုယ်သာလျှင် မင်းရဲ့လက်တွဲဖော်၊ ကိုယ်သာလျှင် မင်းရဲ့အိပ်မက်ဖန်ဆင်းရှင်ပါ...

မင်းမြတ်သိခ်

နွေးဘဝမှာ အိပ်ပျော်နေတဲ့ နှလုံးသားကို လှုပ်နှိုးနိုင်သူဆိုလို့ တစ်ဦးတည်းသာရှိခဲ့တာပါ။ အဲဒါ "ကျော်"ပဲ၊ "ကျော်"ကလွဲပြီး နွေးကိုဘယ်သူမှ ချစ်ခွင့်မရှိဘူး၊ ထိခွင့်လည်းမရှိဘူး။ မိဘတွေရဲ့ဆန္ဒအတိုင်း အလိုက်သင့်ခေါင်းညိတ်လက်ခံသင့်ပေမယ့် နွေးက လက်ညှိုးထောင်ခေါင်းညိတ်လေ့ရှိတဲ့ မိန်းကလေးမျိုးမှမဟုတ်တာ....

ဒီမှာ "ကျော်"... "ကျော်"ကို နွေးရဲ့ချစ်ခြင်းတွေ အကုန်ပုံပေးအပ်ခဲ့ပြီးကတည်းက ရင်ထဲမှာ ဘာမှမကျန်တော့ဘူး။ ဟိုလူကိုချစ်ပါ၊ ဒီလူကိုမေ့ပါဆိုပြီး သူတစ်ပါးရင်ခွင်ထဲ အတင်းပေးနေရအောင် နွေးက "ကျော်"ပိုင်တဲ့အရုပ်ကလေးမှမဟုတ်တာ။ ပေးပြီးသားအချစ်တွေကို ပြန်ရုတ်သိမ်းလို့မှမရတာဘဲ။ "ကျော်"ကလွဲပြီး ဘယ်သူ့ကိုမှ နွေးမချစ်နိုင်ဘူး....

"ကျော်"ကို စိတ်ဆန္ဒတစ်ထပ်တည်းချစ်ခြင်းတွေနဲ့ ချစ်ခဲ့တာ တစ်သက်တာ ရာသက်ပန်အတွက် ရည်စူးထားလို့ပါ။ ဒါကို "ကျော်"က ဥပေက္ခာပြုရက်မယ်ဆိုရင် ဒီလောကကြီးထဲက နေ အသက်မဲ့တဲ့ဝိညာဉ်ဘဝနဲ့ပဲ ထွက်သွားပေးမယ်။ အဲဒါဆို "ကျော်"ကျေနပ်ပြီလား....

နွေးသဒ္ဒါဖြူ

www.burmeseclassic.com

www.burmeseclassic.com

မျက်ဝန်းကို စုံမှိတ်ထားလိုက်မိ၏။ သူ ဘာများ တတ်နိုင်မှာတဲ့လဲ။ တစ်ဖက်က အရာရာကို ထောက်ထားစာနာပြီး အလျှော့ပေးရမယ့် ငယ်သူငယ်ချင်း...နောက်တစ်ဖက်မှာက သူ့အသက်မက ချစ်ရပါသည့်ချစ်သူ...ဒီလူ နှစ်ယောက်ကို ဘယ်လိုနည်းလမ်းမျိုးနဲ့ ယှဉ်ရွေးနိုင်ပါ့မလဲ....

အစတုန်းက ကြိုသိကြိုမြင်ခဲ့လို့ သူ့နှလုံးသားကို အတတ်နိုင်ဆုံး အိပ်ပျော်နေအောင် ထိန်းမတ်ခဲ့ပါလျက် အချစ်ငုပ်ကောင်လေးက နိုးထ ရုန်းထွက်လာခဲ့တာလေ။ ချစ်သူကိုစွန့်ရမဲ့ တဲ့သူရဲကောင်းတွေ ရှိကောင်းရှိနိုင်ပေမယ့် သူက HERO မဟုတ်တော့ အခက်သားလား....

တကယ်ပါ၊ ရင်ကိုခွဲပြီး နှလုံးသားကို ဆွဲထုတ်ခံရသလို အနာကြီး နာကျင်နေရပေမယ့် သူက မြေကြီးပေါ်က မြေမှုန်လေးလောက်သာ သေးငယ်သိမ်နုပ်တဲ့လူ ဖြစ်နေခဲ့ရတာပါလေ။

မှူးစစ်ကျော်

## အခန်း (၁၅)

လက်မောင်းထက် မှီကျလာသည့် ဆံနွယ်များဆီမှ Shampoo နံ့ ခပ်သင်းသင်းနှင့် အုန်းဆီရနံ့မွှေးမွှေးလေးကို သူရှူရှိုက်မိပါ၏။ ရင်ထဲမှအပျော်တို့က ပြောပြလို့မရအောင်ကို ပြည့်နှက်နေရတာပါလေ။ ဘယ်သူက မျှော်လင့်ထားမှာတဲ့လဲ။ ဒီလောက်ချော ဒီလောက်လှ ဒီလိုပြည့်စုံကုံလုံတဲ့မိန်းကလေးဆီက ခပ်မြန်မြန်လက်သင့်ခံ ခေါင်းညိတ်တာမျိုးကိုလေ။

ပျော်ရတာထက် ရှေ့ဆက်ပြီး တွေ့ကြုံရမယ့်ကိစ္စတွေက အများအပြားမဟုတ်ပါလား။ ကိုယ်တို့နှစ်ဦးရဲ့ရှေ့ရေးကို တွေးကြည့်ရုံနဲ့ ရင်မောစရာတွေက များနေမှန်းသိနေပါလျက်နဲ့ ဘာကြောင့်များ ချစ်ခြင်းတွေ အပ်နှံရပါသလဲ။ မျှော်လင့်ခြင်းတည်

www.burmeseclassic.com



ဝက်၊ ရင်မော့ခြင်းက တစ်ဝက်နဲ့ ရှေ့ဆက်ရတော့မှာပါပဲလား ‘မှုုးစစ်ကျော်’ . . .

“ကျော်”

“ဟင်”

“ငြိမ်နေလိုက်တာများ အရုပ်လိုပါပဲလား. . . ဘာလဲ နွေးကို အညှာလွှယ်လိုက်တာဆိုပြီး အထင်များ သေးနေပြီလား ဟင်”

မျက်ဝန်းလေးဖြင့် ပင့်မော့ကြည့်ရင်း မေးလိုက်ပုံ သနားစရာပင် ကောင်းနေသေးတော့၏။ ဘယ်လိုအထင်သေး ရက်ဖို့မလဲ၊ တကယ့်ကို မမျှော်လင့်တဲ့အခြေအနေနဲ့ ဖြစ်သွား ရတာပါလေ။ အထူးသဖြင့် အမေ၏လမ်းဖွင့်စကားကြောင့် ဘာမှအရင် စမပြောလိုက်ရပါဘဲ အလိုလိုမေးခွန်းတွေ အဆ မပြတ်မေးလာမှုကို ရှောင်မရရှားမရနဲ့ လွှတ်ခနဲပြောထွက်သွ ခဲ့ရခြင်းပါလေ။

‘ချစ်တယ်’ဆိုတာ သူများတကာတွေအတွက် ထ စားရေသောက် ပြောလို့လွယ်သလောက် သူ့အတွက်ကတော့ဖြင့် န ဆွံ့အနေသလို ပြောမထွက်တဲ့ကိစ္စပါလေ။ ညက အိပ်မက် မှာ နွေးနဲ့တွေ့ခဲ့ရတာအမှန်ပဲမို့ ပါးစပ်က လွှတ်ခနဲပြောထွ





သွားရာကတစ်ဆင့် နွေးအပေါ် မေတ္တာသက်ဝင်ချစ်ခင်ကြင်နာ နှောင်တွယ်နေမိပြီဆိုသည့်အဆင့်ကို ဘယ်လိုကျော်ပြီး ပြသွား မိရတာပါလိမ့်။ သူဘယ်လိုမှတွေးမနိုင်ခဲ့တာ တကယ်ပါလေ။

“ဟင်လို့”

“မဟုတ်ရပါဘူး နွေးရယ်”

“ဒါဆို ဘာလို့ ဘာစကားမှမပြောဘဲ ငြိမ်နေတာလဲ”

လေပြည်တိုက်ခတ်လာမှုကြောင့် ချစ်သူက သူ့ရင်ခွင် ထဲသို့ ပို၍တိုးကပ်ဝင်လာလေ၏။ အကျီလက်ပြတ်လေး ဝတ်လာ ၍ပဲ အေးနေလေပြီလား။ လက်မောင်းလေးတွေဆီမှ အေးစက် တ် အထိအတွေ့ကြောင့် အသာလေးထွေးဖက်မိစဉ် ချစ်သူ၏ ဘီးတိုးရယ်လိုက်သံကို ကြားလိုက်ရပါသည်။ သဘောကျလေ သလား၊ သူက နွေးကို နွေးနွေးထွေးထွေးလေး ရှိစေချင်ပြီး၊ အအေးမမိစေချင်တဲ့ဆန္ဒကြောင့်ပါလေ။

“နွေး ပျောက်မသွားပါဘူး ကျော်ရယ်”

“ချမ်းနေမှာစိုးလို့ပါ”

“စိုးရိမ်တတ်နေပြီပေါ့လေ”

“အဲဒီလို မခနဲ့ပါနဲ့”

“နွေးက သဘောကျလို့ပါနော်၊ ကျော့်ကိုအပြစ်တင်တာ



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ရပါဘူး။ မေမေပြောလို့ ပြောရဲပြီးတော့များ၊ မသိရင်ခက်ယ်"

"ဟော! စလာပြန်ပြီ ဒီကိစ္စ"

"မဟုတ်လို့လား၊ အဲဒီလိုမှမဟုတ်ရင် ဘယ်တော့မှ ပြောမှာလဲ၊ သတ္တိရှိလို့လား"

မေးစေ့ကို ခေါင်းတိုးဝှေ့လာတာမို့ သူပြုံးလိုက်ရင်း မေးတင်ထားလိုက်မိလေ၏။ သူ့လက်ဖျံကို လှမ်းကိုင်လိုက်သည့် လက်ချောင်းသွယ်သွယ်လေးကို သူယူကိုင်လိုက်မိသည်။ လှလိုက်တာနော်၊ ရွှေမှုန်လေးတွေစားပြီး မွေးထားသလို ထိရက်စရာ မရှိအောင်ကို လှလှလေးပါပဲလား။

"ကျော်"

"ဟင်"

"ဗိုက်ဆာရင် တစ်ခုခုသွားစားကြမယ်နော်"

"ဘာဖြစ်လို့လဲ နွေးရဲ့၊ ဆာနေပြီလား။ ဒါဆိုလည်း အိမ်ပြန်ကြမယ်လေ"

"မပြန်ချင်သေးပါဘူး၊ ကျော့်ပုံစံက နွေးလက်ကိုစေ့စေ့ကြည့်ပြီး ကိုက်စားတော့မယ့်ပုံဖြစ်နေလို့"

"အာ. . ."





သူမျက်နှာပူသွားရစဉ် နွေးက သူ့မေးဖျားကို ပြုံးစစဖြင့် လှမ်းကိုင်လိုက်လေ၏။ သူအသည်းယားလွန်းလာသဖြင့် လက်ဖျားလေးကို ငုံ့မွှေးလိုက်မိတော့၏။ နွေးထံမှ ဆည်းလည်းသံနှယ် ညှင်းသွဲ့သွဲ့ရယ်သံလေး ထွက်လာသည်။ ပျော်နေရှာပါလား။ သူ့မှာဖြင့် စိုးရိမ်စိတ်တို့နှင့် ရင်တထိတ်ထိတ်ဖြစ်နေတာပါလေ။ ဘာကိုမှကြိုတွေးမပူတတ်တာပဲလား နွေးရယ်။

"ကျော်"

"အင်း"

"မေမေ့ကိုပြောတော့မှာလား"

"မပြောလည်း သိနေမှာပဲလေ"

"ဘာလို့လဲ"

"မေမေက ကိုယ်ဘာဖြစ်နေတယ်ဆိုတာကို ဖွင့်မပြောလည်း ကြိုသိနေတတ်တာ နွေးရဲ့"

"ဒါဆို နွေးကို ကျော်ချစ်နေတာကိုလည်း သိနေတယ်ဆိုတဲ့သဘောလား။ ဟုတ်လား"

"ရှူး. . . သူများတွေ ကြားကုန်တော့မှာပဲ၊ တိုးတိုးပြောလေ"

ကလေးသဖွယ် ရယ်လေတော့၏။ အပြစ်ကင်းစင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တာနော်။ ဘာကိုမှ အပူအပင်မထားပုံပါပဲလား။ ဘယ်လော
များ ပွင့်လင်းလိုက်တဲ့မိန်းကလေးပါလိမ့်။ သူကဖြင့် ယောက်
လေးဖြစ်ပြီး ဘာမဆို မပွင့်မလင်းနဲ့ မြုံစိစိဖြစ်နေရတာပါသော
သြော်. . . မပြည့်စုံသူရဲ့အားငယ်တတ်မှုကို နွေးနားလည်ပေး
မည်ဟု သူ ယူဆမိပါ၏။

''ပျော်လား''

''အင်း. . . ပျော်တာပေါ့၊ ကျော်သာ အနားမှာရှိနေ
နွေးရဲ့ကမ္ဘာကြီးက ပြည့်စုံသွားသလိုခံစားရတယ်။ ရင်ထဲအေ
နွေးနေသလိုမျိုးလေးလေ။ သိလား''

''ဟုတ်လို့လား''

''မယုံဘူးပေါ့လေ၊ ကျော်ယုံအောင် ဘယ်လိုသက်သေ
ပြရမလဲ. . . ပြော''

ရန်တွေ့သလိုအပြောလေးကပင် သူ့ရင်ကို အေး
စေပါ၏။ အဘယ်မျှ ချစ်စဖွယ်ကောင်းလိုက်ပါသလဲ။ ဤသို့
သမီးလေးကို မိဘတွေက သူ့လိုလူနဲ့ လက်ထပ်ထိမ်းမြား
သဘောတူပေးနိုင်ပါ့မလား။ မထင်ပါလေ၊ 'အလွှာ'ဆိုတာ
တန်းစားသုံးမျိုးကို ကန့်သတ်ပိုင်းခြားထားလေ့ရှိတဲ့ တံတိုင်း
ပါလေ။ ဒီနံရံတံတိုင်းကြီးကို ဖြိုခွင်းနိုင်တဲ့လက်နက်က 'ငွေ





ထက်နေ'လား။ သို့တည်းမဟုတ် 'ချစ်ခြင်း'လေပဲလား။ သူမတွေး
တတ်တာ အမှန်ပါလေ။

''ပြောဆို''

''ယုံပါတယ် နွေးရယ်''

''ဘယ်လို ယုံတာလဲ''

''ကိုယ်လိုလူကို ဘယ်လိုစိတ်မျိုးနဲ့ နွေးလက်ခံသလဲ
ဆိုတာကို မြင်ရုံနဲ့သိတာပါ''

''ဟင်းဟင်း. . . စကားလည်း မတတ်ဘဲနဲ့ ပြောနေ
သေးတယ်''

''လူကိုလှောင်တယ်ပေါ့လေ''

''မကြိုက်ဘူးလား''

သူပြုံးပြီးငြိမ်နေမိတော့ ရင်ခွင်ထဲရောက်နေရာမှ လူးလဲ
ထထိုင်လိုက်လေ၏။ ဒီရင်ခွင်ထဲနေရတာ နွေးထွေးလုံခြုံတယ်
ဆိုပြီး အခုတော့ ရုန်းထွက်ပါရောလား။ ဒီလောက် ခဏလေး
ထွက်သွားတာတောင်မှ သူ့ရင်ထဲ ဟာခနဲဖြစ်သွားတာမို့ တစ်
သက်လုံးသာ ခွဲခွာရရင်ရော သူဘယ်လောက်တောင်မှ ရင်ကွဲနာ
ကျသွားမှာလဲ။ ရင်နာရမယ့်ဒဏ်ရာကို ဘယ်လိုဆေးမျိုးနဲ့ ပျောက်
အောင် ကုသလို့ရပါ့မလဲ နွေးရယ်။



www.burmeseclassic.com

www.burmeseclassic.com



"မကြိုက်ဘူးပြောမိလို့လား"

"ကျော် . . . နော်၊ နွေးကို အဲဒီလိုစိမ်းကားသလိုမျိုး မပြောပါနဲ့"

"ရော်! ကိုယ်ဘာများပြောလို့တုန်း"

"နှုတ်က မပြောပေမယ့် ကျော့်မျက်ဝန်းထဲကြည့်ရုံနဲ့ သိနိုင်တယ်"

"ဘယ်လို"

"မမေသဘောမတူဘူးဆိုရင် နွေးကိုထားခဲ့မှာမဟုတ်လား . . . ပြော"

အလို! ငါးဖယ်က ပြောင်းပြန်ပါလား။ သူပြောရမယ့် စကားကို အဘယ်ကြောင့်များ နွေးပြောရပါသနည်း။ တကယ်ဆို နွေးရဲ့မိဘတွေကသာ သူလိုလူကို သားမက်တော်ဖို့က ဘယ်နည်းနဲ့မှ လက်သင့်ခံကြမယ့်သူတွေမှ မဖြစ်နိုင်တာပါလေ။

"အမေက ကိုယ်တို့ကို သဘောမတူတာမှမဟုတ်တာ"

"အဲဒါ နွေးသိတယ်လေ"

"ဒါဖြင့် နွေးမိဘတွေက ဖျက်ကြရင်ကော"

ပြုံးတုံ့တုံ့လေး လုပ်နေပြန်လေ၏။ ဘယ်လိုလဲ၊ နည်းနည်းမှ စိတ်မပူတတ်ပုံပါလားနော်။ ကလေးဆန်တာမျိုးကို နွေး





ထံမှ မတွေ့ရပေမယ့် သူ့ထက်အသက်ငယ်သူမို့ သူ့လောက် ရင့်ကျက်မှန်းတော့ သူသိနေတာပါလေ။

"ကျော့်နောက် လိုက်ခဲ့မှာပေါ့"

"ဘာရယ်"

"ဟုတ်တယ်လေ၊ နွေးက အချစ်အတွက် သတ္တိရှိပြီးသား။ ကျော်သာခေါ်ရဲရင် ဟိုးကမ္ဘာ့အပြင်ဘက်အထိတောင်မှ လိုက်ရဲတယ်မှတ်"

ဘုရားရေ! ဘယ်လိုအဖြေမျိုးပါလဲ။ ဤမျှအထိ ပွင့်ပွင့်လင်းလင်းပြောချရဲလိမ့်မည်ဟု သူမထင်ထားမိတာပါလေ။ မိန်းမတွေ သတ္တိရှိတာလား၊ ဒါမှမဟုတ် မိုက်ရဲတာပဲလား၊ သူမဝေခွဲတတ်လေခဲ့။ ခေါ်ရမယ့်လူက မဝံ့ရဲပေမယ့် လိုက်ဝံ့တဲ့သူကဖြင့် ခေါင်းအဆင်သင့်ညိတ်ပြနေချေပြီ။ ကဲ! စွန့်စားဝံ့ရဲသလား မှူးစစ်ကျော်။

"ခေါ်ရဲပါ့မလား"

"နွေးကလည်းလေ"

"တွေ့လား . . . သတ္တိဖြင့်မရှိဘဲနဲ့"

"ကိုယ့်နောက်လိုက်ရင် နွေး ဆင်းဆင်းရဲရဲနဲ့နေရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဆင်းရဲတယ်ဆိုတာ ကျော် ဘာကိုဆိုလိုချင်တာလဲ"

"အခု နွေးနေရတဲ့နန်းတော်လို အဆောက်အဦးမျိုးမှာ စံမြန်းနေရတဲ့တော်ဝင်မင်းသမီးလေးလိုမျိုး နေရမှာမဟုတ်ဘူး"

"အင်း. . . ပြီးတော့ရော"

"ပြီးတော့ နွေး နေ့တိုင်းစားနေရတဲ့ အသားဟင်းမျိုးလည်း အမြဲတမ်းစားရမှာမဟုတ်ဘူး"

"ပြီးရင်ကော"

"အင်း. . . အခုလို နွေးလှလှပပလေး ဝတ်ဆင်ထားတဲ့ အဆင်တန်ဆာမျိုးတွေ အဝတ်အစားမျိုးတွေကိုလည်း ထည့်လဲဝတ်ခွင့်ရတော့မှာမဟုတ်ဘူး"

"ပြီးတော့ ရှိသေးလား"

"ရှိတာပေါ့။ အိုက်ရင် အေးစေမယ့် Aircon ခန်းမျိုးလို၊ ချမ်းရင်နွေးစေမယ့် ရေငွေ့ပေးစက်လို၊ ကျောမနာအောင် ခင်းပေးနိုင်မယ့် မွေ့ရာထူထူလိုတွေနဲ့ အိပ်ရမှာမဟုတ်သလို မိုးရွာရင် နားမခံသာအောင် တဒေါင်ဒေါင်မြည်တဲ့ သွပ်မိုးသံကိုနားခံနိုင်မလား။ ခြင်လုံဇကာမတပ်ထားတဲ့အခန်းထဲမှာ ခြင်အော်သံ တဝီဝီကို ဒဏ်ခံဝံ့ပါ့မလား။ ရွှံ့တင်တဲ့လမ်းပေါ်မှာ နေ့စဉ်နဲ့အမျှ ဖွက်အပေခံပြီး လျှောက်တတ်ပါ့မလား။ ပြောရရင် ကုန်မှာ





မဟုတ်ဘူး"

လက်မောင်းကို ပါးအပ်ပြန်လေ၏။ စဉ်းစားမိပြီလားကွယ်။ ကိုယ်လိုလူမွဲတစ်ယောက်ကို လက်ကမ်းပေးဖို့ ခွန်အားမရှိပါတော့မလား။ 'လဲနေသူကို ထူပေးပါ' 'အားငယ်သူ ဖေးမပါ' 'ရေထဲကျသူ ဆယ်ယူပါ' လို့ဆိုရိုးရှိတာ မှန်ပေမယ့် ကိုယ်က မျက်နှာမွဲတစ်ယောက်ဆိုတာ နွေး စောစောကြိုသိရဲ့သားနဲ့လေ။

"နွေးက အဲဒါတွေအားလုံးကို လက်ခံနိုင်တယ်ဆိုရင် ဘာပြောစရာကျန်ဦးမလဲ"

"ကျစ်! ပြောတာ လွယ်လိုက်တာ"

"အံမယ်. . . နွေးကို အဲဒီလိုမပြောပါနဲ့နော်"

"ဆင်းရဲတယ်ဆိုတာကို နွေးမှမကြုံဖူးတာလေ"

"နွေးပြောမယ်. . . ကျော်"

သူ့မျက်နှာကို လက်ဝါးနုနုနှစ်ဖက်ညှပ်ကာ ကိုင်လိုက်ပြန်လေ၏။ နုဖတ်လှသည့်လက်ဖဝါးပေါ်မှာ သွေးခြည်ဥ ခံနိုင်ပါ့မလား။ အိမ်မှာ ရေနွေးအိုးတောင် တည်ဖူးပုံမပေါက်တဲ့ လက်နုလေး အပူလောင်တာကို သူမကြည့်ရက်နိုင်တာအမှန်ပါလေ။

"နွေးကတော့ ချမ်းသာတယ်ဆိုတာ စိတ်တစ်ခုတည်းပဲရှိတယ်။ စိတ်ချမ်းသာမှ လူကျန်းမာတာ။ လူကျန်းမာမှ အလုပ်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ပြီး ငွေရှာနိုင်တာပါ။ ကြက်သားမှ ဟင်းမဟုတ်ပါဘူး ကျော်၊ ချဉ်ပေါင်လည်း ဟင်းဖြစ်ပါတယ်။ ကျောခင်းစရာရှိရုံနဲ့ အိပ်ပျော်တတ်သလို၊ ချမ်းရင် စောင်ပါးလေးခြုံလို့လည်း နွေးပါတယ်။ ဒီလိုမှမဟုတ်ရင် ကျော်ထွေးပွေ့သိပ်မယ့်ရင်ခွင်မှာ လုံခြုံစွာ အိပ်စက်ပျော်နိုင်မှာပါ။ ပူတဲ့အခါ ယပ်တောင်ခတ်ပေးပါ၊ ရွှံ့ပေရင် ရေဆေးလို့စင်ပါတယ် ကျော်၊ ခြေထောက်ဆိုတာ လမ်းလျှောက်ဖို့ ဘုရားက ဖန်ဆင်းပေးထားတာမှန်ရင် ကားဆိုတာ ရှိဖို့မလိုအပ်ပါဘူး။ ငွေဆိုတာ လူက ဖန်တီးလို့ရနိုင်တဲ့အရာပါ။ အခုလည်း နွေးက ကိုယ့်ကိုယ်ပိုင် ဝင်ငွေရှာပြီး သုံးနေတဲ့သူပါကျော်။ အသုံးနဲ့အဖြုန်းကို ခွဲခြားသုံးသပ်နိုင်တဲ့ အသိဉာဏ်က မွေးကတည်းက ပါလာခဲ့ရိုးမှန်ရင် ဘဝမှာ ပြီးပြည့်စုံဖို့ အချစ်တစ်ခုတည်းသာ လိုအပ်ပါတယ်''

မြတ်စွာဘုရား! တကယ့်ကို အလေးအနက်ကြီးပြောနေတာပါလား။ မျက်နှာထက်မှာ အပြုံးတစ်စက်မှမရှိ။ တည်ကြည်သည့်မျက်ဝန်းတစ်စုံနှင့် ပြောနေသည့်စကားသံက အနည်းငယ်မျှ မာနေသယောင်တောင် ရှိနေသလိုပါလေ။ ဆင်းရဲတွင်းထဲ ခုန်ဆင်းဝံ့သတဲ့။ အာဂသတ္တိပါပဲလား 'နွေးသဒ္ဒါဖြူ'။

''တကယ်လို့ နွေးမိဘတွေက သမီးအဖြစ်မှ စွန့်လွှတ်





ကြရင်ကော၊ ခံနိုင်ရည်ရှိပါ့မလား''

''ပြောပြီးပါပကော၊ ကျော်သာရှိနေရင် နွေးဘဝက ပြီးပြည့်စုံပါပြီလို့''

ကဲ! ကောင်းကြပါရော။ တကယ့်ကို ဆလံသ လက်မြှောက်အရှုံးပေးရမယ့်ကိန်း ဆိုက်ရချေပြီ။ သူသက်ပြင်းခိုးရှိုက်လိုက်မိစဉ် မေးစေ့အောက် နွေးခနဲဖြစ်သွားရပြီး အရက်ပိုသွားရသည့်မိန်းကလေးက မျက်နှာကို သူ့ရင်ခွင်ထဲ ဝှက်သွားလေတော့၏။ တကယ်ပါပဲ၊ သူလိုလူကို ဤမျှအထိ ကြင်နာသမှုနဲ့ မေတ္တာသက်ဝင်သတဲ့လား။ ဩော်. . . နွေးရယ်။

''နွေး''

''ဘာမှမပြောနဲ့''

''နေပါဦး. . . ကိုယ်က''

''မပြောပါနဲ့ဆို''

''အင်းပါ. . . အင်းပါ၊ နွေးသာလိုက်နိုင်ရင် ဟိုးကမ္ဘာအပြင်ဘက်ရောက်အောင် ကိုယ်ထွက်ပြေးရဲတယ်လို့ ပြောချင်လို့ပါ''

''တကယ်လား''

''တကယ်ပေါ့၊ မယုံဘူးလား''



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . . မယုံဘူး"

"ဒါဆို လာလေ၊ တရားရုံးသွားကြမယ်"

"ဒီနေ့ Sunday လေ၊ ရုံးပိတ်မှန်းသိသားနဲ့ ကျော်နော်၊ လူဆိုး"

နှစ်ယောက်သား ပြိုင်တူရယ်လိုက်မိစဉ် နောက်ကျောရှိ သစ်ပင်ထက်မှ ငှက်ကလေးက အလန့်တကြား ပျံတက်သွားလေ၏။ ရေပြင်ထက် လျှပ်ပြေးသွားသည့် လှိုင်းကြက်ခွပ်လေးတို့က သူတို့ချစ်သူနှစ်ဦးကြောင့် ရှက်သွားကြသည့်အလား။ ဆည်းဆာနေရောင်က ညနေခင်းအလှကို ပိုလှသွားစေသည့်နှယ်။

အိမ်ပြန်သင့်ပြီကော ကိုယ့်ချစ်သူ. . .



## အခန်း (၁၆)

အိမ်ရှေ့ထိုးရပ်သွားသည့်ကားကြောင့် ဝရံတာမှာ ဖိနပ်ဝတ်နေရင်းက သူလှမ်းကြည့်လိုက်မိ၏။ မရောက်တာကြာနေပြီဖြစ်သည့် သူငယ်ချင်းက ဘာစိတ်ကူးပေါက်ပြီး ရောက်လာပြန်တာပါလိမ့်။ ဒီနေ့ သူအလုပ်ဆင်းရမည့်နေ့မှန်းသိသိကြီးနဲ့ ဒီအချိန်ကြီး ရောက်လာရတယ်လို့။

"မှူး. . ."

"အေး. . . လာပြီ"

"ငါပြောစရာရှိတယ်"

"ကျစ်! အဲဒါ ညမှ လာတာမဟုတ်ဘူး သိန်ရာ"

ခြံတံခါးဖွင့်ဝင်လာပြီမို့ သူ လှေကားမှဆင်းရန် ပြင်နေ



www.burmeseclassic.com

www.burmeseclassic.com



သည့်ခြေလှမ်းကို ရပ်ထားလိုက်ရပါ၏။ စောတော့ စောသေးတာပါလေ။ သို့သော် အလုပ်မသွားခင် ချစ်သူလေး၏အသံချိုချိုလေးကိုကြားဖို့ သူ Phone နားထောင်ရဦးမှာကို။ အမေက ရိပ်မိနေသော်ငြား သူ့ကိုဖွင့်မမေးသေးပါလေ။ ဒီကောင် ဘာဖြစ်လာပြန်ပြီလဲ။

"ငါ ရေသောက်ချင်တယ်"

"အေးအေး"

အမေက မီးဖိုခန်းထဲမှာ ချက်ပြုတ်နေတုန်းပဲမို့ သိန်ရောက်လာတာကို မသိပါ။ ညှော်ခန်းရေအိုးစင်ရှိ သောက်ရေအိုးထဲမှ ရေအေးအေးလေးကို ဖန်ခွက်ထဲသို့ သူခပ်ထည့်စဉ် ညှော်ခန်းဆက်တီထက် သိန် ထိုင်ချလိုက်လေ၏။

"ရော့!"

"ငါ . . . ငါ"

ရေခွက်ကို လှမ်းမယူသေးဘဲ မျက်နှာရဲရဲနီနေပုံကြောင့် တစ်ခုခုဖြစ်လာမှန်း သူအတတ်သိလိုက်မိပါ၏။ ဘာများဖြစ်ပြန်ပြီလဲ၊ အလုပ်ပြန်ဝင်တာမှ မကြာသေး။ အဖေဖြစ်သူကို ပြဿနာရှာပြန်ပြီလား။ မင်းနဲ့တော့ မလွယ်ပါလား မင်းမြတ်သိန်ရယ်။

"ငါ့အသည်းတွေ ကွဲကုန်ပါပြီကွာ"





"ဘာရယ်"

"သူက . . . သူက ခါးခါးသီးသီးငြင်းလိုက်ပြီကွ"

"ဘယ်သူ"

"ဘယ်သူရှိမလဲ၊ ဒက်ဒီတို့သဘောတူထားတဲ့ ငါ့ကောင်မလေးကိုပြောတာ"

"အင်း"

"တောက်! ငါ့ဆီက ဖြတ်ခုတ်သွားတဲ့ကောင်ကို ငါ အသေသတ်ပစ်ချင်လိုက်တာကွာ"

"ရေသောက်ဦးလေ"

ဖြတ်ခုတ်သွားတဲ့ကောင်တဲ့။ အဲဒီလိုစွပ်စွဲရအောင်လည်း အဲဒီကောင်မလေးနဲ့ သိန်က ချစ်သူရည်းစားတွေမှ မဟုတ်တာလေ။ မိဘသဘောတူတာယ်ဆိုသော်ငြား နှစ်ဦးသား စိတ်ချင်းတိုက်ဆိုင်မှုရှိမှသာ စီစဉ်ပေးလို့ရမှာမဟုတ်ပါလား။

"ရက်စက်လိုက်တာ သဒ္ဒါရယ်"

"ဟင်!"

ရင်ဘတ်ကြီးဆီမှ ဒိန်းခနဲဆောင့်မြည်သံနှင့်အတူ နားထဲမှလေတွေ ဒလဟောထွက်သွားသံတွေပါ ကြားရလေ၏။

ဘုရားရေ! သဒ္ဒါတဲ့။ ဒီလိုရှားပါးလွန်းတဲ့နာမည်မျိုးက



www.burmeseclassic.com

www.burmeseclassic.com



ဆင်တူယိုးမှားလေးတောင်မှ မရှိတာပါလေ။ သိမ်ကောင်မလေး ရဲ့နာမည်ကလည်း 'သဒ္ဒါ'ပဲတဲ့လား။ တိုက်ဆိုင်မှုများလားလေး

''မင်းပြောတာ ဘယ်သူ''

''ချစ်သူရှိနေပြီတဲ့၊ ချစ်ရမယ့်သူလို့ပြောတာထက် ပိုသေချာသွားပြီ မှူးရ။ သူ့မိဘတွေကလည်း သူတို့သမီး စိတ်ချမ်းသာမှုကိုပဲ ဦးစားပေးကြတာ ငါအသိဆုံးကွ။ ငါဘာဆက်လုပ်ရမှာလဲ မှူးရာ''

သူမေးနေတာကိုတောင် ပြန်မဖြေနိုင်ဘဲ ရင်ဖွင့်နေသည့် သူငယ်ချင်းဖြစ်သူကို ငေးကြည့်နေမိသည်။ 'သဒ္ဒါ'တဲ့။ နွေးကိုပဲ ရည်ညွှန်းလေသလား။ နွေးနှုတ်ကဖြင့် အိမ်က သဘောတူထားတာရှိသည်ဟု တစ်ကြိမ်တစ်ခါမှ မပြောခဲ့ဖူးတာပါလေ၊ ကိုယ် ရင်ပူနေရပါပြီကော နွေးရယ်။

''သဒ္ဒါ. . . သဒ္ဒါတဲ့လား''

''အေး. . . နွေးသဒ္ဒါဖြူတဲ့၊ နာမည်လေးလှသလို ရုပ်လည်းပြောစရာမရှိအောင် ငေးမဝတဲ့အလှမျိုးကွ''

သူ့မျက်နှာ ကွက်ခနဲပျက်သွားရပါ၏။ ဘုရားရေ! အံ့ဩစရာပါပဲလား။ ထင်မထားတဲ့အဖြစ်အပျက်က သူနှင့်နွေးကြား (မဟုတ်သေးဘူး) သူနှင့်သိမ်ကြားသို့ ရုတ်တရက်ရောက်လာ





တာပါလေ။ 'နွေးသဒ္ဒါဖြူ'တဲ့လား။ အံ့ဩစရာတိုက်ဆိုင်လှာရတယ်လို့။ ချစ်သူ၏သတ္တိရှိမှုကို သူကြိုတင်သိထားပြီးပြီမို့ သိမ်ကို မျက်နှာပူမိပြီး အကြည့်ကိုလွှဲလိုက်မိချေပြီလေ။

''ငါ. . . ငါ သူ့ကို ငါ့နှလုံးသားတစ်ခုလုံး ပုံပေးပြီးချစ်တာပါ မှူးရာ''

''အေးပါ''

''ဒါတောင်မှ ငါ့ချစ်ခြင်းတွေကို သူဘာလို့မတုံ့ပြန်နိုင်ရတာလဲ။ ဘာကြောင့်လဲ၊ အဲဒီကောင်က ငါ့ထက်အများကြီးသာနေလို့လား။ ဘယ်လောက်များ ချမ်းသာနေလဲ၊ ဘယ်လောက်ညာတတ်နေလဲ၊ ဘယ်အရာအထိများ သူပိုင်ဆိုင်ထားလို့လဲ။ ငါနဲ့ယှဉ်ရင် ဘာများပိုသာနေသလဲ မသိတော့ပါဘူးကွာ''

ရင်ထဲမှာ နင့်သွားရပါသည်။ ဘယ်လိုအရာကမှ မင်းနဲ့ယှဉ်သာတဲ့ဘဝမျိုးနဲ့လူပါ သိမ်ရယ်။ ချမ်းသာမှု နတ္ထိ၊ ပိုင်ဆိုင်ဝလာ၊ ပိုသာတာ ဘာဆိုဘာမှမရှိတဲ့ သူလိုလူနဲ့ သိမ်ဘဝကယှဉ်စရာတောင်မှ မလိုအပ်တာပါလေ။ နွေးရယ်. . . ကိုယ်သူငယ်ချင်းနှစ်ယောက်နဲ့မှ တမင်ကြီးလိုများ လာပတ်သက်နွယ်ရတယ်လို့။

''ငါ ဘာဆက်လုပ်ရမလဲ''



www.burmeseclassic.com

www.burmeseclassic.com



ရင်တွင်းမှစကားသံတို့က နှုတ်မှမထွက်ချင်သလို တိုး
သွားရပါ၏။ ဒီလိုမှန်းသာသိနေရင် မနေ့ညနေက သူမရှိတဲ့
ကို သူမသွားမိတာ အမှန်ပါလေ။ ချစ်ရသူ၏အပြုံး၊ ချစ်ရ
မျက်လုံး၊ ချစ်ရသူ၏နှလုံးသားကို ပိုင်ဆိုင်ခွင့်ရဖို့က ဤမျှ
ရသတဲ့လား။

"ကိုကိုကို နွေးပြောခဲ့ဖူးပါတယ်"

ညဦးလေပြည်က သူမ၏ခန္ဓာကိုယ်မှဖြတ်၍ တိုက်
လာတာမို့ သနပ်ခါးရနံ့ကို သူရှူရှိုက်ခွင့်ရလိုက်ပါ၏။
ပျိုးပြုအချိန်မှာတောင် ဖြူစင်သည့်အသားရောင်က မှိန်
လား။ လေ၏ကျီစယ်မှုကြောင့် သူမဆံစလေးတွေ နဖူးထ
ကျလာတာကိုတောင် သပ်တင်ခွင့်မရှိပါလားနော်။

"နွေးတို့ ချစ်သူတွေဖြစ်သွားကြပါပြီ"

"ဟင်!"

ရင်ထဲမှ မနာလိုမစ္ဆရိယစိတ်က ရေနွေးပူပူနှင့်
ရသည့်နှယ် ပူပြင်းလေစွ။ သူ့ကိုမှ ကွက်ကြားမိုးရွာချသတဲ့
သူ့တစ်ဦးတည်းပေါ်ကိုမှကွက်ပြီး မိုးကြိုးပစ်ချရတယ်လို့
ကြမ္မာရယ်. . . မျက်နှာလိုက်ပုံက တစ်ဖက်စောင်းနင်းကျ
တယ်လို့ကွယ်။





ပြောတော့ဖြင့် 'အချစ်ဆိုတာ ရယူပိုင်ဆိုင်လိုခြင်း'ဆို။
ဒါနဲ့တောင်မှ ဘာလို့ သူ့ကျမှအသည်းကွဲဖို့ ဖန်တီးပေးရပါသလဲ။
ဦးနှောက်ကိုစိုးမိုးပြီး နှလုံးသားမှ ပိုင်ဆိုင်ခွင့်ရစေချင်တဲ့ ချစ်ရတဲ့
သူက သူမတစ်ယောက်တည်းကိုသာ ရည်ရွယ်ထားတာမှန်းသိနေ
ပါလျက် ရက်ရက်စက်စက် ဖျက်ဆီးပစ်ရတယ်လို့။

"ကိုယ်တို့က. . . ကိုယ်တို့က နှစ်ဖက်မိဘတွေ သဘော
တူထားကြတာမဟုတ်လား သန္တာ"

"မှန်ပါတယ် ကိုကို၊ ဒါပေမဲ့ လက်ခုပ်ဆိုတာ နှစ်ဖက်
စလုံးတီးမှ အသံထွက်တာမျိုးပါ ကိုကို။ ဖိတ်စာဆိုတာ တစ်ခြမ်း
တည်းရိုက်ထားရုံနဲ့ မင်္ဂလာခန်းမ စီစဉ်လို့မှမရတာ"

စကားတွေ တတ်နေလိုက်တာပါပဲလား။ အချစ်က စာ
တွေသင်ပေးတတ်သတဲ့။ မှန်နေပြီလား သန္တာ၊ စကားနည်းပြီး
အနေအေးပါတယ်ဆိုတဲ့မိန်းကလေးကို ဒီလိုစကားလုံးတွေ စီ
တတ်လာအောင် မည်သို့သော အမျိုးသားမျိုးက သင်ကြားပေး
လိုက်ပါသလဲကွယ်။

"ကိုယ်က သန္တာ့ကိုချစ်နေတာ ဘယ်လိုလုပ်ရမှာလဲ သန္တာ
ရဲ့"

"အချစ်ဆိုတာ ပေးတိုင်းယူသင့်တဲ့အရာမှ မဟုတ်ဘဲ။



www.burmeseclassic.com

www.burmeseclassic.com



ကိုကို နွေးကိုချစ်တာမှန်ပေမယ့် နွေးမှ ကိုကို့ကိုပြန်မချစ်နိုင်တာ"

ရင်ထဲမျက်ရှုမှုက စူးနှင့်ဆွလိုက်သည့်နှယ် ခံရခက်ဓေ ၏။ 'မချစ်နိုင်ဘူး'တဲ့၊ ပြတ်သားလှချည့်လား။ ရှက်အားပိုတ သည့်မိန်းကလေးကို အဘယ်သို့သောအရာက တွန်းအားပေးလို ပါသလဲ။ ခပ်ရဲရဲပြောချလိုက်တာမို့ ပွင့်လင်းရိုးသားမှုကို အထ သားမြင်သာစေတာပါလေ။ သဒ္ဒါရယ် . . . ကိုယ်လိုလူက ဘ ကြောင့်များ အပယ်ခံလူသားဖြစ်ရပါသလဲ။

"ကိုယ့်ဘဝမှာ သဒ္ဒါတစ်ယောက်တည်းကိုပဲ မြတ်မြတ်နိုး မေတ္တာရှိခဲ့တာပါ။ ကိုယ့်ချစ်ခြင်းတွေကျမှ ဘာလို့အရာမဝင်ရ ပါသလဲ သဒ္ဒါ"

"လူတိုင်းမှာ နှလုံးသားတစ်ခုစီပဲ ပါတတ်တာပါ ကို ထပ်ဆောင်းပေးထားတဲ့အပိုပစ္စည်းဆိုပြီး နောက်ထပ်နှလုံးသာ တစ်ခု အပိုမပါပါဘူး။ နွေးချစ်သူကို နွေးရင်ထဲက နှလုံးသာ ခုလုံး အပိုင်ပေးလိုက်ပါပြီ။ ကိုကိုတောင်းနေလို့လည်း ပေး မှမရှိတာလေ"

သနားစရာပင် ကောင်းနေသေးတော့တာပါလေ။ မြတ်သိခ်ရဲ့ဘဝမှာ အမြဲလိုလိုမျက်နှာပင့် လက်မထောင် ရင် ပြီး နေခွင့်ရခဲ့သမျှ ဘာမှမရှိတော့ပါလား။ ကိုယ့်ကိုယ်ကိုယ် သ





ရာသတ္တဝါဘဝရောက်လိမ့်မယ်လို့ ဘယ်တုန်းကမှ မထင်ခဲ့တာ ပါလေ။

"ကိုယ်က လွယ်လွယ်နဲ့နောက်ဆုတ်မယ့်လူမဟုတ်ဘူး ဆိုတာကိုတော့ သဒ္ဒါသိထားစေချင်ပါတယ်"

"ယောကျ်ားတွေထက် နွေးတို့မိန်းမသားတွေက အချစ် အတွက် ပိုပြီးသတ္တိရှိသလို ပိုပြီးလည်း မိုက်မဲတတ်ကြပါတယ် ကိုကို။ စွန့်စားတယ်ဆိုတာ ချစ်ခြင်းကြောင့်ဖြစ်တည်လာရတဲ့ သိဂ်ရှမြားတစ်စင်းပါ။ ကိုကိုတို့ယောကျ်ားတွေသာ အမေနဲ့ချစ်သူ ဘယ်သူ့ကိုစွန့်ဝံ့မလဲမေးရင် အနည်းဆုံးတော့ တွေဝေတုံ့ဆိုင်း တတ်ကြတာပါပဲ။ နွေးက မိဘပြောသမျှ လက်ညှိုးထောင်ခေါင်း ညိတ် မျက်စိစုံမှိတ်ပြီး လက်ခံနားထောင်လေ့ရှိတဲ့ သမီးလိမ္မာမျိုး မဟုတ်ဘူးဆိုတာကိုတော့ ကိုကိုသိထားစေချင်ပါတယ်"

ခြိမ်းခြောက်လေပြီကော . . . ကမ္ဘာကိုဦးဆောင်နိုင်တာ သည်ယောကျ်ားတွေဖြစ်ပြီး အဘယ်ကြောင့် ကုတ္တိယမိန်းမတွေ မှာ ဒူးထောက်ရပါသလဲ။ ကိုယ်က လက်ကမ်းပေးလိုက်ရင် စ်ဖက်က အဆင်သင့်ပြန်ပြီး လက်ပြန်ပေးသင့်တာပါလေ။ အခု ာ့ဖြင့် ကိုယ်ပေးနေတဲ့လက်ကိုမှ ပုတ်ထုတ်လိုက်ရတယ်လို့ ဒ္ဒါရယ်။



www.burmeseclassic.com

www.burmeseclassic.com



"သိခ်"

"ဟင်"

လွင့်ချင်တိုင်းလွင့်နေသည့်စိတ်အာရုံက ရုတ်ချည်း ခန္ဓာကိုယ်ထံ ပြန်ရောက်လာလေ၏။ သူငယ်ချင်းနှင့်ပြောနေတာကို တောင်မှ ဘယ်ရောက်သွားပါလိမ့်။ ချစ်ခြင်းက လူကိုတွေဝေတုံ့ဆိုင်းစေတတ်ပါသလား။ ဒါမှမဟုတ် အကန့်အသတ်နဲ့ပဲ စိတ်ကို လွင့်ပါးစေတတ်ပါသလား။

"ငါ ရှုံးချိန်နီးနေပြီ"

"ငါက အလုပ်ကို စိတ်ပါလက်ပါနဲ့ ဖောက်ချလုပ်တော့မယ်လို့ ဆုံးဖြတ်ထားတာ။ သူ့အထင်ကြီးဖို့ သူလေးစားဖို့ သူ့အားကိုးတကြီးနဲ့ ငါ့ပခုံးပေါ်မှီခိုနိုင်ဖို့အတွက် ရည်မှန်းချက်အပြည့်နဲ့ လုပ်နေတဲ့ငါ့ခြေလှမ်းတွေကို သူမှ ရိုက်ချိုးရက်ရတယ်လို့ကွာ. . . ငါ့ရင်တွေ ဟက်တက်ကွဲနေတာကို မင်းမြင်ကြည့်စမ်းပါ"

သူ့ရင်ထဲ နင့်ခနဲဖြစ်သွားရပါ၏။ ဖြစ်ရလေ သိခ်ရယ်။ ငါမသိခဲ့လို့ပါ။ ဒီလိုဖြစ်မယ်မှန်းလည်း လုံးဝထင်မထားတဲ့အတွက် နွေးဆိုတဲ့ပန်းပွင့်လေးဆီ လက်လှမ်းပေးမိလိုက်တာပါ သူငယ်





ချင်းရယ်။ မင်းရင်ထဲမှာရှိနေတဲ့ မိန်းကလေး သို့တည်းမဟုတ် ဒီရင်ခွင်ထဲမှာ အတင်းမှီနေတဲ့ကောင်မလေးက တစ်ယောက်တည်းပဲဆိုတာကိုသာ သိနေရင် ငါ ဆင်ခြင်တုံတရားနဲ့ နောက်ဆုတ်ပေးလိုက်မိမှာ အမှန်ပါ။ အခုတော့ ဆုပ်လည်းရှူး စားလည်းရှူးဘဝနဲ့ ဘယ်လိုရှေ့ဆက်ရပါ့မလဲ။ ဝေဖန်ပိုင်းခြားနိုင်တတ်ခဲ့ရင်မှန်ရင် အနစ်နာကြီးနစ်နာရမယ့်သူတွေက မင်းနဲ့နွေးတို့ ဖြစ်နေတာပါလေ။ ငါက. . . ငါက. . . ဘာမဟုတ်တဲ့ လမ်းဘေးက မြက်၊ လမ်းပေါ်က ခဲ၊ မြောင်းထဲက အမှိုက်အဆင့်လောက်သာရှိတာမဟုတ်ပါလား။

"ငါ. . . ငါ ကိုယ်ချင်းစာပါတယ် သူငယ်ချင်းရာ"

ပခုံးကိုအသာကိုင်လိုက်စဉ် မျက်ရည်က ပေါက်ခနဲကျသွားလေ၏။ 'ယောက်ျားမှန်ရင် မျက်ရည်မကျတတ်ဘူး' ဆို။ ခုတော့ သူ့ပါးပြင်ထက် မျက်ရည်စီးကျသွားတာကို ဘယ်သူက မြင်ကြလို့လဲ။ ရင်ထဲမကောင်းလွန်းလို့ပါ။ နှလုံးသားထဲ နာကျင်လွန်းလို့ပါ။ အသည်းထဲ တစစ်စစ်ခံစားနေရလို့ပါလေ။

"အသည်းကွဲတယ်ဆိုတာ ငါ့ဘဝမှာ တစ်ခါမှမရှိဖူးတဲ့အားလုံးပါ မှူးရာ"

"အေးပါကွာ"



www.burmeseclassic.com

www.burmeseclassic.com



"သူနှစ်သက်သဘောကျလာအောင် ငါဘယ်လိုလုပ်ပေးရမှာလဲ။ ဘယ်လိုနည်းလမ်းမျိုးသုံးမှ ငါ့ကို သူလက်ခံခေါင်းညိတ်ပေးမှာလဲ။ ငါကြိုးစားမှာပါ. . . ငါ့အသက် ပုံပေးပါဆိုရင်တောင် ငါရဲရဲကြီးပေးရဲတဲ့ကောင်ပါကွာ"

သူ သက်ပြင်းကိုသာ ကျိတ်ချလိုက်မိတော့၏။ ဘယ်လိုများ ရှင်းပြရပါ့မလဲ။ မင်းချစ်နေတဲ့မိန်းကလေးရဲ့ချစ်သူက ငါပါလို့ ဖွင့်ပြောလိုက်ရမှာလား။ အဲဒီအခါ ဒေါသစိတ်တွေမွှန်ထူပြီး ကိုယ်ထိလက်ရောက်ဖြစ်တာမျိုးသာ ကြုံခဲ့ရင် သူ့အတွက် အခက်ခဲကြီး ခက်ခဲရတော့မှာပါလေ။

"အဲဒီကောင် မရှိမှ အေးမှာ။ ငါ ဒင်းကို အသေသတ်ပစ်ချင်တယ်ကွာ. . . တောက်!"

"စိတ်ကိုလျှော့ပါ သိခ်ရာ"

"ငါခံပြင်းလွန်းလို့ပါကွ၊ အဲဒီကောင်က ဘာမို့လို့ သဒ္ဒါ နှလုံးသားကို အပိုင်ရသွားတာလဲ၊ ဘယ်လိုစကားလုံးတွေနဲ့ သိမ်းသွင်းသွားလို့များ သဒ္ဒါခေါင်းတစ်ညိတ်ကို လက်ခံရလိုက်တာလဲ။ ငါထင်တယ်ကွာ. . . ဒင်းကို မျက်စိရှေ့တွေ့တဲ့နေ့/ငါအသေသတ်တဲ့နေ့ပဲ။ မင်းမြှတ်သိခ်တဝမှာ ရှုံးတယ်ဆိုရင် ရာဇဝင်ရိုင်းသွားမှာပေါ့. . . တောက်!"





မျက်ဝန်းကို စုံမှိတ်ထားလိုက်မိပါ၏။ သူဘာများတတ်နိုင်မှာတဲ့လဲ။

တစ်ဖက်က အရာရာကိုထောက်ထားစာနာပြီး အလျှော့ပေးရမယ့် ငယ်သူငယ်ချင်း။ နောက်တစ်ဖက်မှာက သူ့အသက်မက ချစ်ရပါသည့်ချစ်သူ။ ဒီလူနှစ်ယောက်ကို ဘယ်လိုနည်းလမ်းမျိုးနဲ့ ယှဉ်ရွေးနိုင်ပါ့မလဲ။

အစကတည်းက ကြိုသိကြိုမြင်ခဲ့လို့ သူ့နှလုံးသားကို အတတ်နိုင်ဆုံး အိပ်ပျော်နေအောင် ထိန်းမတ်ခဲ့ပါလျက် အချစ်ငုပ်ကောင်လေးက နိုးထ ရုန်းထွက်လာခဲ့တာလေ။ ချစ်သူကိုစွန့်ဝံ့တဲ့ သူရဲကောင်းတွေ ရှိကောင်းရှိနိုင်ပေမယ့် သူက HERO မဟုတ်တော့ ခက်သားလား။

တကယ်ပါ . . . ရင်ကိုခွဲပြီး နှလုံးသားကိုဆွဲထုတ်ခံရသလို အနာကြီးနာကျင်နေရပေမယ့် သူက မြေကြီးပေါ်က မြေမှုန်လေးလောက်သာ သေးငယ်သိမ်နုပ်တဲ့လူ ဖြစ်နေခဲ့ရတာပါလေ။

နွေးရယ် . . . လမ်းခွဲစကားပြောဖို့အတွက် ကိုယ်အားနွေးရတော့မှာပါလား။ ကျောခိုင်းနှုတ်ဆက်ဖို့ ရည်ရွယ်ပြီး ချစ်ခွင့်ပန်ခဲ့တာမှမဟုတ်တာဘဲ။ နွေးလက်ထဲကို ကြည်ကြည်ဖြူဖြူ

www.burmeseclassic.com



နဲ့ ပေးအပ်ခဲ့ပြီးတဲ့ ကိုယ့်နှလုံးသားကို ချေချင်ချေ၊ လွှင့်ပစ်ချင် လည်း လွှင့်သာပစ်လိုက်ပါတော့လေ။

ဩော်. . . ကိုယ်အမြတ်တနိုး တန်ဖိုးထားချစ်ရပါသည့် ကောင်မလေးရယ်။



## အခန်း (၁၇)

"ဟိုကောင်ရော"

မေးလာလေပြီ၊ ကုမ္ပဏီကိုအတူရောက်ရမှာ ဖြစ်ပေမယ့် သူမောင်းနေတဲ့ ဦးရဲ့ကားနောက်မှာ သိခ်ကားက ပါမလာပါချေ။ ဘယ်ပျောက်သွားပြန်တာပါလိမ့်။ လိမ္မာဖို့ တာစူနေတဲ့လူကိုမှ မြောင်းထဲရောက်အောင်များ တွန်းချသလိုဖြစ်နေပြီလား။ သူငယ် ချင်းဆိုတာ ညီအစ်ကိုအရင်းတွေထက်တောင်မှ ပိုသွေးစည်းကြ သေးတာလေ။ ဒီတော့ သစ္စာဖောက်သည့်လူက သာသာပင်ဖြစ် မည်ထင်ပါရဲ့။

"မျိုး"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com

သိခ်ရောလို့ ဦး မေးနေတယ်လေ၊ ဒီကောင် ဘယ်ထွက်သွားပြန်ပြီလဲ။ ရုံးပြန်တက်တာမှ နှစ်လလား ရှိသေးတယ်။ မူကာ ပျက်ပြန်ပြီ၊ နောက်ဆုံးတော့ ခွေးမြီးကောက် ကျည်တောက်စွပ်လို ထူးမခြားနားပုံစံပါပဲလား''

''စောစောကတင် တွေ့လိုက်ပါတယ်၊ ဘယ်ထွက်သွားပြန်ပြီလဲ မသိဘူး''

''ခက်တဲ့ကောင်ပါပဲလား၊ ဒီကောင့်ကို မိန်းမပဲမြန်မြန်ပေးစားမှ ဖြစ်မယ်ထင်တယ်။ ကောင်းကောင်းပုံစံသွင်းနိုင်မှ ခြေငြိမ်မယ့်ကောင်''

ဘုရား! သူ့ရင်ထိတ်နေရတဲ့ကြားထဲ သိခ်ကို မိန်းမပေးစားချင်ပြီတဲ့လေ။ သြော်. . . ဘုရားတည်ရင် မြေကိုအရင်ဆုံးဆင်ရသတဲ့လေ။ ဘုရားတည်ပြီးတာနဲ့ မြေကို ဖျက်စတမ်းမဟုတ်ပါလား။ သူ့အဖြစ်က သိခ်အတွက် အိမ်ထောင်တည်ဆောက်ဖို့ မြေဆင်ပေးရမယ့်လူသားတစ်ဦးအဖြစ် ရပ်တည်ရတော့မှာပါလေ။

''ဒီကောင့်အတွက် ရင်လေးတယ်သားရယ်။ မအေဖြစ်သူက တစ်နေ့တစ်နေ့ မျက်ရည်စမ်းစမ်းဖြစ်တာ ဘာကြာသေးလို့လဲ။ မျက်ရည်လေး ခြောက်မယ်ကြံကာရှိသေး၊ ဒုံရင်းက ဒုံရင်းပဲဖြစ်ပြန်ပြီ။ ဘယ်လိုပြောမှ နာတတ်မလဲမသိတော့ပါဘူး။





ကြည့်ကျက်ပြောပါဦး မျိုးရယ်။ သိခ်က သားပြောရင်တော့ နားထောင်တတ်သား''

''ဟုတ်ကဲ့ပါ ဦး''

ဟုတ်ကဲ့ရပေမပေါ့။ ငြင်းဆန်လို့မှမရတာကိုး။ ဘယ်ဘဝတုန်းကများ သူ့တစ်ပါးလက်ထဲကပစ္စည်းကို သူလုယူခဲ့မိပါသလဲ။ သူများစားမယ့်မုန့်ကိုများ လုယူစားမိခဲ့ဖူးပါသလား။ ဘယ်လိုဒဏ်ရာဒဏ်ချက်မျိုးဖြစ်အောင်များ သတ္တဝါတွေကို နှိပ်စက်ခဲ့မိလို့ ယခုလို နှလုံးသားမှာ အရာထင်ရပါသလဲ။

''သိခ်က မာသလိုထင်ရပေမယ့် စိတ်က ခပ်ပျော့ပျော့ရယ်။ ပြောလိုက်ရင် မိုးလားကဲလား၊ တကယ်တမ်းကျ ကွယ်ရာမှာ မျက်ရည်စက်လက်ကျတတ်တဲ့ကောင်။ ဒီလိုသားမျိုး မွေးရကျိုးမနပ်ပါဘူးကွယ်''

ဟုတ်ပါတယ်. . . အဲဒီလိုကောင်ပျော့လေးမို့ ငယ်စဉ်ကတည်းက သူစောင့်ရှောက်ခဲ့ရတာပါ။ ခပ်ပိန်ပိန်ပါးပါးကောင်လေးမို့ အမြဲတစေ သူကာကွယ်ပေးရတာပါလေ။ အခုတော့ အဲဒီလူပျော့လေးကို တွန်းလှဲစေသူက သူဆိုတဲ့ 'မျိုးစစ်ကျော်' လား။ အဲဒီသူငယ်ချင်းလေးရဲ့ရင်ထဲကို မားတစ်ချောင်းစိုက်ဝင်စေသူက ငယ်သူငယ်ချင်းအရင်းခေါက်ခေါက်ကြီးတဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



ရက်စက်ပါ့ ကံကြမ္မာရယ် . . .

"ဦးအကူအညီတောင်းတာကို ပေးနိုင်ပါ့မလား မှူး"

"ဗျာ! ဩော် . . . ဟုတ်ကဲ့ပါ ဦး၊ ကျွန်တော် ကူညီနိုင် ပါတယ်"

"အေးကွယ် . . . ဦးတို့လည်း ဆုတောင်းများ မှားနေ လေသလားမသိပါဘူး။ သမီးဆိုတာ လိမ္မာရင် 'ထီး' မလိမ္မာရင် 'မီး'တဲ့။ သားဆိုတာ လိမ္မာရင် 'အား' မလိမ္မာရင် 'ကျား'လို့ ဆို ရိုးရှိခဲ့တာ။ သားမွေးခဲ့ပေမယ့် အားကိုးဖို့ အားမဖြစ်ဘဲ သူ့ဒဏ် ကိုခံဖို့ ကျားအဖြစ်မွေးရသလိုဖြစ်နေပြီလေ"

"သိခ်က အဲဒီလောက်ကြီး မဆိုးပါဘူး ဦးရယ်။ ပြော ရင် နားခံတတ်ပါတယ်"

"ခု မနားခံလို့ ခက်နေတာပေါ့။ သံဆိုရင်တောင် အရည် ဖျော်ရင် ပျော်ကျဦးမယ်။ ဒီကောင်က ဖယောင်းလိုပျော့ပြီး ပြန် လို ဖမ်းထားရခက်မယ့်ကောင်စားမျိုး။ ကိုကျော်ဟန်နဲ့ မမေသ လောက် ဦးတို့လင်မယား ကံမကောင်းပါဘူးကွယ်။ သားမီး နှစ်ပါးက သားတစ်ဦး မွေးရကျိုးနပ်ကြတာပါ"

မှန်သောစကားမျိုးပါပဲ။ 'ဆန်ရင်း နာနာဖွတ်စတမ်း' ဆိုပေမယ့် သူလိုလူက စပါးလုံးလောက်တောင်မှ တန်ဖိုးရှိ





လူမှမဟုတ်တာလေ။ ဘယ်မိဘမဆို ကိုယ်မွေးထားတဲ့သားသမီး ကိုသာ ရွှေလို့ဥပြီး တန်ဖိုးထားတတ်ကြမြဲမဟုတ်ပါလား။ အမေ နဲ့အဖေလည်း သူ့ကို ဤသို့ချစ်ခင် ကြင်နာခဲ့ကြသည်သာ။ အခု တော့ ဖတဆိုးလေးဖြစ်ခဲ့ရတဲ့သူ့ကိုတော့ ကံကောင်းစေပြီး မိစုံ ဖစုံနေခွင့်ရှိနေတဲ့သိခ်ကိုတော့ ကံဆိုးစေသတဲ့လေ။

ဖြစ်ရလေ၊ တစ်ခါက သိခ်ပြောဖူးသလို နေရာချင်းလဲ ရအောင်လည်း ဖြစ်မှမဖြစ်နိုင်တာကိုး။ ရေနစ်နေသူကို ကယ်သူ ဆယ်ဖို့အတွက် တစ်မျှင်တည်းသော ကောက်ရိုးက သူဆိုတဲ့ မျိုးစစ်ကျော်ဖြစ်နေပါရောလား။ ငါမှ အနစ်နာမခံရင် ငါမှ ရင်ကွဲ မခံနိုင်ရင် ငါမှ နှလုံးသားအက်မခံရင် ငါမှ အသည်းအနာမခံနိုင် ရင် မင်းကိုကူညီနိုင်ဖို့ အခွင့်မရှိပါလား မင်းမြတ်သိခ်ရယ်။

"Phone လာနေတယ်၊ ကိုင်လိုက်ဦး"

ပြဿနာပါပဲ။ ကားမောင်းနေရင်း Phone ထမြည်ရ တယ်လို့။ သိခ်နဲ့က စောစောကလေးတင် လမ်းခွဲလာခဲ့တာမို့ ခု Phone မဆက်နိုင်ပါ။ 'အလုပ်မသွားခင် အလုပ်ပြန်ရင် ညမအိပ် ခင် Phone ဆက်ရမယ်နော်'ဆိုပြီး လက်ညှိုးလေးထောင်ကာ တာဝန်ပေးအပ်ထားသည့် ချစ်သူ့အသံချိုချိုလေးကို သူ ဒီမနက် မှ မကြားလိုက်ရတာကိုး။ Phone ကိုဖွင့်လိုက်ပြီး Bluetooth



www.burmeseclassic.com

www.burmeseclassic.com



Head set ကို ခလုတ်နှိပ်ကာ နားမှာတပ်လိုက်ပါ၏။

"ဟယ်လို"

"ကျော် ကတိမတည်ဘူးကွာ"

"ဟုတ်ကဲ့ . . . အခု ကားပေါ်မှာဖြစ်နေလို့ နောက်မှ ဆက်ပါခင်ဗျာ"

"ကျော်နော် . . . နွေးစိတ်ဆိုးလိုက်မှာ။ ဒီမှာဖြင့် မိုးလင်း မျက်လုံးနှစ်လုံးပွင့်တာနဲ့ ကျော့်ဆီက Phone ကိုမျှော်ရတာ သစ်ကုလားအုပ်ဖြစ်နေပြီ။ အလုပ်သွားခါနီး အသံလေးကြားပါ ရစေဆိုတာ ဘယ်လိုလဲ"

သူ့ရင်ထဲ နွမ်းလျသွားရပါ၏။ ဆက်ချင်တာပေါ့ နွေး ရယ်။ စောစောစီးစီးရောက်လာပြီး ရင်ဖွင့်ပြောနေတဲ့ သူငယ်ချင်း ရဲ့စကားကို နားထောင်ရင်း ခံစားချက်တွေ ပေါက်ကွဲလာသမျှ ပြောမထွက်ဘဲ မျက်ရည်တောင် ကိုယ်ကျခဲ့သေးတာပါ နွေးရယ်။ တစ်စက္ကန့်လေးတောင် မဝေးချင်တဲ့ချစ်သူရဲ့ဆန္ဒကို မသိဘဲနေပါ့ မလား။ လောလောဆယ် Boss ကားကိုမောင်းပေးနေရတဲ့ driver လေးရဲ့ခံစားချက်ကို စာနာပေးလှည့်ပါဦး။

"ဟိုလေ . . . နောက်မှပဲ"

"တော်ပြီ၊ စိတ်ကောက်တယ် . . . ဒါပဲ"





ငိုသံစွက်ကာပြောပြီးမှ Phone ပိတ်သွားတာမို့ သူ အတော်စိတ်ပျက်သွားရတော့လေ၏။ သေစမ်း မှူးစစ်ကျော်၊ နွေး စိတ်ကောက်ရင် ဒေါသနဲ့မဟုတ်ဘဲ ငိုပွဲကြီးဆင်နွှဲသလို ကလေး တစ်ယောက်သဖွယ် မျက်ရည်ကျတတ်တာမဟုတ်လား။ အခု လည်း ငိုတော့မှာအသေအချာ။ ချော့ရခက်တဲ့မိန်းကလေးကိုမှ သူဘယ်လိုရှင်းပြရမလဲ။

"အရေးတကြီး Phone လား . . . မှူး"

"မဟုတ်ပါဘူး ဦး . . . အသိ Phone ပါ။ ရပါတယ်၊ ကိစ္စမရှိပါဘူးခင်ဗျ"

ကားကို ကုမ္ပဏီဝင်းထဲသို့ ချိုးကွေ့ဝင်လိုက်ရပါ၏။ ကား Parking နေရာမှာ ထင်ထားသည့်အတိုင်း သိခ်၏ကား ရှိမနေ ပါလေ။ ဘယ်တွေလျှောက်သွားပြန်ပြီလဲ၊ တော်ကြာ ဟိုအရင်လို Beer တွေ Rum တွေမော့နေရင်း ကားမောင်းလို့ Accident ဖြစ်မှ ဒုက္ခ။ ရင်မောရပါလား မင်းမြတ်သိခ်ရယ်။

"Phone ပြောချင်ပြောပြီးမှ တက်ခဲ့လေ။ သိခ်ကို ခေါ် ကြည့်လိုက်ဦး။ ဘယ်ရောက်နေပြန်ပြီလဲမသိ"

"ဟုတ်ကဲ့"

ကားဘေးမှာပင် သူရပ်ကျန်ရစ်ခဲ့ရပါ၏။ Phone ထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ သိမ်းနံပါတ်ကိုရှာရင်း ခေါ်လိုက်ရာ 'လူကြီးမင်း' နှင့်သော တန်းတိုးလေတော့သည်။ ကျစ်! ခက်တာပါပဲ။ ဒီကောင်တော့ ဘာပြဿနာများ ထပ်ရှာဦးမည်မသိတော့ပါလေ။ ချစ်သူ၏ Phone ကိုခေါ်ပြန်တော့လည်း ထိုနည်းလည်းကောင်း။ သူ့ကို ဝိုင်းနှိ စက်နေကြပါရောလား။

ပါးပြင်ထက်မှမျက်ရည်ကို လက်ဝါးဖြင့်ပွတ်သုတ်လိုက် မိ၏။ မေမေ့ရှေ့မှာဖြစ်ပေမယ့် မရှက်နိုင်တော့ပါချေ။ ကိုယ် ပိုချစ်နေရင် ပိုခံစားရပြီး၊ ပိုပြီး ရင်ပူရသတဲ့။ မှန်လိုက်တာနော် ဒီအမေက သဘောဖြူအူစင်းသလောက် ဒီသားကဖြင့် မာနကြီး တစ်ခွဲသားနဲ့ နွေးကို မကြင်နာသလိုပါပဲ။

"တိတ်ပါ သမီးရယ်၊ သားက မအားလို့ သမီးကိုဆော ဖြစ်တာ နေမှာပါ"

"နေ့တိုင်း ဆက်နေကျအချိန်ကို ပျက်စရာလား မေမေ ရယ်၊ နွေးမှာဖြင့် မျှော်နေလိုက်ရတာ Breakfast တောင် ဖြစ်တဲ့အထိပဲ။ မေမေ့သား မရိုးတော့ဘူး နွေးအပြင် သူ့ ဘယ်ကောင်မလေးရှိနေလဲမှမသိတာ"





သူ့မေမေ တီးတိုးရယ်တော့လေ၏။ ကလေးဆန်လွန်းနေပြီလား။ မတတ်နိုင်တော့ပါ။ ပြောတော့ဖြင့် အသက်ရှူနေသမျှ သတိတရရှိနေပါတယ်ဆိုပြီး အခုလိုလုပ်တာ ကောင်းသလား။ တကယ်လို့မအားရင်လည်း 'ကိုယ် ညနေမှ အကြာကြီးဆက်မယ်နော်' လို့ လေပြည်လေးနဲ့ ချော့ပြောပေါ့။ ဒါဆို နွေးက ပြုံးပြုံးလေးနဲ့ တစ်နေကုန်တောင် စောင့်ပေးနိုင်မှာပါလေ။

အခုတော့ 'နောက်မှ' တဲ့။ 'နောက်မှ' ဆိုတဲ့စကားလုံးက ဘာများသေချာလို့လဲ။ ညနေလည်းမဟုတ်၊ နေ့လယ်လည်းမမှန်၊ နောက်ရက်လည်းမဖြစ်။ ဘာသဘောနဲ့ လက်လွှတ်စပယ်ပြောရပါသလဲ။ တစ်နေကုန် မျက်ရည်တစ်ပေါက်ပေါက်ကျပြီး ဘာကိုမှလုပ်လို့မရတာ ဘယ်လောက်များဒုက္ခရောက်လိုက်ပါသလဲ။ မေမေ မေးလို့မရအောင်ကို လူက ကယောင်ခြောက်ခြားဖြစ်ပြီး တုန်ယင်နေရတာပါလေ။

ခဏလေးပါ ကျော်၊ ကျော် လေသံမာနဲ့ပြောသွားတာ ကြာန့်ပိုင်းလေးမျှသာပါပဲ။ ဒါပေမဲ့ အဲဒီလေသံက 'နွေးသဒ္ဒါဖြူ' ရဲ့နှလုံးသားကို အက်ဆစ်စားသလို တစစ်စစ်နာကျင်စေတာကို ကျော်သိပါရဲ့လား။ လမ်းခွဲဖို့ပြောတာမဟုတ်တာတောင် နွေး ဤ ရင်နာစွာ ငိုကြွေးမိရင် ကျော်နဲ့ဝေးဖို့ကို ရေးရေးမျှ မတွေးရဲပါ



www.burmeseclassic.com

www.burmeseclassic.com



လေ။ သေသွားလိမ့်မယ် ကျော်။ ကျော်သာချန်ရစ်ခဲ့ရင် အဲဒီနေရာမှာပဲ နှလုံးကျေကွဲပြီး နွေးအသက်ပျောက်သွားမှာ အသေအချာပါပဲ။ ဒါကို ကျော်သိနိုင်ပါ့မလား။

"သားမှာ သမီးအပြင် ဘယ်ကောင်မလေးမှ မရှိပါဘူး သမီးရယ်။ အထင်မမှားပါနဲ့"

ယုံကြည်ချင်ပါတယ်။ ယုံကြည်လို့ပဲ နွေးနှလုံးသားကို ပုံအပ်ပေးခဲ့တာမဟုတ်ပါလား။ ဘဝတစ်ခုလုံးပေးအပ်ဖို့အတွက် ရည်ရွယ်ပြီး နွေးရဲ့အချစ်တွေကိုပေးခဲ့တာပါကျော်။ 'ရေလာမြောင်းပေး'တဲ့။ နွေးအဖြစ်က ဒီယုန်ကိုမြင်လို့ ဒီခြုံထွင်ပြီး အမေဖြစ်သူကို အရင်ဆုံးကပ်ခဲ့မိတဲ့အဖြစ်ပါလေ။ ဒီအမေကြောင့် ဒီသားရဲ့ချစ်ခြင်းတွေကို လက်ခံခဲ့ရတာမဟုတ်ပါလား။ ပိုင်ဆိုင်ခွင့်ရဖို့အတွက် မိန်းမသားတန်မဲ့ အရဲကိုးခဲ့တဲ့အဖြစ်ကို ငဲ့ညှာစာနာပေးလှည့်ပါ ကျော်ရယ်။

"အဲဒါဆိုလည်း ကောင်းကောင်းပြောမှပေါ့"

"သူလည်းပြောချင်ရှာမှာပေါ့ သမီးရယ်၊ အလုပ်များနေခါနီး သူ့သူငယ်ချင်းလာလို့ မဆက်ဖြစ်တာနေမှာပါ။ အဲဒီ... အဝတ်လျှော်ဖို့ စိမ်နေတာနဲ့ ထွက်မကြည့်ဖြစ်လိုက်ဘူး။ အဲ... ထွက်လာတော့ သူတို့က သွားနှင့်နေပြီ"





ကြည့်စမ်း! အခုမှ ပိုစိတ်ဆိုးချင်လိုက်တာနော်။ သူငယ်ချင်း လာသတဲ့။ ဘယ်လိုသူငယ်ချင်းမို့ နွေးထက်ပိုပြီးအရေးပေးရပါသလဲ။ သူ့ဘဝမှာ နွေးက နံပါတ်(၁)နေရာမှာ ရှိမနေဘူးတဲ့လား။ ဝမ်းနည်းရပါဘိကော ကျော်။

"ဘယ်က သူငယ်ချင်းလဲဟင်"

"သားရဲ့ငယ်သူငယ်ချင်းပါ သမီးရယ်၊ ကျေးရွာရှင်ရဲ့သားလေးဆိုရင်လည်း မမှားပါဘူး။ သားအဖေလုပ်ခဲ့တဲ့နေရာမှာပဲ သားကို ဆက်ပြီးတာဝန်ပေးခဲ့တာလေ။ မုဆိုးမသားအမိကို ဆောင့်ရှောက်ပေးနေတဲ့မိသားစုကွယ့်။ ကောင်လေးက သားကို အဆင့်အတန်းမတူပေမယ့် အတော်ချစ်ရှာတာပါ"

နှုတ်ခမ်းစူမိသွားရပါ၏။ မနာလိုလိုက်တာနော်။ နွေးထက် အဲဒီလူက ကျော့်ကိုရင်းနှီးခွင့်ရခဲ့ပြီး ချစ်ခင်ခွင့်ရခဲ့တာတဲ့။ ဘယ်လောက်စိတ်တိုစရာကောင်းလိုက်ပါသလဲ။ ဟုတ်တယ်၊ ဒီလိုဆိုတော့ ကျော့်ကိုတော်တော်နဲ့ နွေးစိတ်မပျော့ချင်ပါလေ။ အခုမှ ကောင်းကောင်းကိုရန်တွေ့ဦးမှပါလေ။ နွေးကို အဲဒီလူနဲ့ ကျော် ဘယ်သူ့ကိုပိုချစ်တာလဲဆိုပြီး ကောင်းကောင်းကြီးကို ခနဲ့မှာပါပဲ။

"မနာလိုလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်းဟင်း. . . ငယ်သူငယ်ချင်းကိုး သမီးရဲ့၊ တစ်မျိုး မထင်ပါနဲ့"

"အဝတ်တွေ စိမ်ထားတယ်ဆို၊ နွေးလျှော်ပေးခဲ့မယ်လေ"

"မဟုတ်တာ၊ မခိုင်းရက်ပါဘူးသမီးရယ်၊ သားသိသွားလို့ အမေ့အပြောခံနေရပါဦးမယ်"

"နောင်လည်း နွေးပဲလုပ်ပေးရမှာပဲလေ့ မေမေရယ်။ ခုကတည်းက ကြိုလုပ်ပေးလို့ ဘာဖြစ်မှာလဲ။ သူ့သူငယ်ချင်းချစ်တာများ နွေးကိုမီမှာမို့လို့လား။ ပြန်လာမှ ကောင်းကောင်းကြီးကြိုကြားပစ်မှာ။ ကျော့်ဘော်ဒါက ကျော့်အဝတ်တွေကို လျှော်ဖွပ်မီးပူတိုက်ပေးလို့လားလို့"

မေမေ့မျက်နှာမှာ အပြုံးနှင့်ပါလေ၊ အမေတူသည့်သားမို့ ကျော့်သည် လူချောလေးဖြစ်လာရတာမဟုတ်ပါလား။ လုံချည်ကို တိုတိုဝတ်လိုက်ပြီး နောက်ဖေးလှေကားသုံးထစ်ကိုဆင်းကာ ဆပ်ပြာမှုန့်ဖျော်ပြီး စိမ်ထားသည့်အဝတ်တွေကိုလျှော်လိုက်ပါ၏။ ရေစင်အောင်ခါကာ အိမ်ရှေ့ကြိုးတန်းမှာ ထွက်လှန်းလိုက်ပါ၏။ ကျော့်အဝတ်အစားတွေက နည်းနည်းလေးပါပဲလား။ ခပ်ကောင်းကောင်းရယ်လို့ သိပ်မရှိလှပါချေ။





ဝယ်ပေးဦးမှပါပဲ။ သို့သော် ချစ်သူ စိတ်ခုမှာကိုတော့ စိုးရိမ်မိရပါ၏။ နွေးရဲ့ချစ်သူက လူမချမ်းသာပေမယ့် မာနကဖြင့် မိုးထိအောင် ကြီးလွန်းနေတာပါလေ။ 'ဆင်းရဲတယ်ဆိုပြီး ဒါတွေပေးရလား' လို့ ရန်ထောင်မှ အခက်ပါပဲ။ ကိုယ်ချစ်ရပေမယ့် သူ့ဆန္ဒကိုပြည့်အောင်ဖြည့်ဖို့ မျက်နှာကိုပဲ မော့ကြည့်နေရတာပါလေ။

ကျော်ရယ်. . . ရင်ထဲကစစ်မှန်ခြင်းတွေကို မြင်လှည့်ပါ။ ကျော့်အပေါ် နှစ်ပြီးပုံထားတဲ့ နွေးရဲ့ကြင်နာခြင်းတွေကို တူညီသောနည်းလမ်းနဲ့ တုံ့ပြန်ပေးလှည့်ပါ။ ခိုလှုံဝင်ချင်ပါတယ်ဆိုတဲ့ ကျော့်ရဲ့ရင်ခွင်တံခါးကို နွေးအလွယ်တကူဝင်နိုင်ဖို့ အဆင်သင့်ဖွင့်ပေးလှည့်ပါနော်။

"သမီးရေ. . . ထမင်းစားစို့လေ၊ ညနေတောင် စောင်းနေပြီ။ အမေ ဟင်းနွေးလိုက်မယ်လေ"

"ဟုတ်ကဲ့ မေမေ၊ နွေး ကြမ်းအရင်တိုက်ပြီးမှ စားမယ်နော်"

"အို! မတိုက်ပါနဲ့ သမီးရဲ့"

"တိုက်ပါရစေ မေမေရယ်၊ နို့မို့ OFF ရက်လေးတောင် မနားရဘဲ ကျော် ကြမ်းတိုက်နေရမှာစိုးလို့ပါ"

"သဘောပါရှင်. . . သဘောပါ"



www.burmeseclassic.com

www.burmeseclassic.com



မမေက ပြောမနိုင်ပုံဖြင့် နောက်ဖေးခန်းသို့ဝင်သွားလေတော့၏။ ကဲ! ဘယ်လောက်ပျော်စရာ စိတ်ချမ်းသာစရာကောင်းလိုက်ပါသလဲ။ 'သီရိဂေဟာ' ဆိုတာ ဒီလိုနေရာမျိုး ဒီလိုအိမ်မျိုးကိုခေါ်တာပဲ ဖြစ်မှာပါလေ။ ကိုယ့်ချစ်သူဝတ်ဖို့အဝတ်၊ ကိုယ့်ချစ်သူ နင်းမယ့်ကြမ်းကို နွေးကိုယ်တိုင်လုပ်ပေးတာကိုသိရင် ပျော်လေမလား။ သို့တည်းမဟုတ် ကရုဏာဒေါသောနဲ့ စိတ်ဆိုးလေမလားကွယ်။

ကြမ်းတိုက်နေရင်း ကားသံကြောင့် လှမ်းကြည့်လိုက်မိ၏။ ဧည့်သည်ထင်ပါရဲ့ မမေ့ကိုပြောရန် အတွင်းဘက်လှည့်လိုက်စဉ် လှေ  ဘီမှ ခြေသံကြားရလေတော့သည်။ ခရီးဦးကြိုပြုရန် မတ်တပရပ်လိုက်မိစဉ် အအံ့သြကြီး အံ့သြသွားရလေ၏။

ဘုရားရေ! ကိုကိုဖြစ်နေတာပါလား . . .

❧ ❧ ❧



## အခန်း (၁၈)

"ဟာ! သဒ္ဒါ"

"ဟုတ်"

"အဲဒါ ဘာလုပ်နေတာလဲ"

"ဟို . . . ဟို . . ."

ဘာပြောရမည်မှန်းမသိပုံဖြင့် အူကြောင်ကြောင်ရပ်နေသည့်သူမကြောင့် သူအံ့သြနေမိသလို လက်ထဲမှာကိုင်ထားသည့် ကြမ်းတိုက်အဝတ်စုတ်ကို ကိုင်ထားတာမြင်ရစဉ် ရင်ထဲမှာ ကျဉ်ခနဲဖြစ်သွားရလေ၏။ ဘုရားရေ! သူချစ်ရတဲ့မိန်းကလေးက ဒီအိမ်မှာ ဘာကြောင့်ရှိနေရတာပါလိမ့်။ ပြီးတော့ လက်ထဲကိုင်ထားသည့်အဝတ်ကို ကြည့်ရှုမှုဖြင့် ဘာလုပ်နေသလဲဆိုတာကို



www.burmeseclassic.com

www.burmeseclassic.com



အသိသာကြီးပါလေ။

ဦးနှောက်ထဲမှာ Calculator ကိုတွက်ချက်ပြီး အမြန်ဆုံးတွက်ချက်မိစဉ် လက်သီးကိုကျစ်ကျစ်ဆုပ်ထားလိုက်မိပါ၏။ အလို! ဒါဖြင့် သဒ္ဒါချစ်နေတယ်ဆိုတဲ့လူက မှူးဖြစ်နေတာပေါ့။ ဒါကို သူဘာကြောင့် မတွေးမိရတာပါလိမ့်။ ဒီလူနဲ့ဒီလူ ဆုံနိုင်စရာအကြောင်းမရှိဘူးလို့ စိတ်အေးပြီးနေခဲ့မိတာ အမှားကြီးများ မှားကုန်ပြီလား။

သဒ္ဒါနဲ့ချစ်နေတဲ့လူက သူ့အချစ်ဆုံးသူငယ်ချင်း 'မှူးစစ်ကျော်' ဖြစ်နေလိမ့်လို့ နည်းနည်းမှထင်မထားမိတာပါလေ။ ရင်ထဲမှ တစစ်စစ်နာကျင်လာမှုက တုန့်လှုပ်ခြောက်ခြားမှုတို့ဖြင့် လူကို အထိန်းအကွပ်မဲ့စေသည့်နှယ်ပါလေ။ မေးကြောတွေ ထောင်ထလာပြီး ဘာစကားမှမပြောတော့ဘဲ သူမလက်ကို ဖျတ်ခနဲ သွားဆွဲခေါ်လိုက်မိတော့၏။

''အို! ဒါဘာလုပ်တာလဲ''

''ပြန်ကြမယ်''

''နွေး မပြန်သေးပါဘူး။ လွှတ်ပါ ကိုကို''

''သဒ္ဒါ''

''ပြောစရာရှိရင် နှုတ်နဲ့ပဲပြောပါ ကိုကို။ နွေးကို အဓမ္မ





လုပ်တာမျိုး နွေးမကြိုက်ဘူး''

''ကိုယ့်ရင်ထဲ ဘယ်လောက်ထိ ခံစားနေရတယ်ဆိုတာ သဒ္ဒါသိပါရဲ့လား။ သဒ္ဒါ့အဆင့်အတန်းမျိုးနဲ့ ဒီလိုနေရာမှာ ဒီလိုအလုပ်တွေလုပ်နေတာ နည်းနည်းလေးမှ အပ်စပ်တာမဟုတ်ဘူး။ ကိုယ့်ရင်ဘတ်ကြီး ဟက်တက်ပွင့်ထွက်တော့မယ် သဒ္ဒါရဲ့။ သိရဲ့လား''

''ကိုကို''

''ကိုယ့်ကိုငြင်းတာ ထားလိုက်ပါတော့၊ ဒါပေမဲ့ ဒီလိုအခြေအနေ ဒီလိုအဆင့်အတန်းနဲ့လူကို ရွေးရအောင် သဒ္ဒါ့မှာ မျက်စိမပါဘူးလား။ အဲဒီလောက်တောင်မှ ကန်းနေရလားဟင်''

''ကိုကို တော်တော်လွန်နေပြီနော်၊ နွေးကိုကြိုက်သလိုပြောရအောင် နွေးနဲ့ကိုကိုက ဘာများဆိုင်လို့လဲ''

''မင်းဘက်မဆိုင်ဘဲ ကိုယ့်ဘက်က ဆိုင်တယ် သဒ္ဒါရဲ့။ ကိုယ်ချစ်နေရတဲ့မိန်းကလေးကို ဘယ်လိုနည်းနဲ့မှ နှံ့ထဲ အနစ်မခံနိုင်ဘူး။ လာ. . . ပြန်ကြမယ်''

''မပြန်ဘူး. . . လွှတ်နော်''

အတွင်းခန်းလိုက်ကာ ပွင့်သွားတာမို့ သူ သဒ္ဒါ့လက်ကောက်ဝတ်ကို ဆုပ်ကိုင်ထားရာမှ ရပ်သွားရလေ၏။ ဟုတ်သား



www.burmeseclassic.com

www.burmeseclassic.com



ပဲ၊ မှူးမေမေ အန်တီသက်တစ်ယောက်လုံး ရှိနေတာတောင်မှ ဒီကိစ္စကိုမသိဘူးလား။ ဒါမှမဟုတ် သိသိကြီးနဲ့ပဲ မတားမြစ်တာများလား။ သူ့မွေးသမီးကိုမှ သားဖြစ်သူနဲ့လက်တွဲစေချင်တဲ့ဆန္ဒကဖြင့် ဩချရလောက်ပါပေရဲ့။

''သား''

''အန်တီသက်၊ သဒ္ဒါကို ကျွန်တော်ပြန်ခေါ်သွားတော့မယ်''

''နွေး မလိုက်ဘူးမေမေ၊ လုပ်ပါဦး''

ရှန်းရင်းသန်ခတ်အခြေအနေက မြင်ကွင်းကို တအံ့တဩဖြစ်စေလေ၏။ သူတို့ကို ဘာပြန်ပြောရမယ်မှန်းမသိသည့် အန်တီသက်ကို သဒ္ဒါက 'မေမေ'တဲ့လေ။ မေမေလို့ခေါ်တဲ့အဆင့်ပါလား။ သိမ်းသွင်းချက်က အမှတ်ပြည့်ပါပဲလား မှူးစစ်ကျော်။ မင်းကို လျှော့တွက်မိတာ မှားပြီထင်ပါရဲ့။ ငါ့ဘဝမှာ မင်းက ငါ့ရဲ့အဖော်မွန်၊ ယော်သူငယ်ချင်းမို့ မင်းအပေါ် ငါဘယ်လောက် သံယောဇဉ်ရှိခဲ့သလဲ။ အဲဒီအတွက်ကြောင့် မင်းကို စာနာငဲ့တွက်တတ်တဲ့ ငါ့ရဲ့စိတ်ရင်းစေတနာအမှန်ကို အခုလို ထိထိမိမိကြီး စော်ကားရိုက်ချိုးပြရတယ်လို့။

''ပြေပြေလည်လည်ပြောပြီး ခေါ်ပါလား သားရယ်''





''အဲဒီလိုပြောလို့မှမရတာ အန်တီရဲ့၊ သဒ္ဒါနဲ့ ဒီအိမ်ရင်းနှီးတာ ဘယ်လောက်ကြာပြီလဲ''

''အဲဒါ ရှင်သိစရာမလိုပါဘူး''

''သိဖို့လိုတယ် သဒ္ဒါ၊ ဒီကောင့်ကို ကိုယ်အစောကြီးကတည်းက ပွင့်ပွင့်လင်းလင်းပြောထားပြီးသား။ သဒ္ဒါနာမည်ကိုပါ ဖွင့်ပြောထားတာ ဒီကောင်အသိဆုံး။ ဒါနဲ့တောင်မှ သဒ္ဒါကိုကိုယ့်ဆီက လုယူတာ ကိုယ့်နောက်ကျောကို ဓားနဲ့အထိုးခံရတာကိုယ့်အနာဆုံးပဲ သဒ္ဒါ''

''ဘယ်လို''

ဘုရားရေ! ကျော့်ကို နွေးနာမည်ပြောဖူးသတဲ့။ ဘာတွေဖြစ်ကုန်ပါလိမ့်။ သူတို့နှစ်ယောက်ကို အချစ်ဆုံးသူငယ်ချင်းတွေဖြစ်နေမှန်းတောင် အခုမှ နွေးသိရတာပါ။ ဟိုတလောလေးကတောင်မှ သူ့ကို ဒီသူငယ်ချင်းအတွက်နဲ့ နွေးစိတ်ကောက်မိသေးတာပါလေ။ မိုးလင်းတာနဲ့ Phone ခေါ်၊ အချိန်အားတာနဲ့ Message ပို့၊ ထစ်ခနဲရှိ (အိမ်မှာ သူရှိနေတာနဲ့) ကားနဲ့ ဝူးခနဲရောက်လာတာ ဘယ်လောက်ပိုင်စိုးပိုင်နင်းနိုင်ပါသလဲ။

အလုပ်ချိန်မှာရော၊ အားလပ်ချိန်မှာပါမကျန် နွေးရဲ့ကျော်ပိုင်တဲ့အချိန်တွေ ကုန်လုနီးပါး အပိုင်သိမ်းထားတာ ဘယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ခွင့်မလွှတ်ချင်စရာ။ တစ်ဦးတည်းသော မှုပိုင်ချစ်သူက ဒီကမ္ဘာမှာ 'နွေးသဒ္ဒါဖြူ'တစ်ယောက်သာရှိတာမဟုတ်ပါလား။ ဒါကိုသိပါလျက်နဲ့ နွေးက ကိုယ်မဟုတ်တဲ့သူစိမ်းတစ်ယောက်ရဲ့ ဒုတိယအဆင့်၊ ဒုတိယလူ၊ ဒုတိယသံယောဇဉ်နဲ့ ဒုတိယအချစ် ဖြစ်သင့်ပါရဲ့လား။ စိတ်တိုချင်စရာ ဘယ်လောက်ကောင်းလိုက်ပါသလဲ။

ကျော့်ကို အတ္တမဲ့စွာနဲ့ နွေးချစ်ခဲ့တာ အမှန်ဖြစ်ပေမယ့် နွေးက ကျော့်ကို အစစအရာရာ အပိုင်စားရယူချင်တာပါလေး။ ကျော့်အပြုံးတွေ၊ ကျော့်မျက်လုံးအကြည့်တွေကအစ ဆိုခဲ့စေ မြဲစေစကားတို့ ထွက်လာတတ်တဲ့ နှုတ်ခမ်းအစုံကိုပါ နွေးသာ အပိုင်ရချင်တာပါ။ အလုပ်ကြောင့် ကျော့်အချိန်တွေကို နွေး မယူနိုင်ပေမယ့် ကျန်အချိန်တိုင်းမှာ ကျော့်အတွေး ကျော့်ဦးနှောက် ကျော့်စိတ်အစဉ်နဲ့ ကျော့်နှလုံးသားအစုံကို နွေးနဲ့သာ နေရာအပြည့် ယူထားစေချင်ပါရဲ့။

နွေးကလွဲပြီး ဘယ်သူနဲ့မှ ကျော် စကားမပြောရ။ နွေးမဟုတ်ဘဲ တခြားလူနဲ့ ဖော်ဖော်ရွေရွေမရှိစေရ။ နွေးမှတစ်ပါး တခြားလူကို ရင်မခုန်ရ။ နွေးမရှိဘဲ မပျော်ရွှင် မရယ်မောစေချင်တာ အမှန်ပါ။ နွေးကိုယ်နွေး ဘယ်လောက်တောင်မှ အတ္တတွေ ကြီးနေမလဲဟု ကိုယ့်ကိုယ်ကိုယ် ပြန်မဆန်းစစ်တတ်ပါခဲ့။ ချစ်





ခြင်းစစ်မှန်လျှင် အနည်းနဲ့အများတော့ အတ္တက အကျုံးဝင်နိုင်မှာပါလေ။

ကျော်. . . လက်တွေ့မှာ ကျော့်အချစ်တွေကို နွေး မျှဝေယူနေရတဲ့လူက ကိုကိုဆိုတဲ့ မင်းမြတ်သိခ်တဲ့လား။

''ဒီမှာ ကိုကို၊ ဒီနေရာဒီအိမ်ကို နွေးသဘော နွေးဆန္ဒ နွေးခြေထောက်နဲ့ နွေးလာခဲ့တာပါ။ နွေးပြန်ချင်တဲ့အချိန်ကျရင် ပြန်မယ်၊ ကိုကိုအမိန့်ပေးစရာမလိုပါဘူး။ မေမေ့ရှေ့မှာ နွေးကို အခုလိုဆွဲခေါ်နေတာ မရှိသေရာကျပါတယ်''

လက်ကိုဆောင့်ရုန်းသွားတာမို့ သူလွှတ်ပေးလိုက်ရတော့၏။ မေတ္တာလွန်ဆွဲပွဲက တစ်ဖက်သပ်ဆန်လှချည်လား။ ဘာကိုမဆို လွယ်လင့်တကူရခဲ့ရတဲ့ ပိုင်ဆိုင်ခွင့်ရတဲ့သူ့ကို ကံကြမ္မာရိုက်ချက်က ဤမျှအထိ ရက်စက်ပြင်းထန်လိမ့်မည်ဟု မထင်မိခဲ့ပါ။ အဦးဆုံးက နေရာ၊ အလုပ်ကိုစိတ်မဝင်စားတဲ့လူအတွက် နေရာတစ်နေရာလေးရဖို့ ဒက်ဒီနဲ့ တိုက်ပွဲဝင်ခဲ့ရတာ ဘာများကြာသေးလို့လဲ။

သွေးသားရင်းခြာမဟုတ်တဲ့ သူစိမ်းတစ်ဦးကို သားအရင်းထက် ပိုအားကိုးပြီး ပိုနေရာပေးချင်တဲ့ ဒက်ဒီ့သဘောဆန္ဒကို သူလုံးဝနားမလည်ခဲ့။ သွေးသားရင်းခြာလောက် သူစိမ်းက စိတ်



www.burmeseclassic.com

www.burmeseclassic.com



ချစ်မှာမို့လား။ ဘယ်လိုပဲသိတတ်တယ်ဆိုဆို တစ်ချိန်ချိန်မှာ ကိုယ့်ကို သစ္စာဖောက်သွားနိုင်တာလေ။

ဒါ ဒုတိယအကြိမ်ပါပဲလား မှူးစစ်ကျော်၊ ငါ့နေရာကို ဝင်ဝင်လုတာ ဒါဒုတိယအကြိမ်ဖြစ်သလို အထိအနာဆုံးပါပဲ။ ဒါ မင်းတမင်သက်သက် ငါ့ကိုချိုးတာ။ ငါ့ရင်ကို ရိုက်ချိုးပြလိုက်တာပဲ။ လက်ထဲမှာ ဘာဆိုဘာမှမပိုင်ဆိုင်တဲ့လူက ငါ့ကုလားထိုင်ကိုပါမက ငါ့နှလုံးသားရဲ့အရှင်သခင်မကို လက်ရဲဇက်ရဲ လုယူဝံ့တာ အတော့်ကို လွန်လွန်းနေပြီ မှူးစစ်ကျော်။ သည်းခံနိုင်တဲ့အတိုင်းအတာ လွန်သွားပါပြီ မှူး။

"ဒီကိစ္စကို ကိုယ်အပြတ်ရှင်းမယ် သဒ္ဒါ"

"အဲဒါ ကိုကိုနဲ့ဘာဆိုင်လို့လဲ၊ ပြောရခက်လိုက်တာ။ ကျော်နဲ့နွေးချစ်နေတာ ကိုကိုနဲ့မှမသက်ဆိုင်တာ"

"ဆိုင်တယ်"

"ဘာမှမဆိုင်ဘူး"

"သဒ္ဒါက မဆိုင်ဘူးပြောနေပေမယ့် ကိုယ်က လုံးဝသက်ဆိုင်တယ် သဒ္ဒါရဲ့။ သဒ္ဒါ့ကို ကိုယ်ပဲလက်ထပ်ရမှာ။ ကိုယ်နဲ့ပဲသက်ဆိုင်တာ။ အချစ်ဆိုတာ ရယူပိုင်ဆိုင်မှုပါ၊ မင်းကို ကိုယ်ကလွဲပြီး ဘယ်သူမှပိုင်ဆိုင်ခွင့်မရှိဘူး။ ကိုယ်လက်ထပ်မယ့် မိန်း





ကလေးနဲ့ လာပတ်သက်တဲ့ယောကျာ်းမှန်သမျှ ကိုယ့်ရန်သူပဲ။ အားလုံးကိုယှဉ်ပြိုင်အနိုင်ယူဖို့ ကိုယ်အဆင်သင့်ရှိနေတာ။ ဒီမှာ သဒ္ဒါ၊ ကိုယ်သာလျှင် မင်းရဲ့ဘဝ၊ ကိုယ်သာလျှင် မင်းရဲ့လက်တွဲဖော်၊ ကိုယ်သာလျှင် မင်းရဲ့အိပ်မက်ဖန်ဆင်းရှင်ပါ။ ကိုယ်မဟုတ်တဲ့လူကို မင်းရွေးချယ်ခွင့်မရှိဘူး. . . နားလည်လား"

"ခက်လိုက်တာနော်"

ခြေလှမ်းတွေ တုံ့ခနဲရပ်သွားရပါ၏။ ခြံရှေ့မှာ ရပ်ထားပါသည့် သိမ်ရဲ့ကား။ အဲဒီနောက် ခြံထဲက လှေကားတိုင်ကို မှီရပ်ထားပါသည့် နွေးဇော်စက်ဘီးလေး။ ကံကြမ္မာက သူ့ကိုမြန်မြန်ဆန်ဆန်ကြီး ရိုက်ချပြပါရောလား။ သိမ်ရင်ထဲက မိန်းကလေးဟာ သူ့ရဲ့နွေးဖြစ်နေမှန်းသိခဲ့တဲ့ တုန်လှုပ်မှုက ရင်ထဲမှာ လတ်လတ်ဆတ်ဆတ်ကြီးနာကျင်နေတာ၊ ဒဏ်ရာမှမကျက်သေး။ အခုတော့ ဒဏ်ချင်းကို ဆူးနဲ့ထိုးစိုက်ခံရပါရောလား။

အိမ်ထဲမှ လွင့်ပျံထွက်သည့်စကားသံတို့က သူ့ကို အိမ်လေးပေါ်သို့ မတက်ဝံ့အောင် တွေဝေသွားစေတာပါ။ အိပ်မက်ဖန်ဆင်းရှင်၊ မင်းရဲ့လက်တွဲဖော်၊ မင်းရဲ့ဘဝတဲ့လား။ သူတောင် တစ်ခါမှမပြောခဲ့ဖူးတဲ့စကားလုံးတွေကို ထည်လဲသုံးပြသွားတာပါလား။ ပေါက်ကွဲပြနေတာပါလား မင်းမြတ်သိမ်ရယ်။



www.burmeseclassic.com

www.burmeseclassic.com



''ကျော်''

မျက်ဝန်းတွေ လက်ခနဲဖြစ်သွားပြီး အားကိုးတကြီးမော့ လိုက်သံက သူ့ရင်ကို ကျဉ်ခနဲဖြစ်သွားစေပါ၏။ ကြည့်စမ်း! ဒီ မျက်လုံးတွေကိုမြင်ရုံမျှဖြင့် မှုူးအပေါ်မှာ သူမ အဘယ်မျှ ချစ်မိ နေသလဲဆိုတာ အသိသာကြီးကို၊ နာလိုက်တာပါပဲလား မင်းမြတ် သိန်၊ ကိုယ့်အသက်တမျှချစ်ရတဲ့မိန်းကလေးရဲ့ချစ်ခြင်းတွေကို ဒီ ဘာမဟုတ်တဲ့ကောင်က အပိုင်စားရရတယ်လို့။

''သဒ္ဒါ''

မှုူးဆီလှမ်းရန် ပြင်လိုက်သည့်သူမလက်ကို အမြန်ဖမ်း ဆွဲထားလိုက်မိပြန်လေ၏။ တရားတာတွေ မတရားတာတွေကို မဆန်းစစ်တော့ပါလေ။ သူ့မျက်စိရှေ့မှာ မှုူးရင်ခွင်ထဲသို့ သူမ ပြေးဝင်သွားမှာကိုတော့ သူမလိုလားတာအမှန်ပါပဲ။ မင်းမြတ်သိန်း ရဲ့အဘိဓာန်မှာ 'မရှိဘူး''မဖြစ်ဘူး'ဆိုတဲ့စကားလုံးမျိုးမှ မရှိတာ လေ။

''ပြန်ရောက်လာတာနဲ့အတော်ပဲ၊ ဒီပြဿနာကို ဒီမှာပဲ ငါအပြတ်ရှင်းမယ် မှုူးစစ်ကျော်''

''နွေးပြန်ပါစေလား သိန်''

''ငါ့ချစ်သူဟာ သဒ္ဒါပါလို့ မင်းကို ငါပြောပြထားရဲ့သား



နဲ့ မင်းမို့လို့ လုပ်ရက်တယ်။ အတော်အကြံပက်စက်တဲ့ကောင် ပါလား မှုူးစစ်ကျော်''

''ရှင်ဘယ်လိုပြောလိုက်တာလဲ''

''ဒါ ကိုယ်တို့နှစ်ဦး ဖြေရှင်းရမယ့်ကိစ္စပါ နွေး။ အရင် ဆုံးလုပ်ရမှာက နွေးအိမ်ကို အခုပဲပြန်လိုက်ပါ''

''ကျော်''

''ကိုယ်တောင်းပန်ပါတယ် နွေး''

''နွေးကို. . . နွေးကို မနှင်ပါနဲ့လား ကျော်''

ကြည့်စမ်း! အိမ်ပြန်ခိုင်းလိုက်တာနဲ့ မျက်ဝန်းမှာ မျက် ရည်တို့ ခိုသီလာတာပါလား။ အတော့်ကို အမိန့်ပေးနိုင်စွမ်းရှိနေ တာပါလား မှုူးစစ်ကျော်။ သဒ္ဒါကို ထိုင်ဆိုထိုင် နေဆိုနေ သွားဆို သွားဆိုပြီး အမိန့်ပေးစေခိုင်းရအောင် ဘာဆေးစွမ်းကောင်းများ မင်းမှာရှိနေလို့လဲ။ ဒီလောက်လေးပြောလိုက်ရုံနဲ့ ချုံးပွဲချ ငိုမတတ် မျှ မျက်ရည်တွေ ရစ်ဝိုင်းလာတဲ့အထိ သဒ္ဒါရဲ့စိတ်အစုံ အရည် ပျော်ကျရတယ်လို့။

''မင်း. . .''

''နွေးပြန်ပြီးရင် ဆက်ပြောပါ သိန်''

''သဒ္ဒါကို မင်းဘာမှအမိန့်ပေးစရာမလိုဘူး မှုူးစစ်ကျော်''

www.burmeseclassic.com

www.burmeseclassic.com



"ငါသိပါတယ်"

"အေး! သိလျက်နဲ့ ဒီအခြေအနေအထိရောက်အောင် မင်းဆက်လျှောက်တာ ဘာသဘောလဲ"

သူ ဒေါသတကြီးဖြင့် ပြောနေသလောက် မှူးစစ်ကျော်ကဖြင့် သွေးအေးအေးဖြင့် သူ့ကိုကြည့်နေပါရောလား။ တကယ်ဆို သူကမှ သွေးအေးတဲ့ကောင်ပါ။ မှူးကမှ ထစ်ခနဲရှိ လက်သီးနဲ့ဖြေရှင်းတတ်တဲ့လူမဟုတ်ပါလား။ ဘယ်လိုလဲ၊ လူနှစ်ယောက်က လက်ရှိအခြေအနေမှာ ဒီကိစ္စနဲ့ပြောင်းပြန်ဖြစ်နေချေပြီ။

ဒင်းမျက်နှာမှာ ဘာမှမဖြစ်သလို အေးစက်စက်မျက်နှာပြင်နဲ့လေ။ မစိုးရိမ်ဘူးတဲ့လား။ သူ့ကိုဖြေရှင်းပြဖို့အတွက် Reason တွေကို ဘယ်တုန်းကတည်းက စဉ်းစားထားပါသလဲ။ စားဝတ်နေရေးအတွက် ဖြေရှင်းပေးနေတာက ဒက်ဒီ့အရိပ်အောက်မှာပါ။ အနာဂတ်အတွက် ရှေ့ရေးကိုဆက်လျှောက်ဖို့ကို သူနဲ့ပတ်သက်မှသာ ရှေ့ကိုဆက်လျှောက်ခွင့်ရမှာကို မသိလို့လား။

သို့တည်းမဟုတ် ဘယ်သူသေသေ ငတေမာရင်ပြီးရော ဆိုပြီးတော့ တမင်သက်သက်များ လုပ်လေသလား။ ပြောတော့ဖြင့် သူ့ကိုတန်ဖိုးထားပြီး ခင်မင်တာဆို။ ဒါကြောင့်လည်း သူ့အနီးဝန်းကျင်က အန္တရာယ်တွေမှန်သမျှကို မှူးပဲ အနိုင်ယူရှင်း





ရှင်းပေးနိုင်ခဲ့တာလေ။ ဒီလိုကာကွယ်စောင့်ရှောက်ပေးခဲ့တာတွေအားလုံးက စီမံချက်နဲ့တဲ့လား။

အလုပ်မှာ ဒက်ဒီအားကိုးရာလူယုံအဖြစ်၊ သူ့ရမယ့်နေရာတစ်ခုကို အမိအရဖမ်းဆုပ်ဝင်ထိုင်ဖို့အဖြစ်၊ နောက်ဆုံး သူ့ရင်ထဲမှာ နေရာအပြည့်ယူထားပါတယ်ဆိုတဲ့ သူ့ချစ်သူကို အပိုင်သိမ်းပိုက်ဖို့အဖြစ် သူ့နောက်ကျောကို ဓားနဲ့ ရဲရဲကြီးကို ထိုးစိုက်ရက်ရတယ်လို့။

လောကမှာ လူယုံသတ်လို့သေတဲ့အဖြစ်က အယုတ်မာဆုံးနဲ့ အရက်စက်ဆုံးဆိုတာကို မင်းသိလျက်နဲ့ အခုလိုလုပ်ရက်ခဲ့တယ်ပေါ့လေ။ မင်းအပေါ်ထားရှိတဲ့ ငါ့သံယောဇဉ်တွေကို ဒီတစ်ကြိမ်တည်းနဲ့ အပြီးတိုင်ဖျက်ဆီးပစ်လိုက်တာပါပဲလား မှူးစစ်ကျော်။ ငါ အတော်ရင်နာရပါတယ်၊ သန္တါကိုဆုံးရှုံးရတာနဲ့ မင်း ငါ့အပေါ်တက်နင်းတာက ပိုအခံရခက်စေတာ တကယ်ပါလေ။

"ကျော်"

"နောက်တော့ ကိုယ်ရှင်းပြပါ့မယ် နွေး၊ လောလောဆယ် အိမ်ပြန်လိုက်ပါလို့ ကိုယ်ပြောပါရစေ"

ပါးပြင်ထက်သို့ မျက်ရည်က ပေါက်ခနဲစီးကျသွားလေ



www.burmeseclassic.com

www.burmeseclassic.com



၏။ ကြည့်ပါဦး . . . အဘယ်မျှ အစိုးမိုးခံနေရပါသလဲ။ ရင်ကို အေးမြစေတဲ့အလှပိုင်ရှင်လေးရဲ့ နှလုံးသားအစုံကို ကိုင်လှုပ်စေနိုင်းနိုင်စွမ်းတွေက မှုုးစစ်ကျော်ထံမှာ အပြည့်ရှိနေပါရောလား။ ဘယ်လောက်နာကျင်စရာကောင်းလိုက်ပါသလဲ။

မျက်လွှာလေးအသာချကာ အိမ်လေးပေါ်မှ အပြေးဆင်းသွားသည့် သဇ္ဇါ့ခြေလှမ်းတို့က သူ့ရင်ကိုခွဲပြီး ပြေးထွက်သွားသည့်နှယ်ပါ။ ဒီလူရဲ့စေညွှန်ရာအတိုင်း လိုက်နာရအောင် သဇ္ဇါ့နှလုံးသားကို အသုံးချခံပစ္စည်းတစ်ခုသဖွယ် အပြုလုပ်ခံရတယ်လို့။ စက်ဘီးလေး ခြံထဲမှထွက်သွားသည်နှင့် မှုုးက သူ့အနီးသို့ရောက်လာလေ၏။

ကောင်းပြီ 'မှုုးစစ်ကျော်'၊ မင်းဘယ်လှမ်းမယ်လို့ ဆုံးဖြတ်ရင် ငါဆိုတဲ့မင်းမြတ်သိမ်က ညာဘက်ကိုလှမ်းဖို့ ဝန်မလေးမှန်း မင်းကောင်းကောင်းကြီးသိစေရမယ်မှတ်!



## အခန်း (၁၉)

မေးရိုးကို ထိခိုက်သံ 'ခွပ်'ခနဲမြည်သံက ရင်ဘတ်ဆီမှ ကျဉ်ခနဲနာသွားရတာကို မမီပါချေ။ ပေါက်ကွဲပြီလား မင်းမြတ်သိမ်။ အချစ်မှာ ဘော်ဒါအကန့်တွေ ငယ်သူငယ်ချင်းတွေဆိုတာတွေကို မမြင်နိုင်အောင် အမှောင်တွေဖုံးနေပြီပေါ့လေ။ ငံကျိကျိသွေးတို့က နှုတ်ခမ်းထောင့်မှ စီးကျသွားရလေ၏။ လက်သီးနဲ့အထိုးခံရတာထက် သိမ်လက်နာသွားမှာကို သူအစိုးရိမ်ဆုံးဆိုတာကို သိပ္ပါမလား သူငယ်ချင်းရယ် . . .

"မင်း . . . မင်း . . . လုပ်ရက်တယ် မှုုးရာ"

အထိုးခံရသူက မျက်ရည်မကျဘဲ လက်သီးနဲ့ထိုးသည့်လူငယ်လေးက မျက်ရည်တပေါက်ပေါက်ကျလာသတဲ့။ ဘယ်သူ



www.burmeseclassic.com

www.burmeseclassic.com



ကမြင်လို့ ယုံနိုင်ပါ့မလဲ။ မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ ခုံတန်းပေါ်သို့ သိမ်ခ် ထိုင်ချလိုက်လေ၏။ ဒီကောင်လေးကို အန္တရာယ်မရှိရလေအောင် စောင့်ရှောက်ကာကွယ်ပေးခဲ့တဲ့သူလို့လူက အခုတော့ ဒီလူငယ်လေးရဲ့နှလုံးသည်းပွတ်ကို ကျေပျက်အောင် ချေဖျက်တဲ့ရန်သူကြီးဖြစ်နေရတယ်လို့၊ ရက်စက်ပါပေ့ ကံကြမ္မာရယ်။

"ငါ. . ."

"မပြောနဲ့၊ ငါဘာမှမကြားချင်ဘူး"

"ငါရှင်းပြပါရစေ သိမ်ခ်"

"ဘာမှရှင်းပြမနေနဲ့တော့ မှူးစစ်ကျော်၊ မင်းရည်ရွယ်ချက်ကို ငါကောင်းကောင်းကြီး သိသွားပါပြီ။ မင်း. . .မင်းကအတော့်ကို ရည်ရွယ်ချက်ကောင်းကောင်း ရည်မှန်းချက်မှန်မှန်နဲ့ အစီအစဉ်တကျ လှုပ်ရှားခဲ့တာပါလား။ အခုမှ ငါသိခဲ့ရတာ ငါ. . .ငါအခုမှသိရတာ အရမ်းကိုနောက်ကျနေပြီကွ"

သက်ပြင်းကိုသာ ရှိုက်လိုက်မိတော့၏။ ရင်ကွဲနာကျိုးက သူ့အဖိုးခက်ခဲတာမှန်ပေမယ့် သိမ်ခ်လိုလူအဖို့က ပိုပြီးခက်ခဲတာမဟုတ်ပါလား။ ဒီသူငယ်ချင်းလေးကို မနာကျင်စေဖို့အတွက် သူပဲစောင့်ရှောက်ပေးခဲ့တာ၊ ဒီသူငယ်ချင်းလေးကို အန္တရာယ်မရှိစေဖို့ သူပဲ ကာကွယ်ပေးခဲ့တာ၊ ဒီသူငယ်ချင်းလေးကို စိတ်ဓာတ်





မကျဆင်းသွားရလေအောင် သူပဲ ထိန်းမတ်ရပ်တည်ပေးခဲ့တာတွေအားလုံးက သဲထဲရေသွန်သလို အရာမထင်ဖြစ်လာရတယ်လို့။

"ငါ. . .ငါ မှားသွားပါတယ်"

"မှားမှန်းသိနေရင် ရပ်သင့်တာပေါ့ကွ၊ ဘာလို့ မင်းဆက်မှားချင်နေရတာလဲ။ သဒ္ဒါလိုမိန်းကလေးနဲ့မင်းနဲ့ တန်မလား စဉ်းစားကြည့်၊ ဘယ်သူမဆို ကိုယ့်ချစ်သူကို အနိမ့်ကိုဆွဲချမသွားတတ်ဘူးကွ။ မင်းသာ မင်းသာ ပိုင်းလုံးတစ်ယောက်လုပ်သလိုမျိုး လုပ်နေတာ။ အရင်ဆုံး ကုမ္ပဏီမှာ ငါ့နေရာကို မရရအောင်လုပ်ဖို့စဉ်းစားတယ်၊ ထားပါတော့၊ ငါမကျွမ်းကျင်တဲ့အလုပ်မို့ မင်းရသွားလည်း ငါဂရုမစိုက်ပါဘူး။ အခုက ငါမြတ်မြတ်နိုးနိုးနဲ့ ချစ်လှပါတယ်ဆိုတဲ့ သဒ္ဒါကို ငါ့ရင်ထဲကနေ ဆွဲထုတ်ယူသွားတာတရားသလား။ မင်းမှာ နည်းနည်းလေးမှ စာနာစိတ်မရှိတာလား မှူးစစ်ကျော်"

"သိမ်ခ်. . .ငါ"

"အေး. . .အဲဒါမှမဟုတ်ရင် မင်း ငါ့ကို မနာလိုလို့လုပ်တာလို့ပဲ ငါယူဆတယ်"

"ဟာ. . .သူငယ်ချင်း"



www.burmeseclassic.com

www.burmeseclassic.com



''ဘာသူငယ်ချင်းလဲ၊ ငါ့ကို သူငယ်ချင်းလို့မခေါ်စမ်းပါနဲ့ မှူးစစ်ကျော်၊ ငါရင်နာရလွန်းလို့ပါ။ သူငယ်ချင်းဆိုတာ သာတူညီမျှမခွဲခြားဘဲ ကောင်းတူဆိုးဖက် ပေါင်းကြတဲ့သူစိမ်းမျိုးကိုမှ ခေါ်ရတာ။ မင်းက မင်းဖို့တစ်ခုတည်းပဲကြည့်တတ်တဲ့ တစ်ဘိုတည်းပါတဲ့ အကောင်စားမျိုးပဲ. . . တောက်!''

သူ မျက်နှာကွက်ခနဲပျက်သွားရပါ၏။ စော်ကားရက်ပါဘိ၊ သူ့အပေါ်ချစ်လှပါချည်ရဲ့ဆိုတဲ့ ငယ်သူငယ်ချင်းရဲ့နှုတ်က နေ လူကို 'နွား'နဲ့နှိုင်းပြတဲ့စကားမျိုး ထွက်ရက်ရတယ်လို့၊ တခြားလူပြောတယ်ဆိုရင်လည်း ထားပါတော့၊ အခုတော့. . . အခုတော့ သူအနစ်နာခံပြီး ပေါင်းခဲ့တဲ့သိမ်ဆီကနေ ကြားလိုက်ရတာပါလေ။ ပြောရက်ပါပေ့ သိမ်ရယ်။ မင်းလက်နဲ့ထိုးလိုက်တာထက် နှုတ်ထွက်စကားက ငါ့ရင်ကို တူးဆွစေသလိုဖြစ်စေတာကို မသိကျိုးကျွံပြုရတယ်လို့။

''ငါ. . . ငါ ဘာလုပ်ပေးရမလဲ သူငယ်ချင်းရယ်''

''ဩော. . အခုမှ ဒီစကားပြောထွက်တယ်ပေါ့လေ။ ဘာလုပ်ပေးရမလဲဟုတ်လား၊ မင်းမှာ ဝေဖန်ပိုင်းခြားနိုင်တဲ့ အသိဉာဏ်ရှိနေတာပဲ. . . စဉ်းစားဆုံးဖြတ်ပေါ့ကွ၊ ငါ့ကိုလာမေးနေရလား''





ပြောပြန်ချေပြီ။ ပြောကြတော့ဖြင့် စေတနာမှန်ရင် ရောင်ပြန်ဟပ်ပါတယ်ဆို။ အခုတော့ ထိုသို့မဟုတ်ချေပြီ။ သူ့ဘက်က အဖြူရောင်သန့်သန့်နဲ့ စစ်မှန်မှုတွေ ပေးခဲ့တာဖြစ်ပေမယ့် ကာယကံရှင်က တစ်လွဲကိုယူဆပြီး ပြောထွက်ရက်တယ်လို့။ ရင်ထဲမှာ အပြည့်အသိပ်ရှိနေတာပါ မင်းမြတ်သိမ်ရယ်။ မင်းကိုရှင်းပြဖို့ အကျိုးအကြောင်းသင့်လေး ပြေပြေလည်လည်နဲ့ပြောနိုင်ဖို့ ငါ အားယူနေတာအမှန်ပါ။

ဒါပေမဲ့. . . ဒါပေမဲ့ သိမ်ရယ်. . .

အချစ်ဆိုတာကို ငါခံစားသိရှိလိုက်ရတာ ဘယ်လိုမှထင်မထားတဲ့ အချိန်အခိုက်အတံ့လေးတစ်ခုအဖြစ်နဲ့ပါ။ တကယ့်ကို ဘယ်လိုမှ မဆင်ခြင်မိလိုက်ဘဲ နွေးဆိုတဲ့မိန်းကလေးကို မိုက်မိုက်မဲမဲနဲ့ ချစ်မိသွားရတာပါလေ။ နှုတ်ဆိတ်နေခဲ့ပါတယ်၊ ကိုယ်ဘယ်လောက်ပဲ စွဲလန်းမိနေပါစေ၊ ဘယ်လိုမှမဖြစ်နိုင်ဘူးဆိုတဲ့ သိစိတ်မျိုးနဲ့ ဆင်ခြင်ခဲ့တာပါ သူငယ်ချင်းရယ်။

သို့သော်. . . အချစ်ဆိုတာ ဆန်းကြယ်လေသလား။ သူ မသိလိုက်ခင်မှာပဲ သူ့နှလုံးသားစိတ်အာရုံအစုံက နွေးဆီသို့ အလုံးစုံအပ်ပြီးသားဖြစ်သွားခဲ့ရတာပါလေ။ သိစိတ်နဲ့ မသိစိတ်ရဲ့လွန်ဆွဲပွဲမှာ ငါဆိုတဲ့ကောင်က အတ္တများစွာနဲ့ သိစိတ်ကို ဥပေက္ခာ



www.burmeseclassic.com

www.burmeseclassic.com



ပြီး မေ့ပစ်ခဲ့တာပါ။

မှားမှန်းသိသိကြီးနဲ့ မျက်စိစုံမှိတ် ချစ်မိတာ ငါ့အပြစ်မှန်း ငါသိပါတယ်။ ကာယကံရှင်မိန်းကလေးရဲ့စိတ်ကိုကအစ ငါမြင် နေသိနေလို့ ရှောင်ရခက်ခဲခဲ့တာပါလေ။ တစ်ကြိမ်တစ်ခါမှ မဖြစ် တည်ခဲ့ဖူးတဲ့ချစ်ခြင်းတွေနဲ့ နွေးအပေါ် စုပုံချစ်ခဲ့တာကို အပြစ်လို့ ပုံချစွပ်စွဲရင်လည်း ငါခံယူပါ့မယ်။ ဒါပေမဲ့. . . နွေးနဲ့လမ်းခွဲရမှာ ကိုတော့. . .

"နောက်ဆုတ်ပေးပါ"

"ဘာရယ်"

"မင်းကိုနောက်ဆုတ်ဖို့ ပြောနေတာလေ၊ သဒ္ဓါကို လုံးဝ အတွေ့မခံတော့ဘဲ သဒ္ဓါအနီးကနေ ပျောက်ကွယ်သွားပေးပါ မှူးစစ်ကျော်။ အရှင်းဆုံးပြောရရင် ငါ့ဘဝ ငါ့မျက်စိရှေ့ကနေ လေလိုပဲ မသိအောင် ပျောက်သွားပါတော့။ ငါလိုချင်တာ အဲဒါ ပဲ"

နှလုံးသားက မွန်းကြပ်လာလေ၏။ နောက်ဆုတ်ပျောက် ကွယ်သွားပါတော့တဲ့ နွေးရယ်။ နှစ်ကိုယ်တူ ပေးအပ်ထားတဲ့ ချစ်ခြင်းတွေကို မေ့ပစ်ရတော့မယ်တဲ့။ ဖြစ်သင့်ပါရဲ့လား။ စက္ကန့် နဲ့အမျှ သတိရနေတတ်တာ၊ အသက်ရှူသွင်းရှူထုတ်လိုက်တိုင်း





အမှတ်ရနေတတ်တာ၊ ရင်ခုန်သံတစ်ချက်အကြားမှာ 'နွေး' လို့ မြည်ရွတ်တမ်းတနေသမျှအားလုံးဟာ ချစ်ခြင်းသာတော့တ်ရင် ဘာ များဖြစ်နေမလဲ။

အချစ်ဆိုတာ ဘယ်လိုပဲ အတွက်ကင်းတယ်ပြောပါစေ ပိုင်ဆိုင်ရယူလိုခြင်းပါလာမှဖြင့် ဘယ်မှာ အတွက်ကင်းပါတော့မလဲ။ 'မေမေ့အိမ်တံခါးကို နွေးဖို့ အမြဲဖွင့်ပေးထားသလို ကိုယ့်ရင်ခွင် တံခါးကိုလည်း အချိန်မရွေးဝင်လာပြီး ခိုလှုံခွင့်ရအောင် အမြဲ တစေ ဖွင့်ပေးထားပါ' တဲ့။

အဲဒီ. . . အဲဒီကတိတွေကို တကယ်ပဲ ကိုယ်ဖျက်ရတော့ မယ်ထင်ပါရဲ့ နွေးရယ်။

ဆင်းရဲတယ် ချမ်းသာတယ်ဆိုတာကို 'စိတ်' တစ်ခုတည်း နဲ့သာ ဆုံးဖြတ်တတ်တဲ့မိန်းကလေး။ စိတ်ချမ်းသာမှ ကိုယ်ကျန်း မာတာလို့ ယူဆတတ်တဲ့ကောင်မလေး၊ ကြက်သားဟင်းထက် ချဉ်ပေါင်ဟင်းကိုမှ တန်ဖိုးထားတဲ့နွေး၊ စောင်ပါးလေးသာခြုံပြီး သူ့ရင်ခွေ့ကိုမှ လှုံချင်ပါတယ်ဆိုတဲ့ ကိုယ့်ချစ်သူ။

ပူတဲ့အခါ ယပ်ခတ်ပေးပါ၊ ရွှံ့ပေရင် ရေဆေးပါ့မယ်။ ခြေထောက်ဆိုတာ လမ်းလျှောက်ဖို့ပါလာပြီးသားမို့ စီးစရာကား မလိုဘူးဟု ဆိုလေသူ။ ဘဝကိုစိတ်ချမ်းသာမှုတစ်ခုတည်းနဲ့သာ



www.burmeseclassic.com

www.burmeseclassic.com



မှတ်ယူထွေးပိုက်လျှောက်လှမ်းသွားချင်တဲ့ ချစ်သူလေးရဲ့အဆုံးစွန်မဲ့ မျှော်လင့်ခြင်းတွေကို သူ့ဘက်က ရက်ရက်စက်စက် ရိုက်ချိုးပြီး ဖျက်ရမတဲ့လား။

အကြိမ်ကြိမ်စဉ်းစားခဲ့ပါတယ်၊ အခါခါလည်း ဆုံးဖြတ်ခဲ့ပါတယ်။ သို့သော် မိုက်မဲတယ်လို့ပဲ ဆိုချင်ဆိုဦးတော့၊ ချစ်ခြင်းရဲ့စေရာနောက်ကိုမှ သူကောက်ကောက်ပါခဲ့ရတာပါလေ။

ဩော်. . . နွေးရယ် . . .

နောက်ဆုံးမှာတော့ ကိုယ်လိုလူ ငမွဲကောင်က သိင်္ဂီရွှေခွက်ကို အနူလက်နဲ့ တက်နှိုက်မိတဲ့ ငမိုက်သားဖြစ်နေပါရောလား။

ဒါကိုကြိုသိနေလို့ မိုးပေါ်ကလမင်းကို ငေးနေမိရုံနဲ့သာ ကျေနပ်ခဲ့တာပါ။ ဒါပေမဲ့. . . ဒါပေမဲ့ပေါ့ကွယ်၊ နွေးရဲ့အလှ၊ နွေးရဲ့အပြုံး၊ နွေးရဲ့အကြင်နာတွေ ဖုံးလွှမ်းနေတဲ့မျက်ဝန်းလေးတွေက ကိုယ့်ကိုရှောင်မရနိုင်အောင် ဖမ်းစားခဲ့တာလေ။ ညို့ယူစေနိုင်းစွမ်းနိုင်တာကို အချစ်လို့ခေါ်နိုင်မယ်ဆိုရင် နွေးရဲ့ညို့ချက်အောက်မှာ ကိုယ်ဆိုတဲ့ မျိုးစစ်ကျော် ကျရှုံးခဲ့ရတာ အမှန်ပါလေး

''ဘယ်လိုလဲ၊ ဆုံးဖြတ်ဖို့တွေဝေနေပြီ မဟုတ်လား ငါသိသားပဲ၊ မင်းမိထားတဲ့ငါးက ရွှေရောင်ဝင်းနေမှတော့ ဘယ်





လက်လွှတ်ချင်ပါ့မလဲလေ''

''မင်း အဲဒီလိုတော့ မပြောပါနဲ့ သိခ်ရာ''

''ဟင်းဟင်း. . . အနာထိတော့လည်း နာတတ်ပါလား၊ သွားစမ်းပါ မျိုးရာ၊ မင်းလုပ်ပုံကိုကြည့်ရုံနဲ့ မင်း ဘယ်လမ်းသွားချင်နေသလဲဆိုတာကို ငါကောင်းကောင်းကြီးမြင်နေရပါပြီ''

''သိခ်!''

''ဘာလဲ၊ ငယ်ငယ်က ငါကစားသလိုမျိုး မကစားခဲ့ရတာ၊ ငါစားသလိုမျိုး အာဟာရရှိတာကို မစားခဲ့ရတာ၊ ငါဝတ်သလို အဖိုးတန်ပစ္စည်းတွေ မဝတ်ခဲ့ရသမျှ အခဲမကျေတာတွေ အကုန်စုပုံပြီး အခုလိုလုပ်ခဲ့တာမဟုတ်လား။ နောက်ဆုံးတော့ မြေကြီးက မြေကြီးလို အနှင်းခံနေရာမှာပဲ ရှိရမှာပါ မျိုးစစ်ကျော်၊ မိုးနဲ့မြေ ပြောင်းပြန်ဖြစ်တာမျိုး ဒီကမ္ဘာမှာ ရှိတာမှမဟုတ်တာ''

''ဘာ! မင်း. . .''

သိခ်အင်္ကျီကော်လံကို သူဆုပ်ကိုင်လိုက်မိ၏။ စော်ကားရက်လေခြင်း၊ စကားဆိုတာ တတ်တိုင်းပြောတိုင်း မကောင်းမှန်းဒီကောင်မသိဘူးတဲ့လား။ နားမလည်တာပဲလား။ သို့တည်းမဟုတ် မြေနိမ့်ရာ လှံစိုက်ပြီး နင်းချပြလေသလား။

''ဘာလဲ. . . ငါ့ကိုထိုးချင်တယ်ပေါ့လေ၊ လုပ်လိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com



စရိုက်ဆိုတာ ဘယ်လိုပဲဖုံးဖုံး ဖျောက်ထားလို့မှ မရတာကိုး''

''သိခ် . . . တော်တော့နော်''

''မင်း . . . ယောက်ျားပဲ မျိုးစစ်ကျော်၊ ငါလည်း လုပ်ရဲရင် ခံဝံ့တဲ့ကောင်ပါ။ အရင်ကလေးဘဝက ငါ့ကို အန္တရာယ်ပြုမှာစိုးလို့ ကာကွယ်ပေးခဲ့တဲ့ကောင်ကို အခုတော့ မင်းလက်နဲ့ပဲ ရန်ပြုတော့မယ်ပေါ့လေ''

''သိခ်! ''

''မင်းမြတ်သိခ်မှာလည်း သွေးရှိပါတယ် မျိုးစစ်ကျော်၊ ရန်မဖြစ်တတ်လို့ဆိုပြီး ငပျော့လို့ မင်းယူဆရင် မှားလိမ့်မယ်''

သူ့အတော်ခံပြင်းမိပါ၏။ ဘောင်ကျော်လွန်နေပြီကော။ အရင်က ဖြူစင်လုချည်ရဲ့လို့ သတ်မှတ်ထားတဲ့ကောင်လေးက အခုတော့ သူ့အပေါ် ရိုင်းစိုင်းစွာ ဆက်ဆံနေချေပြီ၊ အချစ်ဆိုတာ ဒီလိုပဲ လူ့စိတ်ကို သိမ်မွေ့ရာကနေ ယုတ်ရင်းကြမ်းတမ်းလာစေတတ်ပါသလား။ နွေးကိုချစ်ပါတယ်လို့ပြောနေတဲ့မင်းကမှ အတ္တပိုကြီးနေပါလား သိခ်ရယ်။

မနာလိုမဖြစ်ခဲ့ပါဘူး၊ မင်းပြောသလို ဘဝပေးကံကမှ မတူခဲ့တာလေ။ နေရာလဲဖို့ကို ပြောင်သလိုနောက်သလိုနဲ့ပြောခဲ့တာတောင်မှ ငါလက်သင့်ခံခဲ့လို့လား။ ရေချင်းတူရင်တောင်မှ





မင်းက ရေသန့်စက်ထဲကရေဖြစ်ပြီး ငါက ဇွက်ရေလောက်သာ ရှိမှန်း ငါကောင်းကောင်းကြီးသိခဲ့ပါတယ် သူငယ်ချင်း။

ဘဝမှာ ကိုယ်အချစ်ဆုံးသူငယ်ချင်းနဲ့ မိန်းကလေးတစ်ယောက်ကို ပြိုင်လုရလိမ့်မယ်လို့ တစ်ခါမှမတွေးကြည့်ခဲ့မိတာ အမှန်ပါ။ လုယူသတဲ့လား . . . ငါက မင်းနေရာကို လိုချင်တဲ့သူမှမဟုတ်တာလေ။ မင်းချစ်နေပါတယ်ဆိုတဲ့မိန်းကလေးကို နွေးမှန်းသိသိကြီးနဲ့ ငါတမင်ချစ်မိခဲ့တာလည်း မဟုတ်ရပါဘူး။

ငါနဲ့အသည်းချင်းဖလှယ်ပြီးကာမှ မင်းနှုတ်က ထွက်ဟလာလို့ သိခွင့်ရခဲ့တာမျိုးပါ၊ မင်းရင်ထဲကနေ တမင်လုယူတာမှ မဟုတ်ဘဲ။ နွေးကိုယ်တိုင် လိုလိုချင်ချင်နဲ့ ပေးအပ်လာတဲ့ချစ်ခြင်းတွေကို ငါလက်သင့်ခံခဲ့ရတာပါသိခ်။ မင်းတပ်အပ်စွပ်စွဲနေသလို လုံးလုံးမဟုတ်တာကို ငါဘယ်လိုများရှင်းပြရပါ့။

''ငါနောက်ဆုတ်တော့ရော နွေးက မင်းကိုလက်သင့်ခံမှာတဲ့လား''

''ဟင်းဟင်း . . . ဒီလိုပြောမယ်လို့ ငါတွက်ထားပြီးသားပဲ မင်းအတော်လည်တာပါလား မျိုးစစ်ကျော်၊ အဖြူထည်ပန်းပွင့်လေးကိုမှ မင်းမို့ လှမ်းချူရဲတယ်။ မင်းအမေလည်း အတူတူပဲ ဘဝကောင်းစားဖို့အတွက် သားကိုခုတုံးလုပ်တဲ့မအေမျိုး ဒီ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါပဲ တွေ့ဖူးတာ။ အံ့ရော''

လက်သီးကိုကျစ်ကျစ်ဆုပ်ထားမိ၏။ လူကိုအသား အောင်လုပ်ပြီးရုံမက၊ မွေးသမိခင်ကိုပါ စော်စော်ကားကားပြော ချေပြီ။ ဘုရားရေ! ဒါ ဦးမင်းသိင်္ဂါနဲ့ ဒေါ်မြတ်မွန်တို့ရဲ့ တစ်ဦး တည်းသောသားတဲ့လား။ မိဘတွေက စိတ်ရင်းစေတနာကောင်း သလောက် မိဘခြေဖျားကို မင်းမြတ်သိခ်တစ်ယောက် မထီမဲ့ ပါလားလေ။

''ငါ့ကိုကြိုက်သလောက် ပြောလို့ရပါတယ် သိခ်၊ အမေ့ ကိုတော့ ကျေးဇူးပြု၍ အဲဒီလိုမပြောပါနဲ့''

''အေးပေါ့၊ အမေတစ်ခုသားတစ်ခုဘဝမို့ မင်းအမေ့ စေတ နာတတ်မှန်း ငါသိပါတယ်။ တကယ်ဆို မင်း သဒ္ဓါကိုချစ်နေမှန်း သိရင်တောင်မှ မင်းအမေက တားသင့်တာ။ ကိုယ့်သားနဲ့ ဖူး သလားတန်သလား စဉ်းစားသင့်တာပေါ့ကွ''

တားခဲ့သားပဲ. . .တားမြစ်ခဲ့သလောက် နွေးဆိုတဲ့မိန်း ကလေးက ဖွတ်ဝင်တိုးလာခဲ့တာလေ။ အခုတော့ အခက်ကြီးတွေ့ တဲ့အခြေအနေမျိုးနဲ့ ကြုံရပြီကော မှူးစစ်ကျော်။ 'သားသမီး မကောင်း မိဘခေါင်း'ဆိုတဲ့အတိုင်း သူ့ကြောင့် အမေအပြော ရတာကိုဖြင့် ရင်နာလို့မဆုံးချေပြီ။





''ငါနောက်ဆုတ်ပေးမယ်ဆိုရင် မင်းသဘောတူနိုင်မှာလား သိခ်''

''ဟ! လွယ်လှချည်လား၊ ဘာမဆိုဝေမျှသုံးသပ်ပြီးမှ ခေါင်းညိတ်တတ်တဲ့ Character တွေ ဘယ်ထွက်ပြေးကုန်ပြီ လဲ မှူးစစ်ကျော်''

''မင်းသိထားဖို့တစ်ခုတည်းပါ သိခ်၊ ငါဆိုတဲ့ကောင်က ထမင်းတစ်လုပ်ရဲ့တန်ဖိုးကို သိတတ်လို့ မင်းမိဘတွေအပေါ် အထူး သဖြင့် မင်းအပေါ်မှာ ဘယ်တော့မှစော်ကားမော်ကား အပြုအမူ မျိုး၊ ကျေးဇူးကန်းတာမျိုး မလုပ်မိအောင် ငါနေတတ်ခဲ့တာပါ။ အေး! မှန်တယ်၊ နွေးကို မင်းချစ်နေတဲ့မိန်းကလေးမှန်း ငါမသိ ခင်ကတည်းက ငါနဲ့နွေးချစ်မိသွားခဲ့တာပါ။ ဒါပေမဲ့ မင်းကြောင့် ငါ နောက်ဆုတ်ပေးပါ့မယ်''

''အဲဒီလိုမှမလုပ်ရင်လည်း ငါ့သူငယ်ချင်းစာရင်းကနေ မင်းကိုအပြီးဖယ်ထုတ်ဖို့ ဆုံးဖြတ်ထားပြီးသားပါကွ''

''မေတ္တာဆိုတာ ရောင်ပြန်ဟပ်စမြဲပါ မင်းမြတ်သိခ်။ မင်းအပေါ်မှာ ငါ့စေတနာမှန်ရင် ငါ့အပေါ်မှာ ဖုံးလွှမ်းနေတဲ့မင်း အမြင်တွေ ပြောင်းလဲသွားမှာပါ။ အချစ်ဆိုတာ အတူနေခွင့်ရမှ ပီသတာမဟုတ်ပါဘူး။ ပေးဆပ်စွန့်လွှတ်တတ်ရင်လည်း ချစ်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



အစစ်အမှန်ပါပဲ။ နွေးရဲ့ကိုယ်စိတ်နှလုံးအစုံကို မင်းပြန်ရပါစေလို့ ငါဆုတောင်းပေးခဲ့ပါတယ် သိခ်။ မင်းဘဝမှာ မှူးစစ်ကျော်ဆို တာ သေသွားခဲ့ပြီလို့ပဲ ယူဆလိုက်ပါ။ ဒါပါပဲ''



## အခန်း (၂၀)

''ဒါက ဘာသဘောလဲ. . .မှူး''

စားပွဲထက် စာရွက်ခေါက်လေး တရိုတသေတင်ပေး လိုက်စဉ် မေးလာသည့်မေးခွန်းပါလေ။ ဦးနှင့်အကြည့်ချင်မဆုံမိ စေရန် မျက်ဝန်းကို အောက်ချရွှေ့ထားမိပါ၏။ မတူဘူးတဲ့၊ မိုး နဲ့မြေဆိုတာ အများကြီးကွာခြားမှန်း ငါလည်းသိပါတယ် သိခ် ရယ်။ မင်းရပ်တည်တဲ့မိုးကသာ အစစအရောင်ပြောင်းလဲတတ် တာပါ။ နေ့နဲ့ညမှာ အပြာတစ်လှည့် အမည်းတစ်လှည့် ပြောင်း လဲတတ်သလို နွေမိုးဆောင်း သုံးရာသီစလုံး ဆီးနှင်းတွေ၊ မိုးရေ တွေ၊ လေညင်းတွေ ဖန်တီးတတ်တာပါလေ။

မြေကြီးက မပျောက်မပျက် ဒီအတိုင်း တစ်သမတ်တည်း



www.burmeseclassic.com

www.burmeseclassic.com



ရှိနေတတ်တာ မမြင်ဘူးတဲ့လား။ အနှင်းခံဘဝပါ၊ သို့သော် မင်းနှင်းထားတဲ့မြေက မင်းအပေါ်မှာ သစ္စာရှိရှိတည်မြဲနေမြဲဆိုတာကိုတော့ မင်း နားလည်ထားစေချင်ပါတယ်။ နောက်ဆုံးတော့ မြေကြီးဆိုတာ နှင်းပါများလို့ အကျစ်လစ်ဆုံး အသန်မာဆုံးနဲ့ အခိုင်ခံ့ဆုံးအဖြစ် ထာဝရ ရပ်တည်သွားမှာပါလေ။

''မှူး. . .''

''ခင်ဗျာ. . .ဦး''

''ပွင့်ပွင့်လင်းလင်းပြောဖို့တော့ လိုပြီထင်တယ်၊ ထိုင်ဦး''

''ကျွန်တော် ဦးကို ညနေပြန်ပို့ပြီးမှ အလုပ်ထွက်မှာပါ''

''ထိုင်ဦးလို့ ပြောနေတယ်လေ''

အမိန့်ပေးလေပြီ။ တစ်သက်လုံး ဟုတ်ကဲ့ဆိုပြီး ခေါင်းညိတ်နာခံကျင့်က ဦးလေသံကြောင့် စားပွဲရှေ့မှခုံမှာ ခပ်ယို့ယို့ ထိုင်လိုက်မိတော့၏။ မျက်နှာကို သေချာမြင်လိုက်လေသလား။ ညက အိမ်ပြန်ရောက်တော့ ကွဲသွားသည့်နှုတ်ခမ်းထောင့်ကို အမေက အာငွေ့ပေးကာ ကြပ်ထုပ်ထိုးပေးခဲ့တာပါလေ။

'သည်းခံခြင်းသည် အောင်မြင်ရာ၏'တဲ့၊ 'ကျေးဇူးသိတတ်သည့်သားအဖို့ အလုပ်မရှားဘူး' ကောင်းကောင်းမွန်မွန်ပြောပြီး နှုတ်ထွက်ခဲ့ပါ'ဟု အသေအချာမှာလိုက်တာမဟုတ်ပါလား။





အခုတော့ ဦးရှေ့မှာ မေးသမျှဖြေဖို့ ငုတ်တုပ်လေးထိုင်နေရပြီလေ၊

''ဘာဖြစ်ကြသလဲ''

''ဗျာ! ဘာကိုလဲ. . .ဦး''

''မှူးနဲ့ အိမ်ကသား ဘာဖြစ်ကြလဲဆိုတာကို ဦးသိဖို့လိုပြီလို့ ယူဆတယ် မှူး။ ဘာမဆိုပွင့်ပွင့်လင်းလင်းပြောတတ်တဲ့သူက ရေငုံနှုတ်ဆိတ်နေမှတော့ ကိစ္စက အကြီးကြီးပဲဖြစ်နေလိမ့်မယ်''

''ကျွန်တော်တို့ ဘာမှမဖြစ်ကြပါဘူး ဦး''

''ဒါဖြင့် ဘာကြောင့်နှုတ်ထွက်စာ တင်ရသလဲ မှူးစစ်ကျော်''

''ဒီလိုပါပဲ ဦး''

''အဲဒါကိုက မရေရာတာ၊ သားဘဝမှာ ဘာအကျိုးမှ ရှိနိုင်ဘဲ ဘယ်လိုအရာမျိုးကို ဦးတည်ချက်မဲ့ပြီး လုပ်ခဲ့ဖူးတာလဲ။ မှူးစစ်ကျော်ဆိုတဲ့ကျောက်ရိုင်းလေးကို အဖိုးတန်ကျောက်လေးဖြစ်လာအောင် ရည်ရွယ်ချက်ကြီးကြီးနဲ့ ဦး သွေးပေးခဲ့တာပါ။ ဒီလိုလွယ်လွယ်နဲ့ လက်လျှော့ပေးလိုက်ဖို့ ဘယ်တော့မှ စဉ်းစားဘူး။ အေး. . .မြတ်သိမ်ကို ဒီလွှတ်လိုက်ချေ''

သေစမ်း! သူ့ကို ဆုံးမပြဩဝါဒချွေနေရာမှ Intercon



www.burmeseclassic.com

www.burmeseclassic.com



ခလုတ်နှိပ်ပြီး သားဖြစ်သူကိုခေါ်ချေလေပြီ။ မတွေ့ချင်တော့ပါး ကိုယ့်ကိုပါမက မွေးသမိခင်ကိုပါ နှိမ့်ချစော်ကားပြောခဲ့သည့်လူ ကို စိတ် ဒဖို့ထက် ဥပေက္ခာပြုနိုင်ဖို့ သူအတော်ကြိုးကြိုးစားနေရ တာပါလေ။ နေမြင်ညပျောက်ဆိုပြီး လက်တွေ့မှာဖြင့် ရင်ထဲ တအုံနွေးနွေးနဲ့ အခံကြီး ခံရခက်နေခဲ့တာမဟုတ်ပါလား။

"ကဲ! ပြော၊ နှစ်ယောက်စလုံး ဘာကိစ္စ ဘယ်လိုဖြစ် ပြီး မျက်နှာချင်းမဆိုင်နိုင်အောင် တင်းမာနေရသလဲဆိုတဲ့ကိစ္စလေး လင်းပါဦး"

ငြိမ်နေမိကြ၏။ အခုမှ ကျောင်းမှာရန်ဖြစ်လို့ ကျောင်း အုပ်ကြီးရုံးခန်းထဲ အခေါ်ခံရတဲ့ကျောင်းသားလေးတွေနှယ် ဖြစ် နေလေပြီ။ PA ကိုလင်းမောင်က အခြေအနေကိုရိပ်မိပုံဖြင့် ပြုံး စစလုပ်ကာ ထမင်းစားချိန် အပြင်ထွက်သွားလေတော့၏။

ကဲ! အကျဦးထဲအကျပ်ထဲရောက်နေပြီမို့ ကြောင်းကျိုး ပြချက်တွေ ဦးနောက်ထဲက ထွက်လာစမ်း။

"ဟိုလေ . . . ကျွန်တော်က"

"နေဦး . . . သိခ်အရင်ပြော"

သွားပါပြီ။ သူက အကြောင်းတစ်ခုခုရှာပြီး စီပြောမလား ပြင်မိပါတယ်။ MD ဖြစ်သူက ပါးနပ်ပုံ။ ဒီလိုလူရိပ်လူကဲခတ်





နိုင်လို့လည်း စီးပွားရေးလောကမှာ ဦးဆောင်နိုင်နေတာကိုး။ ဘယ် လောက်ပဲကြိုးစားနေပါစေ၊ ဝါရင့်သဘာရင့်လူကြီးခြေမှုန်းကိုဖြင့် သူတို့လူငယ်တွေ မမီနိုင်ပါလားလေ။

"မြတ်သိခ်"

"မှူးကို နှုတ်ထွက်ခွင့်ပေးလိုက်ပါ ဒက်ဒီ"

ဦးမင်းသိင်္ခ သက်ပြင်းရှိုက်လျက် File ကို စားပွဲထက် အသံမြည်အောင် ပစ်ချပြလေ၏။ မုန်တိုင်းတော့ ဝင်ချေပြီ။ မီး ဆိုတာ လောင်လွယ်တတ်တဲ့အမျိုးမို့ ငါက ရေလောင်းနေပေ မယ့် မင်းက ဓာတ်ဆီလောင်းချင်နေတာပါလား သိခ်ရယ်။

"Give reason! "

"သူမှမလုပ်ချင်တော့တာ ဒက်ဒီရဲ့"

"စကားကို လက်လွတ်စပယ် မပြောစမ်းနဲ့ မြတ်သိခ်၊ အဲဒါတွေကြောင့် မင်းနဲ့ငါ မတည့်တာ။ ဘာမဆို ပေါ့ပေါ့တွေး ပြီး လွယ်လွယ်ပြောတတ်တယ်။ ဒီလိုပုံစံနဲ့ ဒီကုမ္ပဏီကြီး လက် လွှဲပေးလို့ရပါ့မလား"

"ကျွန်တော်က ဒက်ဒီ့သားပါ"

"အေး . . . အဲဒီသားမို့လို့ အခုလိုပြောနေရတာပေါ့ကွ၊ ဒီနေရာဒီခုံကိုလိုချင်ရင် ရဖို့ မင်းအများကြီးကြိုးစားရဦးမှာ။ အများ



www.burmeseclassic.com

www.burmeseclassic.com



ကြီးလိုနေသေးတယ်''

''ကျွန်တော် သိပါတယ်''

''ဘာကိုသိတာလဲ''

''မှူးရှိနေသရွေ့ ဒီလိုပဲ ကျွန်တော့်ကို မှူးနဲ့အမြဲနှိုင်းယှဉ်ပြီး ပြောနေဦးမယ်ဆိုတာကိုပေါ့''

''ဘာရယ်''

''သိန်''

''မင်းဝင်မပြောနဲ့၊ မင်းချွန်တွန်းလုပ်လို့ ငါ့အပေါ် ဒက်ဒီ အမြင်စောင်းတာ။ မင်းအမြဲ ခလောက်ဆန်နေလို့ ငါ့ကို ဒက်ဒီ အထင်မကြီးတာ။ မင်းအသက်ရှင်နေလို့ ငါ့ဘဝကြီး ဒီလိုခက်ခဲနေရတာကွ''

''မြတ်သိန်!''

''ကျွန်တော့်ကို ဘယ်လောက်အရွယ် ဘယ်အချိန်ထိ သူနဲ့နှိုင်းယှဉ်ပြီး ပြောနေဦးမှာလဲ ဒက်ဒီ။ ဒက်ဒီ့သဘောထားက ဘယ်လိုလဲ၊ ဒီကောင့်ကိုပဲ လက်မလွှတ်ချင်ရင် ကျွန်တော်ကပဲ အလုပ်ကနေ အပြီးအပိုင်ထွက်ရမှာလား။ သူနဲ့တစ်မြေတည်းမှာ အတူမနေချင်တော့ဘူး ဒက်ဒီ။ ဒါ ကျွန်တော့်စကားအကုန်ပဲ''

''မနေချင်ရင် ဘယ်သွားမှာလဲ၊ ဂျပန်လား ကိုရီးယားလား ဆွစ်ဇလန်လား။ ကြိုက်တဲ့နိုင်ငံသာပြော. . . ငါပို့ပေးမယ်''

''ဒက်ဒီ''

''ဒီမှာ မင်းမြတ်သိန်၊ ငါတို့ကို မင်းဘယ်အတိုင်းအတာထိ ဆက်နှောင့်ယှက်ဖို့ အစီအစဉ်ရှိနေသေးလဲဆိုတာ ပြောပါဦး။ မင်းတစ်ယောက်မရှိလို့ ငါ့ကုမ္ပဏီက ဘာမှယုတ်လျော့မသွားဘူးကွ။ အေး! မှူးလိုဝန်ထမ်းကောင်း အလုပ်သမားကောင်းမျိုးမရှိတာကမှ ငါ့အတွက် ပိုနစ်နာတာ။ ငါ့ကုမ္ပဏီအတွက် ဆုံးရှုံးမှုပိုဖြစ်မှာ။ တခြားဝန်ထမ်း (၁၀)ဦးဖြစ်ဖြစ်၊ အယောက် (၂၀)ဖြစ်ဖြစ်၊ အယောက် (၁၀၀)ဖြစ်နေပါစေ၊ မှူးလိုလူနဲ့ ငါလဲလှယ်ပေးနိုင်ဘူး။ အဲဒါ မင်းမြဲမြဲမှတ်ထား''

သူမျက်လုံးပြူးရလေတော့၏။ သားအဖပွဲက တစ်ပြန်တစ်လှည့်ဖြစ်ပြန်ချေလေပြီ၊ ဟိုတလောလေးကမှ ပြန်ပြေလည်တာ ဘာများကြာသေးလို့လဲ။ အခုတစ်ခါ သူ့ကြောင့် ပြဿနာတက်ရပြန်ပြီကော။ မင်းတော့ လောကကြီးထဲကနေ အပြီးအပိုင်ထွက်သွားသင့်ပါရောလား မှူးစစ်ကျော်။

''ဒက်ဒီက. . . ဒက်ဒီက ကျွန်တော်နဲ့သူ့ကို လဲရဲတယ်ပေါ့လေ''

''အေး. . . လဲရဲတာပေါ့၊ မလဲရဲစရာ ဘာများရှိလို့လဲ။





ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



မင်းမှာ ထောက်ပြစရာဆိုလို့ ဘယ်နှချက်များရှိနေလဲ။ ပြောပြစမ်းပါဦး။ B.Sc ဘွဲ့လေးကို မဖြစ်ညစ်ကျယ်နဲ့ ရထားရုံကလွဲပြီး ဘယ်မလဲ မင်းရဲ့အရည်အချင်း၊ ဘယ်မှာလဲ မင်းရဲ့လုပ်ရည်ကိုင်ရည် အစွမ်းအစ၊ မင်းကို ဘယ်နေရာမှာများ သွားသုံးလို့ရမှာတဲ့လဲ။ ကိုယ့်ကိုယ်ကိုယ် နှဖူးပေါ်လက်တင်ပြီး စဉ်းစားကြည့်ပါဦး။ ငါမပြောလိုက်ချင်ဘူး''

''ဦး. . . ကျွန်တော်''

''အဲဒါ မင်းကြောင့်ဖြစ်ရတာပဲ မှူးစစ်ကျော်၊ မင်းရှိနေလို့ ငါ့အက်ဒီက ဒီလိုစကားမျိုးပြောထွက်တာ။ မင်းသာမရှိရင် ငါက မင်းနဲ့နှိုင်းယှဉ်ပြစရာမရှိမယ့်သားမျိုးဖြစ်မှာ။ ငါ့ဘဝအတွက် မင်းက အမိုက်ပဲကွ''

''ဘာ!''

''ကျွန်တော် တောင်းပန်ပါတယ် ဦး''

''မင်း ဘာမှတောင်းပန်စရာမလိုဘူး မှူး''

''ဒီကောင်အကျင့်ကို ဒက်ဒီ ဘာများသိလို့လဲ။ ဒီကောင်က ဆင်ကြံကြံနေတဲ့ကောင်ဗျ။ ဒက်ဒီ့ကိုအယုံသွင်းပြီး ကျွန်တော်ရမယ့်နေရာကို လုရှုံမှုမက ဒက်ဒီတို့သဘောတူထားတဲ့သဒ္ဓါကိုကြားကနေ ဖြတ်ခုတ်ပြီး. . .''





''ဦး. . . မလုပ်''

အချိန်မမီလိုက်ပါလေ။ သူ အမြန်ထတားလိုက်သည့်ကြားမှ ဦးမင်းသိင်္ဂါ၏လက်က သိခ်ကို အနည်းငယ်မျှ ထိသွားစေလေ၏။ သူဆွဲလိုက်သည့်လက်ကို သိခ်က ပုတ်ထုတ်လိုက်လေသည်။ စေတနာတွေ အရာမထင်တော့ပါလားနော်။

''အလကားကောင် . . . ကျေးဇူးမသိတတ်တဲ့ကောင်၊ ခွေးသား''

''ဒက်ဒီ! ကျေးဇူးကန်းတဲ့ကောင်က ဒီကောင်မှအစစ်ဗျ''

''ဘာ! ဘာကျေးဇူးကန်းရမှာလဲ၊ မင်းသာ 'မ'ဘက်လိုက် မိုက်ဘက်ပါပြီး စော်ကားမော်ကားတွေပြောနေတာ။ မင်းသူငယ်ချင်းက သူ့အဖေ ကျော်ဟန်ရှိစဉ်ကတည်းက ငါ့အပေါ်သစ္စာရှိတဲ့လူယုံပါ။ အေး. . . သားအလည့်မှာလည်း ဖအေခြေရာအတိုင်း လိုက်လာတဲ့ကလေးမျိုး။ မင်းလို 'မ'စိတ်မွှန်နေတဲ့လူမျက်စိအမှောင်ဖုံးနေတဲ့လူ မဟုတ်ဘူးကွ။ ဒီမှာ မင်းမြတ်သိခ်၊ မင်းကို GM ရာထူးပေးဖို့ ရာထားပေးထားတာ မှန်တယ်။ MD နေရာပေးဖို့ ငါလုံးဝစိတ်မကူးဘူး။ မင်းကို ဒီကုမ္ပဏီကြီးလက်လွှဲပေးရင်တောင် မှူးစစ်ကျော်ရဲ့ Spotting မရှိဘဲနဲ့ မင်းဘယ်လိုမှ မရည်တည်နိုင်မှန်း ငါသိပြီးသား။ မင်းကြောင့် အသက်ရှင်



www.burmeseclassic.com

www.burmeseclassic.com



နှစ်အရွယ်မှာ ခေါင်းကွဲခံပြီး မင်းကို ကာကွယ်ပေးခဲ့တဲ့ မှူးရဲ့ အနာမကျက်သေးခင် သူ့ရင်ဘတ်ကို ဒဏ်ရာထက်မပေးချင်နဲ့။ ဘယ်သူက ဘယ်သူ့ကို ကျေးဇူးရှိသလဲဆိုတာ ဘုရားအသိ နတ်အသိ။ ပြီးရင် ငါရောမင်းအမေပဲ သိကြတာကွ''

''ဒက်ဒီ''

''ဦး. . .''

''မင်းသိချင်ရင် မင်းအမေကိုသွားမေး။ မင်းအတွက် မှူးစစ်ကျော်ဆိုတာ မရှိမဖြစ်သူငယ်ချင်းကောင်းလားဆိုတာ သေချာသွားမေးကြည့်ချေ. . . တောက်! ''

သိခ်တစ်ယောက် ပေါက်ကွဲကာ ရုံးခန်းထဲမှထွက်သွားလေတော့၏။ အစည်းအဝေးက ပြီးပြီလား။ သူငယ်ချင်းနှစ်ဦးရဲ့ ရည်းစားလုပွဲ၊ နေရာလုပွဲက ဒီမှာပဲအဆုံးသတ်ပြီထင်ပါရဲ့။ မျက်နှာကို လက်အုပ်ပြီးငြိမ်သက်နေသည့် ဦးမင်းသိင်္ဂါကို သူ့အဒေသားကြည့်နေမိတော့သည်။

အသက်ရှစ်နှစ်အရွယ်တဲ့။ သူဘာလို့မမှတ်မိတာပါလိမ့်။ ငယ်စဉ်ကတည်းက ဘာမဆိုမှတ်မိလွယ်သည့်သူ့လိုလူက အဲ့ အရွယ်ကအကြောင်းကို ဘာလို့များ မေ့နေရတာပါလဲ။ အံ့ဩပါဘိ။ သူမသိရအောင် ဘာအကြောင်းများရှိခဲ့တာပါလဲနော်။





အမေများ သိနေမလား၊ အန်တီမွန်တောင် သိတယ်ပြောနေမှဖြင့် အမေလည်း ဒီကိစ္စကိုသိနေမှာပါလေ။ 'ကျေးဇူးရှင်'တဲ့။ ဘယ်လိုပြောင်းပြန်များ ဖြစ်ပြန်ပြီလဲ။ သိချင်စိတ်က အရမ်းကိုပြင်းပြနေပေမယ့် စိတ်လှုပ်ရှားမှုကြီးနေသည့်ဦးကိုဖြင့် သူ မမေးရဲပါလေ။ အထူးသဖြင့် သူ့အတွက်နဲ့ ဦးစိတ်ဆင်းရဲရမှာကို သူအကြောက်ဆုံးမဟုတ်ပါလား။

''ဦး. . .''

''ခဏနေဦး''

လက်ကာပြတာမို့ သူငြိမ်နေလိုက်ရပါ၏။ အတော်လေးစိတ်ပျက်နေတာအမှန်ပဲထင်ပါရဲ့။ စိတ်မကောင်းပါဘူး သိခ်ရယ်။ မင်းကို ငယ်စဉ်ကတည်းက အားကျခဲ့တာတော့အမှန်ပါ။ ဒါပေမဲ့ ဒီနေ့ ဒီအချိန်ထိ မင်းနေရာကိုယူဖို့စိတ်ကူးမျိုး လုံးဝမရှိတာ တကယ်ပါလေ။ အရင်က ငါ့အပေါ်သံယောဇဉ်ရှိတဲ့ ငယ်သူငယ်ချင်းက ချစ်သူမိန်းကလေးတစ်ယောက်ကို အပြိုင်လုကြိုက်တာနဲ့ စိတ်ဝမ်းကွဲရပြီး ငါ့ကိုရန်သူလို သဘောထားသတဲ့လား။ ဖြစ်ရလေ သိခ်ရယ်. . .

''သား တကယ်ပဲ မမှတ်မိတာလား''

''ခင်ဗျာ''



www.burmeseclassic.com

www.burmeseclassic.com



အံ့သြစွာဖြင့် မော့ကြည့်ဖြစ်လေ၏။ ဘာကိုမှနားမလည် နိုင်သေးပါလေ။ ဘယ်နနှစ်လောက်ကြာနေပြီလဲ။ အဲဒီတစ်ချိန်က အဖြစ်အပျက်ကို နည်းနည်းလေးမှ မမှတ်မိရလေအောင် သူ့မှတ် ဉာဏ်တွေ ပျောက်ဆုံးနေသတဲ့လား။ ဦးနှောက်ထဲမှာ ဒွိဟတွေ သာ ပြည့်နှက်နေတော့တာပါလေ။

"အဲဒီအဖြစ်အပျက်ကို မပြောမိစေဖို့ ဦးတို့လူကြီးလေး ဦးစလုံး ကတိပြုခဲ့ကြတာပဲ သား"

'သား'တဲ့။ ဖခင်မဲ့သွားရတဲ့သူ့ကို အဖေနဲ့မခြား နွေးထွေး စွာ ပြောဆိုဆက်ဆံလေ့ရှိသည့်ဦးကို ကျေးဇူးတင်လို့မဆုံးပါလေ။ သူစိမ်းဖြစ်သည့်သူ့အပေါ်မှာ ကြင်နာသလောက် အဘယ်ကြောင့် သားအရင်းဖြစ်တဲ့သိခ်အပေါ် တင်းမာစွာ ဆက်ဆံရပါသလဲ။ ဘယ် လိုမှ နားမလည်နိုင်ပါလေ။

"သားတို့သူငယ်ချင်းနှစ်ယောက် တစ်ဦးကိုတစ်ဦး သိပ် ချစ်ကြတာ ဦးတို့မိဘတွေအသိဆုံးပါ။ သိခ်က ငယ်တယ်၊ ချမ်း သာတယ်၊ စာလည်းတော်တာ မှန်ပေမယ့် သူ့ထက်စာပိုတော် တဲ့သားအပေါ်မှာ မနာလိုမစ္ဆရိယစိတ်မျိုးရှိတာ ငယ်စဉ်ကတည်း ကပါ"

"ဗျာ!"





ဘုရားရေ! မဖြစ်နိုင်တာ။ သူက သိခ်ထက် စာပိုတော် သတဲ့။ မဖြစ်နိုင်တာ။ ကျောင်းတက်တိုင်း နောက်ဆုံးခုံမှာပဲ တက်ရတဲ့သူ၊ အဆင့်နှစ်ဆယ်ဝင်အောင်တောင်မှ နှစ်စဉ် မနည်း ကြိုးကြိုးစားခဲ့ရတဲ့ကောင်က သိခ်ထက် စာပိုတော်သတဲ့လား။

"သားတို့ (၈)နှစ်အရွယ် သုံးတန်းကျောင်းသားတွေပေါ့ လေ၊ ကျောင်းကအပြန် အိမ်ကလာကြိုတဲ့ကားကိုမြင်ပြီး လမ်း ဖြတ်ကူးခဲ့တဲ့သိခ်ကို ကားတိုက်မခံရလေအောင် ပြေးဝင်ကယ် ခဲ့ပြီး သားနောက်စေ့နဲ့ Platform ဘောင်ကို တိုက်ခဲ့တယ် သား။ ဒါကြောင့် သိခ်ကို သားက ပိုချစ်တယ်ဆိုတာကို သိခ်တစ်ယောက် သိစေချင်လို့ပါ မှူးရယ်"



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

ဒီကန်နားကိုရောက်တာ ကြာနေပေပြီ။ သို့သော် စကားတစ်ခွန်းမှမပြောဖြစ်သေး။ ရေပြင်ကို ငေးမောနေမိတာက တော်တော်ကြာနေလေပြီ။ ကန်ရေပြင်ကိုဖြတ်၍ တိုက်ခတ်လာသည့်လေက နွေး၏ဆံနွယ်တို့ကို လွင့်ခနဲဖြစ်သွားစေလေ၏။

ရင်ထဲမှာ မွန်းကြပ်ပြည့်သိပ်နေတာပါလေ။ ပြောမထွက်ရက်ပေမယ့် ပြောရတော့မှာပါပဲ။ တစ်ခါတစ်ရံမှာ (၅၂၈)ဆိုတာ (၁၅၀၀)ထက်ပိုပြီး သာလွန်တယ်ဆိုတာကို အခုမှ သူနားလည်ခဲ့ရတာပါလေ။ 'မင်းမြတ်သိန်'တဲ့၊ သူ့ဘဝမှာ သူအတော်လေးသံယောဇဉ်ဖြစ်ခဲ့ရတဲ့ လူငယ်လေးပါလား။

'ဣသသမဋ္ဌရိယ'တဲ့။ မနာလိုဝန်တိုခြင်းက မီးတောက်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာကို မင်းမသိခဲ့လေသလား။ အရာရာသာလွန်ပြီး ဘာမဆို ပိုင်ဆိုင်ခွင့်ရှိခဲ့တဲ့ကောင်လေးက သူလိုလူဆင်းရဲလေးရဲ့ အမြဲရရှိတဲ့အဆင့်(၁)နေရာကို မရနိုင်လို့ အမြဲစိတ်တိုခဲ့သတဲ့လေ။ မုန့်တစ်ခုကျွေးဖို့ မနေမြောတတ်တဲ့ကောင်လေးက ဒီလိုနေရာမျိုးမှာ သူ့ကိုပြိုင်ဖက်သဖွယ် သဘောထားခဲ့သတဲ့။

'ကယ်တင်ခဲ့တဲ့ကျေးဇူးရှင်' တဲ့။ သူ့ကိုတောင် ကြက်သီးဖြန်းခနဲထစေရင် သိခ်တစ်ယောက် အဘယ်မျှထိတ်လန့်သွားလေမလဲ။ နောက်စေ့ကို ထိခိုက်မိခဲ့လို့ သူ့မှတ်ဉာဏ်တွေ လျှော့ပါးခဲ့သတဲ့။ သူငယ်ချင်းကို အသက်ပေးပြီး ကယ်ခဲ့ရလို့ သူက စာညံ့တဲ့အဆင့်ထိ ထိုးကျခဲ့ရသတဲ့လေ။

အခုတော့ . . . အခုတော့ အဲဒီလူငယ်လေးက တစ်ဘဝလုံးအတွက် သူ့ကိုလက်မြှောက်အရှုံးပေးရတော့မတဲ့လား မိုးနဲ့မြေဆိုတာ အမှန်ပါသိခ်ရယ်။ မိုးကောင်ကင်ကြီး မာယာများတတ်သလောက် မြေပြင်ကြီးက ဣန္ဒြေရရနဲ့ ငြိမ်ငြိမ်သက်သက် နေနေဦးမှာပါ။ မင်းငုံ့ကြည့်နေတဲ့နေရာမှာပဲ ငါ မလှုပ်မယှက် ရပ်နေဦးမှာပါ သူငယ်ချင်းရယ်။

အနင်းခံဘဝ၊ အနှိမ်ခံဘဝပါပဲ။ ဘယ်တော့ပဲမျှော်ကြည့်မိပါစေ၊ မြေကြီးက အမြဲတစေ အောက်တက်မှာပဲ ရှိနေမှာပါလေ။





ငါပြောချင်တာတစ်ခုတည်းပါ။ မင်းအပေါ် ခုမိသွားတဲ့ငါ့စိတ်ကို ငါပြန်ရုက်မိတာ အမှန်ပါပဲ။ ဘာမှမသိနားမလည်နိုင်သေးတဲ့ ကလေးဘဝတုန်းကတောင်မှ မင်းအပေါ် ဖြူစင်စွာချစ်နိုင်ခဲ့ပါလျက် အခုအရွယ်ရောက်ချိန်မှာ ငါ့စိတ်တွေ ဘာကြောင့် မသန့်စင်ရတာပါလဲ။

စေတနာမမှန်ခဲ့လို့ အခုလိုမျိုး ရင်ထဲမှာ နာကျင်ရတာများလား။ ဒီပွဲမှာ ငါနိုင်လိမ့်မယ်လို့ ယူဆထားမိပေမယ့် လက်တွေ့မှာက ငါက (နွေးရဲ့ချစ်ခြင်းတွေကို အပိုင်စားရယူထားပါလျက်) အရှုံးကြီးရှုံးနေတာပါလေ။ ဟိုအရင်လို စိတ်ထားသန့်သန့်လေးမျိုး ခုချိန်မှာ ဘာလို့ သူမမွေးနိုင်ရပါသလဲ။

''ကျော်''

''ဟင်''

''ပြောစရာရှိလို့ဆို၊ ပြောလေ''

ချစ်သူ၏လေသံက အင်အားမရှိသလိုနှယ် ဖျော့နေလေ၏။ စိုးရိမ်နေပြီလား။ ဟိုနေ့ကပဲ သူ့အိမ်မှာ ပြဿနာအကြီးအကျယ်တက်ခဲ့ကြတာကိုး။ သူလိုလူကိုရွေးချယ်မိတဲ့နွေးအတွက် အနစ်နာဆုံးဆိုတာကို သိစိတ်နဲ့ သိသိကြီးဖြစ်ပါလျက် သူ မိုက်မိုက်မဲမဲ ဖွတ်တိုးမိခဲ့တာပါလေ။



www.burmeseclassic.com

www.burmeseclassic.com



ချစ်ပါတယ်. . . အသွေးအသားထဲကတောင်မှ အသည်းနှင့်အောင် တရှိုက်မက်မက် ချစ်မိရတာပါနွေးရယ်။ ဒါပေမဲ့ ကိုယ်က ကိုယ့်အတွက်ပဲ ကြည့်တတ်တဲ့ကောင်ဆိုပြီး ကိုယ့်လူငယ်ချင်းက မြင်သာအောင် ထောက်ပြခဲ့တာလေ။ နောက်ဆုတ်ရတော့မှာပါ။ ရင်နင့်ခြင်းတွေအပြည့်နဲ့ ကျောခိုင်းနှုတ်ဆက်ဖို့ ကိုယ်အားယူပြင်ဆင်ခဲ့ရတာ ပင်ပန်းလွန်းတာ အမှန်ပါလေ။

"ကျော်"

"လမ်းခွဲကြရအောင်"

"ရှင်! "

"ကိုယ်တို့ လမ်းခွဲကြစို့လို့ ပြောလိုက်တာပါ နွေး"

"ကျော်. . . ကျော် ဘယ်လိုပြောလိုက်တာလဲ"

"ကိုယ်ပြောတာကို နွေးကြားလိုက်မှာပါ"

"မကြားဘူး"

အဖျားခတ် တုန်ရီသွားသည့်အသံကြောင့် မျက်ရည်ကျတော့မည်မှန်း သူသိလိုက်ပါသည်။ မငိုလိုက်နဲ့နော်၊ ကျေးဇူးပြုပြီး မငိုလိုက်ပါနဲ့လား။ နွေးရဲ့မျက်ရည်တွေက မနည်းခိုင်မာအောင်ကြိုးစားထိန်းနေရတဲ့ကိုယ့်ကို. . . ကိုယ့်စိတ်ကို အရည်ပျော်ကျသွားစေမှာမို့လို့ပါလေ။ မိန်းမတို့ရဲ့လက်နက်က မျက်ရည်တဲ့





အဲဒီလက်နက်က ကိုယ်တို့လို အရင့်အမာ ပုရိသတွေရဲ့နှလုံးသားကို အရည်ပျော်စေတတ်တာ မဟုတ်ပါလား။

"ကိုယ့်ကိုမေ့လိုက်ပါတော့"

"မဖြစ်နိုင်ဘူး ကျော်၊ ကျော့်ကို နွေးချစ်ခဲ့တာ မေ့ဖို့မှမဟုတ်တာ။ လမ်းခွဲဖို့ ဘယ်တော့မှမပြောပါနဲ့။ နွေး မကြားချင်ဘူး"

ကျွစ်! ပြောရခက်လိုက်တာနော်၊ ဘာအကြောင်းပြချက်နဲ့ လမ်းခွဲစကားပြောရမှာပါလိမ့်။ 'မင်းကိုမချစ်တော့ဘူး'လို့ ပြောရအောင်လည်း နှုတ်ဆွံ့နေမိတာလေ။ သူ့မျက်ဝန်းကိုမြင်ရုံနဲ့ ရင်ထဲမှာ ဘာရှိတယ် ဘာဖြစ်နေတယ်ဆိုတာကို လိမ်ညာလို့မှ မရနိုင်တာကိုး။ ဘယ်လိုများပြောရပါ့မလဲ။ ခက်ပါရဲ့။

"ကိုယ်တို့နှစ်ယောက် ရှေ့ဆက်ဖို့မဖြစ်နိုင်တော့လို့ ပြောနေရတာပါ"

"ဘယ်လို! ဘာကိုခက်ခဲနေလို့လဲ ကျော်၊ ပြောပါဦး"

ခက်ခဲပင်ပန်းရလေစွ။ ကိုယ့်ကိုအနစ်နာခံပြီး ချစ်တဲ့သူ၊ ကိုယ့်လို ဘာဆိုဘာမှမရှိတဲ့လူငမွဲကို မျက်စိစုံမှိတ်ပြီး ချစ်နေတဲ့ နွေးကို ရက်ရက်စက်စက်စကားတွေ ပြောထွက်ဖို့ သူနှုတ်မရဲပါလေ။ နားလည်မပေးနိုင်ဘူးလား။ ဘဝက ကြမ်းတမ်းတဲ့ ဆူးခင်း



www.burmeseclassic.com

www.burmeseclassic.com



လမ်းကြီးပါ နွေးရယ်။ ကိုယ်လိုလူရဲ့လက်ကို တွဲမယ့်နွေးအတွက် အချစ်က ဆေးခါးကြီးတစ်ခွက်ပဲဖြစ်နေမှာ အမှန်ပါ။

လိုက်ရဲတယ် စွန့်ရဲတယ်ဆိုတာ မှန်ပေမယ့် ကိုယ့်ချစ်သူကို နွံ့ထဲဆွဲချခေါ်ဖို့အတွက် ကိုယ့်လက်တွေက မဝံ့ရဲတာတော့ တကယ်ပါ။ စိတ်ကူးနဲ့လက်တွေ့ရဲ့ကွာခြားချက်တွေကို နွေးသိရလေအောင် ဘယ်လိုများပြောရပါ့မလဲ။ ရင်မောရပါ့။

"နွေးမှာ . . . နွေးမှာ ဘာအပြစ်များရှိနေလို့လဲ ကျော်။ ရှိရင်ပြောပြပါ။ နွေး ပြင်နိုင်ပါတယ်"

အပြစ်တဲ့။ မြူမှုန်လောက်တောင်မှ ရှိမနေတဲ့အပြစ်ကို ဘယ်လိုရှာကြံပြီး ပြောရပါ့မလဲ။ ကိုယ်လိုလူကိုမှ ချစ်မိတဲ့မိန်းကလေးက အပြစ်ရှိမှာတဲ့လား။ ဟုတ်ပါတယ်၊ နွေးမှာ ကိုယ့်ကို ချစ်မိတဲ့အပြစ်လေးပဲ ရှိနေတာပါလေ။

"ရှိတယ်"

"ဟင်!"

"ကိုယ်လိုလူကိုချစ်မိတာ အပြစ်ပဲပေါ့ နွေးသဒ္ဒါဖြူ"

အဦးဆုံးအဖြစ် နာမည်အရှည်ကို ခေါ်မိတာတောင်မှ ရင်နင့်စွာဖြင့်ပါလေ။ စိမ်းကားပါရစေ၊ ကိုယ်လိုလူရဲ့လက်ကိုတွဲတာထက် အဖက်ဖက်က ပြည့်စုံနေတဲ့သိခ်ရဲ့လက်ကိုတွဲတာက





မှ ပိုသင့်တော်မှာပါလေ။ ကိုယ့်ချစ်သူကို 'မြကိုရုံတဲ့စိန်'အဖြစ်နဲ့ အဖိုးတန်ကျောက်ကလေးသာ ဖြစ်စေချင်တာအမှန်ပါပဲ။

"ကျော်"

"ကိုယ့်ကို မင်းချစ်နေတာကိုက ကိုယ့်အတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေတာ မင်းသိပါရဲ့လား"

"ဟင်!"

ပြောရက်လိုက်တာ။ ဘယ်လိုစကားမျိုးတွေကို သူပြောရတာပါလဲ။ စွန့်စားမယ်ဆိုရင် လိုက်ဝံ့ပါတယ်ဆိုတဲ့ချစ်သူကို ကျော်က. . . ကျော်က ဝန်ထုပ်ဝန်ပိုးအဖြစ် မြင်သတဲ့လေ။ အချစ်တွေများ ပေါ့ကုန်လေသလား။ ချစ်သက်တမ်း နှစ်မပြည့်ခင် အချိန်တိုလေးနဲ့ နွေးတို့ချစ်ခြင်းတွေကို မေ့ဖျောက်ပစ်ရမတဲ့လား။ ရက်စက်ပါ့ ကျော်ရယ်။

"ဒီပုံအတိုင်း ရှေ့ဆက်သွားနေမယ်ဆိုရင် ကိုယ့်အတွက် အခက်အခဲတွေ အများကြီးကြုံတွေ့ရမှာ"

"နွေး ကူရှင်းပေးမယ်လို့ ပြောထားပြီးသားလေ ကျော်ရယ်"

"မဖြစ်နိုင်ဘူး"

". . ."



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲ ကျဉ်ခနဲဖြစ်သွားရပါ၏။ နွေးအမြတ်တနိုးချစ်မိရတဲ့သူက နွေးကို . . . နွေးကို ခါးခါးသီးသီးကြီး ငြင်းနေသတဲ့။ မထင်မိဘူးကွယ်၊ အချစ်မှာ မျက်စိမရှိဘူးဆို။ နွေးနောက်က ပကာသနတွေကို မေ့ထားပြီး ကျော့်ကို မျက်စိစုံမှိတ် ချစ်မိခဲ့တာ မှန်သမျှ ရင်မှဖြစ်တည်တဲ့ချစ်ခြင်းတွေကြောင့်ပါပဲ။ ဒါကိုသိနေပါလျက်နဲ့ ဒီလိုပြောထွက်ရက်တယ်လို့။

"သိမ်ကိုပဲ လက်ခံပေးလိုက်ပါ"

"ဘာရယ်"

"နွေးအပေါ်မှာ သူအတော့်ကိုချစ်ရှာတာပါ။ ပြီးတော့ နွေးနဲ့သူ့ကို မိဘတွေကအစ သဘောတူ . . ."

"ကိုကို့ကို နွေးမှမချစ်နိုင်တာ"

ပြတ်သားလှချည်လား။ သူ့စကားမဆုံးသေးခင် ထွက်လာသည့်လေသံက တုံးတိတိပါလေ။ ကိုကိုလို့တောင် ခေါ်နိုင်မှတော့ ချစ်ခြင်းတွေ လက်ဆင့်ကမ်းပေးဖို့ ဘာလို့မဖြစ်နိုင်ရပါသလဲ။ ယခုအချိန်မှာ ပူဆွေးသောကရောက်နေမယ့်သူငယ်ချင်းလေးကို နွေးရဲ့ချစ်ခြင်းတွေနဲ့ ပြုံးပျော်စေချင်လို့ပါလေ။

"ကိုကိုလို့တောင်မှ နွေးခေါ်နိုင်တာပဲ"

"အဲဒါ ငယ်ငယ်ကခေါ်ခဲ့တဲ့အတိုင်းပဲ ခေါ်လိုက်တာ။





သူ့ကိုချစ်လို့ခေါ်တာမှမဟုတ်ဘဲ ကျော်ရယ်။ နွေးဘဝမှာ အိပ်ပျော်နေတဲ့နှလုံးသားကို လှုပ်နှိုးနိုင်သူဆိုလို့ တစ်ဦးတည်းသာရှိခဲ့တာပါ။ အဲဒါ ကျော်ပဲ။ ကျော်ကလွဲပြီး နွေးကို ဘယ်သူမှ ချစ်ခွင့်မရှိဘူး၊ ထိခွင့်လည်းမရှိဘူး။ မိဘတွေရဲ့ဆန္ဒအတိုင်း အလိုက်သင့်ခေါင်းညိတ်လက်ခံသင့်ပေမယ့် နွေးက လက်ညှိုးထောင် ခေါင်းညိတ်လေ့ရှိတဲ့ မိန်းကလေးမျိုးမှမဟုတ်တာ"

"ခက်လိုက်တာ နွေးရယ်၊ ကိုယ်ပြောတာကို နားထောင်ပါဦး။ သိမ်ကိုရွေးချယ်မှ နွေးဘဝ လုံခြုံစိတ်ချရမှာ။ နွေးကို မတောင့်မတ မကြောင့်မကျနဲ့ ထားနိုင်မှာ။ နွေးရဲ့ဘဝလေးကို လှပတင့်တယ်လာအောင် . . ."

"မလိုချင်ဘူး"

"နွေး"

သူ့ကိုစူးခနဲကြည့်လိုက်ပုံက အင်အားကြီးမြားတစ်စင်းနှယ်ပါလေ။ ဒေါသဖြစ်သတဲ့။ သူ့ကိုမချစ်ဖို့ပြောစဉ်က ဝမ်းနည်းရိပ်ထင်သွားပေမယ့် သိမ်ကိုချစ်ဖို့ပြောလိုက်မှ (မြွေဟောက်မလေးပါးပြင်းထောင်ထလာသည့်နှယ်) ဆတ်ခနဲခေါင်းမော့လာတာပါလေ။

"ဒီမှာ ကျော်၊ ကျော့်ကို နွေးရဲ့ချစ်ခြင်းတွေ အကုန်ပို



www.burmeseclassic.com

www.burmeseclassic.com



ပေးအပ်ပြီးကတည်းက ရင်ထဲမှာ ဘာမှမကျန်တော့ဘူး။ ဟိုလူကိုချစ်ပါ၊ ဒီလူကိုမေ့ပါဆိုပြီး သူတစ်ပါးရင်ခွင်ထဲ အတင်းထိုးပေးနေရအောင် နွေးက ကျော်ပိုင်တဲ့အရုပ်လေးမှမဟုတ်တာ။ ပေးပြီးသားအချစ်တွေကို ပြန်ရုတ်သိမ်းလို့မှ မရတာဘဲ။ ကျော်ကလွဲပြီး နွေး ဘယ်သူ့ကိုမှ မချစ်နိုင်ဘူး''

''ကျစ်! ခက်တာပဲ၊ နွေးနားဝင်အောင် ကိုယ်ဘယ်လိုပြောမှ နားလည်မှာလဲကွာ''

''မပြောနဲ့၊ ပြောလည်း နွေးက နားထောင်မှာမှ မဟုတ်တာ''

နားကောက်ပါလား။ ခေါင်းမာမှန်းသိပါလျက် သူ့စေတနာကို မမြင်တတ်တာ ဘာကြောင့်များပါလိမ့်။ မင်းအတွက်ပါ နွေးရယ်။ နွေးဘဝကောင်းစားစေချင်တဲ့စေတနာကို မြင်ပေးနိုင်ရင် အဘယ်မျှကောင်းလိုက်မလဲ၊ သို့သော် သူချစ်မိတဲ့မိန်းကလေးက သူ့အပေါ်မှာ အဆုံးစွန်ထိ မျက်စိစုံမှိတ်ပြီး ချစ်တဲ့သူဖြစ်နေတာပါလား။ ကံကောင်းတာလား . . . သို့တည်းမဟုတ် ကံဆိုးစေတာများလား မှုူးစစ်ကျော်။

''ကျော့်ကို စိတ်ဆန္ဒတစ်ထပ်တည်းချစ်ခြင်းတွေနဲ့ ချစ်ခဲ့တာ တစ်သက်တာ ရာသက်ပန်အတွက် ရည်စူးထားလို့ပါ။ ဒီ





ကို ကျော်က ဥပေက္ခာပြုရက်မယ်ဆိုရင် ဒီလောကကြီးထဲကနေ အသက်မဲ့တဲ့ဘဝနဲ့ ထွက်သွားပေးမယ်။ အဲဒါဆို ကျော် ကျေနပ်ပြီလား''

ရင်ထဲ နင့်ခနဲဖြစ်သွားရပါ၏။ မချစ်တော့လို့ ဥပေက္ခာပြုရက်မယ်ဆိုရင်တဲ့။ စကားလုံးကို နက်နက်နဲနဲ သုံးစွဲတတ်ပါ ရဲ့။ သူနှုတ်ဆိတ်ငြိမ်သက်နေမိစဉ် နွေးက ခြေလှမ်းကို နောက်သို့ဆုတ်လိုက်လေ၏။ ဘုရားရေ! ဒါ . . . ဒါ ဘာသဘောနဲ့လဲ။

''နွေး''

''ပြောလိုက်ပါ၊ ကျော်မချစ်တော့တဲ့ မိန်းမတစ်ယောက်ကို မုန်းတယ်လို့ တစ်ခွန်းတည်း ရဲရဲကြီးပြောချရင် နွေးအတွက် လုံလောက်ပါပြီ''

''မလုပ်ရဘူးနော် . . . မလုပ်ပါနဲ့''

''ကျော်မချစ်မှတော့ ဒီဘဝကြီးမှာ အသက်ရှင်လျက်နေလို့ ဘာအဓိပ္ပာယ်ရှိတော့မှာလဲ၊ နွေးက သတ္တိအပြည့်ရှိပါတယ် ကျော်။ ချစ်ရဲတယ်၊ စွန့်ရဲတယ်၊ မိုက်လည်းမိုက်ရဲပါတယ်။ ဒီဘဝမှာ ကျော်ဆိုတဲ့ယောကျ်ားတစ်ယောက်ကို နောက်ဆုံးထွက်သက်အထိ ချစ်ပြသွားတဲ့မိန်းမတစ်ယောက် မွေးဖွားခဲ့တယ်ဆိုတာ . . .''



www.burmeseclassic.com

www.burmeseclassic.com



"နွေး"

"မလာနဲ့. . . ရှေ့တိုးမလာနဲ့နော်. . . နွေးက ပြောတဲ့အတိုင်း လုပ်ရဲတာ ကျော်သိပါတယ်"

ဘုရားရေ! အာဂမိန်းမပါလား။ သူဘယ်လိုမှထင်မထားတဲ့အဖြစ်နဲ့ ကြုံတွေ့နေရပြီမို့ ခြေဖျားလက်ဖျားတွေ အေးစက်လာပြီး နှလုံးသားဆီမှ တဒိတ်ဒိတ်နဲ့ အကျယ်ကြီးမြည်လာတော့တာပါလေ။ မှားပြီကော. . . သူတော့ သူ့အတွက်သာ တစ်ဖက်သပ်ကြည့်ပြီး ဆုံးဖြတ်သမျှ တကယ့်အမှားကြီးကို မှားတော့တာပါလေ။

"ကိုယ်တောင်းပန်ပါတယ်၊ အဲဒီလိုတော့ မလုပ်လိုက်ပါနဲ့ နွေးရယ်"

ခေါင်းကိုခါရမ်းပြလိုက်စဉ် လေက ခပ်ကြမ်းကြမ်းတိုက်လိုက်သဖြင့် မျက်နှာထက် ဆံနွယ်စအချို့ ဖုံးလွှမ်းသွားလေ၏။ သူ့ထံကြည့်နေသည့်အကြည့်တို့က တစ်နေရာထဲမှာ စူးစိုက်နေပြီး နေရာမလွှဲပါလေ။ ပြောတဲ့အတိုင်းလုပ်မယ်တဲ့။ မျက်စိရှေ့မှာ နွေးသာ. . . နွေးသာ ပျောက်ကွယ်သွားမယ်ဆိုရင် ဒီလောကကြီးမှာ သူအသက်ဆက်ရှင်နိုင်ပါတော့မလား။ မြန်မြန်ဆုံးဖြတ်ပေတော့. မျိုးစစ်ကျော်။





"ကိုယ်. . . ကိုယ်. . . နွေးမရှိဘဲ အသက်ဆက်ရှင်လို့ မရပါဘူး။ နွေးနဲ့. . . နွေးနဲ့ကိုယ် ဘယ်လိုမှမခွဲနိုင်တာကိုယုံပါ"

နောက်ဆုတ်နေသည့် ခပ်ဖြည်းဖြည်းခြေလှမ်းတို့က ကန်စပ်မှာ တုံ့ခနဲရပ်သွားပါ၏။ ခန္ဓာကိုယ် ယိုင်ခနဲဖြစ်သွားစဉ် သူ့နှလုံးသား လှုပ်ခနဲအေးသွားရလေသည်။ ဘုရား! ကယ်တော်မူပါ။

"နွေး! . . ."

"နောက်ကို ဘယ်တော့မှ ဒီလိုမပြောတော့ဘူးဆိုတာကို ကတိပေးပါ"

"ပေးပါတယ်၊ ကိုယ်ပေးပါတယ် နွေးရယ်"

"တကယ်နော်"

"တကယ်ပါ"

"တစ်သက်လုံးလား"

"တစ်သက်လုံးပါ၊ ရာသက်ပန်ပါ။ ကိုယ့်ဘဝရဲ့နောက်ဆုံးထွက်သက်အထိ နွေးတစ်ယောက်တည်းကိုပဲ ချစ်သွားမှာပါ။ နောက်ဘဝဆက်တိုင်း ဆက်တိုင်း. . ."

ရင်ခွင်ထဲ အပြေးဝင်လာသည့်ကောင်မလေးကြောင့် သူ အတင်းကျပ်ကျပ်ဖြင့် ထွေးဖက်ထားလိုက်ရပါ၏။ ဝမ်းနည်းပက်



www.burmeseclassic.com

www.burmeseclassic.com



လက်ဖြင့် တရှုံ့ရှုံ့ငိုကြွေးနေသည့် မိန်းကလေးကို အငိုတိတ်အောင် သူမည်သို့ချော့ရပါ့မည်နည်း။ တွေး၍အဖြေမရခင် မျက်ရည်တို့ စိုနေလျက် သူ့မေးဖျားကို နမ်းရှိုက်လိုက်ခြင်း ခံလိုက်ရတော့၏။

"နွေးရယ်"

လွတ်ထွက်မသွားအောင် ပူးကပ်စွာ ထွေးပိုက်ထားသည့် မြင်ကွင်းကို သစ်ပင်နောက်မှ ကွယ်၍ကြည့်နေမိသည်။ ရင်ထဲမှာ နာကျင်နေသော်ငြား မျက်ဝန်းအိမ်ထဲမှာ မျက်ရည်တွေ အိုင်ထွန်းနေပါ၏။ သို့သော် နှုတ်ခမ်းတို့မှာဖြင့် အပြုံးတို့ကတော့ ခို တွဲနေလျက်ရှိလေသည်။

"မုဒိတာပွားတတ်အောင် ကျင့်ပါ"တဲ့။ မာမီပြောတဲ့ အတိုင်း ငါနေတတ်အောင် ကြိုးစားမှာပါ။ ကိုယ့်ဘက်က ပိုတယ်လို့ထင်ရပေမယ့် တကယ်တမ်းလက်တွေ့မှာ မင်းက ငါ့ကိုပိုချစ်ခဲ့မှန်း ငါသိခဲ့ပါပြီ 'မှူးစစ်ကျော်'။

"သားကိုအသက်ပေးပြီး မှတ်ဉာဏ်အပျောက်ခံခဲ့တဲ့ ကလေးကို သားနဲ့မခြား တန်းတူ မာမီတို့က ချစ်ခဲ့တဲ့မှူးပါ"တဲ့ တကယ့်အဖြစ်အပျက်က သူ့ရင်ကိုတုန်လှုပ်ခြင်းကြီးစွာ ဖြစ်ခဲ့ရပါလေ။ ဒီလူငယ်လေးကို အရိပ်တကြည့်ကြည့်နဲ့ စောင့်ရှောက်ခဲ့တာ၊ ဒီလူငယ်လေးရဲ့အနိုင်ကျင့်မှုကို မသိသလိုဟန်နဲ့ သည်း





ခံပေးခဲ့တာ၊ ဒီလူငယ်လေးရဲ့ချစ်ခြင်းတွေကြောင့် ရင်နာနာနဲ့ ချစ်သူကိုစွန့်လွှတ်ဖို့ ဆုံးဖြတ်ခဲ့တာတဲ့လား မှူးရယ်. . .

ကိုယ်ဝမ်းသာပါတယ်၊ ဒီလောက်သူငယ်ချင်းအပေါ်မှာ ပေးဆပ်နိုင်စွမ်းရှိတဲ့ မှူးလိုလူရဲ့ချစ်ခြင်းတွေနဲ့ သဒ္ဒါရဲ့ဘဝ အေးချမ်းစေမယ်ဆိုတာကို အကြွင်းမဲ့ ကိုယ်ယုံကြည်ပါတယ် သဒ္ဒါ။

ဘဝတစ်သက်တာအတွက် ရည်ရွယ်ပြီး မြတ်နိုးတွယ်တာစွာ ချစ်ခဲ့မိတဲ့လူတစ်ယောက်ရဲ့ ရင်နှင့်ရင်း၍ နှလုံးသားကို ပုံအပ်ပေးခဲ့တာကိုဖြင့် . . .။

လေးစားလျက် ...



www.burmeseclassic.com

www.burmeseclassic.com

## ကျေးဇူးတင်ရှိခြင်း

ဤဝတ္ထု Cover တွင် မျက်နှာဖုံး Model အဖြစ် ဖော်ပြခွင့်ပြုသည့် "မွန်ပြည်နယ်၊ မုဒုံ မြို့ ရေးမြို့နယ်၊ လမိုင်းမြေ" မှ မောင်လေး "နောင်နောင်" အား အထူး ပင် ကျေးဇူးတင်ရှိပါ သည်။

မမသဒ္ဒါမောင်

(ရင်နှင့်ရင်း၍….အမှတ်တရ)

BURMESE CLASSIC .com

## နောက်လထွက်မည့်စာအုပ်

### အတိတ်မြက်ခင်းစိမ်းပေါ်မှ

အလွမ်းသင့်ဒဏ်ရာ မျက်ရည်စက်လေးများ

## ယခုလထွက်မည့်စာအုပ်များ

မတ် (၂၀၁၄)

| | |
|---|---|
| မမသဒ္ဒါမောင် | ရင်နှင့်ရင်း၍ |
| ကြယ်စင်မှူးဝေ | ပဆစ်အိမ် |
| မယ်ခိုင် | မြကေသျှောင် |
| မိုးစက်ပွင့် | ထာဝရပတ်သက်ခွင့်ပြုပါ |
| အလင်းသစ် | မေ့နိုင်ပါဘူးလေ |
| လုံမ | အနမ်းနှစ်သိမ့်ဆု |

www.burmeseclassic.com